
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မြအဆင်းဒဏ္ဍာရီ

စာမူခွင့်ပြုချက်အမှတ် – ၉၄၄/ ၂၀၀၀ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၈၆/ ၂၀၀၁ (၁)
၂၀၀၁–ခုနှစ်၊ ပထမအကြိမ်၊ ၅၀၀–အုပ်၊ ၃၀/–

ပုံနှိပ်သူ ... ဦးကျော်လှိုင် (၅၅၇၃)စေတနာ (OFFSET)
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်မြို့

ထုတ်ဝေသူ ... ဦးအောင်ဝင်း (၀၀၇၆)၊ [illegible]စာပေ
အမှတ် (၂၁၉)၊ [illegible]လမ်း၊ ဒေါပုံ၊ ရန်ကုန်မြို့

# နေနွယ်ဝင်မြင့်

# မြအဆင်းဒဏ္ဍာရီ

မောင်ကျော်လှိုင်
စေတနာစာပေမှ
စီစဉ်သည်

www.burmeseclassic.com

www.burmeseclassic.com

# ၁

မိုးက စိမ့်စိမ့်ရွာ၏။

လေကြီးမိုးကြီး ဝုန်းဒိုင်းဆိုတာမျိုးမဟုတ်ပါ။ "မိုးဖြူမစဲ" ဆိုသည့် မိုးမျိုး။ ဖြိုးဖြိုးဖြောက်ဖြောက်ထက် နည်းနည်းပိုသည်းသည်။ မိုးစက်မိုးပေါက်တွေက တောင်းစောင်း မှသည် ဖြောင့်တန်းစွာစီးဆင်းလာကြသည်။ ချွေ၍ စောင်း၍ ရိုက်တာမျိုးမဖြစ်သည့်မို့ ထီးကြီးကြီးဆောင်း၍ လမ်းလျှောက်သူအဖို့ မိုးမရွံလှပါ။ လုံသင့်သလောက်လုံနေ၏။

ပြီးတော့ ... သည်လမ်းက ကားရော လူရော ရှုပ်ပါသည်။ လမ်းသွယ်တွေက ဟိုကထွက်လာ သည်ကထွက်လာ၊ ဟိုလမ်းသွယ်နှင့် သည်လမ်းသွယ်နှင့်ကို ပေါင်းကူးဆက်စပ်ပေးသောလမ်းသွယ်ကတစ်မျိုး။ ခြံကြီးတွေက ကျယ်ကျယ်၊ အိမ်တွေက နောက်ဆုတ်ပြီးဆောက်ထားလို့ဖြင့် ကြသေး၊ အော်ခေါ်လို့ ကြားနိုင်ဖွယ်မရှိသော၊ တောကြီးမျက်မည်းမဟုတ်ပါဘဲ "လူမနီးသူမနီး"။ လမ်းလျှောက်ရတာ

www.burmeseclassic.com

www.burmeseclassic.com



အနောင်အယှက်ကင်းလှသည်ဟု ပြောရသလို အန္တရာယ် ဆိုတာမျိုးကလည်း အချိန်မရွေးကျရောက်လာနိုင်ပါ၏။ သစ် ပင်ကြီးများကြောင့် နေ့လယ်နေ့ခင်း မိုးရွာချိန်မှာ လမ်းက မှောင်ပါသည်။ ခြိမ်ပါတိတွေကိုကြည့်ရင်း သူမ စိတ်ညစ် မိ၏။ သို့ပေမယ့် သူမ ပျော်ရွှင်နေသေးသည်။ လူ့လောကဆို သော လွတ်လပ်စွာရပ်တည်ခြင်း၊ နှစ်မြိုက်စွာရှင်သန်ခြင်းထဲ သို့ သူမ ရောက်ခဲ့ပြီ။

"လောက" သည် သူမနှင့် "စိမ်း" ပါသည်။

အလွန်ကျဉ်းမြောင်းသည့် အဝန်းအဝိုင်းကလေး ထဲမှာ လူဖြစ်လာရသော သူမအဖို့ အပြောကျယ်လှစွာသော လောကကြီးထဲသို့ ဝပ်မျှခုန်ဆင်းခွင့်ရခဲ့ပြီမို့ အတိုင်းမသိ ကြည် နူးပျော်ရွှင်၏။ သို့ပေမယ့် သိမ်ငယ်စိတ်ဖြင့် အားကိုးရာမဲ့ စွာခံစားရခြင်းတို့ကြောင့် စိတ်ညစ်လှသည်။

"ဟော"

ဟိုရှေ့ မိုးထဲမှာ ကားတစ်စီးရပ်ထားသည်။ လမ်းဘေးသို့ သိပ်မကပ်လှပါ။ ကားမောင်းလာရင်း ထိုးရပ် သွားတာဖြစ်နိုင်၏။ လောကကြီးနှင့်စိမ်းသက်လှပါသည်ဆို သော သူမက "ကား" နှင့်ကျတော့ မစိမ်းလှပြန်ချေ။ သူမ ကားမောင်းတတ်သည်။ ဆီပျောက်မီးပျောက်ဟုခေါ်သော အ ပေါ်ယံပျက်စီးမှုလေးတချို့ကို ပြင်တတ်သည်။ ကားနိုက်တတ် သည့်ပဲဆိုပါစို့။ မိန်းမသား ကားကိုနိုက်ချွတ်ဆတ်ခြင်းကကျ တော့ ဆန်းပြားထူးခြားနေရပြန်တော့သည်။

"အော် ... ဘီးပြားနေတာပဲ"



ကားဘီးပေါက်တာဖြစ်မည်။ ကား၏နောက် ဘီးက ပြားချပ်အိဆင်းနေ၏။ ကားက မိုးထဲမှာ မှန်တွေ အလုံပိတ်၍ရပ်ထား၏။ ရပ်တာမှ မနက်တုန်းကစီးလာခဲ့ သော ဘတ်စ်ကားပေါ်က စပယ်ယာပြောသလို လေးဘီးလုံး ရပ်ထားသည်။ စပယ်ယာ၏စကားကို ကြားယောင်ကာ ပြုံး စေ့စေ့ဖြစ်ရသေးသည်။ ကားမှတ်တိုင်မှာ ...

"လေးဘီးလုံးရပ်မယ် ... သွက်သွက်လေးဝင်မယ်၊ တက်လာသူတွေ အလယ်တိုးပါ၊ မြွေဆိုးမရှိ၊ ကျား မရှိ၊ အန္တရာယ်ကင်းတယ်၊ အသက်ဘေးစိတ်ချရတယ်"

အသံက ပုံမှန်သံမဟုတ်ပါ။ ဟန်တစ်မျိုးသည့် ၍ လုပ်ပြောနေသည့်စကားသံက ရယ်ချင်ဖွယ်ဖြစ်သလို နား ကြားပြင်းကပ်ဖွယ်အပြင် အသည်းယားစရာလည်း ကောင်း လှတော့သည်။ သည်အသံမျိုး ရန်ကုန်သို့ အရောက်အပေါက် နည်းပါးလှစွာသော၊ ရန်ကုန်မှာ မကျွမ်းသော သူမအဖို့က စိမ်းသက်ရပြန်၏။ ကြားနေကျမဟုတ်သည်မို့ ဆန်းပြားနေ ရ၏။ ကားရပ်တာပဲ လေးဘီးလုံးမရပ်လို့ တစ်ဘီးတည်းက ဆက်လိမ့်နေလို့ရနိုင်ကောင်းတဲ့အရာလား ဟု ကြားနေမကျ စွာ တွေးဖြစ်ခဲ့သေးသည်။

[illegible] ယခု ... လေးဘီးလုံးရပ်ထားသောကားကိုတွေ့ ရပြီ။ ခုတော့ လေးဘီးလုံးရပ်မယ်၏အဓိပ္ပာယ်ကို သူမ သိ ပြီလေ။ သေသေချာချာရပ်နားခြင်းပဲ ဖြစ်ပါလိမ့်မည်။

"အစဉ်အသင့်" တဲ့။

သူမတို့ကျောင်းမှ ဆောင်ပုဒ်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်သားကို ကူညီရန် အစဉ်အမြဲ အဆင်သင့်ဖြစ်နေရမည်ဟု ဆရာမကြီးက တင်းကြပ်စွာ သတိပေးထားပါသည်။ မမေ့မလျော့ နှလုံးသွင်းရမည့်အချက်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် သူမတို့ ကျောင်းသူအားလုံးသည် တစ်ဖက်သား၏အကူအညီ အထောက်အပံ့ဖြင့် ရှင်သန်နေကြရသူများဖြစ်ခြင်းကြောင့်တည်း။ တစ်ဖက်သားများ၏အကူအညီဖြင့် ထမင်းစားရသည်။ အဝတ်အစားရသည်။ အမိုးအကာလုံခြုံ၍ ရာသီဥတုဒဏ်မှ ကာကွယ်နိုင်သော နေရာထိုင်ခင်းမှာ နေထိုင်ခွင့်ရရှိသည်။ သူမတို့အတွက် လိုအပ်သော စား၊ ဝတ်၊ နေရေးကို သူမတို့က ကိုယ်စွမ်းကိုယ်စဖြင့် ရှာဖွေရပ်တည်ကြသူများမဟုတ်ချေ။ သူတစ်ပါး၏အကူအညီဖြင့် အသက်ရှင်နေကြသူများမို့ သူမတို့သည်လည်း ...

"ဘယ်နေရာမှာပဲဖြစ်ဖြစ်၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဘာကိစ္စပဲဖြစ်ဖြစ် တစ်ဖက်သားကိုကူညီဖို့ အဆင်သင့်ရှိရမည်" ဟု ဆရာမကြီးက စည်းမျဉ်းတစ်ရပ် တင်းကြပ်စွာချမှတ်ထားခဲ့သည့်တွင် အသားကျ စေါက်ရိုးကျိုးခဲ့ပြီဖြစ်သော သူမက မျက်စိရှေ့တွင် လေးဘီးလုံးရပ်ထားသော (တစ်ဘီးက ပြားချပ်အိဆင်းလျက်) ကားကို မျက်နှာလွှဲခဲပစ်လှစ်မသွားနိုင်ခဲ့ပါ။ လှစ်မသွားစေ့တာလည်းပါသည်။ ဆရာမကြီး၏မျက်နှာသည် သူမ လူ့လောကထဲသို့ ဆင်းသက်လာသည့်တိုင် မျက်ဝန်းထဲမှာ တဝဲဝဲရှိဆဲတည်း။

သူမ ကားနားသို့ တိုးကပ်သွားလိုက်သည်။ ကားထဲမှာ လူတစ်ယောက်ရှိနေ၏။ ယောကျ်ား။ အသက်



အားဖြင့် ငယ်တော့မည့်မထင်ပါ။ သုံးဆယ်ကို ကော်တော်ကျော်၍ လေးဆယ်ဘက်သို့ နီးချင်ချင်။ အနီးကပ်ချိန်ခန့်မှန်းရပါလျှင် သုံးဆယ့်ငါးခန့် ယောကျ်ားတစ်ယောက်၊ စတီယာရင်နောက်မှာ ထိုင်နေသည်။ ခေါင်းကို ကူရှင်နောက်မှီမေါ် လှန်ချလျက် အတော်ကြီးစိတ်ညစ်စိတ်ပျက်နေပုံဖြင့် ခြေပစ်လက်ပစ်ရှိ၏။ ကားမှန်တွေ အလုံပိတ်ထားသောကြောင့် အသက်ရှူရမခက်အောင် ကားထဲရှိ လေအေးပေးစက်ကိုဖွင့်ထားပုံရသည်။ ကားကို စက်နှိုးထားသည်လေ။

"ဒေါက် ... ဒေါက်"

ကားတွင်းပုဂ္ဂိုလ်က မျက်စိပိတ်ထားသလား မပြောတတ်ပါ။ သူမတစ်ယောက်လုံး ကားနားရောက်လာတာကို လုံးဝမသိ၊ ကားမှန်ကို တဒေါက်ဒေါက်ခေါက်တော့မှပဲ လန့်ဖျပ်ပုံစံနှင့် လှည့်ကြည့်၏။

"ဘာကူညီရမလဲ၊ ကားဘီးပေါက်နေတာလား၊ စပယ်ယာဘီးပါလား"

မေးတော့မေးလိုက်သည်။ သို့သော်မယ့် မှန်လုံကားထဲမှ ကြားဖို့မလွယ်ပါ။ ယောဘုယျအားဖြင့် ယောကျ်ားတစ်ယောက်၊ ကားတစ်စီးနှင့် ဘီးပြားတစ်လုံးပြဿနာကို သူမကဲ့သို့သော မိန်းမသားတစ်ဦးက ဘာမျှသွားရောက်ကူညီစရာမလိုပါ။ သို့ပေမယ့် သူမက သာမန်မိန်းမသားမဟုတ်။ "အစဉ်အသင့်" ဆိုသောဆောင်ပုဒ်နှင့် မိန်းမသားဖြစ်သည်။ ပြင်ဦးလွင်မြို့ ... ဆရာမကြီးဒေါ်မြညွန့် ဦးစီးဖွင့်လှစ်ထားသော မိဘမဲ့ဂေဟာကျောင်းထွက်ဖြစ်သည်။ သူမမှာ တာဝန်

www.burmeseclassic.com



ရှိပါသည်။

"အကူအညီလိုလား၊ ဘာကူညီရမလဲ"

သူမှ ထပ်မေးလိုက်သည်။ သူမအောက်မှမှန်တံခါး အောက်သို့ နည်းနည်းလျှောကျ၏။ ကားတွင်းမှဂိုလ်၏ မျက်နှာကို ခုမှ သေသေချာချာမြင်လိုက်ရပါသည်။ တော်တော်ချောတဲ့လူကြီး။ ကြိတ် မှတ်ချက်မှာ သူ၏ရင့်ကျက်မှုကို သတိမပြုဘဲ မနေနိုင်ခဲ့ပါ။

"ကျေးဇူးတင်ပါတယ်၊ မင်းက မိန်းကလေးပဲ၊ ကူညီနိုင်မယ်မဟုတ်ပါဘူး၊ နေပစေ၊ ဖြတ်သန်းသွားလာ ကားကြုံတွေ့မှပဲ အိမ်ကိုဝင်ပြောခိုင်းလိုက်တော့မယ်"

"အားအိုးပေါက်တာမှလား"

"ဟုတ်တယ်"

"စပယ်ယာဘီးမပါဘူးလား"

"ပါတော့ပါတာပေါ့"

"ဂျက်တွေဘာတွေရော မပါဘူးလား"

"ပါတယ်"

"ဒါဖြင့် ဘာလိုသေးလဲ၊ ဘီးဖြုတ်လဲမယ်လေ"

သူ ချိုသွားတာတော့ အမှန်ပါ။ မိုးထဲမှာ အနီတစ်စင်း၊ အစိမ်းတစ်စင်း၊ အဝါတစ်စင်း သုံးရောင်ခြယ် ရောစထီးကြားကြီးကိုဆောင်းထားသည့် သူမကို စေ့စေ့ကြည့်ဖြစ်လေ၏။ ဆံပင်တွေက မိုးမဟက်ပါဘူး။ ထီးကြီးအောက်မှာ လုံလဲပါသည် ဘယ်လိုဆိုဆို မိုးစက်မိုးမှုန်တွေက ဖျဝဝင်လာကာ ဆံဦးဆံစရှိ ဆံနွယ်လေးတွေကိုတော့ စိုစွတ်



ထိုင်းမှိုင်းစေသည်သာ။ နမူးပေါ်သို့ ဖြစ်ကတတ်ဆန်း ... လေသိမ်းတိုင်း ကျချင်သလိုကျနေသော ဆံနွယ်တို့က တစ်ချောင်းချင်းစီလိုကျလျက် မသပ်မရပ်ရှိလှသည်။ သို့ပေမယ့် ဖရိုဖရဲဆံပင်တို့အောက်မှ နမူးပြေပြေဝင်းဝင်းကလေးက ဆံပင်ကြိုကြားမှ ဝင်းလက်၍ ထွက်နေ၏။

မျက်ခုံးနှင့်မျက်တောင်တွေမှာ ပိုးပစ္စည်းအကူအညီမပါဘဲ ညိုမှောင်၏။ ကော့ရှွန်း၏။ မျက်နှာပြင်မှာ သနပ်ခါး၊ ပေါင်ဒါ လုံးဝ တစ်စက်မရှိ။ မိတ်ကပ်ဆို ဝေလာဝေး။ နှုတ်ခမ်းနီဆိုးမထား။ သဘာဝတောပန်းလေးတစ်ပွင့်၏ အလှမျိုးနှင့် မျက်နှာထားရိုးသားဖြူစင်နေသော ထိုမိန်းမငယ်ကို ချက်တစ်ဖြုတ်အမြင်မှာပင် အထင်မသေးရဲအောင်ရှိလှတော့သည်။ သို့ပေမယ့် ... သူက မိန်းမဆိုလျှင်ကြောက်ပါသည်။

သူသည် မိန်းမကြောက်သမားဖြစ်သည်။ ကိုယ်လုပ်ကိုင်နေရသော အလုပ်အကိုင်နှင့်အခြေအနေ အဆင့်အတန်းတို့ကြောင့် မိန်းမတွေနှင့် မဆက်ဆံမဖြစ် ဆက်ဆံနေရလျက် မကြောက်ချင်ယောင်ဆောင်နေရပေမယ့် သူ ... မိန်းမဆိုလျှင် ကြောက်ပါသည်။ လန့်ပါသည်။ အလုပ်ကိစ္စနှင့်ရှုလွဲ၍ မည်သည့် တစ်မိမ်းမိန်းမကိုမျှ မလိုအပ်ဘဲ သူစကားမပြောပါ။ အရောမဝင်ပါ။

"နောက်ဖုံးဖွင့်ပေးလိုက်ပါလား၊ နောက်ဖုံးထဲမှာ ပစ္စည်းတွေပါတယ်မဟုတ်လား၊ ကားဘီးလဲပေးမယ်"

"ခင်ဗျားက ... "

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ"

"မဟုတ်တာ"

"ဘာလို့မဟုတ်ရမှာလဲ၊ ရှင် ကားဘီးပေါက်ပြီး ဘီးမလဲတတ်လို့ လမ်းပေါ်မှာဒုက္ခရောက်နေတယ်မဟုတ်လား၊ ကျွန်မက လဲတတ်တယ်၊ ကူညီမယ်၊ ပြီးရင် ရှင့်ကား ရှင်မောင်းသွားတော့ပေါ့"

"အားကြီး ... ဘာလို့မလဲတတ်ရမှာလဲ၊ တတ်တယ်"

"ဒါပေမယ့် ရှင်မလဲဘူးလေ၊ အကြောင်းတစ်ခုခုရှိမှာပေါ့၊ မိုးရေထဲ မိုးရွှဲမခံချင်တာတို့၊ ရှင့်အဝတ်အစား အကောင်းစားတွေ ပေကျံကုန်မှာစိုးရိမ်တာတို့၊ ဒါမှမဟုတ် ကားဘီးလဲရတာ ယာဉ်မောင်းတွေရဲ့အလုပ်သာဖြစ်လို့ သူဌေးကိုယ်တိုင် မလဲချင်တာတို့ ... "တစ်ခုခုရှိမှာပေါ့၊ ကြာရင် ရှင့်ဘီးအခြေအနေ သိပ်ဆိုးသွားမှာပေါ့၊ ရှင့်မှာ မလုပ်ချင်တဲ့အခက်အခဲရှိနေတယ်၊ ကျွန်မက ကူညီမယ် ... ဒါပဲ၊ ရှင်းရှင်းလေးပါ"

"ခင်ဗျားက ဒီကားကြီးကိုမြှင့်တင်မယ်၊ ဘီးဖြုတ်မယ်၊ အသစ်လဲပေးမယ် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်မ ကားဘီးလဲဘူးပါတယ်၊ ဘီးဖြုတ်နိုင်ပါတယ်၊ ပြန်လဲတပ်နိုင်ပါတယ်၊ လက်နဲ့လုညှိလို့ အားမလောက်ရင် ခြေထောက်ကိုယ်လုံးတက်ပြီးနင်းလိုက်ရင် ဒီဝက်အူတွေ မကျွတ်ဘဲခံနိုင်မလား ..."

"ကျွန်မ ... ကားလဲမောင်းတတ်တယ်၊ ဆီပျောက်၊ ဓါး



ပျောက် နည်းနည်းပါးပါးတောင် ရပါသေးတယ်၊ ကူညီပေးပါ့မယ်"

"ခင်ဗျားက ဝပ်ရှော့ပိုင်ရှင်လား"

"မဟုတ်ဘူး၊ အလုပ်သမားလည်းမဟုတ်ဘူး၊ ကျောင်းပိုင်ကားတွေရှိတယ်၊ ဘီးပေါက်ရင် ကျွန်မပဲ ဖြုတ်တာတပ်တာပဲ"

ကြောက်နေရပါလား ဟု ကြိုတ်တွေးမိတော့သည်။ အလိုလိုနေရင်းမှ မိန်းမဆို စိတ်ပျက်စရာ ရှုံကြောက်ကြီးရှိရသည့်အထဲ၊ ကားဘီးကို ဖြုတ်ခြင်းတပ်ခြင်းအလုပ်ဆိုတာ ယောကျ်ားတွေပဲလုပ်ဖြစ်ကြသည်။ ခွန်အားစိုက်ရသော အလုပ်ဖြစ်သည်မို့ တော်ရုံမိန်းမ လုပ်နိုင်မည်မထင်ပါ။ မျက်စိရှေ့မှမိန်းမက လုပ်နိုင်သတဲ့။ လုပ်နေကျတဲ့။ ဒီမိန်းမ ခွန်အားဗလလည်း သိပ်ရှိပုံမပေါ်၊ လူက သွယ်သွယ်လျလျမို့ စိန့်သည့်ဘက်တောင် ပါသေး။ ပြီးတော့ ... မိန်းမသားတွေ လုပ်နေကျ ထမင်းချက်ခြင်း၊ အဝတ်လျှော်ခြင်းမျိုးကို ကူညီသည်ဆို ထားပါတော့။ ကားဘီးတစ်ခုလုံးကိုများ လဲပေးကူညီဦးမည်ဆိုပဲ။

"နေပါစေ"

"အော် ... ဘာလို့နေပါစေရမှာလဲ၊ ကျွန်မလုပ်ပေးပါ့မယ်၊ ရှင် ဒီအတိုင်းဆက်နေရင် အချိန်တွေပုပ်ကုန်မှာပေါ့၊ လိုရာခရီးတွေ နောက်ကျကုန်ပြီပေါ့"

"ကိစ္စမရှိဘူး ရတယ်"

"ခက်လိုက်တာ၊ ကူညီမယ့်သူက စောင့်နေတာ

www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်ယူတာတော်တဲ့သူပဲ"

"ဖြစ်မလာဘူးဗျ ... ခင်ဗျားက မိန်းမ၊ ကားဘီးပေါက်တာကို ကျွန်တော်လို ယောကျ်ားတစ်ယောက်က မိန်းမဆီက အကူအညီယူတယ်ဆိုရင် ဘာဖြစ်သွားမလဲ"

"ဘာမှမဖြစ်ပါဘူး၊ ရှင့်အဝတ်အစားတွေက သိပ်ကောင်းနေတယ်၊ ရှင့်ဖိနပ်ကလည်း သိပ်ကောင်းနေတယ်၊ ဒါတွေပျက်စီးမှာ ရှင်စိုးရိမ်မှာပေါ့၊ ကျွန်မက မစိုးရိမ်ဘူး၊ ထီးလှဲပါတယ်၊ ဒီတော့ ... ကျွန်မ ကူညီမယ် ဒါပဲ၊ ရိုးရိုးရှင်းရှင်းလေးမှာ ရှင် ဘာတွေဝင်ရှက်နေတာလဲ"

"ဘာတွေဝင်ရှက်နေတာလဲ" အမေးခံရတော့မှ ရှက်သွေးတွေ ဖြန်းခနဲဖြတ်စီးရတော့သည်။ ကိုယ်ကယောကျ်ား၊ ကားဘီးပေါက်တာ မိုးထဲမို့ ဆင်းမလဲဘဲ ကားထဲမှာစက်နှိုး၊ လေအေးပေးစက်ဖွင့်ကာ ခိုမ်နှင့်နေနေသည်။ မိန်းမသားတစ်ဦးက ကူညီပါရစေ လာပြောနေသည်ဆိုတော့ ... ကိုယ့်လိုယောကျ်ား ရေမရှိသောချောင်းမှာ နာခေါင်းဖော်၍ သေပစ်လိုက်ဖို့ပဲကောင်းတော့သည်။

"ကျွန်တော်က ယောကျ်ားပဲ၊ ကားဘီးလဲတာမျိုးကိစ္စအတွက် မိန်းမသားတစ်ယောက်ကိုခိုင်းရမှာ ရှက်တာအမှန်ပဲ၊ ခင်ဗျားနေရာမှာသာ ယောကျ်ားတစ်ယောက်ဆိုရင် ခင်ဗျားပြောတဲ့အကူအညီကို ကျွန်တော် ယူဖြစ်ပြီ"

"မိန်းမဖြစ်နေတော့ရော ဘာဖြစ်လဲ၊ မရှုပ်သင့်တာတွေ



ရှုပ်နေပြန်ပြီ"

သူက သူမကို စေ့စေ့ကြည့်လိုက်၏။ ကားဘီးကို အတော်ကြီး လဲပေးနေချင်ပုံရသည်။ ဒါဟာ ရိုးရိုးသားသားစေတနာထက် မကနိုင်ပြီ။ သူမ ... လုပ်အားအချင်းသည်တင်ရုံ။ သို့သော်မယ့် ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ကားဘီးလဲဖို့ ပိုက်ဆံပေးခိုင်းလို့ရော ဖြစ်မှာတဲ့လား။ သူ့မှာ ငွေရေးကြေးရေးအကူအညီလိုအပ်နေလျှင်ပေးလိုက်တော့မည်။

"ကိစ္စမရှိဘူး၊ ဒီကားဘီးကိစ္စကို မေ့လိုက်တော့၊ ခင်ဗျားက ကျွန်တော့်ကို ကားဘီးလဲပေးဖို့ ကူညီချင်စိတ်ရှိသလို၊ ကျွန်တော်ကလဲ ခင်ဗျားမှာ လိုအပ်ချက်တစ်ခုခုရှိနေရင် ကူညီချင်ပါတယ်၊ ခင်ဗျား စိတ်ဆော့မရှိပါနဲ့၊ ကျွန်တော်ပေးနိုင်တဲ့အကူအညီတွေထဲမှာ ငွေရေးကြေးရေးက အလွယ်ကူဆုံးပါပဲ၊ ခင်ဗျားမှာလိုအပ်ရင်ပြောပါ၊ ကျွန်တော် ကူညီချင်တယ်၊ ကျွန်တော်လဲ ခင်ဗျားနဲ့ စိတ်ခတ်ချင်းတူတယ်၊ ကူညီရတာဝါသနာပါတယ်၊ ဒါပေမယ့် ... သွားရင်းလာရင်းမို့ သိပ်များများစားစားတော့ မပါဘူး၊ ခင်ဗျားလိုအပ်ရင် ပြောကြည့်ပါ"

သူမ ... ကိုယ်ကလေး နောက်သို့ တစ်လှမ်းနှစ်လှမ်းဆုတ်လိုက်၏။ ထီးကလေးပင့်ကာ မျက်နှာလေးမော့လှန်၍ ကြည့်နေးစွာရယ်မောတော့သည်။ သူက ပြုံးစင်းနေသည့် သူမပုံစံလေးကိုငေးလိုက်သည်။ ကလေးလေး

www.burmeseclassic.com

www.burmeseclassic.com



လိုပါဲလား။

"ရှင်ကလည်း ရယ်ရတယ်၊ ဆန်းတော့မဆန်းပါဘူး၊ ရှင့်လို သူဌေးတွေက ဒီလိုပဲတွေးတတ်ကြပါတယ်၊ ရှင်တို့အတွေးတွေက အတွေးကြီးတွေပဲဟာ ကျွန်မ သိပါတယ်ဆောင်းဟာယ် ...

"မိန်းကလေးစ်ယောက်ဖြစ်ပြီး ကားဘီးလဲပေးချင်ဖါတယ် ဆိုတော့ ... ရှင်က ကျွန်မ လုပ်အားခဖိုးရချင်တယ် ထင်သွားရှာတာကိုး၊ ရယ်ရတယ်ရှင်"

သူမကို အားနာလိုက်မိပါ၏။

"ကျွန်မက ကားဘီးလဲပေးရရင်လဲ ရှင့်ဆီကလုပ်အား ခ မတောင်းပါဘူး၊ လက်ဖက်ရည်ဖိုး၊ မုန့်ဖိုး ဘာမှ မတောင်းဘူး၊ ရှင်ထုံ၊ ကူညီချင်တာသက်သက်ပဲ၊ ကျွန်မတို့ဆရာမကြီးက မျက်စိရှေ့မှာ အခက်အခဲဖြစ်နေတဲ့သူ တွေ့ပါလျက်နဲ့ ...

"မကူညီဘဲ ထွက်မသွားရဘူးလို့ တင်းကြပ်စွာ ပြောထားပါတယ်၊ အဲဒီအတွက် ကူညီချင်တာပါ၊ ရှင့်မှာ ဒုက္ခရောက်တယ်လို့ ပြောလို့မရရင်တောင် အခက်အခဲ ဖြစ်နေတာတော့ အမှန်ပဲမဟုတ်လား ...

"အကူအညီလိုနေတာပဲဗုလား၊ ရှင်မှ မိုးထဲမဆင်းချင် သဲ ရှင်မှာ မိုးထဲမှာရှိနှင့်ပြီးသားလူဖြစ်နေတယ်၊ ကဲပါ ... ကျွန်မက ရှင့်ကိုကူညီခွင့်ရအောင် ရှင်က ကူညီတဲ့အနေနဲ့ ကားနောက်ဖုံးကိုသာ ဖွင့်လိုက်ပါ တော့"



ခုမှ ... ပို၍အားနာမိတော့သည်။

မိန်းမဆိုတာ ... မိန်းမတိုင်းတော့ ကြောက်ရောမကောင်းဘူးထင်သည်။ သို့သော်မယ့် ပြောလို့ရတာတော့ မဟုတ်။ ဒါဟာ သူတို့ရဲ့ မာယာဆစ်သိန်းတွေထဲက တစ်ခုလားမှမသိတာ။ သူမမျက်နှာလေးကတော့ ဖြူစင်ရှာသား။ ရယ်ပုံလေးက အပြစ်ကင်းကင်း၊ ရုပ်ကလေးက ချောချော မောမော။ အဲသည်လိုချောမောလှပတဲ့မိန်းမတွေပဲ ကြောက် ရောကောင်းတာ၊ ပတ်သက်ချင်စရာမကောင်းတာ။ သူမဟာ တကယ့်စေတနာနှင့်ပဲလား မသိ။ တကယ့်စေတနာဆိုလျှင် တောင် သူ့စေတနာက ထူးဆန်းလွန်းလို့ "အံ့ဖွယ်သူတာ" ထဲ ထည့်ရမလိုလိုပါ။

တကယ့်စေတနာမဟုတ်ဘဲ တစ်သိန်းမုံတစ်မုံ သောမာယာဖြင့် ချဉ်းကပ်နည်းတစ်မျိုးဆိုလည်း ရှုတ်ချောင်း ထုတ်လို့မရအောင် တွယ်ကပ်နေတော့မည့်ဟူတူ၊ ကားဘီး ကို လဲလိုက်ခြင်းဟာပဲ အားလုံးသောအခြေအနေတွေထဲမှာ အကောင်းဆုံးဖြစ်တော့မည်။

"ခင်ဗျားထင်တာ မှားနေတယ်၊ ကျွန်တော် အကူအ ညီတော့လိုပါတယ်၊ ဒါပေမယ့် ... ကျွန်တော်လိုနေ တဲ့အကူအညီက ကားဘီးလဲတပ်ပေးမယ့်သူမဟုတ်ဘူး ဗျ"

"ဒါဖြင့် ... ရှင်က ဘာအကူညီမျိုးကို လိုအပ်နေ တာလဲ"

"ထီးတစ်ချောင်းရဖို့ လိုအပ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟုတ်တယ်၊ ထီးတစ်ချောင်းလိုအပ်နေတာ၊ ထီးသာရှိရင် ကျွန်တော် အောက်ဆင်းပြီ"

"ဪ … ဒါဆိုလဲရတယ်၊ ယူလေ"

"နေဦး … ထီးတစ်ချောင်းရရုံနဲ့လဲ မပြီးသေးဘူး၊ ကားဘီးကို ဖြုတ်တုန်းတပ်တုန်းမှာ ကျွန်တော်က ထီးကို ဘယ်မှာကိုင်ဆောင်းထားနိုင်မလဲ"

"နားလည်ပါပြီ၊ ရှင့်ကို ကျွန်မ ထီးမိုးပေးပါ့မယ်"

သူမက ကားဦးခေါင်းမှကွေ့ကာ သူ့ဘက်သို့ သွားလိုက်၏။ သူက ကားစက်ပိတ်သည်။ ကားပေါ်မှဆင်းသည်။ သူမက ထီးမိုးချပြီး၏။

"ရှင့်အရှပ်ကြီးကလဲ မြင့်လိုက်တာ၊ တကတည်း"

သူမက လက်ကို တော်တော်လေးဆန့်ထုတ်မြှောက်လျက် မိုးပေးရသည်။ သူက ကားနောက်ဖုံးကိုသွားဖွင့်၊ ဘီးနှင့်အကွ ပစ္စည်းတို့ရှိသောတွေထုတ်၊ ကားဘီးနားမှာ ဆောင့်ကြောင့်ထိုင်၏။ မိုးစက်တို့က အစ္စရာလမ်းပေါ်ပြုတ်ကျပြီးမှ ပြန်ခုန်ထတော့ သူ့ဗုဆိုးမှာ မိုးတွေရွှဲတော့သည်။ အပေါ်ပိုင်းမှာ ထီးမိုးပေးထည့်သူရှိ၍ လုံခြုံသော်လည်း၊ အောက်ပိုင်းတစ်ပိုင်းလုံးနီးပါးကျတော့ စင်တက်လာသောမိုးစက်တို့ဖြင့် စိုစိုရွှဲရတော့သည်။

"စိုကုန်ပြီ၊ ကားပေါ်ပြန်တက်လိုက်ပါလား၊ ကျွန်မ လုပ်ပေးမယ်"

သူမကို လှစ်ခနဲမော့ကြည့်ဖြစ်၏။



တကယ် ရိုးရိုးသားသား ဖြူဖြူစင်စင်၊ စေတနာအပြည့်နှင့်ပြောနေပုံရ၏။ သရုပ်ဆောင်နေတာဆိုလျှင်တော့ အကယ်ဒမီတွေ ထပ်တစ်ရာလောက်ကွမ်းသင့်ပြီ။ သူမကို လုံးဝ စိတ်ချယုံကြည်လိုက်တာမဟုတ်ပေမယ့် သူမစေတနာစကားတွေကိုတော့ဖြင့် ရင်ထဲမှာ လက်ခံရပါ၏။

"ရှင်ကလဲ တော်တော်ပြောရခက်တာပဲ"

"ခင်ဗျားကို ခိုင်းလို့ဖြစ်မလားဗျ"

"ဘာလို့မဖြစ်ရမှာလဲ"

"ခင်ဗျားက မိန်းမ"

"မိန်းမ … ကားဘီးမလဲရဘူးလို့ ဥပဒေမှမရှိတာ၊ နည်းနည်းပင်ပန်းတဲ့အလုပ်ဖြစ်လို့ ခွန်အားသုံးရတဲ့အလုပ်ဖြစ်လို့ ယောကျ်ားတွေလုပ်လေ့ရှိတာ၊ မိန်းမသားလုံးဝမလုပ်နိုင်တဲ့အလုပ် မဟုတ်ပါဘူး …

"ကျောင်းမှာဆိုရင် ယာဉ်မောင်းအစပ်သပ်ရှိပါတယ်၊ သူလည်းမိန်းမပဲ၊ ဒါပေမယ့် ကားဘီးဖြုတ်မယ် လဲမယ်ဆိုရင် သူက ဝန်လေးတယ်၊ ရှုံ့မဲ့နေတယ်"

"မဲ့သင့်တယ်၊ ဒါ ပင်ပန်းတဲ့အလုပ်ပဲ"

"ကျွန်မ ဖင်လုပ်လိုက်တာ မပင်ပန်းပါဘူး၊ လုပ်နေကျဖြစ်တော့လည်း လုပ်နိုင်ပါတယ်၊ ကျွန်မလုပ်နေကျမို့ ရှင့်ကိုကူညီမယ်ပြောတာပေါ့၊ ကျောင်းကကား ဆိုရင် ကားကြီး၊ အဲ … ဒိုင်နာ၊ ရှင့်ကားထက်ဘီးပိုကြီးတာပေါ့ …

"မ,မနိုင်တော့လည်း လှိမ့်ပြီးသယ်လိုက်တာပေါ့၊ ဥာဏ်

www.burmeseclassic.com

www.burmeseclassic.com



ရှိရင် အလုပ်ဖြစ်ပါတယ်"

"ရှားပါတယ်"

သူက တိုးတိုးတိမ်တိမ်ပဲ ပြောလိုက်ပြီး သူမကို ဆက်တာလဲလဲ အံ့ဩရတော့သည်။

"မင်းနာမည် ဘယ်သူလဲ၊ ဘယ်မှာနေလဲ၊ ဘာလုပ်လဲ" ဆိုသော မေးခွန်းတွေ မေးချလိုက်ချင်သည်။ သူမသည် ကိုယ့်ကမ္ဘာထဲမှာ အလုပ်လုပ်ဖို့လာလျှောက်သော စာရေးမအလောင်းအလျာလေးဆိုလည်း ကောင်းသား။ မေးချလိုက်ရုံရှိ၏။ ခုလိုအတွေးမျိုးတွေ ဦးနှောက်ထဲဝင်ရောက်နှောင့်ယှက်ခြင်းခံရတာ သူမကိုများ ရှောင်တခင်စိတ်ဝင်စားသွားလို့လား။ စိတ်မဝင်စားပါရစေနှင့်။ မိန်းမဟူသော "စဉ်းလဲမ" တို့မှာ မာယာက တစ်သိန်း၊ အပလိန်းက အနန္တတဲ့။ မိန်းမမာယာ သဲကိုးဖျာဆိုသည့်စကားကလည်း ရှိသေး။ ငါ့နှယ်နော် … မိန်းမ စိတ်ပျက်ပါသည်ဆိုမှ တစိမ်းမိန်းမတစ်ယောက်နှင့် တွေ့ဆုံရမှုကလည်း ဆန်းသေး။

"ရှင့်ဖိနပ် ပျက်စီးသွားပြီ"

"ရပါတယ်"

"နှမြောစရာကြီး၊ ကတ္တီပါခြေညှပ်ဆိုတာ မိုးတွင်းစီးမဟုတ်ဘူးရှင့်၊ အော် … ရှင် သိတော့သိမှာပါ၊ ဒီဖိနပ်တစ်ရံဖိုးကို နေ့တိုင်းသုံးနိုင်လို့လဲဖြစ်မယ်၊ ပြီးတော့ ကားရှိတာပဲ၊ ဖိနပ်ရေစိုဖို့မှမလိုတာ၊ ဒီနေ့တော့ ခြွင်းချက်ပေါ့လေ"

တော်တော်စကားပြောနိုင်သည့်မိန်းမ ဟု တွေး



မိပြီးမှ ကိုယ့်အတွေးကိုယ် ချေဖျက်ရသည်။ မိန်းမဆိုတာ ဒီမိန်းမမှမဟုတ်ပါ၊ မိန်းမတိုင်းဟာ စကားမရှိ စကားရှာ ပြောနေရတာကို ဝါသနာပါကြသူတွေ ဖြစ်ပါရဲ့။ စကားနည်းသည့်မိန်းမဆိုတာ စကားများသောယောကျ်ားလောက်တော့ အနည်းဆုံးပြောကြတာပဲမဟုတ်လား။

"ကျေးဇူးပဲ"

ကားဘီးဖြုတ်ခြင်း လဲတပ်ခြင်းနှင့် ပစ္စည်းကိရိယာများ သိမ်းဆည်းခြင်းပါ ပြီးစီးသွားသည်။

ကိုယ့်ကို ထီးမိုးပေးသောအမျိုးသမီးကို "ဘယ်သွားမလဲ" ဟု မေးသင့်၏။ လမ်းကြုံလျှင် တင်ခေါ်သွားသင့်သည်။ သူက သူမကို ခရီးကြုံလမ်းကြုံ တင်ခေါ်မသွားလိုပါ။ ကိုယ့်ကားပေါ် တစိမ်းမိန်းမတစ်ယောက် ပါလာတာကို မကြိုက်၊ ပြီးတော့ … အရင်းရှင်ညဉ်ဆိုပြီး ကဲ့ရဲ့လျှင်လည်း ကဲ့ရဲ့ကြပေတော့။ ဒီလို တုတ်တုတ်ရွှဲနေသော ထီးစိုကြီး ကိုယ့်ကားပေါ်တွင် ထားစရာနေရာမရှိပါ။ ကိုယ့်ကားက ဘတ်စ်ကားမဟုတ်၊ ကား၏ကြမ်းခင်းတွေက သံထည်၊ သစ်သားထည်ဆိုလျှင် ရေစို ဘာအရေးလဲ၊ ခဏကြာလျှင် ခြောက်မည်။ ခုတော့ … ကြမ်းခင်း ရှမိုင်းစက တော်တော်ကောင်းသည်မို့ အမွေးထူပွလျက်အိနေ၏။ ရေစိုမခံနိုင်ချေ။

မတော်တဆ စိုသွားလျှင်လည်း တော်တော်နှင့်ခြောက်မှာမဟုတ်၊ ကားကြီး ရေစိုညှီနံ့နှင့် စိတ်ပျက်စရာဖြစ်ဦးမည်။ ရုံးက စာရေးကြီးဦးကျော်မောင်ကို တစ်ခါခေါ်တင်ပါရောလား၊ သူ့ထီးရေစိုကို ကြမ်းခင်းနှင့် ကူရှင်ပေါ် ကနီ

www.burmeseclassic.com

www.burmeseclassic.com



လန့်ဖြတ်တင်တော့ နှစ်နေရာလုံး စိုရွှဲပါရောလား။ ရွှံ့ပေဖိနပ်ကလည်း ဟိုကန့်ဒီတန်နှင့်ဆိုတော့ မေလိုက်တာ နေရာအနှံ့အပြား၊ သူ့ကိုကူညီမိလို့ ရရှိသောပီတိနှင့်၊ သူ အလိုက်မသိစွာ လုပ်ကိုင်သွားပုံတို့ကို စိတ်ပျက်ရတာက အချိုးအဆမညီတော့ ပီတိကလေး ရှက်နှာငယ်လျက် စိတ်ပျက်ရတာများတော့ ကုသိုလ်လည်းမရ။

ဒါထို ကြီးကျယ်သည့်စွပ်စွဲလျှင် ငုံခံရုံရှိ၏။ ကိုယ်ကလည်း မြန်စွာစွဲပါမည်။ သူတို့သည် ပစ္စည်းကောင်းမသုံးဘူးကြသူများဖြစ်သည်နှင့်အညီ ပစ္စည်းကောင်းကို မသုံးစွဲတတ်ကြသူများတည်း။

"သွားမယ် ... ရှင်က သွားရမှာဝေးဦးမှာ၊ ကျွန်မက ဒီခြံထဲဝင်မှာ"

"အော်"

တော်ပါသေးရဲ့။ ရှေ့တည့်တည့်ကခြံထဲ ဝင်မည့်သူကို ကားပေါ်တက်ပါ၊ လမ်းကြုံလိုက်ပါပြောစရာ မလိုတော့ပါ။ သူ ကားကိုမောင်းထွက်လာခဲ့သည်။ သူမ၏ ထူးဆန်းသောပုံစံက ကားထဲမှာ လိုက်ပါလာသလို ခံစားရသည်။ မိန်းမတွေထဲက မိန်းမတစ်ယောက်နှင့်တော့မတူ။ ထူးတော့ထူးသည်။ သူမနာမည်ကလေးတောင် မမေးလိုက်မိ။ သိတော့လည်း ဘာထူးမှာလိုက်လို့လဲ။ မသိတာပဲကောင်းသည်။ တော်ကြာ မကြာခဏပြန်သတိရရသည့်အထဲမှာ ဖြူစင်ရိုးသားသောမျက်နှာလေးအပြင် နာမည်တစ်ခုပါ အအစ်ပိုနေပါဦးမည်လေ။

# ၂

"ဒဲ ... ဒီ"

ဒက်ဒီကို ချွဲသံနွဲ့သံဖြင့် ဆွဲဆွဲငင်ငင်ခေါ်လိုက်ပုံက "နေ့အုံ့မှိုင်း" နားထဲမှာတော့ ချိုမြသံစဉ်တစ်ခု ဖြစ်ထွန်းသွားရသလိုပါပဲ။ အဲသည် "နှင်းခဲ" တစ်ယောက်ကို ဆိုးလွန်းလို့ ဟုဆိုကာ လူတကာက လက်မြှောက်ရသည်။ ချစ်ကြပုံလည်း မပေါ်။ ချစ်ဖို့နေနေသာသာ အော့ကြောတြီးများတောင် လန်နေနိုင်သေးတာကို အုံ့မှိုင်း စဉ်းစားမိပါသည်။ အုံ့မှိုင်းတို့ကတော့ သမီးလေးကို သည်းသည်းလှုပ်ပါသည်။ သမီးလေးကို တုန်နေအောင်ချစ်သည်။ သမီးလေးကိုချစ်ရလွန်းသည်မို့ သမီးလေးကိုချစ်သောသူများ၊ သမီးလေးကို သည်းညည်းခံသောသူများဆိုလျှင် အုံ့မှိုင်းက အလိုလိုကြည်လင်၏၊ ကြည့်လို့ရ၏။ ပေါင်းလို့သင်းလို့ဖြစ်၏။

သမီးလေးကို မျက်မုန်းကျိုးပုံပြသောသူများဆိုလျှင် အုံ့မှိုင်းရန်သူတည်း။ အုံ့မှိုင်း ကြည့်လို့မရ၊ မျက်စိ

www.burmeseclassic.com

www.burmeseclassic.com



နောက်ရုံမက သမီးလေးကိုယ်စား အုံ့မှိုင်းက မြန်လည်မျက်
မှန်းကိုနှုင်ပြလျှော် ... ပေါင်းလိုသင်းလို့မဖြစ်နိုင်တော့
... အုံ့မှိုင်းဘဝမှာ [illegible] ဒီသမီးလေးတစ်
ယောက်ခဲ့ရှိသည်။ သမီးလေးကို ချန်လှပ်၍ အုံ့မှိုင်းဘဝကို
ကြည့်မည်ဆိုလျှင် တစ်ကောင်ကြွက် တစ်မျက်နှာ။ မည်မျှ
ပင် စည်းစိမ်ဥစ္စာ ချမ်းသာကြွယ်ဝသည်ထား၊ အပေါင်းအ
သင်း အခြွေအရံတွေ များလှသည်ထား ... ။

လူ့ဘဝသည် ငွေနှင့်မျိုးနှင့်၊ ကိုယ့်အသိုင်းအဝိုင်း
နှင့်မှ စိတ်ဓာတ်ရေးရာ လုံခြုံကြည်မွေ့၏။ "နေအုံ့မှိုင်း"
ဆိုသော ကြည်လင်နာမည်ကိုပိုင်ဆိုင်ထားသော ... ဤ
ယောကျ်ားသည် လောကကြီးတွင် တစ်ကောင်ကြွက်ပါ။
သမီးလေးပါ ပေါင်းစပ်ရေတွက်မှ သားအဖနှစ်ယောက်တည်း
ဖြစ်၏။ အုံ့မှိုင်းမှာ ဖခင်မရှိ၊ မိခင်မရှိ၊ ဖခင်က ကွယ်လွန်
နှင့်သည်ကြာပြီ။ အုံ့မှိုင်းတို့ အသက်နှစ်ဆယ်ပြည့်လုပြည့်ခင်က
လေးမှာ ကွယ်လွန်သည်။ ဖေဖေမရှိတော့ပေမယ့် ဖေဖေ
ထားရစ်ချန်ခဲ့သော လက်ငုတ်လက်ရင်းများကြောင့် အုံ့မှိုင်း
တို့ ကျန်ရစ်သူသားအမိသုံးယောက်မှာ မပူမပင်။ မတောင့်
မတ... အရှားကြီးသာလွန်လျက် စည်းစိမ်ဥစ္စာနှင့်နေနိုင်
ခဲ့ကြရပါသည်။ ကျန်ရစ်သူသုံးဦးက မေမေရယ်၊ အုံ့မှိုင်း၏
အမြွာအစ်ကို "နေမင်းသာ" ရယ် ဖြစ်ပါသည်။

"တစ်နေ့တည်းမွေးတဲ့ အမြွာညီအစ်ကိုပေမယ့် ရာသီ
ဥတုကကွဲတယ်၊ [illegible] စနေနေ့၊ အကြီးကိုမွေး
တော့ နေတွေပူလိုက်တာ၊ ဒါပေမယ့် မိုးတွင်း ...



"မိုးတွင်းမှာ မိုးရွာပြီးကာစ နေထွက်လာရင် နေရောင်
ကတစ်မျိုးကြီးလေ၊ လင်းလင်းလက်လက်နဲ့ နွေတွေ
ဆောင်းတွေမှာ ပူပုံမျိုးမဟုတ်ဘူး၊ နေရဲ့အရောင်ကလဲ
နည်းနည်းဖျော့တယ် ...

"နေပူတာ လိမ္မော်ရောင်ရယ်၊ အဖြူရောင်ရယ်ရှိတယ်၊
နွေမှာပူတာ လိမ္မော်ရောင်၊ ဆောင်းမှာပူတာ လိမ္မော်
နု၊ မိုးမှာ ...

"တစ်ခါတလေ လိမ္မော်နုရောင်နဲ့ပူတတ်ပေမယ့် မိုးရွာ
ပြီးကာစ ပြန်ပူရင် အဖြူရောင်နေကလေး လှကလှ
နဲ့"

မေမေကဖြင့် သူ့သားကြီး "နေမင်းသာ" မြင်
လာရပုံကို တခမ်းတနား တဖွဲ့တနွဲ့ ပြောတတ်ပါ[illegible]
ကြားရသူတွေက ...

"နေပူတာပဲ သူမို့ အဖြူရောင်တွေ၊ လိမ္မော်ရောင်တွေ
ပြောတတ်တယ်"

ဟု ကဲ့ရဲ့လျှင် မေမေက ပန်းချီသဘောတရား
ကြီးနှင့် ကိုင်ပေါက်ကာ နားငြီးလောက်အောင် ထပ်မံရှင်း
လင်းပါလိမ့်ဦးမည်။ အဓိကကတော့ မေမေသည် သူ့သား
ကြီး "နေမင်းသာ" ကို အတုမရှိ အချစ်လွန်ဖြင့် အမွှန်း
တင်လိုခြင်းဖြစ်ပါ၏။

"သားကြီးကိုမွေးတော့ နေသာနေတာမှ မြူကြည်နေ
တာပဲ၊ နေရောင်သာထွက်လာတာ ရာသီဥတုကတော့
အေးမြမြပဲ၊ မပူဘူး၊ သားကြီးမွေးပြီး မိနစ်နှစ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်လည်းကျရော …

"မိုးသားတွေပြန်ရောက်လာလိုက်တာ၊ မိုးသားတွေက ညောင်းညည်း၊ လေကတိုက်နေတော့ တိမ်မဲညိုမိုးသား တွေက ရွှေနေထားပေါ့၊ မိုးသားတွေက နေကိုအုပ်မိ သွားတဲ့အခါမှာ မိုးကြီးက မှောင်ကျသွားလိုက် …

"နေနဲ့လွတ်သွားတော့ အဖြူရောင်နေကလေး ပြန်လင်း လာလိုက်နဲ့၊ ကဗျာသာစပ်တတ်လိုကတော့ကွယ် လှ လိုက်တဲ့ရာသီဥတုကလေးပါ၊ နေရောင်ရယ် မိုးသား ရယ် ပေါင်းစပ်ထားတဲ့ အုံ့အုံ့မှိုင်းမှိုင်းနေရောင်ကလေး ဟာ …

"ဟို … တိုင်ပယ်ပယ်က သင်ခဲ့ဘူးတဲ့ ရေးစာဆို ရှင်ဥတ္တမကျော်ရေးဖွဲ့ခဲ့တဲ့ တိမ်ညိုမိလ္လာ၊ တိမ်စုကာ နှင့် တိမ်ပြာရောယှက်ဆိုတဲ့ ကဗျာရှည်၊ လင်္ကာရှည် ကြီးလိုမျိုး ရေးသချင့်ကြီးပေါ့ကွယ် …

"အဲဒီအချိန်မှာ သားငယ်ကိုမွေးတော့ သူ့နာမည် နေ အုံ့မှိုင်းဖြစ်ရတာယ်၊ စနေသားအမြွှာကိုမွေးပြီးကတည်း က တက်လိုက်တဲ့စီးပွားဆိုတာလည်း ပြော … မဖြစ် ဘူး"

"ဩ … ခင်ဗျားက သားအမြွှာမွေးချလိုက်တော့ လှဦးရေက ချက်ချင်းကြီး လေးယောက်ဖြစ်သွားရတာပေ့ လေ၊ သားတစ်ယောက်အစား နှစ်ယောက်ပြိုင်တူကြီး ဆိုတော့ ကျုပ်မှာ နှစ်ဆတိုးပြီးရှာရတာကျတော့ ထည့် မပြောဘူးလား …



"စီးပွားတက်တာ ကျုပ် မအိပ်မနေကြိုးစားရှာဖွေလို့ လား၊ ခင်ဗျားသားတော်မောင် သားဦးစနေနှစ်ကောင် ကြောင့်လား ပြန်စဉ်းစားဦး၊ အဲဒီအချိန်မှာ …

"ဒီကောင်တွေ နို့စို့ဖို့နဲ့ ငိုဖို့ကလွဲရင် အိပ်ဖို့ပဲတတ် သေးတယ်"

မေမေက မခံချင်စွာဝင်ပြောရင်း မေမေ့ကို ချစ် စနိုးနှင့်စပါသေးသည်။

"ဟဲ၊ ညာဏ်၊ ဝီရိယပေါ့ရှင်၊ ညာဏ်နဲ့ဝီရိယကို ရှင်ယူ ပါ၊ ကံကတော့ သားတွေရဲ့ကံပဲ"

မေမေက အလျှော့မပေးဘဲ ပြန်ငြင်းတတ်၏။

ဖေဖေက စီးပွားရှာတော်ပါသည်။ ဖေဖေကြိုးစားခဲ့လို့သာ ဖေဖေကွယ်လွန်ချိန်မှာ ဖေဖေ့စီးပွားလက်ငုတ်ကို နေအုံ့မှိုင်း က အရှိန်မပျက်ဆက်လုပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ဖေဖေဆုံး ပြီး ဆယ့်တစ်နှစ်အကြာမှာ မေမေဆုံးရှာသည်။ အမြွှာညီ အစ်ကိုထဲမှ သားကြီး "နေမင်းသာ" မရှိတော့တာ၊ ဖေဖေ နှင့်မေမေတို့၏ တမလွန်ခရီးနောက်ကို လိုက်သွားတာကတော့ မကြာလှသေးပါ။ တစ်နှစ်ပြည့်လုပြည့်ခင်လေးရယ်။

နေအုံ့မှိုင်း၏ပတ်ဝန်းကျင် မိသားစုအသိုင်းအဝိုင်း ထဲမှ ဆွေမျိုးသွေးသားတွေ တစ်ယောက်ပြီးတစ်ယောက် နေ အုံ့မှိုင်းကို ချန်ရစ်ခဲ့ကြ၏။ ဤကမ္ဘာတွင် ခုဆို … နေအုံ့ မှိုင်းနှင့် သမီးလေးနှင်းခဲတို့သည်သာ သွေးသားရင်းခြာဖြစ် နှစ်ဦးတည်းကျန်ရစ်ရပါသည်။ ဒီ နှင်းခဲကလေး ဘယ်လောက် ဆိုးဆိုး၊ အုံ့မှိုင်း မချစ်ဘဲနေနိုင်ပါ့မလား။ ချစ်ရာဆိုလို့ ဒီ

www.burmeseclassic.com

www.burmeseclassic.com



သမီးလေးတစ်ယောက်တည်းလေ။

"ဒဲ ... ဒီ"

"လာပြီ သမီးရေ"

"သမီး နိုးပြီ"

"အေး ... အေး"

အုံ့မှိုင်းက ကြားလေရာအရပ်မှာ ပြေးသွားရသည်။ အိပ်ရာထဲမှ ဆွဲထုတ်ရ၏။ နှင်းခဲက အုံ့မှိုင်း လာဆွဲမှ အိပ်ရာထသည်။ အုံ့မှိုင်းကိုယ်တိုင် ဆွဲတင်ပေးမှ အိပ်ရာဝင်သည်။ တခြားဝေယျာဝစ္စတွေတွက် သူ့နာမီရှိလျှင် နာမီက လုပ်ပေးရမည်။ နာမီမရှိလျှင် "ဘွားမေကြီး" ဟု နှင်းခဲကခေါ်သော ဒေါ်သိန်းမေက လုပ်ပေးရသည်။ ဒေါ်သိန်းမေကလည်း နှင်းခဲဆိုလျှင် အသည်းမှအသည်း။

"နှင်းခဲလေးကလဲ တစ်ခါတလေ ဒက်ဒီနားရှာပါစေ၊ ဘွားမေ ရှိပါမှာပေါ့"

"ဒက်ဒီက တစ်နေ့မှာ မီးအလုပ်ကို နှစ်ခုတည်းလုပ်ရတာ၊ လုပ်ပစေ၊ လုပ်ပေးနော် ... ဒက်ဒီ"

"အေးပါ ... အေးပါ၊ သမီးလေးက သိပ်လိမ္မာတာပဲ၊ ဒက်ဒီက ချစ်လိုက်တာတုန်လို့"

"သမီးကလဲ ဒက်ဒီကိုချစ်လိုက်တာတုန်လို့"

"ဟော ... ဘွားမေကြီးကိုရော မချစ်ဘူးလား"

"ချစ်တယ်၊ ဒက်ဒီထက် နည်းနည်းလျော့တယ်"

"ကြည့်စမ်း ... ကြည့်စမ်း ... သူ့ဒက်ဒီကို ပိုချစ်တယ်တဲ့၊ ဘွားမေ စိတ်ကောက်လိုက်မှာနော်"



"မီးကို မျက်နှာသစ်ပေးပြီးမှ စိတ်ကောက်ပေါ့"

"လူလယ်မလေး"

နှင်းခဲမျက်နှာသစ်ရာတွင် သစ်ပေးရသူ ပင်ပန်းရှာပါသည်။ နှင်းခဲက ကလေးဆိုးကလေး၊ အလိုလိုက်ခံကလေးမို့ သူလုပ်ချင်ရာလုပ်သည်။ ပြောစကားကို နားထောင်ချင်မှနားထောင်၏။ မထောင်တာကများသည်။ မျက်နှာသစ်ရင်းက လေယာဉ်ပျံရုပ်နှင့် သွားတစ်ချင်ကစားသည်။ ခေါ်လို့မရ၊ သွားတိုက်ရင်းတန်းလန်းက ဆက်မတိုက်တော့ပါဘူး လုပ်ချင်လုပ်သည်။ အကျီလဲပေးလျှင် အရွယ်ကလေးနှင့်မလိုက်အောင် အဝတ်အစားချေးများသည်။ စကားတတ်လိုက်ပုံများက လေးနှစ်ရွယ်နှင့်မလိုက်ဖက်ချေ။ စားသည့်အခါကျတော့လည်း အစားအသောက်ကို ချေးများပြန်သည်။

ဟိုဟာမစားချင်ဘူး၊ ဒီဟာမစားချင်ဘူးတွေ လာ၏။ အဆင်သင့်ရှိမနေသော အစားအစာကိုမှ တမ်းတသည်။ နှင်းခဲနှင့်ပတ်သက်ပါလေတိုင်း လွယ်ကူချောမွေ့သည်ရယ်လို့ မရှိ။ ခဲယဉ်းလက်ဝင်နေရသည်ချည်း။ ပြီးတော့ ... နှင်းခဲက ချိုးခနဲ ဖတ်ခနဲ ရိုက်တာတာတာလည်းရှိသေးသည်။ အိမ်ရှိ အလုပ်သမားမိန်းကလေးများမှာ နှင်းခဲဒဏ်ကို ခံကြရရှာ၏။ အုံ့မှိုင်းက မက်လောက်သောလစာငွေကိုပေးခြင်း၊ ဘွားမေကြီးက အလုပ်သမားမိန်းကလေးတွေကို မြေ့ရာပြေကြောင်း လူချော့ကောင်းခြင်းတို့ကြောင့်သာ အိမ်မှာ လူမြဲသင့်သလောက် မြဲရ၏။ နှင်းခဲတာဝန် သီးသန့်ယူရသောသူဆိုလျှင် မမြဲတာတများပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေး ... ကော်ဇီမြန်မြန်သောက်၊ ပေါင်မုန့်မြန်မြန်စား"

"မြန်ရင် ဒက်ဒီက မြန်မြန်သွားလိုက်ပို့မလို့လား"

အရွယ်နှင့်မလိုက်အောင် အဲသည်လိုလည်း စကားဦးသန်း၍ ပြောတတ်သည့် နှင်းခဲပါ။ နှင်းခဲဒက်မခံနိုင်မှ အလုပ်ထွက်သွားကြရသော နာနီတွေက ...

"မမည်က နှင်းခဲမို့လို့သာပဲ၊ လူက မီးတောက်ထက်မှုသေး"

ဟု ပြောယူရသော နှင်းခဲလေ။

"မပို့ပါဘူး၊ ဒီနေ့ ဒက်ဒီမအားဘူး၊ သမီးအတွက် ဆရာမလာလျှောက်တဲ့သူတွေကို မေးမြန်းပြောဆိုရမယ်လေ၊ အလုပ်ခန့်ရမယ်လေ"

"ဒက်ဒီ အသားမည်းရင် မခန့်နဲ့နော်"

"သမီးကတော့လုပ်ပြီ"

"အသားမဲတဲ့လက်ချောင်းကြီးတွေနဲ့ မုန့်လာခွံ့ရင် သမီးမစားချင်ဘူး"

"အေး ... အေး၊ ဒါဖြင့် အသားဖြူတဲ့ဆရာမပဲ ခန့်လိုက်မယ့်"

"ဒီဆရာမကလဲ သမီးကို စာသင်မှာပဲလား"

"သင်မှာပေါ့၊ နောင်နှစ်ခါကျောင်းဖွင့်ရင် သမီးက သူငယ်တန်းတက်ရပြီ၊ စာကြိုသင်ထားတော့ သမီးကျောင်းကြီးတက်ရင် အတန်းထဲမှာ ပထမရမယ်"

"သမီးကို ရေချိုးမပေးဘူးလား၊ အဲဒီဆရာမက"



"ချိုးပေးမှာပေါ့ သမီးရဲ့၊ ဒါပေမယ့် သမီးလေးက သိပ်မခိုင်းပါနဲ့၊ စာလည်းသင်ပေးတဲ့ဆရာမဖြစ်နေတော့ သိပ်ခိုင်းလို့မရဘူး သမီးရဲ့"

နှင်းခဲက အလုပ်သမားတွေအပေါ် နိုင်လိုမင်းထက်ပြုမူ၍ရကောင်းမှန်း သိနေသည်။ အလုပ်သမားဆိုတာ ကိုယ့်လက်အောက်ငယ်သားဟူ၍ သိနေသည်။ စကားပြောတာ တစလို့ မချောင်ပါ။ စကားပြောလျှင် လေသံကမာ၏။ သူ့ ဝေယျာဝစ္စတွေကိုလုပ်ပေးသည့်အခါ စိတ်တိုင်းမကျလျှင် သူက မာန်ချင်မဲချင်သည်။ ရိုးရိုး ကလေးထိန်းတွေက တတ်နိုင်သမျှသည်းခံကြပေမယ့် စာပါသင်ပေးရသော ဆရာမမျိုးကျတော့ သိပ်သည်းမခံပါ။ ဤနည်းအားဖြင့် ... နှင်းခဲမှာ "ကလေးထိန်းဆရာမ" ခဏခဏ ပြောင်းလဲရတော့သည်။

"ဆရာမက ဒီနေ့ခန့်မှာလား"

"ဒီနေ့ရွေးမှာ၊ ဒီနေ့ခန့်မှာ"

"ဒါဆို မနက်ဖြန် တိရစ္ဆာန်ရုံသွားမယ်၊ ဒက်ဒီရယ်၊ သမီးရယ်၊ ဆရာမရယ်"

"ဒီမှာသမီး ... ဒက်ဒီပြောတာ သေသေချာချာမှတ်ထားနော်၊ ဒက်ဒီပြောမယ်၊ ဒက်ဒီရယ်၊ သမီးရယ်၊ ဆရာမရယ် ... သုံးယောက် ဘယ်မှမသွားရဘူး၊ သမီး ဆရာမနဲ့သွားချင်ရင် ... သမီးရယ်၊ ဆရာမရယ်၊ ဖွားမေကြီးရယ်၊ အိမ်နောက်ဖေးက ကောင်မလေးတွေရယ် သွားရမယ် ...

"ဒါပေမယ့် ... မနက်ဖြန်ကိုတော့ တိရစ္ဆာန်ရုံမသွား

www.burmeseclassic.com

www.burmeseclassic.com



ရဘူး၊ မိုးခေါင်ရေရှားတော့ သွားလို့မကောင်းဘူး၊ သမီး သွားချင်ရင် ရွှေပါဝမ်းကိုသွား"

"ဟာ: ...."

နှင်းခဲက ဘယ်ကိုပဲသွားရသွားရ၊ သွားရလျှင် ပျော်တာပဲမို့၊ ဟား ... ဟု ထအော်၏။

"ဒက်ဒီနဲ့ သမီးနဲ့ ဆရာမနဲ့ ဘာလို့မသွားရတာလဲ ဒက်ဒီ"

"ဒက်ဒီ မသွားချင်ဘူး"

"ဘာဖြစ်လို့မသွားချင်တာလဲ ပြောပြ"

"နှင်းခဲ ... ပြောပြပါ ... လို့ ပြောလေ"

"ပြောပြပါ ဒက်ဒီ"

အိုမြင်းက နှင်းခဲကို ကောက်ပွေ့ကာ ... လီမွာလိုက်တာဟုပြော၍ ပါးကိုမွှေး၏။

"အလည်၊ အနုပ်မ၊ ပါးဖိုက်တာလှစ်လို့၊ အဖေကို ဆို ဘယ်တော့မှမဆိုးဘူး၊ သူများတွေကိုသာ ဆိုးတာ"

ဖွားမေက ချစ်စနိုးနှင့်ဝင်ပြော၏။

"သမီး ဘယ်သူ့ကိုမှမဆိုးပါဘူး ဖွားမေရဲ့၊ ဒက်ဒီ ပြောပြဦးလေ၊ ဘာလို့မသွားချင်တာလဲ"

"သမီးနဲ့ဒက်ဒီက သားအဖ၊ သမီးသိလား"

"သိပါတယ်"

"နောက်ထပ် မိန်းမတစ်ယောက်နဲ့ တူတူသွားရင် သူများတွေက အဲဒီဆရာမကို မာမီထင်သွားရင် ဘယ့်နှယ်လုပ်မလဲ"



"သမီး မသွားတော့ပါဘူး ဒက်ဒီ"

"အေး ... နောက်ကို မဟုတ်တာမပြောနဲ့"

နှင်းခဲက "မာမီ" ရမှာ သိပ်ကြောက်၏။ အထင်တောင်မခံနိုင်ပါ။ ဒါကလည်း နှင်းခဲ တတ်လွန်းသိလွန်းလို့ထက် ဖွားမေကြီးသင်ပေးထားလို့ဖြစ်သည်။

"ဒက်ဒီ့ကို မိန်းမ မယူရဘူးလို့ပြော"

"သမီးအတွက် မာမီအသစ်ရှာပေးမယ်ဆိုရင် မလိုချင်ဘူးလို့ပြော"

ပြောစရာစကားလုံးတွေလည်း သင်ပေးသည်။ မာမီအသစ်ဆိုတာ ဘယ်လိုဆိုးကြောင်း၊ ပုံပြင်ထဲမှ စုန်းမကြီးနှင့်တူကြောင်း၊ ဖွားမေကြီး ပါးစပ်ထဲရောက်လာတတ်ရာရာ အကြောင်းအချက်တွေနှင့် မရှိဘူးသေးသောပုံပြင်အသစ်တွေလည်း ဖြစ်ထွန်းရသည်။ နှင်းခဲက နားစွဲကာ မာမီအသစ်ဆိုလျှင် ရွံမုန်းနေနှင့်တော့သည်။

"ဒီနေ့ အင်တာဗျူးလား ကိုအုံ့"

ဖွားမေကြီးက နေအုံ့မှိုင်းကို "ကိုအုံ့" ဟု ဖေဖေတို့ မေမေတို့ရှိစဉ်က ခေါ်သလိုပဲခေါ်၏။ ဖေဖေတို့ မေမေတို့ရှိစဉ်က သားကြီးသားငယ်ခေါ်သည့်အခါ ရှိသလို၊ နာမည်ကိုခေါ်သည့်အခါတွေမှာ "ကိုအုံ့" "ကိုသာ" ဟုခေါ်တတ်၏။ အဲသည်တုန်းက "ကိုအုံ့" အခေါ်ခံရသော နေအုံ့မှိုင်းက ရွံ့မဲ့ကာ မျက်နှာကြီးရှုပ်လေ့ရှိသည်။

"ကိုကို့ကျတော့ ကိုသာ ... တဲ့"

မိနစ်နှစ်ဆယ်လေးပဲကြီးပေမယ့် စကားစပြော

www.burmeseclassic.com

www.burmeseclassic.com



တတ်ကာစကတည်းက မိဘတွေက ကိုကိုအခေါ်သင်ခဲ့သည်မို့၊ ကိုကို --- ဟု နှုတ်ကျိုးခဲ့သည်။ ကိုကိုဟုတော့ ခေါ်၏။ စကားပြောလျှင် "ခင်း" နှင့် "ငါ" ပြောကာ ညီအစ်ကိုကဲ့သို့ ယှဉ်ချင်းဖြစ်နေတတ်ခဲ့၏။

"ဟုတ်တယ်ဖွားမေ၊ ဒီနေ့ ဆယ့်နှစ်ယောက်လာမယ်"

"စကားတင်ကတည်းက ဆယ့်နှစ်ယောက်တောင်လား ···၊ ကိုအုံ့ ပင်ပန်းတော့မှာပဲ၊ စနေ တနင်္ဂနွေဆို နားစေချင်တာ"

ဖွားမေကို နေအုံ့မှိုင်းက ကြီးကြီးဟု ခေါ်ခဲ့ဖူးသေးသည်။ နှင်းခဲကလေးမွေးပြီး နှင်းခဲလေးစကားတတ်ကာစမှာ "ဖွားမေ" ဟု သင်ပေးခဲ့ရာမှ နှင်းခဲခေါ်သလို လိုက်ခေါ်ကာ ··· ခုဆို တစ်အိမ်လုံးက ဖွားမေ ··· ဖွားမေကြီးဟု ဝဲ ဖြစ်နေရတော့သည်။

"ဒီနေ့ စနေနေ့လည်း အင်တာဗျူးရှိတော့ နားရမှာမဟုတ်ဘူး၊ မနက်ဖြန် တနင်္ဂနွေလည်း ဖွားမေမြေးမ ဂျိကျူတာနဲ့ ဆရာမတွက်မပြေးအောင် လုံးပန်းရဦးမယ်"

"ကစားကွင်းတစ်ခုခု ခေါ်သွားလိုက်တာပေါ့၊ ရပါတယ်၊ ကိုအုံ့ နားပါ"

ဖွားမေသည် နေအုံ့မှိုင်းကို အရေးပေးဆက်ဆံရှာပါ၏။ သွေးသားမစပ်ပေမယ့် သွေးသားလိုဖြစ်ကာ ဖွားမေမှာလည်း တခြား အားကိုးရာမရှိ၊ နှင်းခဲကလည်း ဖွားမေရှိမှဖြစ်သည်။ ပြီးတော့ ဖွားမေက လူကြီးသူမအရာမှာနေ၍ တစ်အိမ်လုံးကိုလည်း စေယျာဝစ္စခန့်ခွဲစီမံပေးရသေးသည်မို့



နေအုံ့မှိုင်းက ဖွားမေကို အဒေါ်သားချင်းများနှယ် နေရာမြှင့်ပေးထားပါသည်။

"ဆရာမတွေရောက်ရင် ဧည့်ခန်းမှာပဲ အားလုံးထိုင်စောင့်ခိုင်းထားလိုက်မယ်နော်၊ ကိုအုံ့က ကိုးနာရီမှ စခေါ်မှာမဟုတ်လား"

"ဟုတ်ကဲ့ ··· ကောင်းပါတယ်၊ ကျွန်တော် စာဖတ်ခန်းကပဲစောင့်မယ်"

"သမီးသွားကြည့်မယ်"

"မကြည့်ရဘူး၊ သမီးက ဒက်ဒီခေါ်မှလာ"

ဒက်ဒီက နှင်းခဲကို အလိုလိုက်သည်။ တချို့နေရာတွေမှာ အလိုလိုက်လို့မရသောကြောင့် နှင်းခဲက ဒက်ဒီပြောစကား နားထောင်ရမည်ဆိုတာ နှင်းခဲ နားလည်ထားပါသည်။ စင်စစ် ··· နှင်းခဲသည် ဉာဏ်ရည်ဉာဏ်သွေး တော်တော်မြင့်သောကလေးဖြစ်၏။ တတ်သိနားလည်တာတွေများသည်။ နှင်းခဲ ဆိုးသည်ဆိုရာ၌ ဆိုးလို့ရ၍၊ အလိုလိုက်ခံဦးစားပေးအဆင့်တစ်မှန်း နားလည်၍ ဆိုးနေခြင်းသာဖြစ်လေ၏။

"ကလေးက မိန်းကလေးပါ၊ အသက်က လေးနှစ်၊ မူကြိုမထားဘူး၊ ကိုယ့်အိမ်မှာပဲကိုယ် သင်ချင်တယ်၊ နောင်နှစ်ခါတော့ အတန်းကျောင်းတက်ဖို့မှာပေါ့၊ သူ

www.burmeseclassic.com

www.burmeseclassic.com



ငယ်တန်းစာလဲ သင်ထားချင်တယ် …

"ကလေးက အမေမရှိဘူး၊ အဖေပဲရှိတယ်၊ ဒီတော့ မိခင်တစ်ယောက်ရဲ့ တတွတ်တွတ်သင်ကြားမှုမျိုးကို မရှိဘူး၊ အဲဒါ ရှုချင်တယ်၊ ဒါကြောင့် … ကလေးနဲ့ တူတူနေရမယ် …

"စာသင်ပေးရတဲ့ဆရာမလည်းဖြစ်ပေမယ့် ကလေးနဲ့ ရင်းနှီးချစ်ခင်စေချင်လို့ ကလေးကို ရေချိုးပေး၊ ထမင်းခွံ့ဆိုတာတွေ လုပ်ရမယ်၊ ကလေးနဲ့တူတူ ကစားတဲ့ အခါလည်းစေား …

"သီချင်းဆို၊ ကတဲ့အခါလည်းက၊ ကလေးက အမေ မရှိတော့ သူ့အဖေက သူ့သမီးကို ပျော်အောင်ထား စေချင်တာအဓိကပါပဲ၊ ကလေးကို ပြောတတ်ဆိုတတ် နေတတ်ထိုင်တတ်မှုလေးတွေပေါ့ …

"အဆင့်အတန်းမြင့်မြင့်ကလေးဖြစ်လာဖို့လည်း သင်ကြားပေးနိုင်ရမယ်၊ အဲဒီအတွက် ဆရာမဖြစ်တဲ့သူကို ဒီမှာနေ၊ ဒီမှာစားပြီး အသားတင်လစာ တစ်လကို ကျပ်တစ်သောင်းပေးပါမယ် …

"အိမ်မှာ အလုပ်လုပ်တဲ့မိန်းကလေးတွေကို စားချင်တာလုပ်ခိုင်းနိုင်ပါတယ်၊ ထမင်းပွဲရှေ့ရောက် စားရမယ်၊ အဝတ်ကိုလည်း လျှော်တောင်းထဲထည့်ပေးလိုက် လို့ရပါတယ်၊ ကလေးဝေယျာဝစ္စကလွဲရင် ဆရာမရဲ့ ဝေယျာဝစ္စကိုပါ …

"ဒီအိမ်ကမိန်းကလေးတွေကို ခိုင်းနိုင်ခွင့်ရှိပါတယ်၊ မိ



သားစုစိတ်ဓာတ်နဲ့ သည်းညည်းခံဖို့တော့လိုပါတယ်၊ ဒီအိမ်မှာ အိမ့်စည်းကမ်းပေါ့နော်၊ အဲဒါမျိုးလေးတွေ ရှိပါတယ် …

"အသေးအဖွဲကလေးတွေပါပဲ၊ အဲဒါလေးတွေ လိုက် နာရပါမယ်၊ ဒီလောက်ပါပဲ၊ အဲဒီအချက်အလက်တွေ ကို လက်မခံနိုင်ရင် အခုကတည်းက အင်တာဗျူး မဝင်ဘဲ ပြန်ချင်ပြန်လို့ရပါတယ်"

ဆရာမလောင်းတွေက ဖွားမေကိုပဲ ငိုင်းကြည့် လိုက်ကြသည်။ ပိတ်ဖောက်ဇာအကောင်းစား ပန်းရောင် ပျော့ရင်စေ့လက်စက၊ ဆေးရေးပါတိတ်ပန်းခရမ်းဆိုကို ကော်လျက် နားထဲတွင် ပုလဲနားကပ်ကြီးကြီးတစ်ရံ၊ လည် ပင်းမှာ ရွှေဆွဲကြိုးတုတ်တုတ်တစ်ကုံးက ခပ်တိုတို၊ လက်မှာ လဲလက်စွပ်ကတစ်ဖက်၊ ပတ္တမြားကျောက်က ကုံးလက်စွပ်တစ်ကွင်း ဆောင့် စိန်လားမသိ၊ ရွှေကွင်းလက်ကောက်နှစ်ရံတို့ကို အိမ် နေရင်းဝတ်ဆင်ထားသော "ထိုအမျိုးသမီးကြီး" သည် အိမ်မှာ ဘာရာထူးမှန်း မှန်းဆ၍မရနိုင်ကြပါ။

ဖွားမေက နေ့အုံ့မှိုင်းပြောရသက်သာအောင် လုပ် သည်ကို ကြိုပြောထားခြင်းဖြစ်သည်။ မည်သည့်ဆရာမ လောင်းမျှ ထမပြန်ကြပါ။ ဆက်ထိုင်နေကြခြင်းဖြင့် လုပ်ငန်း သဘောနှင့် လုပ်အားခကို ကျေနပ်နိုင်ကြပုံရပါ၏။

"ဆယ့်တစ်ယောက်တည်းရှိပါသေးလား"

ဖွားမေကြီးက လက်မှနာရီကိုကြည့်လိုက်သည်။ ထိုစဉ်မှိုင် ဖွားမေကြီး၏လက်ပတ်နာရီက ယောကျ်ားပတ်

www.burmeseclassic.com

www.burmeseclassic.com



လောက်ကိုကြီး၏။ ကိုးနာရီထိုးရန် ငါးမိနစ်ပဲလိုတော့သည်

"ကိုးနာရီမှာစ'ခေါ်မှာ"

လူတွေ နှုတ်မေးကို စနေနေ့နံနက် ကိုးန မှာ လုပ်မည်ဟု ကြိုပြောထားပြီးဖြစ်ပေမယ့် စောစောရော သူ စောစောဝင်ရမှာမို့ တချို့ဆို ရှစ်နာရီထိုးပြီးရုံနှင့်ရော နှင့်သည်။ တစ်ယောက်ကတော့ ခုထိရောက်မလာသေး ဒီလိုအချိန်ခလေးစားပုံနှင့်ဆိုလျှင် နောက်ဆုံးရောက်လာမှ နံပါတ်ဆယ့်နှစ်သည် အလုပ်မရမှာ သေချိန်းသေနေခဲ့ပြီ။

"မြအဆင်း" က ကုန်းမော့ကို စတက်လို သည်။

ခြံကျယ်ကြီး၏ အဝင်တံခါးဝသည် လမ်း ကြီးပေါ်မှာရှိနေပါသည်။ သို့ပေမယ့် တိုက်ကြီးက လမ်း ပေါ်တွင်ရှိမနေခဲ့ချေ။ ဒုတိယကွက်ဟု ဆိုရမည်ထင်၏။ လ မကြီးပေါ်မှာရှိနေသော ခြံ၏နောက်ဖေးဘက်ခြံ။ သို့ပေ ထိုနေရာမှာ မြေကြီးက တောင်ကုန်းသဖွယ်မြင့်တက်သွားသ မို့ ဒုတိယခြံသည် နောက်ဖက်ခြံဖြစ်လင့်ကစား၊ သူက အမြ စီးမှာရောက်နေသည်။ သူတို့ခြံချင်းမှာ သူကတောင် အ စီးကိုရထားပါသေးသည်။ သစ်ပင်ကြီးများကြောင့် တိုက် ကိုတော့ လမ်းမပေါ်မှကြည့်လျှင် မမြင်ရပါ။ ခြံနံပါတ် အဝင်ဝတံခါးတိုင်ကြီးနှစ်ခုလုံးမှာ တစ်ဖက်တစ်ချက်စီရေး



ခြံတံခါးအသင့်ဖွင့်ပြီးသားမို့ တိုက်ကြီးဆီသို့သွားရာ ချုံကို သေးမှုပတ်ပြီး ဝိုက်ဖောက်ထားသော အဖောက်လမ်း တိုင်း "မြအဆင်း" ဝင်လာခဲ့ပါသည်။

ကုန်းမော့သည် မတ်စောက်၏။ တက်ရသူမော သည်။ ရှေ့ခြံသေးတစ်ဝိုက်လုံးလုံး ပတ်ပြီးမှ တိုက်ကြီး ကို ဘွားခနဲမြင်လိုက်ရသည်။ အမလေး ... လေး၊ ရောမ သုံးထပ်တိုက်ကြီးပါလား၊ သုံးထပ်တိုက်ဆိုတာ ဆောက်ခဲပါ ချိုင်း။ နှစ်ထပ်၊ နှစ်ထပ်ခွဲလောက်သာ ဆောက်ကြတာများ ၏။ သုံးထပ် ဆောက်တော့ဆောက်သည်။ ခြံကကျဉ်းလျှင် မြိုပိုမြေကျန်လုချင်သည့်အခါမှာသာ သုံးထပ်ဆောက်ကြတာ ကြားဘူးနားဝရှိသည်။ မြင်တော့ မမြင်ဘူးပါ။ သုံးထပ်၊ လေးထပ်၊ ဆယ်ထပ်ဆိုတာမျိုးကို ရုပ်ကွက်ထဲမှာ ကန်ထရိုက် တိုက်တွေ၊ ကွန်ဒိုမီနီယံဆိုသော ရောမတိုက်ကြီးတွေမှာပဲ လမ်းပေါ်မှာ ဟိန်းမားလျက်တွေ့ဘူးသည်။ ခုလောက်ကျယ် သွားသော ခြံကြီးထဲမှာ သစ်ပင်ကြီးများ၊ ဝါးရုံကြီးများ ပတ် ညီဝိုင်းထားသော အလယ်ခေါင်တည့်တည့်မှ သုံးထပ်တိုက် ကြီးမျိုးကိုတော့ မြင်ဘူးဖို့ဝေးစွ၊ ကြားတောင် သိပ်မကြားဘူး ပါ။

ပေါ်တီကိုအောက်သို့အရောက်မှာ ညှေ့ခန်းအဝင် တံခါးကြီးဖွင့်ထားတာနှင့် အဆင်သင့်တွေ့၏။ ခြင်စကာ တံခါးတစ်ထပ်ပိတ်ထားပေမယ့် အတွင်းသို့ထွင်း၍ မြင်နေရ သည်။ မြအဆင်းက ခြင်စကာတံခါးကို တွန်းဝင်လိုက် သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော … နောက်ဆုံးတစ်ယောက်ထင်တယ်၊ နောက်ကျလိုက်တာ"

ဖွားမေကြီးက ဆီးပြော၏။ မြအဆင်းက လက်မှနာရီလေးကိုကြည့်လိုက်သည်။

"ကိုးနာရီတိတိပါရှင်"

ဖွားမေကြီးက သူ့နာရီသူပြန်ကြည့်၏။ ကိုးနာရီတိတိပါပဲ။ ကိုယ့်ဘက်က မခိုင်လုံသလိုဖြစ်သွားရပေမယ့် လျှောက်လဲချက်ပေးချင်သောအမျိုးသမီးကို ရင်ထဲက မျက်တက်တက်ဖြစ်သွားရသည်။

"နယ်လီတွန်းဦး အရင်ဆုံးစဝင်ပါနော်"

ရှစ်နာရီထိုးပြီးကာစကတည်းက ရောက်လာသူကို အရှင်ဆုံးစသွင်းပေးရန် ခေါ်လိုက်ပြီး ဖွားမေကိုယ်တိုင် အောက်ထပ်စာကြည့်ခန်းဆီသို့ ပို့ခဲ့၏။ ပြီးမှ ဧည့်ခန်းသို့ပြန်လာသည်။ စောဒကတက်ချင်သူ နောက်ဆုံးအမျိုးသမီးနားသို့ သွားထိုင်သည်။

"အဲဒီ နယ်လီတွန်းဦးဆိုရင် မနက်ရှစ်နာရီကတည်းက ရောက်တာ"

"အော်"

မြအဆင်း သဘောပေါက်ပါသည်။

မျက်စိရှေ့မှ အမျိုးသမီးကြီးသည် ဤအိမ်မှာ မည်မျှ အရေးပါအရာရောက်သည်မသိ၊ ဝတ်ပုံစားပုံအရဆိုလျှင်တော့ အဆင့်မနိမ့်လှဟု ထင်ရ၏။ သူမကြီးက မြအဆင်းကို အပြစ်တင်လိုစိတ်ဖြစ်တွန်းနေသည်။ ကိုးနာရီမှာလို



ကိုးနာရီတိတိမှာရောက်လာသူကို မလိုလားအပ်ဘဲ တစ်နာရီတိတိစောရောက်သူနှင့်ယှဉ်ကာ … နောက်ကျလှချီရဲ့ဟု ပြောလို့ဖြစ်မလား။ မေးချလိုက်ချင်ပါသည်။ သို့ပေမယ့် … အချိန်အခါ နေရာမဟုတ်သည်မို့ နှုတ်ပိတ်ရှင့်ကာ မျက်နှာကို ချိုချိုပဲထားလိုက်၏။

"နာမည်ပြောပါ"

"မြအဆင်း … ပါ"

ရောက်နှင့်သူ ဆယ့်တစ်ယောက်အနက် တစ်ယောက် အခန်းထဲဝင်သွားပြီမို့ ကျန်ရစ်သောဆယ်ယောက်လုံးက လှည့်ကြည့်ကြသည်။ တချို့ ပြုံးစိစိဖြစ်၏။ "မြအဆင်း" ဆိုသည့်နာမည်ဟာ ပြုံးစေ့စေ့ဖြစ်စရာလား။ မြအဆင်း ဘာသယ်ပဲနားမလည်စွာ ပြန်ကြည့်မိ၏။ အမျိုးသမီးကြီးမျက်နှာကတော့ တည်သည်။ သူ့လက်ထဲမှာ ကိုင်ထားသော စာရွက်ကလေးထဲ ရေးမှတ်၏။

"နောက်ဆုံးမှဝင်ပါ"

"ဟုတ်ကဲ့ပါ"

အမျိုးသမီးကြီး လှည့်ထွက်သွားသည်။ နံပါတ်တစ်ကို သွားကြိုလာခဲ့ပြီး နံပါတ်နှစ်ကို သွင်းသည်။ မြအဆင်းက ကိုယ့်အလှည့်လိုသေးသည်မို့ ဟိုသည်ကြည့်နေ၏။

ဧည့်ခန်းကြီးက ကျယ်ဝန်းလှသည်။ ဧည့်ခန်းနည်းတူ တခြားအခန်းတွေလည်း ကျယ်မှာပဲဟု ခန့်မှန်းရ၏။ အင်တာဗျူးအတွက်ခေါ်သွားသော အခန်းက အောက်ထပ်မှာပဲရှိသည်။ သုံးထပ်အမြည့်ကြီးဆိုတော့ ဒီအိမ်မှာနေသော

www.burmeseclassic.com

www.burmeseclassic.com



လွှင်းအရှု ဘယ်လောက်များပြားမယ်လိမ့်။ မိသားစုတွေအများ ကြီးဆင်းပါရဲ့ ချမ်းသာထားလိုက်ပုံများ ကျိုကျိုကြီးများစောင် ထက်နေပုံရပါ၏။ သတင်းစာထဲမှာ ကြော်ငြာစဉ်က …

"လေးနှစ်ရွယ် သမီးမိန်းကလေးတစ်ဦးကို မူကြိုပညာသင်ပေးရန်၊ မိခင်နှင့်မခြားသော စောင့်ရှောက်မှုပေး၍ အတူနေရန် ဆရာမတစ်ဦး အလိုရှိပါသည်" ဟူ၍ပဲပါ၏။ အချက်အလက်အစုံအလင်ကို မသိရသေးပါ။ အသေးစိတ်အချက်အလက်များကို စကာတင်ရွေးချယ်၊ လူတွေ့နှင့်တွေ့ကျမှ ပြောကြားမည်တဲ့။ ကိုယ့်ရှေ့မှာရောက်နှင့်သော ဆယ်တစ်ယောက်တို့ကို တစ်ခုခုများ ပြောကြားပြီးပြီလား။ ဥပမာ-အသေးစိတ်အချက်အလက် စသည် …

"စောစောတုန်းက ဘာတွေပြောထားသေးလဲဟင်"

သဘောကောင်းပုံရ၍ ကိုယ်နှင့်အနီးဆုံးထိုင်နေသူလည်းဖြစ်သော "တစ်ယောက်" ကို ခေါင်းလေးငုံ့၍ တိုးတိုးမေးလိုက်၏။

"ပြောတယ်"

"ဘာတွေလဲ"

"အော် … "

အော် … ဆိုတာ ဖွားမေထံမှထွက်လာသော "အော်" ဖြစ်၏။ အမေးခံရသော ဆရာမလောင်းလေးရော မြအဆင်းပါ ဖွားမေကိုကြည့်ဖြစ်တော့သည်။

"မြအဆင်းက အရောက်နောက်ကျတော့ စောစော ပြောထားတာ မကြားရသေးဘူး၊ ပြောပြမယ်"



"အရောက်နောက်ကျ" ဆိုသော စကားလုံးကို မြအဆင်း လက်မခံနိုင်ပါ။ မြအဆင်း နောက်မကျပါ။ သူတို့ ကိုးနာရီခေါ်လို့ ကိုးနာရီရောက်သူကို "နောက်ကျသည်" ချည်း စွပ်စွဲနေတော့ မခက်လား။

"ကျွန်မ နောက်မကျဘူး" ဟု ပြောလိုက်ချင်၏။ ကိုယ့်ဘက်က အမှန်တရားလေ။ အမှန်တရားဘက်မှ ရပ်တည်နေခွင့်ရတိုင်း နှုတ်စွာမိခြင်း၏ ရလဒ်ဆိုးကျိုးများကိုလည်း တော်တော်ခံစားခဲ့ဘူးပြီ။ မြအဆင်းဆိုတာ မဟုတ်တာမမှန်တာ မလုပ်မိအောင် တော်တော်ကင်းအောင် သတိထားရှောင်သူဖြစ်၏။ သူများက ကိုယ့်ပေါ် မတရားလာလျှင်လည်း နည်းနည်းကလေးမျှ သည်းခံလေ့မရှိပါ။ အဲသည်အခါများတွင် မှားယွင်းသူ၏အပြစ်က ပပျောက်သွားပြီး မြအဆင်းသည်သာလျှင် "မစွာတေး" အဖြစ်၊ အပြစ်ဖြစ်ခဲ့ရသည်။ ဒါမျိုးတွေများလှပြီ။

"လောကကြီးမှာ ဟုတ်တိုင်းပြောလို့မရတာတွေ အများကြီး"

ဟု ဆရာမကြီးက ဆုံးမပါသည်။

"ကဲ … ဥပမာပေးမယ်၊ ညည်းကို ကျုပ်က … ဟဲ့ … တစ်ကောင်ကြွက်မ၊ ဟဲ့တစ်ကောင်ကြွက်မ အားကိုးမရှိတဲ့ဟာမ … လို့ နောက်ကလိုက်ပြီး တတွတ်တွတ်ခေါ်မယ်၊ ညည်းခံနိုင်လား"

"မခံနိုင်ပါဘူး ဆရာမကြီး"

"ဒါ မှန်တာပဲ၊ ဘာဖြစ်လို့မခံနိုင်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကို နှိမ်ပြီးခေါ်တာရှိလို့ပါ၊ ပြီးတော့ ဒါဟာ ကျွန်မရဲ့အားနည်းချက်လည်း ဖြစ်ပါတယ်၊ လူတစ်ယောက်ရဲ့ သူ့အားနည်းချက်ပေါ်ဖိပြီး ပြောလို့ဘယ်ကောင်းမလဲ"

"အေး ... ဒါပေါ့၊ အဲဒီလိုလှည့်စဉ်းစားရမယ့် အစိတ်အပိုင်းတွေရှိတယ်၊ စကားဆိုတာ မလိမ်မညာပဲ အမှန်အကန်ပြောသင့်တာမှန်တယ်၊ ဒါပေမယ့် ... အမှန်တရားတိုင်းဟာ ဖွင့်ပြောလို့ဖြစ်တာမဟုတ်ဘူး" တဲ့။

ဆရာမကြီးရဲ့စကားကို ပြန်လည်ကြားယောင်ရင်း မြအဆင်း နှုတ်ခမ်းကို နာနာပိတ်ရတော့သည်။

"ကျွန်မ လုံးဝမှောက်မကျဘူး၊ အချိန်မလေးစားတဲ့သူမဟုတ်ဘူး၊ အချိန်တိကျတဲ့သူသာဖြစ်တယ်၊ ကိုးနာရီလို့ဆိုတာ ကိုးနာရီတိတိ ရောက်အောင်လာနိုင်တဲ့သူလောက် အချိန်တိကျမှန်ကန်တာ ရှိဦးမလား ...

"ကိုးနာရီလာပါဆိုတာ ရှစ်နာရီကတည်းက ရောက်သူဟာ အချိန်မတိကျတဲ့သူ၊ အချိန်တွေပေါ်လွန်းလို့ ဖြုန်းတီးနေတဲ့သူ၊ ဆန္ဒတွေစောပြီး ထင်ရာမြင်ရာလုပ်တတ်တဲ့သူ၊ ဒီလိုလူမျိုးဟာ အလုပ်ထဲမှာ ဘယ်တော့မှ တိကျမှုမရှိဘဲ ချော်နေဖို့ပဲများတယ် ...

"ဒါဟာ ချိုးကျူးစရာမဟုတ်ဘူး၊ ဒါကိုမှချိုးကျူးပြီး တိကျသူကို စေဖန်တဲ့သူဆိုရင်လဲ အဲဒီပုဂ္ဂိုလ်ဟာ မှားယွင်းသူပဲ"



ဟု ခပ်ကျယ်ကျယ်လေး အော်ပြောလိုက်ချင်၏။

ပြောချင်လိုက်တာမှ လျှာကြီးတစ်ချောင်းလုံးယားကာ လှုပ်စိလှုပ်စိဖြစ်လာသော မေးရိုးကို အံကြိတ်၍ ထိန်းရသည်။ လောကကြီးမှာ မမှန်ကန်မှုတွေဟာ နေရာနေရာတိုင်းမှာပါပဲလားဟုတွေးရင်း မျက်နှာက မကြည်မလင်စူပုပ်နေတော့မှာပဲဆိုတာကိုပါ သတိရမိသွားသည်မို့ ဟိုအမျိုးသမီးကြီးကို အဆက်အစပ်မရှိ ပြုံးပြလိုက်တော့သည်။

ဖွားမေကြီးက စောစောကပြောခဲ့သည့်အချက်တွေကိုပြောနေ၏။ မြအဆင်းက သူတွေးချင်ရာတွေးနေ၏။ ဖွားမေကြီးပြောတာကို မကြားပါ။ ကိုယ့်အတွေးအဆုံးမှာ ကိုယ့်သဘောနှင့်ကိုယ် ရုတ်တရက်ကြီး ပြုံးချလိုက်ခြင်းသာဖြစ်၏။ ဖွားမေကြီးက စူပုပ်မုပ် တင်းမာမာနှင့် ခက်ထန်ထန်မျက်နှာက နောင်ဆို "ဂျစ်ကန်ကန်" လုပ်မှာသေချာသလောက်မို့ ပြောသာပြောနေရ၊ ကြိုတင်စိတ်ပျက်နှင့်ပြီဖြစ်၏။ ဒီကြားထဲ ရုတ်တရက်ကြီး ထပြုံးပြလိုက်ပုံက စိတ်မှမှန်ရဲ့လားမသိ။ ထိုဆရာမလေးကလေးဟာ သမီးလေးနှင်းခဲနားမှာ နေလို့မဖြစ်ပါဘူးဟု တစ်ထိုင်တည်း ပယ်လေ၏။

"အဲဒါတွေကို လက်မခံနိုင်ရင် ခုတည်းက ပြန်နိုင်တယ်"

ဖွားမေကြီးက ခပ်တင်းတင်းပဲပြောလိုက်သည်။

"ဘာတွေကိုပါလဲရှင်"

"ယော် ... အခုပြောချလိုက်တာတွေလေ"

"ကျေးဇူးပြုပြီး အန်တီပြောတာတွေ ပြန်ကြားလိုက်ချင်

www.burmeseclassic.com



နောက်တစ်ခေါက်ပြန်ပြောနိုင်မလားရှင်”

ဟု မေးရကောင်းနိုး၊ မမေးရကောင်းနိုး ဝေခွဲမရတိုင်း မျက်စိက ပေကလပ်ပေကလပ်ဖြစ်လာသည်။

ဒီသူငယ်မ စိတ်မမှန်တာ သေချာပါပြီ။ ပယ်မှ ... ပယ်မှ။ ခက်တာက ဆုံးဖြတ်ချက်ချနိုင်သူက မိမိမဟုတ်။ ဂုဏ်ဆိုသော နေအိမ်ရှင်။ ကိုအုံ့က ဆယ့်နှစ်ယောက်လုံးကိုတော့ ခေါ်မေးမှာသေချာသည်။ ဆယ့်နှစ်ယောက်စေ့စေ့ချင်း တစ်ယောက်ယောက်ကိုရွေးချလိုက်မှာ ကြောက်ရသည်။ ရွေးချလိုက်သောတစ်ယောက်ဟာ ရှေ့ပိုင်းဆယ့်တစ်ယောက်ထဲမှဆိုလျှင် ကိစ္စမရှိ။ နောက်ဆုံးပိတ် “မချော”ဖြစ်နေလျှင် ကိစ္စရှိပြီ။ ဖွားမေကြီး ဦးနှောက်ခြောက်ရပါချေ၏။

“ကျွန်မ လူတွေ့မေးခွန်းဖြေပြီးမှ ပြန်ပါရစေ”

ရှိခဲ့ဘူးသော ကိုယ်ပိုင်မာနတွေကို မြအဆင်းက ချိုးချပစ်လိုက်၏။ တဖြည်းဖြည်းနှင့် နံပါတ်တစ်ဆယ်တောင်ဖြစ်လာပါရောလား၊ နံပါတ်တစ်ဆယ်ထွက်လာပြီး ဆယ့်တစ်ဝင်ပြီးလျှင်တော့ မြအဆင်းအလှည့်သို့ ရောက်ပြီလေ။

“ကိုအုံ့ရေ ... သူနောက်ဆုံးမှ၊ နောက်ကျနေလို့ အလုပ်သဘောကို ထပ်ရှင်းပြရသေးတယ်”

မြအဆင်းက ပါးစပ်ကလေးအဟောင်းသားဖြစ်သွားရသည်။ သူ့ကိုကြည့်နေသူကလည်း တအံ့တဩ။



“မြအဆင်းဆိုတာကိုး”

“ဟုတ်ကဲ့ပါ”

ဖွားမေကြီး ရင်ဘတ်ကိုဖိလိုက်သည်။ ကိုအုံ့က သူ့ပြောစကားကို ကြားပုံမရ။ သူ့တို့ချင်းဟာ နှုတ်ဆက်ပုံကြည့်ရတာ အစကတည်းက သိပြီးကျွမ်းပြီးပုံစံနှင့်ပါလား။ ခက်တော့ခက်ပြီထင်ပါရဲ့။

“ထိုင်ပါ၊ နောက်ဆုံးမှဝင်ရတော့ စောင့်နေရတာ ကြာရောပေါ့၊ အားနာစရာကြီး”

“ရပါတယ်၊ ကျွန်မက အလုပ်ကိုလိုချင်တဲ့သူပဲ၊ စောင့်ရမှာပါ”

“မဟုတ်ဘူး ကိုအုံ့၊ သူစောင့်ရတာ သူ့အပြစ်နဲ့သူပဲ၊ သူက သူများထက် တစ်နာရီလောက်နောက်ကျပြီးမှ ရောက်တာ”

ဟု ဝင်ပြောလိုက်ရကောင်းမလား။

“ဘယ်အချိန်ရောက်လို့လဲ” ဟုများ ကိုအုံ့က မေးလိုက်လျှင် မြအဆင်းဆိုသည့်မိန်းမက ဧည့်ခန်းမှာတုန်းကလို “ကိုးနာရီတိတိပါရှင်” ဟု မပြောဘဲနေမှာတဲ့လား။

“ဘယ်မှာနောက်ကျလို့လဲ ဖွားမေရဲ့” ဟု ကိုအုံ့ကပြောမှာ အသေအချာ။

“အော် ... ကိုအုံ့”

“ဟုတ်ကဲ့ ... ပြောပါ ဖွားမေ”

“အိမ်ရှေ့ကဆယ့်တစ်ယောက်ကို ဘယ်လိုပြောလိုက်ရမလဲ”

www.burmeseclassic.com

ဖွားမေ ဘာကြောင့်မှန်းမသိ။ ဤမေးခွန်းကို မေးဖြစ်၏။ အိမ်ရှေ့မှ ဆယ့်တစ်ယောက်သော ဆရာမလေးတွေ အလုပ်ရတော့ဘူးဆိုတာကို ရင်လေးစွာ ကြိုသိလိုက်သလို ခံစားရတော့သည်။

"ဖြန့်နိုင်ပါပြီလို့၊ ပြောထားတဲ့အပေါ်မှာမူတည်ပြီး ခန့်မဖော့်သူဆီ အိမ်ကိုအကြောင်းကြားပါမယ်လို့၊ အိမ်က ဝဲစောင့်ပါလို့ပြောလိုက်ပါ"

ဖွားမေ သက်ပြင်းမောကိုချလေ၏။

"ကျွန်မကိုတော့ အဲဒီလိုပြောတဲ့စာရင်းထဲ မထည့်ဘူးမဟုတ်လား"

"မေးခွန်းမေးတော့ မေးရဦးမယ်၊ မမေးခင်ကတည်းက ခင်ဗျား ••• အမှတ်ငါးဆယ်ရနေပါပြီ"

"မေးပြီးရင် တစ်ရာပေါ့"

"ဖြေနိုင်ပါတယ်"

ဖွားမေ မျက်စိမျက်နှာပျက်လေသတည်း။

# ၄

"ဒက်ဒီ ••• သူ့ကို သမီးမကြိုက်ဘူး"

"ကိုယ့်ဆရာမကို သူလို့မပြောရဘူး၊ ဆရာမလို့ ခေါ်ရမယ်"

"အဲဒီဆရာမကို သမီးမကြိုက်ဘူး ဒက်ဒီ"

"ဒက်ဒီ ခန့်လိုက်ပြီ၊ ခုပဲ ခန့် ••• ခုပဲ ပြန်ထုတ်ပစ်လို့မရဘူး၊ သမီးမကြိုက်ရင် တစ်နှစ်စောင့်၊ နောင်နှစ်ခါ ကျောင်းကြီးဖွင့်လို့ သမီး သူငယ်တန်းတက်ရရင် ဒီဆရာမကို အလုပ်ဖြုတ်မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

နှင်းခဲက ကျေနပ်သွားပေမယ့် မကျေနပ်နိုင်သူက ဖွားမေတည်း။ ဘာကြောင့်မှန်းကိုမသိ၊ ဘယ်လိုရေစက်မှန်းမသိ၊ မြအဆင်းဆိုသောမိန်းကလေးကို မြင်မြင်ချင်း ဖွားမေ ကြည့်မရ။ ပုံစံက ငယ်တုန်းကဆို တော်တော်ချစ်ကန်တန်နိုင်မည်ဆိုတာ သိသာလွန်းစွာ၊ ယခုတိုင် ဖုံးပေပေ မာ

www.burmeseclassic.com



ကျောကျောရှိနေသည်။ ကိုအုံနှင့် ဘယ်တုံးကများ မိတ်ဆွေတွေဖြစ်ကြပါလိမ့်မှတ်ပါတယ်၊ မနေကမှတဲ့လေ။

"ကျွန်မကော ဒီအိမ်နံပါတ်ကို တစ်ခေါက်လာရှာထားတာ၊ ဒီနေ့မှ လာလည်းလာ … ရှာလည်းရှာဆိုရင် မတွေ့တော့ ဘယ်နှယ်လုပ်မလဲ၊ ကိုးနာရီလာဆို … ကိုးနာရီအတိရောက်ချင်တယ် …

"နာရီဝက် တစ်နာရီစောတော့လည်း အချိန်ဖြုန်းရာရောက်တယ်၊ အလကားရတဲ့အချိန်ကို အလဟဿဖြုန်းတီးတဲ့သူဟာ တခြားတခြားသော ကိစ္စရပ်တွေမှာလည်း ဖြုန်းတီးတတ်သူဖြစ်တယ်လို့ ကျွန်မတို့ဆရာကြီးပြောဘူးပါတယ် …

"ကိုးနာရီလာဆိုပြီး တစ်မိနစ် နှစ်မိနစ်နောက်ကျတော့လည်း အချိန်ကိုမလေးစားရာ၊ အလုပ်ကိုမလေးစားရာ၊ ကိုယ့်အလုပ်ရှင်ကို မလေးစားရာတွေရောက်တာပေါ့ …

"အိမ်ရှာနေရရင် နောက်ကျမှာစိုးလို့ မနေက တစ်ခေါက်လာကြည့်တာပါ" … တဲ့။

အုံမှိုင်းက ရှေ့ပိုင်းဆယ့်တစ်ယောက်ကို ဖြန့်လွှတ်၏။ မြအဆင်းကို စာဖတ်ခန်းထဲမှ ခေါ်ထုတ်လာသည်ဘာမေးခွန်းမှတောင် မေးလိုက်ပုံမပေါ်ပါ။ ထမင်းစားခန်းမှာထိုင်စေ၍ လက်ဖက်ရည်ပွဲနှင့် ဧည့်ခံသည်။ မှားမေက နောက်ကျကြောင်းပြောဖို့ ချောင်းနေကာမှ မြအဆင်းက သူ့ အချိန်တိကျကြောင်း ထုတ်ကြွားနေပြန်ပါပြီလေ။



"ဒါနဲ့ … မနေကကျတော့ အဲဒီနားကခြံထဲ ဝင်မလို့ဆို၊ မိတ်ဆွေခြံလား"

"မဟုတ်ပါဘူး၊ ဦးနေ့အုံမှိုင်းက လိုက်ပို့မယ်မပြောဘဲနေမှ အားနာနေရမှာစိုးလို့ ပြသနာကိုကြည့်ရှင်းလိုက်တာ"

"ထင်သားပဲ"

"ဒီနေ့ … အိမ်သိပြီးသားဆိုတော့ အချိန်ကိုမှန်းပြီးထွက်လာနိုင်ပါတယ်၊ ကိုးနာရီထိုးခါနီးရှစ်မိနစ်မှာ ခြံဝကိုရောက်ပါတယ်၊ အတက်လမ်းကို မော့ကြည့်လိုက်တော့ ငါးမိနစ်ပြည့်အောင်တောင် မလျှောက်ရဘူးဆိုတာ မှန်းနိုင်ပါတယ် …

"ခြံရှေ့တည့်တည့်မှာ သုံးမိနစ်တိတိ ရပ်နေလိုက်ပါတယ်၊ ပြီးတော့ … ခါတိုင်းလျှောက်နေကျထက် အရှိန်နည်းနည်းလျှော့လျှောက်မယ် စိတ်ကူးတာ၊ တကယ်မင် မလျှော့လိုက်ရဘဲ သူ့ဘာသာလျှော့သွားတယ်၊ လမ်းက ကုန်းတက်ကြီးမို့လို့ …

"စက္ကန့်ပိုင်းနောက်ကျရင်တောင် မကောင်းတော့၊ ကိုးနာရီလည်းထိုး၊ တံခါးဝလည်းရောက်၊ တံခါးတောင်မြန်မြန်လေးတွန်းဖွင့်လိုက်ရသေးတယ်၊ ခြံဝတုန်းက သုံးမိနစ်ရပ်ခဲ့ရပြီး အိမ်ဝကျမှ …

"တံခါးကိုပြေးဖွင့်ရတော့တယ်၊ အတွက်အချက်မကိုက်ဘူးဖြစ်သွားတယ်"

ဒါတွေပြောကြတော့ ဒီလောက် အချိန်တိကျ

www.burmeseclassic.com

www.burmeseclassic.com



နေသူကို "နောက်ကျတယ်" ပြောဖို့ အခက်ကြီးခက်ရတော့သည်။ မြအဆင်းဆိုသော မိန်းမငယ်ငယ်ထံမှာ ဇာတ်မဆုံးရသေး၍ ကျွန်းပြင်းဝဲဟု ဖွားမေ တွေးတောမိပါသည်။ ပထမအကြိမ် ကျွန်းပြီးပြီဆိုလျှင် ဒုတိယ၊ တတိယတွေ လာတော့မည်လားမသိ။ ဒီအတွက် ဒီအရွယ်ရောက်ကာမှ လူမှုရေးရာ စီးပွားရေးပါ ဘာမှမကျွမ်းချင်တော့။ ယခုရောက်ရှိနေသော အနေအထားလေးကိုလည်း မက်မောပါသည်။ ဒီတော့ နှင်းခဲကိုပဲ ဗိသင်ရလေ၏။

"ကြိုက်ဘူးလို့ပြော"

"အဲဒီမိန်းမက တော်တော်လှတော့ သမီးဒက်ဒီကိုယူသွားလိမ့်မယ်"

ခုခေတ် ကလေးတွေများလည်း အတတ်မြန်ကြပါ၏။ ယက်ထဝ်တာတွေဘာတွေ နားလည်၏။ မိထွေးဆိုတာကြားဘူး၏။ အရွယ်ရှိသေးတယ်ဆိုတာ သဘောပေါက်၏။ နောက်အိမ်ထောင်ဆိုတာကိုလည်း သိ၏။ ဖွားမေကြီးပြောစကားတွေ နှင်းခဲ နားထဲဝင်ပါသည်။ ဘယ်လိုပဲ နားဝင်ဝင် မြအဆင်းဆိုသော မိန်းမကတော့ အိမ်ပေါ်သို့ရောက်လာခဲ့ချေပြီ။

"နာနီ ... သမီးကို ဒက်ဒီက အလိုလိုက်ထားတာ၊ တစ်အိမ်လုံးကို သမီး ဩဇာပေးလို့ရတာယ်ဆိုတာ ဒက်ဒီက နာနီ့ကိုပြောပြီးပလား"

"အေး ... ပြောပြီးပြီ၊ သမီးလေးနှင်းခဲကို အလိုလိုက်ရမယ်တဲ့၊ အားလုံး သမီးလေးစိတ်တိုင်းကျဖြစ်ရမယ်



တဲ့၊ နှင်းခဲဒက်ဒီက ပြောပါတယ်၊ မပြောလည်း တီချာက နှင်းခဲကို အလိုလိုက်မှာပါ။ နှင်းခဲက ဒီလောက်ချောပြီး ဒီလောက်ချစ်စရာကောင်းတော့ ..."

"တီချာက ချစ်တာပေါ့၊ တီချာကို နာနီလို့မခေါ်ရဘူးတဲ့၊ တီချာလို့ ခေါ်ရမယ်တဲ့၊ နှင်းခဲဒက်ဒီက နှင်းခဲကိုမပြောရသေးဘူးလား"

မြအဆင်းက အပြုံးမပျက် မြန်မြန်ပြောနိုင်တာကို ကလေးကိုသင်ပေးထားသည့်ဖွားမေကြီးက တအံ့တသြငေးယူရပါသည်။

"တီချာလို့ခေါ်ရမယ်လို့ မကြားမိပေါင်"

ဖွားမေက ဝင်ပြောတော့ နှင်းခဲက ခေါင်းညိတ်နေ၏။

"နှင်းခဲဒက်ဒီကို သွားပြေးမေးလိုက်ပါလား"

"ဘာလို့မေးရမှာလဲ"

ဖွားမေ ဝင်ပြောပေမယ့် နောက်ကျသွားခဲ့ပြီ။ နှင်းခဲက ကလေးမို့ ဘောလုံးလေးတစ်လုံးလို ကြမ်းပေါ်မှာ ခုန်ချင်သည်။ လေထဲမှာ မြောက်ချင်သည်။ ပြေးရလွှားရမည်ဆိုလျှင် ရှေ့ဆုံးကဖြစ်၏။

"ဒက်ဒီ ... နာနီ့ကို တီချာလို့ခေါ်ရမယ်ဆို"

"ဒါပေါ့ သမီးရဲ့"

စင်စစ် ... နေအုံ့မှိုင်းက ဘာမှပြောမထားရသေးပါ။ အခေါ်အဝေါ်နှင့်ပတ်သက်၍ မမှာကြားရသေးပါ။ ရှေ့ကပဲ ဆရာမ ကလေးထိန်းတွေကို သမီး ဘယ်လိုခေါ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှန်းတောင်မသိ၊ လေးငါးရက် တစ်ချက်ဆိုသလိုနှင့် သူတို့က အလုပ်ထွက်ကြ၊ ကိုယ်ကအလုပ်ထုတ်ရနှင့် ··· ရှင်းရှင်းနီးနီးလည်း မခြစ်လိုက်ပါ။ မြအဆင်းက တီချာခေါ်ဖို့ သင်သည်ဆိုတော့ ခေါ်ပါစေပေါ့။ လက်ခံသင့်သည့်ကိစ္စ ဖြစ်သည်ပဲလေ။

"တီချာ"

နှင်းခဲက ခေါ်ကြည့်၏။

"သမီးလေး အင်္ဂလိပ်စကား အသံထွက်က ကောင်းလိုက်တာ၊ တကယ့် ဘိုမလေးလိုပဲ"

မြအဆင်းက အနားသို့ရောက်လာသည်။ နှင်းခဲ ကိုဖေးကပ်ပြီး ပါးကို ဖွဖွခနဲ နမ်းလေ၏။ နှင်းခဲက တခိခိရယ်၏။

"တီချာဆိုတာ အင်္ဂလိပ်စကား၊ မြန်မာလိုဘာသာပြန် တော့ ··· ဆရာမ တဲ့၊ သမီးလေးက တီချာလို့ခေါ် တာ သိပ်ပီတာပဲ၊ တချို့ဆို မပီဘူး၊ တီချယ်တွေဘာ တွေဖြစ်တာ၊ အမှန်က တီချာ၊ တီချယ်မဟုတ်ဘူး"

နှင်းခဲကို ပြန်ချွေးလိုက်ပြီး မြအဆင်းက နေ အုံ့မှိုင်းနားမှာ ခြေစုံကလေးရပ်၏။ ကိုယ့်အလုပ်ရှင်ကို ဦး စားပေးလေးစားသည့်အမူအရာကို ပြသည်။ ဖွားမေကြီးက တော့ ချောင်းကြည့်နေ၏။

"ကျွန်မ တင်ပြအစီရင်ခံစရာတွေ ရှိပါတယ်"

"အော် ··· ပြောပါ၊ ထိုင်ပြီးပြောပါလား၊ ဘရိတ်ဖတ်စ်တ် (Breakfast နံနက်ခင်းစာ) စားပြီးပလား



ကုလားထိုင်မှာ ထိုင်လေ"

နေအုံ့မှိုင်းက နံနက်စာ စားနေ၏။ ခါတိုင်း သူ နံနက်စာစားလျှင် နှင်းခဲ ဘယ်တော့မှ အိပ်ရာမှမနိုးသေး ချေ။ ခုတော့ နိုးရုံမက၊ ဂါဝန်ကလေးတောင် အသစ်လဲပြီး ပြီထင်သည်။ ခေါင်းလည်းဖြီးထား၏။

"ရပါတယ်၊ ကျွန်မ ရပ်ပြီးပဲပြောပါမယ်၊ ဘရိတ်ခ် ဖတ်စ်တ် စားပြီးပါပြီ၊ နှင်းခဲနဲ့တူတူ နှင်းခဲကိုပါကျွေး ရင်း အခန်းထဲမှာပဲစားလိုက်ပါတယ်"

"သမီးလေး ကောင်းကောင်းစားရဲ့လား၊ သူက အစား ဆို ငြင်းတတ်လွန်းလို့၊ ဒါကြောင့် ··· သူပိန်နေတာ"

"ပြောလိုက်လေ နှင်းခဲ၊ ဒီမနက် ဘာစားလဲ"

"ပေါင်မုန့်စားတယ် ဒက်ဒီ၊ သာကူလဲသောက်တယ်၊ သခွားသီးစားတယ်၊ ခရမ်းချဉ်သီးစားတယ်၊ နွားနို့ သောက်တယ်"

"ဟာ ··· စားလှသောက်လှချီလား"

"ကော်ဖီသောက်ရင် အသားမည်းတတ်တယ်ဆိုလို့ ··· သမီး ကော်ဖီမသောက်တော့ဘူး၊ နွားနို့သောက်မှ အ သားဖြူမှာတဲ့၊ သခွားသီးနဲ့ခရမ်းချဉ်သီးက မိတ်မ ပေါက်ဘူးတဲ့၊ သာကူက အားရှိတော့ သူများက လာ တွန်းလဲ့ရင် မလဲကျတော့ဘူးတဲ့၊ ပေါင်မုန့်က ဗိုက် ပြည့်တယ်တဲ့"

"ဟား ··· ဟား ··· ဟုတ်လိုက်တာ သမီးလေးရယ်၊ သိပ်မှန်တာပဲ၊ နောက်ဆို သမီး တီချာစားခိုင်းတာတွေ

www.burmeseclassic.com

www.burmeseclassic.com



တနေ့ော်"

"ဟုတ်တဲ့"

"နိုးကျူးပါတယ် မြအဆင်း၊ ဘယ်လိုများ စည်းရုံးသိမ်းသွင်းလိုက်တယ်မသိဘူး"

"ကျွန်မက မိအမွေတစ်ကောင်ကြွက်ဘ၀နဲ့ လူဖြစ်လာရတဲ့သူပဲ၊ မိခင်မရှိတဲ့ကလေးတစ်ယောက်ရဲ့ လိုအပ်ချက်တွေကို ကျွန်မအသိဆုံးဖြစ်နေလို့ပါ"

"ခင်ဗျားကိုရတာ သမီးလေးကံကောင်းတာပါပဲ၊ ကဲပြောပါဦး၊ ဘာပြောချင်လဲ၊ အဲ ... ကျွန်တော်အရင်ပြောဦးမယ်၊ သမီးလေးနဲ့ပတ်သက်လို့ ခင်ဗျားကို လုံး၀အပ်တယ်နော်၊ တစ်ရက်နှစ်ရက်အတွင်းမှာကိုပဲ သမီးလေးရဲ့ပြောင်းလဲမှုကိုကြည့်ပြီး ကျွန်တော် ခင်ဗျားကို သဘောကျတယ်"

နေအုံ့မှိုင်းမျက်နှာက တည်တန့်ရိုးသားနေ၏။ သို့သော်ငြား ... စကားလေးတစ်ခွန်းက မြအဆင်းရင်ထဲ ဖြတ်ပြေးသည်။ "ခင်ဗျားကို သဘောကျတယ်" တဲ့။ မြအဆင်းမျက်နှာမှ သွေးကြောလေးများ ရဲတက်လာကြသည်။ နေအုံ့မှိုင်းက သတိမထားမိပါ။

"သမီးလေးနဲ့ပတ်သက်ပြီး လိုအပ်ချက်အားလုံး ကျွန်တော့်ဆီက ခင်ဗျားတောင်းစရာရှိရင် တောင်းဆိုပါ၊ ပြောပါ၊ ဆွေးနွေးပါ၊ ခင်ဗျားဆောင်ရွက်ချက်တွေကို ကျွန်တော် သဘောကျမှာသေချာတယ် ...

"ဒီတော့ ... လုံး၀အပ်တယ်၊ ခင်ဗျားစိတ်ကြိုက်ပြု

www.burmeseclassic.com



ပြင်ပါ၊ သွန်သင်ပါ၊ အဲဒါ ကျွန်တော်ပြောချင်တာ၊ ခင်ဗျားပြောချင်တာ ပြောလို့ရပါပြီ"

"ကျွန်မကလည်း အဲဒါတွေပဲပြောမလို့ပါ၊ နှင်းခဲကို ကျွန်မ စိတ်တိုင်းကျဆက်ဆံခွင့် ရချင်ပါတယ်"

"ဆက်ဆံပါ ... ရပါတယ်"

"ဒီလိုတောင်းဆိုရတာက ကျွန်မ ကြီးပြင်းလာရတဲ့ဘ၀ဟာ နှင်းခဲထက် အများကြီးဆိုးခဲ့တော့ နှင်းခဲကို ကျွန်မက ကိုယ်ချင်းစာနိုင်တယ်၊ နှင်းခဲရဲ့လိုအပ်ချက်တွေ ကျွန်မသိတယ်၊ ကျွန်မက နှင်းခဲကို ...

"တစ်ခုခုသင်ကြားပြောဆိုနေမယ်ဆိုရင် ကျွန်မစိတ်ကြိုက် ကျွန်မ တစ်ဩဇာတည်းဖြစ်ချင်ပါတယ်၊ အဲဒါကို တောင်းဆိုမလို့ပါ"

"ခွမ်း" ခနဲ ကျကွဲသံတစ်ခုထွက်လာသည်။ မြအဆင်းကလှည့်မကြည့်ပါ။ နေအုံ့မှိုင်းက လှည့်ကြည့်သည်။ ဖွားမေကြီးက အမိုက်သိမ်း မတ်တပ်ကော်ပြားနှင့် တံမျက်စည်းကိုင်ကာ ကျကွဲသွားသောဖန်ခွက်စတွေ သိမ်းနေ၏။ နေအုံ့မှိုင်းက ဘာမှမပြောဘဲ အကြည့်ကို မြအဆင်းဆီပြန်ပို့၏။

"ရတယ် ... ကြိုက်သလိုလုပ်ပါ၊ တစ်ခုခုပြောင်းလဲချင်ရင် ခင်ဗျားရဲ့သင်ကြားမှုတွေကို ကျွန်တော် မကြိုက်တာတွေ့ရင်ပြောမယ်၊ မပြောသေးသရွေ့ ကြိုက်နေလို့ပဲမှတ်ပေါ့"

ပါးပြင်လေး ရဲတက်ရပြန်၏။ ဖြစ်ရာလား။

www.burmeseclassic.com

www.burmeseclassic.com



မြအဆင်းရှင်ထဲ တဒုတ်ဒုတ်ခုန်သည်။

"တစ်ခါတစ်ခါ နှင်းခဲနဲ့အပြင်ထွက်ပြီး ဈေးတွေဘာ တွေဝယ်ချင်ပါတယ်၊ နှင်းခဲအတွက် လိုအပ်တဲ့ပစ္စည်း လေးတွေ ဝယ်တဲ့အခါမှာ နှင်းခဲကိုယ်တိုင်ပါစေချင် တဲ့သဘောပါ ..."

"သူ့ သိပ်ပျော်မှာ၊ ပစ္စည်းတစ်ခုဟာ လူကြီးတွေဝယ် ပေးလို့ အလိုလိုရတာနဲ့စာရင် ကိုယ်တိုင်သွားဝယ်ခွင့် ရတာကို ကလေးတွေက သိပ်ကြိုက်တတ်ပါတယ်"

"ဒါတော့ ဖွားမေသဘောမတူချင်ဘူး ကိုအုံ့၊ ကလေး ဟာ သိပ်ငယ်ငယ်ကလေးတည်းက ပိုက်ဆံဖြုန်းရ ကောင်းမှန်းသိသွားမယ်"

နေအုံ့မှိုင်းက ဘယ့်နှယ်လဲ ... ဆိုသည့်သဘော ဖြင့် မြအဆင်းကို မေးတစ်ချက်ဆတ်ပြသည်။ မေးဆတ်ပုံမှာ ဝလို့ လူ့ဇွဲ့သိက္ခာရှိကာ ဂျပိုးတေလေမဆန်တာကိုပဲ မြအဆင်း လေးစားသွားရသည်။ မြအဆင်းက ဂျပိုးတေလေလိုလူသားမျိုး တွေကို ရင်ဆိုင်တိုက်ခိုက်ခဲ့ရတာ များလွန်းလို့၊ ဣန္ဒြေသိက္ခာ နှင့် အဆင့်မြင့်ပုံစံမျိုးကို အတွေးအိပ်မက်ထဲမှာတောင် မြတ် နိုးကြည်ညိုခဲ့ဘူးသူဖြစ်ပါ၏။

"တွေ့ကရာတိုင်း ဝယ် ... ဝယ် ဆိုရင်တော့ ပိုက်ဆံ ဖြုန်းတတ်သွားနိုင်ပါတယ်၊ သူ တစ်ခုခုကိုလိုချင်ပြီ ဆိုရင် ဒီဟာကိုတော့ ဝယ်သင့်တယ်၊ ဒီဟာကိုတော့ မဝယ်သင့်ဘူး၊ ကလေးတစ်ယောက်အတွက် သုံးသင့် တဲ့ပိုက်ဆံဟာ ဘယ်လောက်အတိုင်းအတာထဲမှာရှိတယ်



ဆိုတာ ပြောပြလို့ရပါတယ်၊ ဒါဟာ သင်ခန်းစာပါ"

"လက်ဆင် (Lesson သင်ခန်းစာ)ပေါ့လေ"

နေအုံ့မှိုင်းက ဖွားမေထံ အကြည့်ပို့ပြန်သည်။ နှင်းခဲနှင့်ပတ်သက်လျှင် ဖွားမေကို ချန်ထားခဲ့လို့မရပါ။ ဖွား မေသည် အရေးပါအရာရောက်သောကဏ္ဍမှာ ပါဝင်၏။ ဆရာ မတွေဆိုတာက လာလုပ်လိုက်၊ စိတ်တိုင်းမကျ ထွက်သွား လိုက်၊ ကိုယ်ကမကြိုက်လို့ ထုတ်ပစ်ရနှင့် နှင်းခဲနားမှာ အမြဲ နေနိုင်ကြတာ၊ အမြဲရှိနေကြတာမဟုတ်ပါ။ နှင်းခဲ ... အုဝဲ ဆိုကတည်းက နှင်းခဲနားမှာ ထာဝရရှိခဲ့သူက ဖွားမေကြီးပဲ ဖြစ်သည်။ ခုထိ ရှိတုန်း၊ နှင်းခဲတစ်သက် ဖွားမေတစ်သက် ဆက်ရှိသွားမည့်သူလည်းဖြစ်သည်။

ယာယီရှိသူနှင့် တစ်သက်လုံးရှိမည့်သူနှစ်ဦးတို့ အမြင်းမညီလျှင် နေအုံ့မှိုင်းအနေနှင့်က ယာယီရှိမည့်သူကို သိပ်ဦးစားမပေးနိုင်ပါ။

"ဆင်ခြေဆိုတာ ပေးရင်တော့ရပါတယ်၊ ဒါပေမယ့် ကလေးဆိုတာ ရိုးရိုးပုံစံနဲ့ကြီးပြင်းတာ အန္တရာယ် အကင်းဆုံးပဲ၊ ခေတ်မီခေတ်ဆန်တဲ့နည်းတွေသုံးရင် နောင်တစ်ချိန်မှာ မနိုင်မှ လက်ပိုက်ကြည့်နေရလိမ့် မယ်"

နေအုံ့မှိုင်းက မြအဆင်းကိုကြည့်ရပြန်၏။

"နှင်းခဲကို သနပ်ခါးလိမ်းကျင့် လုပ်ပေးချင်ပါတယ်၊ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေ၊ ပါးနီတွေ အရွယ်နဲ့ မလိုက်ခြယ်သတာ မကောင်းပေမယ့် သနပ်ခါးလိမ်း

www.burmeseclassic.com



ခြင်းဟာ မြန်မာ့မိရိုးဖလာလေးကို သတိတရလေးဖြစ်နေစေတဲ့ အလေ့အကျင့်တစ်ခုပေါ့"

"သနပ်ခါးလိမ်းရုံနဲ့တော့ မြန်မာဆန်မသွားနိုင်ပါဘူး၊ မိရိုးဖလာအတိုင်း ထားစရာတွေပုံလို့"

မြအဆင်းပြောပြီးလျှင် ဖွားမေကြီးဆန္ဒ ထွက်ပေါ်လာဦးမှာ ကြိုသိနေသည်မို့ နေအုံ့မှိုင်းက ဖွားမေကြီးကို ကြည့်နှင့်သည်။ ထင်သည့်အတိုင်း ဖွားမေထံမှ စကားထွက်လာပေမယ့် တိတိကျကျကန့်ကွက်စကားမဟုတ်သည်မို့ ... နောက်ထပ် ဘာပြောဦးမလဲပုံစံနှင့် မြအဆင်းကို ပြန်ကြည့်ရပြန်၏။

"တစ်နိုင်ငံလောက် နှင်းခဲနဲ့ကျွန်မ နှစ်ယောက်တည်းနေချင်တယ်"

"မဟုတ်တာ"

ဖွားမေကြီးထံမှ ကန့်ကွက်သံကြီး ချက်ချင်းထွက်လာသလို၊ ဒီတစ်ကြိမ်မှာတော့ နေအုံ့မှိုင်းလည်း အံ့သြသွားရပါသည်။ ဖွားမေ ဘာပြောဦးမလဲဆိုတာမျိုးနှင့် လှည့်မကြည့်ဖြစ်တော့ဘဲ မြအဆင်းကိုပဲ ဆက်ကြည့်နေလိုက်မိတော့သည်။ ကြည့်ကာစကတော့ အံ့သြလို့၊ စူးစမ်းချင်လို့ ခပ်ကြာကြာလေးကြည့်လိုက်မိတာဖြစ်၏။ ကြည့်ရင်းကြည့်ရင်းက တခြားအကြောင်းပြချက်တွေကိုမေ့လျော့ကာ မြအဆင်းကိုပဲ ကြည့်နေမိတာသက်သက်ဖြစ်ရတော့သည်။

မြအဆင်း ... တဲ့။

နာမည်လေးက လှပါ၏။ မိဘမဲ့တဲ့။ သူ့မိဘ



တွေဖေးသည့်နာမည် မဖြစ်နိုင်ပြီ။ သူ့ဘာသာမှည့်ပစ်လိုက်တာပဲဖြစ်ရမည်။ ဆံပင်တွေက မည်းမှောင်ပုံစီးနက်၏။ စိုလက်၏။ ရှိသမျှဆံပင်တွေကို နောက်လုံးသိမ်းကာ ခပ်မြင့်မြင့်တင်၍ စုချီသည်။ ပြီးတော့ မုန့်ကြိုးလိမ်တစ်ချောင်းတည်းကျစ်၍ ချထား၏။ ခါးကျော်ကျော်ထိ မုန့်ကြိုးလိမ်မည်းမည်းကြီး ရှုံ့သိမ်မသွားဘဲ တိတိရိရိပြတ်သည်။ ဆံပင်နှင့်ပတ်သက်၍ မြအဆင်း ဒီအိမ်ရောက်ကတည်းက ဒီပုံစံပဲ မြဲတိုင်းတွေ့ရသည်။ လှပခြင်းထက် ရှင်းကြော့သစ်ရမ်ယော ကြည့်ကောင်းပြီး ကျက်သရေနှင့်တင့်တယ်နေသည်မှာ ဆိုရပါမည်။

မြအဆင်း၏ အသားရောင်မှာ တကယ်ဝင်း မြအဆင်းတည်း။ အသားဖြူပုံမှာ အမျိုးမျိုးရှိသည်။ တချို့က ပန်းသွေးပြေး၏။ တချို့က အဝါသွေးနှော၏။ တချို့က ဆွတ်ဆွတ်ဖြူဖြစ်ပြီး မြအဆင်း၏အသားဖြူပုံက ရှားရှားပါးပါး ... စိမ်းဖန့်ဖန့်ဖြစ်နေသည်။ မျက်ခုံးမည်းမည်းက အရင်းမှာ အပြားကြီးပြီးမှ အဖျားရှူးသွားပြီး အရောင်က စိမ်းမှောင်မှောင် စိုလက်လက်ဖြစ်၏။ မျက်ဝန်းသူငယ်အိမ်ကလည်း အလွန်တွေ့ရခဲလှပါသော အစိမ်းရောင်ပြေးသည့် အနက်ရောင်ဖြစ်၏။ မြန်မာလူမျိုးတို့၏ မျက်လုံးသူငယ်အိမ်မှာ အညိုရောင်၊ အနက်ရောင်တွေဖြစ်လျက် အနက်ရောင်က ပိုများ၏။ သူငယ်အိမ်နှစ်ထပ် အရစ်ဝိုင်းကလေးနှစ်ခုလုံး နက်မှောင်လေ့ရှိကြသည်မို့ မျက်လုံးထဲမှာ အမည်းနှစ်ထပ်ဖြင့်နေတာတောင် မြင်ရသူရှားပါသည်။

မြအဆင်း၏သူငယ်အိမ်နှစ်ထပ်ကလေးက သိ

www.burmeseclassic.com

သာမြင်သာသည်။ ချေးပမောင်ပေမယ့် အစိမ်းရောင်တွေကာ ကြည်လင်နေပုံက မြကျောက်နှစ်ပွင့်ကိုဆင့်ထားသည်နှင့်တူ၏။ မြအဆင်းဆိုသောနာမည်သည် ဤမျက်ဝန်းဆင့်ကလေး တစ်စုတည်းနှင့်ပင် လိုက်လျောညီထွေဖြစ်ရလွန်းလှပါပြီ။ ပြီးတော့ ... မြအဆင်းက ဒီအိမ်မှာ ယူနီဖောင်းဝတ်နေ၏။ အင်္ကျီက အဖြူဆိုပေမယ့် ဖြူစင်ဖွေးမဟုတ်သော အဝါညစ်ရောင်နည်းနည်းကလေးပြေးသည့် အဖြူမျိုး။ Cream colour (ကရင်မ်ကာလာ၊ မလိုင်ရောင်)ဟု သုံးစွဲလေ့ရှိသော အဝါမှောက် အဝါညစ်ကလေးဖွေးသည်ဆိုရပါသော အဖြူသည် မျက်နှာတစ်ပြင်လုံး အစိမ်းရောင်သန်းချင်နေသော မြအဆင်း၏အသားရောင်ကို အများကြီးပံ့ပိုးထောက်ကူထားပါသည်။

အဲသည်အဖြူမျိုး ဘာသားမှန်း ... နေအုံ့မှိုင်း မသိသော ဖျော့အိအသားစတစ်မျိုးနှင့် လက်စက ရင်စေ့ကလေးဝတ်ထားရာတွင် အင်္ကျီက ကိုယ်ပေါ်မှာ အပိုအလိုမရှိ၊ ကောက်ညွှင်းထုပ်လို တင်းကျပ်စည်းနှောင်လည်းမနေ၊ ပွယောင်းချောင်ချိလို့လည်းမနေ၊ မြင်ရသူ အသက်ရှူကျပ်စရာမဖြစ်ဝဲ သက်သောင့်သက်သာရှိစေသည်။ လုံချည်က ရေညှိစိမ်းမှိုင်းမှိုင်း၊ အသွေးကမှိုင်းပေမယ့် အရောင်ကဖျော့တော့သည်။ မှောင်မနေဘဲ လဲ့လဲ့လွင်လွင်ရှိ၏။ လုံချည်နှင့်အင်္ကျီတို့ အရောင်ချင်းလိုက်ဖက်စပ်ဟပ်ပါဘိ။

ထိုဝတ်စုံကလည်း "မြအဆင်း" ဆိုသည့်အမည်ကို ပံ့ပိုးထောက်ကူပြန်ပါသည်။ ဒီအိမ်သို့ရောက်ကတည်းက ဒီဝတ်စုံနှင့်ဒီဆံပင်ပုံပဲ မြအဆင်း ဆင်ယင်၏။ ယူနီဖောင်း



အဖြစ်သတ်မှတ်ဝတ်ဆင်ပုံရသည်။ နာနီအခေါ်မခံဘဲ "တီချာ" အခေါ်ခံသူ မြအဆင်းက ကျောင်းဆရာမဝတ်စုံ အဖြူအစိမ်းနှင့် တော်တော်ကြီးနီးစပ်သော အရောင်အသွေးကို ရွေးချယ်သလားမသိပါ။

မြအဆင်း၏ကိုယ်ခန္ဓာမှာ အဆီပိုရှိဟန်မတူပါ။ သွယ်လျပါးလျား၏။ နွဲ့နှောင်း၏။ အရပ်အမောင်းက တကယ်ပဲ မြင့်မားတာလား၊ သွယ်လျသည်မို့ အမြင်မှာမြင့်မားသွားတာလားမသိ၊ မုန့်ကြိုးလိမ် ဆံပင်တစ်ချောင်းတည်း အရပ်မြင့်မားမှုပံ့ပိုးပစ္စည်းဖြစ်နေပုံရသည်။ မြအဆင်းကို ...

"အရပ်ရှည်ရှည်ကောင်မလေး" ဟု ပြောလို့ရပါသည်။

ခြုံငုံ၍ကြည့်ပါသော် ... မြအဆင်းသည် မြကျောက်ကြည်ကြည်လေးကို သွန်းထုထားသည့်အလား။

တော်တော်လှတာပဲ။ နေအုံ့မှိုင်း ပထမဆုံးချလိုက်မိသော မှတ်ချက်က ယောကျ်ားသားပင်ဖြစ်စေကာစား ရင်ထဲမှာ ရှက်သွေးတွေဖြတ်ပြေးစေခဲ့ပါ၏။

နေအုံ့မှိုင်း၏ စူးငေးကြည့် ရှည်ကြာကြာကို မြအဆင်း ဆက်လက်ရင်မဆိုင်ဝံ့စွာ မျက်လွှာချဖြစ်ပါတော့သည်။ ရင်မဆိုင်ဝံ့လို့သာ မျက်လွှာကိုချလိုက်ရသည်။ ရင်ထဲမှာ အဲသည့်အကြည့်ကို တမ်းတမက်မောနေမိ၏။ ရင်ဆိုင်ရဲဝံ့သည့်သတ္တိမျိုးရှိလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။

မှိုင်လိုရောင်ဖျော့ဖျော့ကလေး၊ ဖွေးရုံ့ရွက်ရုံက လေးနှင့် ဖြူစင်ကြည်သောအသားရောင်ပိုင်ရှင် နေအုံ့မှိုင်းသည်

www.burmeseclassic.com



သူ့နာမည်နှင့်လိုက်ဖက်အောင် အုံ့မှိုင်းမနေခဲ့ပါ။ သဘောထား က မျက်နှာမှာပေါ်လွင်ပြီး ကြည်လင်နေပါသည်။ အလုပ်ရှုပ် အရှုပ်များသူတို့ထုံးစံ မျက်မှောင်ခပ်ကုပ်ကုပ်တော့ရှိသည်။ သူ့ကို ကားပြတင်းမှဖြတ်၍ မြင်ရစဉ်က သုံးဆယ်ကျော် လေးဆယ်နားနီးဟု ထင်ခဲ့၏။ ခုကျတော့ သူသည် သုံးဆယ် ကိုတောင် ကျော်မှကျော်သေးရဲ့လား တွေးရပြန်သည်။ သမီး လေးနှစ်ဆိုတော့ အိမ်ထောင်သက် အနည်းဆုံးငါးနှစ်ရှိမည်။ အသိဉာဏ်ပြည့်စုံ၍ ဆင်ခြင်တွေးတော နိုင်းချိန်တတ်သော ယောကျ်ားတစ်ယောက်အည် အသက်နှစ်ဆယ့်ငါးနှစ်၏ရှေ့ပိုင်း တွင် အိမ်ထောင်ပြုလေ့မရှိဟု ကြားဖူးနားဝရှိဘူးပါသည်။

ဦးနေအုံ့မှိုင်းသည် အသိဉာဏ်ရှိသောယောကျ်ား တစ်ယောက်ဖြစ်သည်။ အချစ်ရေးမှာ ကမူးရှူးထိုးလူစားမဖြစ် နိုင်ပါ။ နှစ်ဆယ့်ခွန် နှစ်ဆယ့်ရှစ်လောက်မှ အိမ်ထောင်ပြု မည်ဆိုလျှင်တောင် သူ့အသက် သုံးဆယ့်နှစ် သုံးဆယ့်သုံး ရှိပါပြီ။ ဤခန့်မှန်းချက်သာ မှန်ကန်လျှင် သူသည် ကိုယ့် ထက် ဆယ့်သုံးနှစ်လောက်ကြီးသောသူ ဖြစ်နေပါရောလား။

အို ... ဘာကိစ္စ ဒီအသက်အရွယ် ကွာခြားမှု တွေက ခေါင်းထဲဝင်ရတာတဲ့လဲ။ ဝင်စရာလား။ မြအဆင်း မျက်လွှာကို ပြန်ပင့်လိုက်ပါသည်။ မျက်ဝန်းချင်း တန်းခနဲ ဆုံပြန်၏။ သူ ... ကြည့်တုန်းကြည့်ဆဲလေ။

"အဟွတ် ... ဟွတ် ဟွတ်"

"အဟမ်း" "အဟမ်း" ဆိုတာ ရိုးခဲ့ပြီမို့လား မသိ၊ ဖွားမေကြီးက အဟွတ် ... ဟွတ် ဟွတ်ဆိုပြီး ချောင်း



ထဆိုးသည်။ မြအဆင်းခြေထောက်ကို ဖက်၍ရပ်နေသော နှင်းခဲက ငြိမ်ငြိမ်လေးနေရတာ ကြာလာပြီမို့ ငြိမ်ငြိမ်မနေနိုင် တော့ဘဲ ဟိုလှုပ်သည်လှုပ်ဖြစ်လာ၏။ ဖွားမေကြီးက သူ့ "လုပ်ချောင်း" ကြီးကို သဘာဝကျစေဖို့ နည်းနည်းပါးပါး ဆက်ဆိုးနေပါသေးသည်။

"မြအဆင်းကို တစ်ခုပြောရဦးမယ်၊ နှင်းခဲဆိုတာ မွေး ကတည်းက ဖွားမေလက်ပေါ်ရောက်တယ်။ ဖွားမေနဲ့ ကြီးပြင်းခဲ့တယ်၊ ဖွားမေနဲ့ပဲ အိပ်တယ်၊ အကယ်ဆို နှင်းခဲအတွက်လူ ... သပ်သပ်ဆိုတာ ရိုက်ကိုမလိုအပ် ဘူး ..."

"ကိုအုံ့က နှင်းခဲ ကျောင်းမတက်ခင် သူငယ်တန်း စာတတ်နိုင်ချင်တယ်ဆိုလို့သာ ဆရာမငှားရတာ၊ မူ ကြိုပို့လိုက်လည်းဖြစ်တယ်၊ မူကြိုမပို့ဘဲ အိမ်မှာထား ချင်လို့ ဆရာမခေါ်ရတာဆိုတော့ ..."

"ဒီဆရာမဟာ မနက်လာ ညနေပြန်လုပ်ရင်တောင် ရတယ်၊ သွားရေးလာရေးရော စားရေးသောက်ရေးနဲ့ နေရေးထိုင်ရေးပါ အဆင်ပြေပါစေတော့ရယ်လို့ အိမ် မှာ ညအိပ်ခွင့်ပြုတာ၊ နှင်းခဲကို ခေါ်သိပ်ဖို့မလိုပါ ဘူး ..."

"မြအဆင်းက နှင်းခဲအဖို့ အသစ်အဆန်းဖြစ်နေတော့ နှင်းခဲကလည်း အိပ်ချင်တယ်ဖြစ်တယ်၊ ဒီကိစ္စဟာ ခဏတဖြုတ် ယာယီလောက်ပဲ ဖွားမေခွင့်ပြုနိုင်မယ်၊

"ဒီလောက်ပြောရင် မြအဆင်း သဘောပေါက်ပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



[illegible] နှစ်ပေါက်တည်းနေချင်တယ်ဆို [illegible] ကောင်းဆိုချက်ဟာ လုံးဝမဖြစ်နိုင်ဘူး ...

"[illegible]လည်းမရှိဘူး၊ ဘာသဘောနဲ့ပြောတယ်ဆို [illegible] လုံးဝစဉ်းစားလို့မရဘူး"

ဖွားမေက နှင်းခဲကို ကောက်ချိုလိုက်သည်။ [illegible] စကားဝင်ပြောနေစဉ်မှာ နေအိမ်မှိုင်းက ဖွားမေကို တစ်ချက်တစ်ချက် ကြည့်သည်။ မြအဆင်းကိုလည်း ပြန်ပြန် ကြည့်ရသေး၏။ ဖွားမေစကားဆုံးတော့ မြအဆင်းကိုပဲ ဆက်ကြည့်ဖြစ်တော့သည်။

"ပြီးတော့ ... ကိုအံ့ဟာ အရမ်းအလုပ်များရှာတယ်၊ အိမ်ရဲ့ကိစ္စအသေးအဖွဲ့ကလေးတွေမှာ လိုက်ပါမနေနိုင်ဘူး၊ ခုတလောဆိုပဲ ... မနက်မနက် နှင်းခဲကိစ္စဆွေးနွေးရတာနဲ့ အလုပ်ထဲကို နေ့တိုင်းနောက်ကျနေပြီ ...

"နှင်းခဲကိစ္စဟာ ဖွားမေကိစ္စပါ၊ ဖွားမေနဲ့ပြီးတယ်၊ နှင်းခဲအတွက် ဖွားမေ အားလုံးလုပ်ပေးနိုင်တယ်၊ လုပ်မပေးနိုင်တာတစ်ခုပဲရှိတယ် ...

"စာသင်မပေးနိုင်ဘူး၊ ဖွားမေ စာမတတ်လို့မဟုတ်ဘူး၊ နှင်းခဲက ဖွားမေစာသင်ရင် နွဲ့ဆိုးဆိုးပြီး လိုက်မလုပ်ဘူး၊ ဒီတစ်ခုကလွဲရင် ကျန်တာ ဘာမှမလိုဘူး နှင်းခဲဟာ ...

"ပုံစံပြောင်းပစ်လောက်အောင် ဆိုးနေတဲ့ကလေးလည်း မဟုတ်ဘူး၊ စာသင်ဖို့အတွက်က မူကြိုပို့လဲဖြစ်တယ်၊ မပို့ဖူးဘဲထားပါ၊ တစ်သက်လုံး စာမသင်လည်းရတယ်



နှင်းခဲဟာ ဒီဘဝမှာ ...

"လုံးဝစာမတတ်ဘဲ အသက်တစ်ရာနေသွားလည်းရတယ်၊ စာတတ်ရအောင် အလုပ်လုပ်စရာမှမလိုတာ၊ တစ်သက်မှာ အနှစ်တစ်ရာနေမယ့်ခဲထားဦး၊ နှင်းခဲသုံးသက်၊ နောက်ထပ် နှစ်ပေါင်းသုံးရာလောက် အလုပ်မလုပ်ဘဲ ထိုင်စားနိုင်တဲ့ အမွေအနှစ်ရှိတယ် ...

"နှင်းခဲဟာ တစ်သက်မဟုတ်ဘူး၊ သုံးသက် သုံးဘဝ ဆက်တိုက်စာမတတ်လို့ရတယ်"

ဖွားမေက နှင်းခဲကို ချီပိုးကာ ထွက်သွားတော့သည်။ မြအဆင်းက ပြုံးပြုံးလေး ကျန်ရစ်၏။

"ခင်ဗျား ဘာကိုသဘောကျပြီး ပြုံးနေတာလဲ"

"ပြင်ဘက်ဟာ သိပ်ပြီးနိမ့်ကျနေတဲ့အခါ သနားစရာလိုဖြစ်နေတော့ ပြုံးမိတယ်"

"ခင်ဗျားက ဖွားမေကို ပြင်ဘက်လို့သဘောထားနေတာလား"

"မထားပါဘူး၊ ကျွန်မက မပြိုင်ဘူး၊ ကိုယ့်အလုပ်ကိုယ်လုပ်တာ၊ ကိုယ် လခ ... စားပြီးလုပ်တဲ့အလုပ်တစ်ခုကို အကောင်းဆုံးဖြစ်အောင်လုပ်တာပဲရှိပါတယ်၊ ဖွားမေကသာ ကျွန်မကိုလာပြိုင်နေတာ၊ ကျွန်မသဘောပေါက်ပါတယ်"

"နားလည်ပေးလိုက်ပါဗျာ"

"ဒီလောက်ဟောဖြစ်ပါတယ်၊ ကျွန်မ အလုပ်ထွက်ရမှာလား၊ ထွက်ရမယ်ဆိုရင်တော့ ရှင်တို့ပြောတာမို့

www.burmeseclassic.com



လို့ သုံးလစာပေးပါ"

"ဩ"

ရင်ထဲမှာ ကြိတ်၍သောက်ခေါက်လိုက်သည်။ မိန်းမဆိုတာ ဒီပုတ်ထဲက ဒီပဲချည်း။ နောက်ဆုံးကျတော့ ငွေရေးကြေးရေးမှာ နိဂုံးချုပ်ကြသူချည်း။ ပိုက်ဆံမက်ကြသူ ခေါ်ငွေခင်တွေချည်း။

"ခင်ဗျားမှာ ပြောစရာတခြားစကား မရှိတော့ဘူးလား"

"အများကြီးပေါ့၊ ဒါပေမယ့် ရှင်က အချိန်မှမရတာ၊ ခုပဲအလုပ်ဝင်နောက်ကျနေပြီ၊ ကျွန်မပြောမယ့်စကားတွေ အများကြီးကို ရှင် ဘယ်နားထောင်နိုင်ပါ့မလဲ၊ ရှင်က အချိန်ဆင်းရဲတယ်လေ၊ ကျွန်မကျတော့ အချိန်သူဌေး"

"ဒီလိုလုပ်ပါလား"

နေအုံးမှိုင်းက လက်မှနာရီကိုကြည့်ကာ မတ်တပ်ထရပ်သည်။

"ခင်ဗျား နေ့လယ်တစ်နာရီခွဲလောက် အားမလား"

"ဘာလို့မအားရမှာလဲ၊ အချိန်သူဌေးပါဆို"

"ကျွန်တော့်ရုံးခန်းသိလား"

"တင့်အင်း"

"ပေးမယ် ... ဗစ်စစ်တင်းကတ်(Visiting Card လိပ်စာကတ်ပြား) ပေးမယ်၊ ခင်ဗျားလာခဲ့ပါ"

"ကျွန်မက အလုပ်ပြုတ်ပြီလား"

"မပြုတ်သေးပါဘူး၊ ဒီနေ့တစ်ရက် အပြင်ထွက်ခွင့်





အိမ်ပြန်ခွင့်ပေးလိုက်တယ်၊ ညနေပြန်လာမယ်လို့ ဖွားမေကိုပြောခဲ့မယ်"

နေအုံးမှိုင်းက ရှေ့မှသွား၍ မြအဆင်းက နောက်မှလိုက်သွားရသည်။ အင်တာဗျူး စစ်ဆေးခဲ့ရာဧည့်ခန်း စာဖတ်ခန်းထဲသို့ရောက်၏။ နေအုံးမှိုင်းက သူ ရုံးသွားလျှင် ယူသွားသော လက်ဆွဲအိတ်ထဲမှ သူ့လိပ်စာကတ်ပြားတစ်ခု ထုတ်၍ပေးသည်။ မြအဆင်း လှည့်ထွက်လာခဲ့သည်။ သူမအတွက်ပေးထားသော အခန်းထဲသို့ဝင်၏။ အခန်းက တော်တော်လေးကောင်းမွန်ပါသည်။ သို့ပေမယ့် နှင်းခဲအခန်းကိုတော့ မြွှားမမီချေ။ နှင်းခဲအခန်းမှာ နှင်းခဲနှင့်ဖွားမေကြီးတို့အိပ်၏။ ညနေညက နှင်းခဲ၊ မြအဆင်းနှင့်လာအိပ်တော့ နှင်းခဲအခန်းမှာ ဖွားမေကြီးတစ်ယောက်တည်း ကျန်ရစ်၏။ နှင်းခဲကသာ မြအဆင်းနှင့် အမြဲအိပ်တော့မည်ဆိုလျှင် မြအဆင်းက နှင်းခဲအခန်းသို့ ပြောင်းရနိုင်တန်ကောင်း၏။

သို့မဟုတ် ... မြအဆင်းအခန်းကို နှင်းခဲနေဖို့အတွက် အကောင်းဆုံးဖြစ်အောင် ပြုပြင်မွမ်းမံပါလိမ့်မည်။ ဖွားမေကြီးသည် အခန်းပျောက်မှာကြောက်ရုံတစ်မျိုးတည်းနှင့် ဆက်ဆန့်ကျင်တာမဖြစ်နိုင်ပါ။ သူ့အကြောင်းနှင့်သူ ရှိလိမ့်မည်။ မြအဆင်း နာရီကြည့်၏။ ခုမှ ရှစ်နာရီခွဲ။ ဆယ့်တစ်နာရီခွဲဖို့ ငါးနာရီကြီးများတောင် လိုသေးသည်။ လိပ်စာကတ်ပြားလေးကို ကြည့်၏။ ထိုလိပ်စာသို့ ဘတ်စ်ကားစီးသွားလျှင် တစ်နာရီပဲထားပါ။ တက္ကစီနှင့်သွားလျှင် မိနစ်။ ဘတ်စ်ကားစီးဖို့ စိတ်သိပ်မပါ။ တက္ကစီနှင့်သွား

www.burmeseclassic.com

www.burmeseclassic.com



ညည်ဆိုလျှင် အိမ်မှ မွန်းလွဲတစ်နာရီထွက်ရမည်။ တစ်နာရီ ထွက်နိုင်ဖို့အတွက် ဆယ့်နှစ်နာရီခွဲမှာရေချိုးလျှင် မီသည်။ မွန်းမှာရေချိုးခဲ့မှ ဆယ့်နှစ်နာရီခွဲထိ လေးနာရီကြီးလုံးလုံး ဘာ လုပ်ရပါ့မလဲ။

အိပ်ရာပေါ် ပစ်လှဲလိုက်သည်။

စာဖတ်ရကောင်းမလား။ စိတ်နှစ်လို့ရမှာမဟုတ် တာ သေချာ၏။ အပေါ်ထပ် မျက်နှာကြက်ဆီသို့ ကြည့် လိုက်သည်။ မိုင်လိုဖျော့ဖျော့ အသားရောင်နှင့် ရှင်းသန့်နေ သော မျက်နှာတစ်ခုကိုတွေ့၏။ ပိတ်ထားသောတံခါးရွက် ဆီသို့ အကြည့်ကိုလွှဲပြန်သည်။ တံခါးရွက်မှာလည်း မိုင်လို ရောင်တွေ စွန်းထင်းနေသည်။ အဝတ်ဘီရိုဆီသို့ အကြည့် ကိုရွှေ့၏။ ဘီရိုတံခါးရွက် သစ်သားရောင်ရင့်ရင့်သည် အ လယ်မှာ ကွက်လျက်အရောင်လျော့ကာ မိုင်လိုရောင်လွင်နေ ၏။ မိုင်လိုရောင်နှင့်သစ်သားရောင် လိုက်ဖက်လျက် ကြည့် လို့ကောင်းလှသည်။ မိုင်လိုရောင်ဖျော့ဖျော့က မြစ်အဆင်းဆို သောမိန်းမသားတစ်ဦးကို စွန်းထင်းစေခဲ့ပြီ။

အိပ်ရာပေါ်မှဆင်း၊ ဘီရိုတံခါးရွက်ကိုဖွင့်၊ မ တင်တင်မော်လက်ဆောင်ပေးလိုက်သော မိုင်လိုရောင်အသား ပျော့ ခြောင်ဝမ်းဆက်ကလေးကို ထုတ်လိုက်သည်။ အင်္ကျီ ကို ရင်မှာကပ်ပြီး ပြန်ချထားလိုက်သည်။ ပုံချည်ကို ဖြန့် လျက် ကိုယ်မှာကပ်ပြီး မှန်ကြည့်လိုက်၏။

"ကန်တော့ ... ကန်တော့"

နှုတ်မှတောင် ယောင်ရမ်းထွက်သည်။ ကိုယ်



ထို ခိုးမိုးသွားခဲ့ပြီဖြစ်သော ထိုမိုင်လိုရောင်ကို ကိုယ်မှာတပ် ဖူးတောင် အားနာစွာ အဖြစ်သည်းမိ၏။ အင်္ကျီနှင့်လုံချည် ကို ပြန်သိမ်းသည်။ အခန်းထဲမှာပင် ထားပေးသော စားပွဲ ပေါ်တွင် မိုင်လိုဘူး၊ ခေတ်ဘူး၊ နီ့ဆီဘူးပါရှိသည်။ မိုင်လို တစ်ခွက်ဖျော်သောက်ပစ်လိုက်သည်။ မှတ်ထား ... မိုင်လို ရောင်ဖျော့ဖျော့ကလေး ရင့်ထဲရောက်သွားခဲ့ပြီလေ။ ရင်ထဲ မှာနွေးလျက် နှလုံးသားက ဆတ်ခနဲ ဆတ်ခနဲ ထ,ထခုန် သည်။

ဒီအိမ်ရောက်ပြီး လေးရက်အကြာမှာ ပထမဆုံး အလုပ်မဲ့စွာနေရဖူးခြင်းမို့ မနေတတ်မထိုင်တတ်ရှိတိုင်း ရင် ခုန်သံက တိုးလို့သာမြန်လာရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၄

သူများတွေလို "မေမေ" ရှိမနေခြင်းသည် ဘာကြောင့်လဲ … ဟု နားလည်လာရသည့်အချိန်ကစ၍ "သေခြင်း" ၏ ကြေကွဲဖွယ်နာကျင်မှုကို စတင်ခံစားခဲ့ရပါသည်။

"သမီးမေမေက ဆုံးသွားတယ်၊ သမီးက အဲဒီတုန်းက နှစ်နှစ်သမီးပဲရှိသေးတယ်၊ သမီးရဲ့မောင်လေးကို မေမေက ထပ်မွေးတာ၊ အခက်အခဲဖြစ်ပြီး သမီးမေမေရော သမီးမောင်လေးပါ ဆုံးပါးသွားရှာတယ်၊ ဖေဖေမရလိုက်ဘူး သမီးရယ်"

ဖေဖေက မငိုပေမယ့် ငိုလုနီးပါး မျက်ရည်ဝဲလျက် ရှင်းပြရှာ၏။ ဖေဖေ နာကျင်ကြေကွဲနေပြီဆိုတာ သိပါသည်။ ဖေဖေ ဒီလိုနာကျင်ရမယ်မှန်းသိလျှင် အစက … မေမေ ဘာလို့မရှိတာလဲ ဟု မေးဖြစ်ခဲ့မည်မထင်ပါ။

"ခုတော့ လောကကြီးမှာ ဖေဖေရယ်၊ သမီးရယ် နှစ်ယောက်တည်း၊ ဒါပေမယ့် သမီးလေး စိတ်မညစ်ပါ



နဲ့၊ ဖေဖေက သမီးလေးကို ချမ်းချမ်းသာသာထားမှာပါ"

တကယ်လည်း ချမ်းချမ်းသာသာနေခဲ့ရပါသည်။ အဲသည်တုန်းက မြအဆင်း … ပြင်ဦးလွင်မှာ။ ဖေဖေက ပြင်ဦးလွင်မှာ နေလို့ထိုင်လို့ကောင်းသည်ဆိုကာ အခြေချပေမယ့် ဖေဖေ့လုပ်ငန်းတွေက ရှမ်းပြည်နယ်တစ်ဝိုက်မှာချည်းပါ။ ဖေဖေ့မှာ လိမ္မော်ခြံတွေရှိသည်။ သစ်တော်ခြံတွေရှိသည်၊ မက် မန်းခြံတွေလည်း ရှိသည်၊ ပြီးတော့ … လက်ဖက်ခြံတွေလည်းရှိသေးသည်။ ထိုခြံတွေမှာ ဖေဖေ့လူယုံတစ်ဦးတည်းတာပန်းတွေ လုပ်ကိုင်လျက်ရှိပေမယ့် ဖေဖေက မကြာခဏဆိုသလို သွားကြည့်ရသည်။

ဖေဖေသွားလျှင် မြအဆင်း လိုက်သွားရလေ့မရှိပါ။ ငယ်သေးသည်။ ကျောင်းပျက်မည်ဆိုသော အကြောင်းပြချက်များဖြင့် နေခဲ့ရသည်ချည်းပါ။ အဲသည်အချိန်က တမည့်တာပန်း အလုပ်သမားအိမ်ဖော်ဆိုတာတွေက ကိုယ့်အလုပ်ရှင်ပေါ်မှာ သစ္စာရှိစွာ ကျိုးနွံကြတာများသည်။ ချစ်ခင်ကြသည်။ မြအဆင်းက အထိန်းတော်တွေနှင့် နေခဲ့ရလည်း ဖေဖေ ရှိသည်နှင့်မခြားပါ။ ဖေဖေ့ခြံထွက်သီးနှံတွေကို အသီးအနှံအတိုင်း ရောင်းချတာရှိသလို၊ ဝိုင်ထည့်၍ရောင်းချသောလုပ်ငန်းလည်းရှိသည်။

လက်ဖက်ကိုတော့ လက်ဖက်စို လက်ဖက်ခြောက်အဖြစ် ပွဲရုံတွေသို့သွင်းသည်။ ဖေဖေ့ဝင်ငွေကောင်းသည်တဲ့။ ကောင်းသည်ဆိုတာ ဘယ်လောက်များပြားမှန်း

www.burmeseclassic.com

www.burmeseclassic.com



မြအဆင်း မသိပါ။ မြအဆင်းသိတာ တစ်ခုပဲရှိသည်။ ဖေဖေက သူဌေးဆိုတာပါပဲ။

ဖေဖေက သူဌေးမို့ မြအဆင်းသည် သူဌေးသမီး ဖြစ်ရ၏။ သူဌေးသမီးဟူသည် လောကကြီးမှာ လိုချင်တာ အားလုံးရသည်။ စားချင်တာအားလုံး ရသည်။ လုပ်ချင်တာ အားလုံးလုပ်နိုင်သည်။ ကျောင်းမှာ ဆရာ ဆရာမတွေရော သူငယ်ချင်းကျောင်းသူကျောင်းသားတွေပါ ဝိုင်းအုံချီးမွမ်း ချစ် စနိုးနေကြသော နှင်းပွင့်ဖြူသည် မြအဆင်းနှင့် အားလုံးလို လို မတိမ်းမယိမ်း အခွင့်အရေးတွေတူတူမှာ နှင်းပွင့်ဖြူက အမေရှိသည်။ မြအဆင်းက အမေမရှိ။ အမေမရှိခြင်းဆိုသော ကွက်လပ်တစ်ခုတည်းဟာ ဘဝကြီးတစ်ခုလုံးအတွက် ကွက် လပ်ဖေါင်းမြောက်မြားစွာကို ဖန်တီးနိုင်စွမ်းမှန်း အဲသည်က တည်းက မြအဆင်းသိခဲ့ရပါသည်။ အရာရာပြီးပြည့်စုံသော မြအဆင်း၏ဘဝသည် မိခင်မရှိခြင်းကွက်လပ်တစ်ခုတည်း ကြောင့် ဘဝတစ်ခုမျှမပြည့်စုံတော့ချေ။ အရာခပ်သိမ်းသည် ကွက်လပ်ဖြစ်နေခဲ့တော့သည်။

"ဖေဖေ လက်ထပ်တော့မယ် သမီးလေး၊ သမီးအတွက် လိုအပ်နေတဲ့မေမေကို ဖေဖေ ခေါ်လာခဲ့မယ်၊ သမီး ပျော်တယ်မဟုတ်လား"

"ဟုတ်ကဲ့"

ရုတ်တရက်မှာတော့ ပျော်ရတော့မလိုဖြစ်သွား ပြီးမှ မြအဆင်း မပျော်မရွှင်ခံစားလိုက်ရပါသည်။ ဖေဖေက မြအဆင်းအတွက် လိုအပ်နေသော မေမေကို ခေါ်လာခဲ့မယ်



ဆိုရာ၌ ...

"ခေါ်လာခဲ့ရမလား သမီးလေး" ဟု တစ်ခွန်း တလေတောင် ကြိုမမေးခဲ့ပါလား။ အဲဒီကတည်းက ဖေဖေ ခေါ်လာခဲ့မည်ဆိုသော ဒုတိယမေမေဟာ မြအဆင်းအတွက် လား၊ ဖေဖေ့အတွက်လားဆိုတာ မြအဆင်း တွေးတောရ ကောင်းမှန်း သိလိုပါသည်။

"သမီးက မေမေလို့ခေါ်ရမယ်နော်"

"ဟုတ်ကဲ့ပါ"

ခေါင်းညိတ်ရင်း မြအဆင်း မျက်ရည်ဝဲရသည်။ ဟုတ်ကဲ့ပါ ... ဆိုသော အသံတုန်တုန်ကလေးက အရှုံး ပေး၍ နစ်တိမ်သွားရသည်။

"ငိုမလို့လား သမီးရဲ့၊ မငိုရဘူးလေ၊ သမီးမေမေက သမီးကိုချစ်မှာ၊ ပြီးတော့ သမီးမှာ ကိုကိုနှစ်ယောက် လည်းပါလာဦးမှာ၊ သမီးကိုချစ်ပြီး အလိုလိုက်မယ့် ကိုကိုတွေရမှာ ဘယ်လောက်ပျော်စရာကောင်းလဲ"

မြအဆင်း စိတ်ဆင်းရဲသွားရတော့သည်။

မြအဆင်းသည် ငယ်ကတည်းက ဗီဇသဘော ကောင်းသောကလေးမို့ လိမ္မာ၏။ သဘောမနော‌ကောင်း၏။ ဖော်ရွေလွယ်၏။ ကျောင်းမှာ စာကြိုးစား၍ အိမ်မှာ ဖခင်ကို လုပ်ကျွေးသောကလေးဖြစ်သည်။ ဒီလိုနေတတ်ကျင့်ရသွားတာ လည်း မြအဆင်းမှာ မေမေ မရှိလို့လည်းဖြစ်နိုင်သည်။ မြအဆင်းမှာ ဆိုးစရာ နွဲ့စရာရင်ခွင် လွတ်ခဲ့၏။ အဲဒါကြောင့် ဘာ မဆိုးမနွဲ့တတ်တော့ဘူးလား မပြောတတ်ပါ။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



မြအဆင်းက အေးဆေးငြိမ်းချမ်းသည်။ မျောက်ရှုံးအောင်သော့သည့်အမျိုးအစားထဲမှာ မပါ။ အရုပ်ကလေးများ၊ အိုးမှတ်ကလေးများရလျှင် တစ်နေ့ရာရာမှာ ငြိမ်သက်စွာကစားနေတတ်သည်။

ကျောင်းတက်တော့လည်း ... အိမ်ပြန်ရောက်၍ အိမ်စာတွေလုပ်ပြီးတာနှင့် ကျောင်းမှာသင်ခဲ့ရသော ပန်းချီကားလေးတွေထဲမှာ ရောင်စုံခြယ်ရသော စာရွက်ကလေးများ၊ ရောင်စုံခဲတံများနှင့် အေးဆေးစွာရှိနေတတ်ခဲ့သည်။ ပြီးတော့ ကိုယ့်ပစ္စည်းလေးတွေ ကိုယ်မက်မောသည်။ မပျက်စီးရအောင် သိမ်းသည်။ မြချင်းကစ် သူငယ်ချင်း၊ အစစ လိုလေသေး မရှိသော နှင်းပွင့်ဖြူမှာ အစ်ကိုနှစ်ယောက်ရှိသည်။ ထိုအစ်ကိုနှစ်ယောက်သည် နှင်းပွင့်ဖြူကို နိုင်စားသကဲ့သို့ မြအဆင်းကိုပါ လာရောက်နိုင်စားသွားတတ်တာမျိုးရှိ၍ အစ်ကိုဆိုလျှင် မြအဆင်း စိတ်ညစ်သည်။ မလိုချင်ပါ။

"နောက်ဆို မြအဆင်းက နှင်းပွင့်ဖြူနဲ့ အားလုံးတူသွားပြီ၊ မေမေလည်းရှိပြီ၊ ကိုကိုနှစ်ယောက်လည်းရပြီ"

ဖေဖေက မြအဆင်းကို ချော့မော့ပြောဆိုနေ၏။ ဖေဖေ မပျော့ပျောင်းစဘူး ပျော့ပျောင်းနေ၏။ ဒါဟာ ဖေဖေ အခွင့်အရေးတစ်ခု တောင်းဆိုရယူချင်လို့ပဲဟု မြအဆင်း နားလည်နေသည်။ တစ်ခါတလေ မြအဆင်းက ဖေဖေ့နားကပ်ပြီး ချွဲနွဲ့ဖူးပါသည်။

"အမယ် ... ကောင်မလေး ... အဖေကို လာချွဲနေတယ်၊ ဘာလိုချင်လို့လဲ၊ ဘာပူဆာမလို့လဲမသိဘူး"



မေမေက အဲသည်လိုပြောဖူး၏။ ခု ... ဖေဖေ ချော့မော့ပြောဆိုနေခြင်းသည်ရော ... ဖေဖေ တစ်ခုခုကိုလိုချင်လို့ပဲမဟုတ်ဘူးလားဟု မြအဆင်း မေးမနေချင်တော့ပါ။ မြအဆင်း မပျော်ပါ။ ဖေဖေကတော့ အလွန်ပျော်ပုံရသည်။ ဖေဖေ ခေါ်လာသော ဒုတိယမေမေက လှပါသည်။ ဒုတိယမေမေလည်း ပျော်ပုံရပါသည်။ အားလုံးထဲမှာ အပျော်တကာ့အပျော်ဆုံးကတော့ "ကိုကိုကြီး" နှင့် "ကိုကိုလေး" ဟု မြအဆင်းကခေါ်ရသော လူမျောက်နှစ်ယောက်အညီး။

❀

"ကိုကိုကြီး ဆင်း ရုပ်ရုပ်လေး ပြန်ပေးပါ၊ ဆံပင်တွေ ချွတ်မပစ်ပါနဲ့၊ မေမေရေ ... ကိုကိုကြီး ဆင်းရဲ့ရုပ်ရုပ်လေးကို ဖျက်ဆီးနေတယ်"

မေမေဝယ်ပေးထားသော ဘိုမရုပ်ကလေးမှာ ရွှေရောင်ဆံပင်လေးတွေပါ၏။ ခေါင်းဖြီးပေးလို့ရသည်။ မြအဆင်းက တစ်ခါတစ်ရံမှာ ဆံပင်လေးတွေ သေးကား၍ ဖွပေးထားသည်။ တစ်ခါတစ်ရံမှာ ပိုနီတေးလ်ဟုခေါ်သော မြင်းမြီးပုံ ချည်နှောင်ပေးထားသည်။ တစ်ခါတလေတော့ ကျစ်ဆံမြီးကျစ်ပေးထားလိုက်သည်။

"မျက်စိနောက်လို့ ... တစ်ခါလာ အရုပ်ကိုခေါင်းဖြီး၊ တစ်ခါလာ အရုပ်ကိုခေါင်းဖြီး"

"ကိုကိုကြီး မလုပ်ပါနဲ့၊ ဟာင် ... ကိုကိုလေး ထမင်း

www.burmeseclassic.com

www.burmeseclassic.com



ချိုင့်လေးပြန်ပေးပါ၊ လွှင့်မပစ်ပါနဲ့"

ဒီမှာပြောတုန်းရှိသေး ··· နောက်တစ်ယောက်က သူ့ထမင်းချိုင့်လေးကို တစ်ဆင့်စီဖြုတ်၍ ဖနောင့်နှင့်ပေါက်နေသည်။

"လွှင့်မပစ်ပါဘူး ··· ဖနောင့်နဲ့ပေါက်ရုံပါ"

"မေမေရေ ··· ဆင်းအရုပ်တွေကုန်ပြီ"

မြအဆင်း ဘယ်လိုပဲအော်ဟာစ်ငိုယို တိုင်ကြားပါစေ၊ ဖေဖေမရှိတုန်းဆိုလျှင် အဲသည်မေမေက တုတ်တုတ်မျှမလှုပ်။ မျောက်နှစ်ကောင်နှင့်တန်းတူ ဆော့နိုင်သော သူ့သားနှစ်ယောက်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေသည်။ ဟဲ့ ··· တွေဘာတွေ မဟန့်။ လင်ပါသမီးဆိုတာ မယားပါသားသမီးများ၏ "နိုင်ဖတ်" ဟုများ တွေးတောယူဆထားလေသလားး မသိပါ။ မေမေက ဘာမျှမပြော၍ မြအဆင်းက တွေ့ကရာနှင့် ကောက်ပေါက်လျှင် ညီအစ်ကိုနှစ်ယောက်က မြအဆင်းဆံပင်ကိုလာဆွဲ၊ ဂါဝန်ခါးဆီးကြိုးကိုဆွဲဖြုတ်၊ အင်္ကျီလက်မောင်းအလေး ကတ်ကြေးနှင့်ညှပ်လိုညှပ် လာလုပ်ကြပြန်၏။ မြအဆင်းက မီးရာလှမ်းဖက်ကိုက်ဆွဲပစ်သည်။

"ခွေးမ"

အဲသည်အခါကျတော့ ညီအစ်ကိုနှစ်ယောက်လုံး စိတ်တွေဆိုးပြီး ထုနက်သွားကြတာ မြအဆင်း လဲပြိုကျ၍ ရစ်သည်။ တစ်ခါတစ်ရံမှာ အညိုအမည်းစွဲထင်လျက် နာကျင်ရှုံ့မဲ့စွာ ကျန်ရစ်ရသည်။ ဒါတွေအတွက် ဖေဖေပြန်လာသည့်အခါတွေများ ဒဏ်ရာပြပြီးတိုင်မယ် စိတ်မကူးပါနှင့်။



မြအဆင်းကနည်းနည်း မေမေက များများ၊ စကားတွေ ရေဖက်မဝင်အောင် လှည့်ပတ်ပြောဆိုကာ နောက်ဆုံးတော့ မြအဆင်းသည်သာလျှင် "ကလေးရိုင်းသနွေဆိုး" လေးဘဝသို့ သက်ဆင်းကျရောက်တော့သည်။

"ကိုကိုတွေက ချစ်လို့စတာ မြအဆင်းက မဆိုးရဘူး၊ မချစ်ရင် ဘယ်စမလဲ၊ ကိုယ့်ညီမလေးမို့ ချစ်လို့စတာ ပြန်ကိုက်တယ်ဆိုတော့ ဘယ်ကောင်းမလဲ၊ လူဆိုတာ မကိုက်ဘူး၊ ခွေးမှကိုက်တာ၊ မြအဆင်းက လူလား၊ ခွေးလား"

"ကပြား"

ကိုကိုကြီးက မကြားတကြား လှမ်းစပြန်၏။

"အဖေကလူ"

ကိုကိုလေးက ထပ်ပြောပြန်သည်။ မြအဆင်းသည် လူနှင့် ခွေးနှင့် ကပြားဖြစ်သည်ဆိုလျှင် အဖေက လူဆိုတော့ ခွေးက မည်သူဖြစ်မည်နည်း။

"နင်တို့အဖေသာ ··· အဲဒါ"

ကိုယ့်အမေထိတော့ မချိအောင်နာစိတ်နှင့် မြအဆင်းပြောချလိုက်သည်။

"ကြည့်စမ်း ··· မြအဆင်း၊ ကိုယ့်အစ်ကိုတွေကို နင်လို့ပြောရလား၊ ဒီလိုမရိုင်းရဘူးလို့ မေမေသင်ထားတယ်လေ"

မေမေ ဝင်ပြောပုံက ညှန့်နေသည်။ သည်တို့မှာအင်အားကြီးမားလှပါဘိ၊ သားအမိသုံးယောက်၊ မြအဆင်း

www.burmeseclassic.com

www.burmeseclassic.com





ကတစ်ယောက်တည်း၊ ပြီးတော့ ... ကလေးလေး။ ကလေးချင်းတူတူမှာ ဟိုနှစ်ယောက်က ကလေးကြီးတွေ၊ သူတို့အမေက လူကြီး။ ဒီကြားထဲ ရောမလူကြီးကြီးဖြစ်သော ဖေဖေကလည်း၊ အဲသည်ဘက်ပဲပါသည်။ မြအဆင်းရင်ဆိုင်ရသော စစ်မျက်နှာမှာ လူကြီးနှစ်ယောက်နှင့် ကလေးနှစ်ယောက်ရှိနေသည်။ မြအဆင်းကျတော့ ကလေးတစ်ယောက်တည်း။ ဝမ်းနည်းပက်လက် ငိုကြွေးတတ်သောအကျင့်ကို မြအဆင်း ရရှိပါတော့သည်။

"အလကားနေရင်း ငိုမနေရဘူး၊ အိမ်ပူတယ်၊ အမေ လုပ်တဲ့သူက အားနဲ့ခရီးထွက်ထွက်နေရတာ၊ နင်က အိမ်မှာ တငိုငို တရီရီလုပ်နေတော့ ကျက်သရေကိုမရှိဘူး"

နောက်တော့ ... မြအဆင်း ရှိုက်ငိုရသည်။

ဒုတိယမေမေနှင့် ကိုကိုနှစ်ယောက်တို့ ရောက်မလာခင်ကဆိုလျှင် မြအဆင်းဘဝမှာ မေမေမရှိ၍ လစ်ဟာနေရတာပဲရှိသည်။ မြအဆင်းကို လူကိုသော်လည်းကောင်း၊ စိတ်ကိုသော်လည်းကောင်း ဆင်းရဲဒုက္ခရောက်အောင် နှိပ်စက်မည့်သူမရှိပါ။ သူတို့ရောက်လာမှ မြအဆင်း လူရောစိတ်ပါ နှိပ်စက်ခံရသည်။ မေမေရှိစဉ်ကတည်းက အတူနေအလုပ်သမားတွေက မြအဆင်းကိုမှ မေးမိလျှင် ဒုတိယမေမေက မျက်စောင်းတထိုးထိုးနှင့်ရှိတတ်၏။

"ကိုယ့်အလုပ်ကိုယ်လုပ်၊ နေတတ်အောင်ကြည့်နေ၊ သူများကြား ဝင်မပါနဲ့၊ မစပ်စုနဲ့၊ သွေးမထိုးနဲ့၊ ပြောထားတဲ့ကြားကမှ ...

"တစ်ခုခုဆိုရင် အထုပ်ကိုအရင်ပြင်၊ ပြီးမှ မြှောက်ထိုးပင့်ကော်လုပ်ကြ"

ဒုတိယမေမေသည် မြအဆင်းနှင့်မပတ်သက်လျှင် အိမ်ဖော်တွေအပေါ်မှာ ဆိုးဝါးသောအိမ်ရှင်မမျိုး မဟုတ်ပါ။ ပေါင်းလို့သင်းလို့ ဆက်ဆံလို့ အဆင်ပြေသော အိမ်ရှင်မမျိုးဖြစ်သည်။ မြအဆင်းဘက်မှဖေးမလျှင်တော့ စစ်ကြေညာတတ်၏။ အိမ်ဖော်အလုပ်သမားတွေဆိုတာကလည်း နီးရာဓားကိုကြောက်ရသည်။ ငယ်သံယောဇဉ်နှင့် မြအဆင်းဘက်မှ နှစ်ခါသုံးခါလောက်ပါပေးပြီး ကိုယ့်အခြေအနေဟန်ပုံပေါ်တော့ မြအဆင်းဘက်မှာ လူမရှိချင်တော့။ ဒါဟာ လူ့သဘာဝပဲဖြစ်ကြောင်း မြအဆင်း ဘဝနှင့်ရင်း၍ရခဲ့သော သင်ခန်းစာတွေဖြစ်တော့သည်။

"ဘုရားဆွမ်းတော်ကပ်ပြီးတာနဲ့ လူထဲက အရင်ဆုံးနဲ့ အကောင်းဆုံးစားရတာ မြအဆင်းဖြစ်ပစေ" တဲ့။

ဟိုတုန်းက ဖေဖေချမှတ်ခဲ့သော အမိန့်တစ်ခုတော့ ပျက်ပျယ်ပြီ။

"ကိုကြီး ... ကိုလေး"

အသက်သုံးလေးဆယ် အလုပ်သမားတွေက မြအဆင်းထက်နည်းနည်းသာပိုကြီးသော ကလေးတွေကို နာမည်ခေါ်ခွင့်မရှိ။ မြအဆင်းခေါ်သကဲ့သို့ ကိုကိုကြီး၊ ကိုကိုလေး သို့မဟုတ် အလွယ်ခေါ်ချင်လျှင် ကိုကြီး၊ ကိုလေး ခေါ်ရသည်။ အရင်ဆုံးနှင့်အကောင်းဆုံးအခွင့်အရေးက ရွှေ

www.burmeseclassic.com

www.burmeseclassic.com



လျော့သွားသည်။ မြအဆင်းက နောက်ဆုံးအဆင့်သို့ရောက်လျက် အိမ်ဖော်တွေနှင့်မှ တူတူစားရသည်။ အိမ်ကြီးရှင်တွေကိုယ်တိုင်က ပစ်စလက်ခတ်ဖြစ်သောကလေးကို ကြာလာတော့ အိမ်ဖော်တွေကပါ ရောနှော ပစ်စလက်ခတ်ဖြစ်ကာ မြအဆင်းမှာ စားချိန်တောင်မမှန်တော့။

ခရီးထွက်များသော ဖေဖေကြောင့် မြအဆင်းက ဒုတိယမေမေ၊ ကိုကိုကြီး၊ ကိုကိုလေးနှင့် အိမ်ဖော်တွေလက်ထဲမှာ သူတို့လက်ခုပ်ထဲမှရေဖြစ်လျက်၊ သူတို့သွန်တာလည်းခံရသည်။ သူတို့မှောက်ပစ်လည်း ခံရသည်။ အရင်တုန်းကတော့ ဖေဖေ ခရီးထွက်လည်း အိမ်ဖော်တွေကြားမှာ မြအဆင်းက ဘုရင်ပဲဖြစ်၏။ ပစ်စလက်ခတ်မလုပ်ဝံ့ကြပါ။ ဖေဖေပြန်လာလို့ မြအဆင်းက ပြန်တိုင်လျှင် သူတို့ အလုပ်ပြုတ်မည်။ လခကောင်းကောင်းပေး၍ တခြားအိမ်တွေထက် အခွင့်အရေးတွေပိုပါ ပိုပေးထားခဲ့တာဟာ မြအဆင်းကို ဂရုစိုက်ဖို့ဖြစ်ခဲ့ပါလျက်၊ ခုတော့ ... သည်အလုပ်မှ အပြုတ်မခံနိုင်လို့ကို မြအဆင်းကို လျစ်လျူရှုကြရတော့သည်။

မြအဆင်းသည် ငေးမှိုင်ကြုံလှီလျက် ကိုယ်ရည်ကိုယ်သွေးကစလို့ မှိန်ဖျော့လာခဲ့ရတော့သည်။

"သူများမိသားစုကြားထဲ မဝင်ချင်တာ အမှန်ပဲ ကိုထွန်းကျော်၊ ဝင်လည်းမဝင်သင့်ဘူး၊ ဒါပေမယ့် ...



ကျွန်မတို့အဖြစ်က ကြည့်နေရင်လည်း မတရားဘူး၊
"ကြာဝင်ပြန်တော့လည်း အခုန်းခံရဦးမယ်၊ သွားလေသူရဲ့မျက်နှာကိုထောက်ထားပြီး ပြောမပြီး မတီးမပြည်ဖြစ်နေရပြီရှင်"

နှင်းပွင့်ဖြူ၏မေမေက တစ်နေ့မှာ ဖေဖေ့ကိုပြောဖြစ်အောင်ပြောတော့သည်။ စင်စစ် ... မြအဆင်း စိတ်ရှုပ်နောက်ကျိခဲ့ရသော ကိုကိုနှစ်ယောက်က တယ်တင်ရှင်တည်း။ နှင်းပွင့်ဖြူနှင့်အတူ သူတို့မောင်နှမသုံးယောက်က မြအဆင်းအိမ်သို့ လာမြဲတိုင်းလာ၊ ဝင်မြဲတိုင်းဝင်၊ ထွက်မြဲတိုင်းထွက်၊ ခါတိုင်းလိုပဲ မီးဖိုထဲဝင်နှိုက်စား၊ ရေခဲသေတ္တာနှိုက်စား၊ မြအဆင်းကိုစ၊ မြအဆင်းပစ္စည်းတွေ ဖျက်ဆီး ... လာလုပ်ရင်းက မြအဆင်းဘဝကို သိသွားကြရသည့်ကျေးဇူးရှင်တွေပါ။

သူတို့မှတစ်ဆင့် သူတို့မိဘတွေဆီရောက်၊ တစ်ခါကနှစ်ခါ၊ နှစ်ခါကဆယ်ခါ၊ ကြိမ်ဖန်များလာသည့်အခါမှာ လူကြီးတွေက မနေနိုင်စွာ မသိမသာလေးလား၊ စီးခေါက်ရင်းမှ မြအဆင်း၏အဖြစ်အမှန်ကို ရင်ကွဲပက်လက် သိခွင့်ရသွားတော့ခြင်းဖြစ်လေ၏။

"သူတို့အဖေနဲ့ ကျွန်မ အကြိမ်ကြိမ်တိုင်ပင်သေးတယ်"

ဒေါ်မြမြဖြူက သူ့ခင်ပွန်းကို စကားထဲထည့်ပြောလျှင် သူတို့အဖေဟု ပြောလေ့ရှိသည်။ မြအဆင်းဖေဖေ ဦးထွန်းကျော်က လှုခင်ချင်းမို့ ...

"ဘယ်သူတို့ရဲ့အဖေလဲ၊ နာမည်ဘယ်သူလဲ၊ ရှင်းရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောဗျာ"

ဟု ပြန်နောက်ခဲ့ဖူးပါသည်။ ဒီတစ်ကြိမ်မှာတော့ ဦးထွန်းကျော်က စိတ်ဝင်စားရလွန်းသည်မို့ ပြန်လည်နောက်ပြောင်ဖို့ သတိမရနိုင်ပါ။

"ကိုထွန်းကျော်ကို ပြောသင့်မပြောသင့်ပေါ့"

"ဖြစ်နိုင်ရင်တော့ မပြောချင်ဘူးပေါ့ဗျာ၊ ဒါ ... ပြောလို့ကောင်းတဲ့စကားမှ မဟုတ်တာ၊ မြအဆင်းလေးကို သနားလွန်းလို့ မနေနိုင်လွန်းလို့သာ ပြောရမှာ၊ တော်ရုံနဲ့မပြောဘူးဆိုတာ ခင်ဗျားနားလည်ပေးပါ ...

"ပြီးတော့ ... ဒီစကားတွေကို မဟုတ်မမှန်အဲ ၊ ဝါသနာအလျောက် လီစယ်ပြောဆိုလောက်အောင်လည်း ကျွန်တော်တို့လင်မယား အောက်တန်းမကျဘူးဗျာ"

"ဟာ ... ကိုဝင်းမောင်၊ ကျွန်တော် ဒီလိုသဘောမထားပါဘူး"

"ကျွန်တော်တို့အကျိုးလည်း တစ်ပြားဖိုးမှမပါဘူး"

"ဟုတ်ကဲ့ပါ၊ ကျွန်တော် သိသင့်တယ်ထင်ရင်ပြောသာပြောပါဗျာ၊ စေတနာကို နားလည်ပြီးသားပါ၊ အထင်လွဲရမယ့်လူတွေမဟုတ်ပါဘူး"

ဦးထွန်းကျော်ရင်ထဲမှာ တော်တော်စိတ်ပူစပြုသည်။

"မြအဆင်းကလေးကိုများ သေသေချာချာပြန်ကြည့်ပါဦး ကိုထွန်းကျော်ရဲ့"

"စရိုးကပြန်လာရင် မိန်းမမျက်နှာပဲကြည့်ပြီး မယား





ပါသားတွေချည်း မျက်နှာလုပ် ဖူးဖူးမှုတ်မနေပါနဲ့"

ဆိုသောစကားကို တစ်ဆက်တည်းပြောချင်လွန်းလို့ အသည်းယားလှပါသည်။ မထောင်းတတ်လွန်း၍ ချုန်ရစ်ရသည်။

"မြအဆင်းကလေးဟာ ရှုံ့အဆင်းဖြစ်နေပြီ"

"ခင်ဗျာ"

"ခများ ပိန်သွားလိုက်တာ၊ ကလေးတစ်ကိုယ်လုံး ညှိုးမှိန်ဖျော့နေပြီ ကိုထွန်းကျော်။ စားကောင်းခြင်းမစားရ၊ အဝတ်အခေါက်အရိုက်အနှက်နဲ့ အနိုင်ကျင့်တာတွေခံရ"

"ဗျာ ... ဒီလောက်တောင်ပဲလား မြမြရဲ့"

"ဒီထက်ပိုဦးမယ်၊ သစ္စာရှိလှယုံဆိုတဲ့ အိမ်ဖော်တွေလည်း နှိပ်စက်ရာမှာမကြောက်ရတော့ သစ္စာမရှိနိုင်တော့ဘူး၊ ချော့မော့မေးရင်တော့ ဒီအိမ်မှာ ကိုထွန်းကျော်အစိကဆိုတာ ခိုင်လုံနေသေးရင်တော့ အိမ်ဖော်တွေက ပြောကောင်းပြောမယ်"

"ကျွန်တော့်အိမ်မှာ ကျွန်တော်က တစ်အိမ်သားလုံးကို လုပ်ကျွေးနေတာ၊ ကျွန်တော်အစိကပေါ့ဗျာ"

"အိမ်ဖော်တွေကို အလုပ်ထုတ်ခြင်း၊ ဆက်ခန့်ထားခြင်းဆိုတာကို ဘယ်သူကလုပ်နိုင်တာလဲ"

"ကျွန်တော်ပေါ့"

"အဲဒါကို သေချာအောင်ပြောနိုင်ရင် အိမ်ဖော်တွေကဖော်ပါလိမ့်မယ်၊ ကျွန်မတို့ကတော့ အသေးစိတ်ပြောဖို့ သင့်လည်းမသင့်တော်ဘူး၊ ပြီးတော့ ... သေးက

www.burmeseclassic.com



မြင်ရတာ၊ သူတို့ကပိုသိမယ်၊ တစ်ယောက်ချင်းစီ မေးကြည့်ပေါ့"

"မြင်မှဖြစ်ရလေဗျာ၊ သမီးလေးကလည်း ဘာမှပြန်မပြောဘူး"

"ပြောတုန်းက ပြောသင့်သလောက် ပြောခဲ့ဖူးတာ၊ အရာမထင်ဘူးဆို"

ဦးထွန်းကျော် မျက်နှာကွက်ခနဲပျက်၏။

"ဆောရီး ကိုထွန်းကျော်၊ ကျွန်တော်ဝေဖန်တာ များသွားတယ်၊ ကရုဏာဒေါသနဲ့မို့ပါဗျာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော်တောင်းပန်ပါတယ်"

ဦးဝင်းမောင်က မျက်နှာကို အပြုံးပျော့ပျော့ ထား၍ တောင်းပန်၏။

"ဟာ ... ရပါတယ် ကိုဝင်းမောင်၊ ကျွန်တော်က ကျေးဇူးတင်နေတာပါ၊ ကျွန်တော် မျက်နှာပျက်မိတယ်ဆိုရင်လည်း ဒါ ... ရှက်လို့ဖြစ်ပါလိမ့်မယ်၊ ကျွန်တော် ပေါ့လျော့တယ်ဗျာ"

"ကျွန်တော်တို့က မြအဆင်းကလေးအတွက် ဝင်ပြီး မားခုတ်ရာလက်လျှို အမှန်းခံကြတာပါ"

"နားလည်ပါတယ် ကိုဝင်းမောင်၊ ကျေးဇူးတင်တယ်"

"ကျွန်မတို့အကျိုးလည်း မရှိပါဘူး"

"ဟုတ်ပါတယ် မြမြဖြူ"

"လီစယ်ပြောဆိုတာလည်း တစ်ခွန်းမှမပါပါဘူးရှင်"

"ယုံပါတယ်ဗျာ"



"ကလေးဟာ တမှိုင်မှိုင်တတွေတွေနဲ့ ကြာရင် စိတ်ပိုင်းဆိုင်ရာမှာ ထိခိုက်သွားနိုင်တယ်"

"ဟုတ်ပါတယ်"

"ခင်ဗျားလည်း ပညာရှိတစ်ယောက်ပဲ၊ ဝုန်းဒိုင်းဆိုပြီး ဇာတ်ကြမ်းနဲ့တော့မစင်နဲ့ပေါ့၊ ဒီကိစ္စမျိုးက ညင်သာရတယ်၊ ပြီးတော့ ... ခင်ဗျားက ခြံတွေဆီ ခဏခဏ သွားရတော့ ကလေးက သူတို့နဲ့နေရတာ၊ ခင်ဗျား အကိုင်အတွယ်လိမ္မာဖို့ အရမ်းလိုတယ်"

"ဟုတ်ပါပြီ"

"ပြောလက်စနဲ့ မထူးတော့ဘူးဗျာ၊ ဆက်ပြောဦးမယ်၊ ကာယကံရှင်ဆိုတာ မျက်စိရှမ်းတတ်တယ်၊ ဒါမျိုးက ဘေးလူမှ သွေးအေးတာ"

"ဟုတ်ပါတယ်၊ ပြောပါ"

"လူဆိုတာ သခါရမျိုးဗျ၊ တွေးသောလက်မဆန့်ခင်၊ ဆန့်သောလက် မကွေးခင်ဆိုတာ ခင်ဗျားလည်း ကြားဖူးပါတယ်"

"ဟုတ်ကဲ့"

"ပိုင်ဆိုင်ခွင့်တွေဘာတွေလည်း ခင်ဗျား သတ်သတ်မှတ်မှတ်ကလေးလုပ်ထားသင့်တယ်၊ ရှေ့နေရှေ့ရပ်နဲ့ တရားဝင်ပေါ့"

"ဟုတ်တယ်"

"ခုအတိုင်းဆို ခင်ဗျားတစ်ခုခုဆိုရင်တောင် ကလေးက လက်မဲ့၊ ဘာမှလည်း နားမလည်သေးဘူး၊ ခင်

www.burmeseclassic.com

www.burmeseclassic.com



မြာမှာ ဆွေမျိုးသားချင်းထဲက လူကြီးသူမလည်းရှိ တာမဟုတ်ဘူး၊ ကျွန်တော်တို့ကလည်း တစိမ်းတွေ"

"ဟုတ်တာပဲ"

"အားနာတယ် ကိုထွန်းကျော်၊ ကျွန်တော်ပြောသမျှ ခင်ဗျားက ဟုတ်ပါတယ်ချည်းထိုင်ပြောနေတော့ မျက်နှာပူလာပြီ"

"ကျေးဇူးတင်တယ် ကိုဝင်းမောင်၊ တကယ်ပြောတာ၊ ကျွန်တော် အမှေ့မှေ့အလျော့လျော့ဖြစ်နေတာတွေ ခင်ဗျားသတိပေးတာ"

"ကလေးကိစ္စက ကျွန်တော်ပြောသလောက်နဲ့ ယုံကြည် ကျေနပ်မပစ်လိုက်နဲ့ဗျ၊ အလုပ်သမားတွေကို သေသေချာချာမေးပါ"

"မေးမှာပါ"

"ပြီးရင် ··· ကလေးအတွက် အကောင်းဆုံးဖြစ်အောင် ဘယ်လိုစီစဉ်မလဲဆိုတာ အရင်စဉ်းစားထားဖို့လည်း လိုတယ်"

"ဒီလိုလုပ်မယ်ဗျာ၊ တတ်နိုင်သလောက် ခရီးမထွက် ရဖို့စီစဉ်မယ်၊ သမီးလေးကိုလည်း ကျွန်တော် ဂရုစိုက်ပါ့မယ်၊ မတတ်သာလို့ ခရီးထွက်ရပြီဆိုရင် ခင်ဗျားတို့အိမ်မှာ အပ်ခဲ့မယ်၊ ဖြစ်မလား"

"ဖြစ်တာပေါ့ဖြစ်တယ်၊ ခင်ဗျားမိန်းမက ဘာပြောမလဲ၊ သူ့စိတ်မချလို့ မယုံလို့ တစိမ်းအိမ်မှာအပ်ခဲ့တယ်ဆိုတော့ ခင်ဗျားတို့ချင်း စစ်ကြေညာသလိုဖြစ်ပြီ"



"ကြေညာသင့်ရင် ကြေညာရမှာပဲ"

"ခုနေ ··· ခွဲခြမ်းစိတ်ဖြာရရင်လည်း ခင်ဗျားပစ္စည်း တစ်ဝက်ချိုင့်ပြီ"

"ပစ္စည်းတစ်ဝက်ချိုင့်တာ နေပြော်ပြီး သမီးလေးဒုက္ခ ရောက်မယ့်ဓာတ်တော့ ဆက်မကနိုင်ဘူးဗျာ"

"ခေါင်းအေးအေးနဲ့ စဉ်းစားပါဦး"

"ကျွန်တော့်ဘက်က ကျွန်တော့်ဓာတ်ကို ကျွန်တော် ကြည့်စီစဉ်မယ်ဗျာ၊ အကူအညီလိုရင်သာ ခင်ဗျားတို့က သမီးလေးကိုစောင့်ရှောက်ပါ"

"ဒါ ပြောရမယ့်လူတွေမဟုတ်ပါဘူး"

"ကျွန်တော် ··· အိမ်မှာ မေးလားမြန်းလားလုပ်ပြီဆို တဲ့နောက်ပိုင်း ··· ကျွန်တော်ခရီးထွက်ရင် ကျန်ရစ်ခဲ့ ရမယ့်သမီးလေး ပိုဆိုးမှာပေါ့၊ ဘာပဲဖြစ်ဖြစ် ··· ကောင်းချင်ကောင်း၊ မကောင်းရင်နေ ···

"မဖြစ်မနေ လိုအပ်လို့ခရီးထွက်ရရင်တော့ ခင်ဗျားတို့ က သမီးလေးကို လက်ခံပေးပါ"

"ဒီလိုရှိတယ် ကိုထွန်းကျော်ရေ၊ ရှင်က ခရီးထွက်လို့ ကျွန်မတို့ မြအဆင်းကိုခေါ်သွားတယ်ဆိုတာနဲ့ ရှင့် မိန်းမနဲ့ ကျွန်မတို့အိမ်တော့ ရန်သူဖြစ်ပြီ"

"ဒါလည်းဟုတ်တာပဲ"

"ရန်သူဖြစ်လည်း ဖြစ်ပါစေ၊ ကျွန်မတို့က မြအဆင်း မျက်နှာပဲကြည့်ပြီး လက်ခံရမှာပဲ"

"ကျေးဇူးတင်တယ်ဗျာ၊ တကယ်ပြောတာပါ၊ ခင်ရာ

www.burmeseclassic.com

www.burmeseclassic.com



[illegible] ခင်ဗျားတို့မိသားစုပါပဲ၊ ကျွန်တော့်မှာတော့ ဒီမှာနေလို့သာနေရ … ဆွေမျိုးရင်းချာလည်း ရှိတာမဟုတ်ဘူး၊ ဘယ်မှာမှလည်းမရှိပါဘူးဗျာ …

"ကျွန်တော်က တစ်ဦးတည်းသောသား၊ ကျွန်တော့် အဖေက တစ်ဦးတည်းသောသား၊ ကျွန်တော့်အမေက မြစ်ဝကျွန်းပေါ်သူ၊ ဆွေမျိုးတွေက မြစ်ဝကျွန်းပေါ်မှာ ပဲရှိတယ် …

"သမီးလေးလည်း တစ်ယောက်တည်းဖြစ်နေတော့ … ကျွန်တော် နောက်အိမ်ထောင်ပြုတဲ့ထဲမှာ မိသားစုများ ချင်တာလည်းပါတယ်ဗျာ၊ ဒါ … အမှန်စကားပါ၊ ယောကျ်ားဆိုတော့လည်း မစေ့စပ်တာက မစေ့စပ်တာ တစ်မိုင်းပါ …

"ကျွန်တော် … မိန်းမထပ်ယူပြီး၊ ဒီ မိန်းမစိတ်မှန်ပြီး မိခင်မဲ့သမီးလေးကို ပစ်စလက်ခတ်လုပ်မယ့်အဖေမျိုး မဟုတ်ပါဘူး"

"အိမ်မှာ ခင်ဗျား အရင်မိန်းမဘက်ကဆွေမျိုးသားချင်း လေးဘာလေး ရှိသင့်တယ်ဗျ၊ ပြောသာပြောရ … ရှိလည်း တည့်မှာမဟုတ်ဘူး"

"ကျွန်တော့်မိန်းမကို ကျွန်တော့်အမေကိုယ်တိုင် သွားဒေသ မြစ်ဝကျွန်းပေါ်ပြန်ပြီး စိတ်တိုင်းကျရွေးလာတာ၊ ကျွန်တော်က အမေပေးစားတဲ့မိန်းမကိုယူခဲ့တာ ကောင်းဗျ"

"အော်"



"မြအဆင်းအမေဘက်က ဆွေမျိုးတွေဆိုလည်း အောက် မြန်မာပြည် မြစ်ဝကျွန်းပေါ်မှာပဲရှိတယ်၊ ဒီမှာလာနေ ဖို့ဆိုတာက မြအဆင်းအမေရှိသေးရင်လည်း တစ်မျိုး ပေါ့၊ မရှိတော့တဲ့နဲ့ ဘယ်သူလာနေချင်ပါ့မလဲ"

"ဒါလည်း ဟုတ်တာပဲ"

"ကိုထွန်းကျော်ရေ … ပြောမယ့်သာပြောနေရတယ်၊ ကျွန်မတို့လည်း ခေါ်လှုပ်လှုပ်ရယ်"

"ခင်ဗျာ … ဘယ်လိုခပ်လှုပ်လှုပ်လဲ"

"ကျွန်မက … ရန်ကုန်သူလေ၊ သူတို့အဖေက အဲကို (Economics ဘောဂဗေဒဘာသာရပ်) ယူလို့ ရန်ကုန် ဘောဂဗေဒ တက္ကသိုလ်မှာတွေ့ကြတာ၊ ဒီမှာ လုပ် ငန်းကိုင်ငန်းက သိပ်အဆင်မပြေလှဘူးရှင် …

"ရန်ကုန်မှာတော့ ကျွန်မမိဘတွေနဲ့ဆိုရင် လုပ်စား စရာအလုပ်တွေမှ အများကြီးရယ်၊ မေမေက ရန်ကုန် ဆင်းခဲ့ကြဖို့ ခေါ်နေတာကြာပြီ၊ ဆုံးဖြတ်ချက်မကျ သေးလို့ နေနေတာ"

"မလုပ်လိုက်ကြပါနဲ့ဦးဗျာ၊ သမီးကလေးအတွက် ကျွန် တော်စီစဉ်စရာရှိတာတွေ စီစဉ်ပါရစေဦး"

"ထည့်လိုက်ပေါ့ရှင်၊ အပြီးမွေးစားပါ့မယ်"

စကားတွေအများကြီးပြောပြီး ဦးထွန်းကျော် အိမ် ပြန်လာခဲ့သည်။ အိမ်ထဲသို့ အေးအေးဆေးဆေး ဝင်ခဲ့သည်။ ထမင်းစားခန်းမှာ မိန်းမနှင့်သားနှစ်ယောက် ထမင်းစားနေ ကြသည်။ ဦးဝင်းမောင်တို့အိမ်သို့သွားလျှင် [illegible]ရင်းသောက်

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ ယမကာလေးတစ်တွေတွေနှင့် အချိန်ကြာတတ်တာရယ်၊ ညစာမစားတော့ဘဲ အဲဒီအိမ်မှာတင်စားလာခဲ့တတ်တာရယ်ကြောင့် ဦးထွန်းကျော်ကို မစောင့်တော့ဘဲ သားအမိသုံးယောက် ထမင်းစားနေကြခြင်းဖြစ်သည်။ ဒီအချိန်ပြန်ရောက်မည် မထင်သည့်မို့လည်း အငိုက်မိရ၏။ ထမင်းဝိုင်းတွင် မြအဆင်းမပါဘူး မဟုတ်လား။

ဦးထွန်းကျော်က ဦးဝင်းမောင်ဖိတ်လို့ သွားခဲ့တာပေမယ့် … ဦးဝင်းမောင်က …

"ကျွန်တော် ပြောစရာတွေရှိလို့၊ အဲဒီစကားတွေကိုလည်း အရက်မသောက်ဘဲပြောချင်လို့"

ဟု နှိဒါန်းချီလျက် ကော်ဖီတစ်ခွက်ပဲတိုက်လွှတ်လိုက်သည်။ ဦးထွန်းကျော် တော်တော်ဆာနေပြီ။ ထမင်းဝိုင်းကိုမြင်တော့ ဗိုဆာ၏။ ထမင်းဝိုင်းမှာ သမီးလေးကို မတွေ့သည်မို့ ခေါ်သက် ထောင်းခနဲထသည်။

"ကိုထွန်း … စောသားပဲ"

မယဉ်မေ စားလက်စကိုရပ်၍ ထ,လာသည်။ ဦးထွန်းကျော်က ဘာမှပြန်မပြောခဲ့ဘဲ သမီးလေးအခန်းဆီသို့ သွား၏။ သမီးလေး … ခုတင်ပေါ်မှာ ခွေခွေလေးလှဲနေသည်။

"သမီးလေး … မြအဆင်း"

အသားရောင်ကလေး ဖြူပုံက စိမ်းဖန့်ဖန့်နှင့် ကြာသပတေးသမီးလေးမို့ သူ့အမေကိုယ်တိုင် "မြအဆင်း" ဟု မှည့်ခဲ့သည်။ ခုတော့ … မြအဆင်းကလေးဟာ မြမြ



ဖြူပြောသလို တကယ်ပဲ ညှိုးမှိုင်မှိန်ဖျော့ နွမ်းဖတ်ကာ "ရွှံ့အဆင်း" ကလေး ဖြစ်နေရှာ၏။ ဦးထွန်းကျော် သမီးကို ကျိုးမွေ့သည်။ ပါးချင်းကပ်၏။ ကိုယ့်သမီးလေး ပိန်သွားတာကိုမှ သတိမထားမိခဲ့။ ကိုယ်တို့ယောက်ျားဆိုသော အမျိုးအစားတွေဟာ စီးပွားရှာတတ်တာရယ်၊ သတ္တိကောင်းတာရယ်၊ ခွန်အားကြီးတာရယ်မှလွဲ၍ အိမ်ထောင်တစ်ခု၊ မိသားစုတစ်ခုမှာ မိန်းမသားနှင့်ယှဉ်လျှင် ဘာမျှအသုံးမကျသော အလကားကောင်တွေပဲပဲဟု နာကျင်စွာ တွေးမိလေ၏။

"ဟော … သမီးလေးနိုးပြီလား၊ မေမေတို့တောင်မိုက်ဆာလို့ စားနှင့်ပြီ၊ သမီး ကျောင်းကပြန်လာတာ အိပ်ရှာပါစေလို့ မနှိုးတာ၊ သမီးက ကျောင်းမှာ တော်တော်ဆော့ခဲ့ပုံရတယ်၊ အိပ်ရာထဲတန်းဝင်တာပဲ၊ ကိုထွန်းရော … ဟိုအိမ်ကစားခဲ့ပြီလား"

"မစားခဲ့ရသေးဘူး၊ ကိုယ်နဲ့ သမီးနဲ့ ထမင်းစားမယ်"

"ရတယ် … ရတယ် … အဆင်သင့်ပဲ"

မယဉ်မေ မျက်စိမျက်နှာပျက်လေ၏။

ဦးထွန်းကျော်က ဟိုအိမ်မှာစားခဲ့မည်။ မြအဆင်းမစားရသေးတာ စာရင်းထဲထည့်စရာမလို၊ အိမ်ဖော်ဆိုတာလည်း ကျန်သလောက်နှင့်စားပစေ၊ သူတို့ စားချင်လို့ မီးဖိုထဲမှာ ခိုးဝှက်ထည့်ထားတာတွေတောင် ရှိနိုင်သေး၊ ကိုယ်က သိက္ခာကျခံပြီး မီးဖိုထဲဝင်ကြည့်ချင်တာမှမဟုတ်ဘဲ၊ သူတို့ဗိုက်တော့ သူတို့ဖြည့်တတ်မှာဆိုတော့ စားပွဲပေါ်ရောက်လာသမျှသော ဟင်းကောင်းကျွေးကောင်းတွေ သားတွေကို

www.burmeseclassic.com

www.burmeseclassic.com



စား ••• စားနှင့် ကျွေးပစ်လိုက်တာ၊ ဦးထွန်းကျော်အတွက် လှလှပပ အာယ်ကျန်တော့မှာလဲ။ ဒုက္ခပဲ။

"ကိုထွန်းရေ ••• ခဏလေးစောင့်ပါလား၊ ကိုထွန်းက ဟိုအိမ်မှာသွားစားမယ်ဆိုတော့ ယဉ်တို့သားအမိတွေ ဒီနေ့ညက ဟင်းမကောင်းဘူး၊ ယဉ် ချက်ချင်းစီစဉ်ပေးမယ်၊ ခဏလေး ••• ခဏလေး"

မယဉ်မေက ထမင်းစားခန်းသို့ ချက်ချင်းပြေးသည်။ ဦးထွန်းကျော်က သမီးကိုပွေ့ချီ၍ ထက်ကြွပ်လိုက်၏။ ထမင်းစားစားပွဲကို လှေ့လာသည်။ ဟင်းတွေက အသားဟင်းချည်း သုံးလေးမျိုး၊ ကုန်ကာနီး စားလက်စ၊ ဟင်းပွဲအသစ်ပြင်လို့ မလှမပ၊ စားကြွင်းစားကျန်တွေဖြစ်နေသည်။ ဖြစ်သလိုစားထားထားမဟုတ်ကြောင်း စားလက်စပန်းကန်တွေက ဖော်ပြနေ၏။ ကိုထွန်းကျော်တို့သားအဖကို ကျွေးဖို့မကျန်တော့တာသာဖြစ်ကြောင်း သိသာ၏။ ခုချိန်ထိ အဖေ့ပခုံးပေါ်မှာ ငြိမ်နေသော သမီးလေးဟာ ထမင်းဆာရှာလွန်းလို့ မလှုပ်နိုင်တော့တာဖြစ်နိုင်သည်။ ကျောင်းမှာ အဆော့လွန်ပြီးမောပန်းနေတာ မဖြစ်နိုင်ချေ။

"ဆာပြီလား သမီး"

"ဟုတ်ကဲ့"

ဦးထွန်းကျော် ရင်ထဲ နှင့်ခနဲဖြစ်သွားရသည်။ သမီးကလေး မြအဆင်း၊ ဒုက္ခရောက်လိုက်တာ သမီးလေးရယ်၊ မေမေ့အပြစ်တွေချည်းပါပဲ၊ မေမေသာ ပြန်မလာခဲ့ရင် သမီးလေးဟာ ဒီ စားကြွင်းစားကျန်တွေနဲ့ တင်းတိမ်ရတော့



မယ်၊ တကယ်တော့ အဲဒီဟင်းတွေဖြစ်ပေါ်လာဖို့ ငွေကြေးကိုရှာဖွေတာက မေမေ၊ မေမေ့သမီးလေးက အငတ်ငတ်အမွတ်ပြတ်၊ မေမေနဲ့ သွေးသားမတော်စပ်တဲ့ တစိမ်းတွေကျတော့ အလျှံပယ်၊ အော် ••• ဖြစ်မှဖြစ်ရလေ သမီးလေးရယ်၊ မေမေ မိုက်လိုက်တာ၊ မေမေ့ရင်ထဲ မချိတော့ပါဘူး။

ဦးထွန်းကျော်က မြအဆင်းကို ပေါင်ပေါ်မှာချိထားသည်။ မယဉ်မေက ပျာယာခပ်နေ၏။ မီးဖိုအောက်သို့ဝင်၍ ပြေးလွှားစီမံနေသည်။

"ယဉ် ••• ရတယ်၊ ကိုယ်တို့သားအဖအတွက် ကြက်ဥနှစ်လုံးစီပဲ ကြော်လိုက်၊ ယဉ် ကြော်လိုက်ပါ၊ နောက်ဖေးကအုပ်ကို ဒီလွှတ်လိုက်၊ ကိုယ် ပြောစရာရှိတယ်"

"ယဉ် လုပ်ပေးပါ့မယ် ကိုထွန်း"

ဤအိမ်တွင် မီးဖိုချောင်အလုပ်သမား၊ အိမ်ရှေ့အလုပ်သမား၊ ခြံထဲအလုပ်သမား၊ စုစုပေါင်းလေးယောက်ရှိသည်။ လေးယောက်မှာ မိန်းမသုံးယောက်၊ ယောကျ်ားတစ်ယောက်၊ အားလုံး မြအဆင်းမိခင်လက်ထက်ကတည်းက နေလာကြသူတွေချည်း။ အလုပ်သမားလေးယောက်က ဦးထွန်းကျော်နားမှာ ရပ်လာကြသည်။ လက်ကလေးတွေ နောက်ပစ်ထား၏။

"မင်းတို့ ထမင်းစားပြီးကြပြီလား"

"ဟုတ် ••• ဟုတ်ကဲ့"

အော် ••• သူတို့တွေလည်း စားပြီးကြပြီတဲ့။ တစ်အိမ်လုံးမှာ မစားရသေးတာ (ဦးထွန်းကျော်က ဟိုဘက်

www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာစားခဲ့မည်ဟုတွက်လျှင်) သမီးကလေး မြအဆင်းတစ်ယောက်တည်းဝါလား။

ဖြစ်မှဖြစ်ရလေ။

"မင်းတို့တွေ ဒီအိမ်မှာနေရတာ အဆင်ပြေကြရဲ့လား"

မယဉ်မေက မျက်လုံးပြူးလျက် ကြက်ဥလေးလုံးကို မြေးသွားကြောင်း နားစွင့်နေရသည်။ သားနှစ်ယောက်က ခုမှ ထမင်းကို လက်စသတ်စားပြီး လက်ထဆေးကြ၏။

"ပြေပါတယ် ဆရာ"

"လခ ဘာညာ၊ အစားအသောက်အားလုံး ကျေနပ်ကြရဲ့လား"

"ကျေနပ်ပါတယ် ဆရာ"

အလုပ်သမားတွေလည်း မဖြစ်စဖူးမို့ နည်းနည်းပါးပါး လန့်ဖြန့်ကုန်ကြသည်။

"ဒီမှာ ဆက်အလုပ်လုပ်ဖို့နဲ့ အလုပ်ထွက်ဖို့ဆိုရင် ဘယ်ဟာဖိုကြိုက်လဲ၊ တစ်ယောက်စီဖြေ"

ဦးထွန်းကျော်က တစ်ယောက်ချင်း လက်ညှိုးထိုးသည်။

"မကြောက်နဲ့၊ အမှန်အတိုင်းဖြေ"

အားလုံးက အလုပ်ဆက်လုပ်လိုကြပါသည်ဟု ဖြေ၏။

"အလုပ်ဆက်လုပ်ချင်တယ်ဆိုရင် ငါမေးမယ့်မေးခွန်းတွေကို မင်းတို့ မှန်မှန်ဖြေရမယ်၊ ညာတဲ့သူကို အလုပ်ထုတ်မယ်၊ မင်းတို့ညာပြောလား အမှန်ပြောလား ဆိုတာလည်း ငါသိနိုင်တာပဲ ...



"အမှန်အတိုင်းဖြေဖို့အတွက် ဘယ်သူမှ မကြောက်နဲ့၊ ဘယ်သူ့ကိုမှမကြောက်နဲ့၊ မင်းတို့ ဒီအိမ်မှာကြောက်ရမှာ ငါပဲ၊ ဟုတ်ပြီလား"

အားလုံးက "ဟုတ်ကဲ့" ဟု သံပြိုင်ဆို၏။

"ငါ့သမီးလေး မြအဆင်းဟာ ဒီလိုပဲ နေ့ရှိသရွေ့ စားရမဲ့မဲ့သောက်ရမဲ့မဲ့နဲ့ ဒုက္ခရောက်နေသလား၊ အမှန်အတိုင်းပြောတာ ငါကြားချင်တယ်၊ တစ်ယောက်စီဖြေ"

မယဉ်မေ မျက်လုံးတွေပြူးထွက်တုန်၏။ အလုပ်သမားတွေက ခေါင်းညိတ်သည်။ အလိုက်ကန်းဆိုးမသိသော မယားပါသားတွေက ဆော့နေသည်။ မြအဆင်းတစကားမပြောပါ။ ဦးထွန်းကျော်က စီးကျလုနီးပါး မျက်ရည်စတွေကို ရှက်ဒေါသဖြင့် မျိုသိပ်ရင်း သမီးလေးကို ကျစ်ကျစ်ဖက်ထားသည်။

ထိုညမှစ၍ ဦးထွန်းကျော် ... မြအဆင်းအခန်းသို့ ပြောင်းသည်။ သားအဖနှစ်ယောက် တူတူအိပ်ဖြစ်လေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

# ၅

မြအဆင်း ဟိုတုန်းကဘဝလေးကို မြန်ရသည်။ မေမေနှင့် ပျော်ပျော်ရွှင်ရွှင်နေရ၏။ ဖေဖေနှင့် တူတူအိပ်တော့ မေမေက ပုံပြော၍သိပ်သည်။ မနက်အိပ်ရာထမှာ မေမေက မွှေးချို၍နှိုးသည်။ ဖေဖေနှင့်တူတူ နံနက်စာစားသည်။ ကျောင်းသို့ ဖေဖေ လိုက်ပို့သည်။ ဖေဖေနှင့် မနက်စာ ညစာ တူတူစားသည်။ မြအဆင်းကို ဖေဖေက စားအတူသွားအတူ နေပေးမယ့် ဒုတိယမေမေနှင့်သားနှစ်ယောက်ကိုလည်း ပစ်ပယ်ခြင်းမပြုပါ။ ချိုချိုသာသာပြောဆို၍ အရေးပေးဆက်ဆံပါသည်။

"ကိုထွန်း ... မြအဆင်းနဲ့ပတ်သက်ပြီး ယဥ်အပေါ် မကျေနပ်တာများရှိသလား၊ တစ်ယောက်ယောက်က တစ်ခုခုများကုန်းတိုက်ထားရင် ယဥ် ဖြေရှင်းပါရစေ"

ဦးထွန်းကျော်က ပြုံး၍ခေါင်းခါ၏။

"မရှိပါဘူး၊ ကုန်းတိုက်ထားတာမရှိပါဘူး"



ဦးထွန်းကျော်စကားမှန်၏။ ကုန်းတိုက်ထားတာမှမရှိပဲ။ ဦးထွန်းကျော်ကို ပြန်ပြောကြသူများက မဟုတ်တောရားများကို လီစယ်လိမ်ညာပြီး စိတ်ဝမ်းကွဲအောင်လုပ်ကြတာမှမဟုတ်တာ၊ ကုန်းတိုက်သည်ဟု ပြောလို့ဘယ်ရပါ့မလဲ။ ကုန်းတိုက်မှုမှာမှ အကျုံးမဝင်ပဲ။ အမှန်တရားများကို အမှန်အကန်အတိုင်း ပြန်ပြောထားကြတာမို့ ထိုသူတို့သည် ကုန်းတိုက်ကြသူများမဟုတ်ပါ။

"ဟိုနေ့ညက ကိုထွန်း အလုပ်သမားတွေကို ပြောင်ကြီးဖမ်းတုန်းမှာ ကိုထွန်း သိပ်စိတ်ဆိုးနေပုံရလို့ ယဥ် တစ်ခွန်းမှဝင်မရှင်းခဲ့ရဘူး၊ သူတို့ပြောတာတွေ အမှန်တွေမဟုတ်ပါဘူး ကိုထွန်းရယ် ...

"အလုပ်သမားဆိုတာလည်း နီးရာဓား ကြောက်ရတာယ်မဟုတ်လား၊ ကိုထွန်းက အလုပ်ထုတ်မယ်ဘာညာပြောတော့ ကိုထွန်း ကျေနပ်လက်ခံလိမ့်မယ်ထင်တဲ့စကားမျိုးတွေ ထွက်ကုန်ကြတာပါ ...

"အဲဒီတုန်းက ယဥ် ဝင်ရှင်းရင် ထမင်းအိုးကွဲတဲ့သူလည်း ကွဲကုန်မှာစိုးလို့၊ နောက်မှ အေးအေးဆေးဆေး ပြောတော့မယ်၊ ကိုယ် ... လင်မယားချင်းပဲလေလို့၊

"ကိုထွန်းရင်ထဲမှာ တစ်ခုခုရှိရင် ယဥ် ဖြေရှင်းချင်ပါတယ် ကိုထွန်းရယ်"

"မရှိပါဘူး၊ ယဥ်ဖြေရှင်းစရာ ဘာအမှားတစ်ခုမှ ကိုယ်သိမထားပါဘူး"

"ဒါဆို ... ကိုထွန်းကို အလုပ်သမားတွေပြောကြ

www.burmeseclassic.com

www.burmeseclassic.com



တာ အမှန်တွေလို့ ကိုထွန်းကယူဆတာလား၊ ယဉ်ဟာ မြအဆင်းကို သမီးရင်းလေးလို ပြုစုစောင့်ရှောက်ခဲ့တာပါ …

"မိန်းကလေးဖြစ်တဲ့အတွက် မမှားတန်တာ မမှားရအောင် ငယ်ငယ်ကတည်းက ပုံသွင်းပြီး ကောင်းရာကောင်းကြောင်းလုပ်တာပဲရှိပါတယ်၊ အဲဒီနေက … ကျောင်းမှာဆော့လာခဲ့သလောက် …

"မောမောနဲ့ အိပ်ပျော်နေရှာတဲ့သမီးလေးကို မနိုးရက်လို့ ယဉ်တို့အားအမိတာတွေ ထမင်းစားနှင့်တာ ကိုထွန်းအထင်လွဲဖို့ဖြစ်သွားရတယ်"

"ရပါတယ် ယဉ်၊ ယဉ် ဖြေရှင်းမြစရာ ဘာမှမရှိပါဘူး"

"အိပ်ပျော်နေရှာတဲ့သမီးလေး" တဲ့။ "မနိုးရက်လို့" တဲ့။ ဒါဆို … ဟင်းမရှိတော့ကာကျတော့ မင်းဘယ်လိုပြောမလဲဟု မေးမနေတော့ပါ။ ဦးထွန်းကျော်က သူ၏ "ဒုတိယအိမ်ထောင်" ကို မှားပြီဟု သဘောပေါက်၏။ အိမ်ထောင်တစ်ခုကို ပြုပြီးပြီ။ လွယ်လွယ်နှင့်ဖျက်လိုစိတ်မရှိ။ သူများသားသမီးကို ကိုယ်ကယူလိုက်တာ။ ကိုယ်တိုင်မဆိုးဖို့၊ သမီးတစ်ယောက်အဖေမို့ … သားနှစ်ယောက်အဖေမဆိုးမဟာ သားသမီးချင်း စာနာနိုင်မှာပဲထင်လို့ အပိုကြီးတွေကိုတောင် ရှောင်ကွင်းခဲ့ပါ၏။

ခုတော့ … မှားသွားပြီ။

ပြန်လည်ပြင်ဆင်ဖို့ အားနာသည်။ ယဉ်အည်



မြအဆင်းပေါ်မှာ မကောင်းဆိုမယ့် ကိုမနဲ့ပေါ်ကျတော့ကောင်း၏။ ဘယ်တုံးကမျှ ကလန်ကဆန်မပြော။ သာယာနာပျော်ဖွယ်သောစကားဖြင့် ညင်ညင်သာသာပြောဆိုပြီး ကျိုးနွံပျပ်ဝပ်စွာ ဆက်ဆံရှာပါသည်။ သူ့သားနှစ်ယောက်က မျောက်လောင်းတွေပေမယ့် ဦးထွန်းကျော်ရှေ့ဆိုလျှင် တဟဲ့ … ဟဲ့နှင့် ဟန့်ရှာ၏။ "ဖေဖေ" ဟုခေါ်ခိုင်းသည်။ "ဦး" ဟု ယောင်ရမ်းထွက်သွားစဉ်က သူ့သားကိုခေါ်ပြီး အာဖွဲ့နေ၍ မလုပ်ပါနဲ့တောင် တောင်းပန်ရသေးသည်။

ယဉ်သည် စွန့်ပစ်လိုက်သင့်သောအဆင့်သို့တော့ မရောက်သေးဟု တွက်မိသည်။ လူမှုရေးဖောက်ပြန်မှုမရှိ၊ အသုံးအဖြုန်းမကြီးသော မိန်းမတစ်ယောက်၊ ယောကျ်ားကိုရှိသေပြီဆိုမှတော့ ထိုမိန်းမတွင် အပေါ်ယံအားဖြင့် အပြစ်တင်းစရာ…ပြီ။

"ယဉ် ဘယ်လိုမှမအောက်မေ့နဲ့၊ ကိုယ် ခရီးထွက်ရမယ်၊ သမီးလေးက သူ့သူငယ်ချင်းနဲ့တူတူနေချင်လို့ ကိုဝင်းမောင်တို့အိမ်မှာ ထားခဲ့မယ်"

"ဟင် … ကိုထွန်း"

ယဉ် ငိုက၏။

"ယဉ့်နေရာကနေပြီးကြည့်ပါဦး ကိုထွန်းရယ်၊ လူကြားလို့ကောင်းသေးရဲ့လား"

"ယဉ် လောကကြီးမှာ လူကြားလို့ကောင်းတဲ့ကိစ္စတွေမှာ အမှားရှိသလို အမှန်လည်းရှိတယ်၊ အဲဒီလိုပဲ … လူကြားလို့မကောင်းတဲ့ကိစ္စတွေမှာလည်း အမှားရှိတယ်၊

www.burmeseclassic.com

အမှန်ရှိတယ် …

"ကိုယ်ခရီးထွက်တုန်း သမီးလေးကို မြမြဖြူနဲ့ထားခဲ့မယ်ဆိုတဲ့ကိစ္စဟာ ယဉ် ပြောသလို လူကြားလို့မကောင်းတာအမှန်ပဲ …

"ဒါပေမယ့် … လုပ်ရပ်အနေနဲ့ကျတော့ မမှားဘူး၊ သမီးလေးလည်း စိတ်ချမ်းသာ၊ ကိုယ်လည်းစိတ်ဖြောင့်"

"ကိုထွန်းက မြအဆင်းကို ယဉ်နဲ့ထားခဲ့ဖို့ရာ စိတ်မဖြောင့်တဲ့သဘောလား"

"အချို့မေးခွန်းတွေဟာ မမေးရင်ကောင်းတယ် ယဉ်၊ စကားဆိုတာလည်း စကားတိုင်း တွင်းထဲထိလိုက်ရှူးပြီး ထုတ်လို့ကောင်းတာမဟုတ်ဘူး၊ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်စေမယ့်မေးခွန်းမျိုးကို ရှောင်ရတယ်"

ယဉ် နှုတ်ပိတ်သွားတော့သည်။

မျက်နှာညှိုးသည်။ မျက်ရည်ဝဲသည်။ မျက်နှာငယ်ငယ်နှင့်ပင် ဦးထွန်းကျော်အတွက် အဝတ်အစားမှစလို့ ခရီးသွားကိစ္စ ပြင်ဆင်ပေးသည်။ ယဉ်သည် မယားဝတ္တရားကျတော့ နည်းနည်းကလေးမှ လစ်ဟာသူမဟုတ်ပါ။ ဦးထွန်းကျော်က ယဉ့်ကိုနားလည်ပေးနိုင်ပါသည်။ ယဉ်သည် အထွေးတလည် သဘောပုပ်စိတ်ပုပ်ကြီးတော့ မဟုတ်ချေ။ စိတ်ကောင်းမရှိခြင်းသာတည်း။ စိတ်ကောင်းမမွေးနိုင်တိုင်း စိတ်ပုပ်ကြီးတာမှမဟုတ်ပဲ။

ယဉ်က ပုထုဇဉ်ပီသလွန်းသည်။

ကိုယ့်ဘက်ကိုယ်ယက်ချင်လွန်းသည်မို့ ယက်



ရင်းယက်ရင်း … တစ်ဖက်မှာ ချိုင့်ခွက်ဟောက်ပက်သွားရခြင်းဟု နားလည်ပေးနိုင်ပါသည်။ သို့ပေမယ့် … ဤအိမ်ထောင်ရေးကို ဦးထွန်းကျော် နောင်တရသည်။ မှားသည်ဟု ထင်၏။ မပြုခဲ့မိရင် အကောင်းသားဟု တွေး၏။ ဖြစ်ပြီးမှ ဖျက်ပစ်ဖို့၊ သူများသားသမီးကို ဒီလောက်အပြစ်နှင့် လက်လွှတ်စပယ် စွန့်ပစ်လိုက်ဖို့ကျတော့ (လူကောင်းစိတ်ကောင်းသူတော်ကောင်းမို့) ဝန်လေး၏။ သားသမီးချင်း ကိုယ်ချင်းစာနာရပါမည်။ ကိုယ်မွေးထားတာလည်း သမီးလေး။ ကိုယ့်သမီးကို ကိုယ့်သမက်က တော်ရုံအပြစ်နှင့်စွန့်ခွာသွားမည်ဆိုလျှင် ကိုယ် ဘယ်လောက်ခံစားနာကျင်ရလေမလဲ။

ဦးထွန်းကျော် ခရီးထွက်တုန်း မြအဆင်းကဦးဝင်းမောင် ဒေါ်မြမြဖြူတို့အိမ်မှာရှိခိုက် … ယဉ်က ကောင်းရာရာ စားကောင်းသောက်ဖွယ်များလုပ်၍ နေ့တိုင်းပို့သောကြောင့် မြမြဖြူက ပြန်၍တောင်အားနာရတော့သည်။

"ခုကျတော့လည်း ကောင်းလိုက်တာ၊ နောင်တရသွားပြီထင်တယ်"

"မထင်ပါဘူး"

ဦးဝင်းမောင်က ခေါင်းခါ၏။

"ဦးထွန်းကျော်လုပ်တာ မှန်တယ်နော်၊ မိန်းမကို ဆူ

www.burmeseclassic.com



ပုမောင်းမဲ အပြစ်တင်တာမျိုး တစ်စက်မှမလုပ်ဘဲ သူ့ဘာသာ သူ့သမီးသူ ဂရုစိုက်ပြုလိုက်တာ"

"ဒါပေါ့ ဖြူရဲ့၊ ကိုထွန်းကျော်မှန်ပါတယ်"

"ဒါပေမယ့်ရှင် ··· အစကတည်းက နောက်အိမ်ထောင်မပြုခဲ့ရင်ပြီးရော၊ ရှင်တို့ယောကျ်ားတွေကို ဆိုးပါတယ်၊ တစ်ခုလပ်တို့ မုဆိုးဖိုတို့ဖြစ်ပလားဆို ··· နောက်အိမ်ထောင်ကလေးတွေပြုလိုက်ကြတာ"

"ဟာကွာ ··· မိန်းမတွေရော မပြုဘူးလား၊ ပြုပါတယ်"

"ရှိရင်တောင် နည်းမှာပါ"

"မရလို့ဖြစ်မှာပေါ့၊ ရရင်တော့ ပြုမှာပါ၊ မိန်းမဆိုတော့ ရဖို့မှမလွယ်တာ"

"ဒါဆို ··· ဖြူသေရင်လည်း ရှင် နောက်မိန်းမထပ်ယူမှာပဲပေါ့"

"စိတ်ချသေသွားပါကွာ"

"မယူဘူးလား"

"မင်း အသုဘလာပို့တဲ့ထဲက အပျိုကြီးတွေထဲကရွေးမယ်"

"သွား"

မြအဆင်းက ဒီအိမ်မှာပျော်ပါသည်။

"သားတို့နော် ··· မြအဆင်းက ညည်းသည်၊ စိတ်ညစ်အောင် မစရဘူး"

ဟု မိဘက တားမြစ်ထားသည်မို့ နှင်းပွင့်ဖြူ



အစ်ကို လူမျောက်နှစ်ကောင်ကလည်း အစအနောက်လျှော့၏။

"ဖြူက ရန်ကုန်ကနော် ကိုဝင်းမောင်၊ အိမ်ကကိုထွန်းနဲ့ တက္ကသိုလ်တုန်းက သူငယ်ချင်းတွေထင်တယ်"

"မဟုတ်ပါဘူး"

မြမြဖြူ မရှိခိုက်(ဈေးသွားဘာညာ ··· )နှင့်ကြုံလျှင် ယဉ်က အစားအသောက်လာပို့ပြီး ချက်ချင်းမပြန်သေးဘဲ ဦးဝင်းမောင်ကို စကားမရှိ စကားရှာ၏။

"ဒါဆို ··· ဆွေနီးမျိုးစပ်များတော်သလားမသိဘူး၊ ခင်ခင်မင်မင်ရှိလို့ပါ"

"ငယ်ရည်းစားတွေ"

"ရှင်"

ယဉ် နှုတ်ပိတ်လျက် အိမ်ပြန်ပြေးတော့ ဦးဝင်းမောင်က တဟားဟားရယ်၍ ကျန်ရစ်သည်။ မြမြဖြူပြန်လာတော့ ပြန်ပြောကာ လင်မယားနှစ်ယောက် ရယ်ရမယ့်မြမြဖြူက သူ့ယောကျ်ားကို ထုရိုက်ကုတ်ဖဲ့သေး၏။

"ကြကြီဖန်ဖန်ရှင် ··· ပြောစရာရှားလို့"

"လာတိုက်တာ၊ ကိုထွန်းကျော်က သူ့မိန်းမကို ကုန်းမတိုက်တာတာဘူးထင်နေတယ်၊ စိတ်ပုပ်မရှိရှာပါဘူးတဲ့၊ စိတ်ကောင်းမထားနိုင်ရှာပါကဲ့၊ ဒါလား ··· စိတ်ပုပ်မရှိရှာ၊ နောက်တစ်ခါလာပြီး ···

"ကုန်းချောရင် သူတို့ချင်းက ပြန်တောင်ယူကြဖို့အစီအစဉ်ရှိတယ် ပြောပစ်လိုက်မယ်၊ ကဲ ···"

"ဟာ ··· ကိုဝင်း ဘာတွေလျှောက်ပြောနေတာလဲ၊

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးတွေပစ်ကုန်အုံးမယ်”

“ကျွန်တော်တောင် အတွဲပြုတ်ရင် လူသစ်ရှာမယ်စိတ်ကူးနေတာ၊ နို့နီးနားနားတော့ ခင်ဗျားပဲရှိတယ်ပြောပစ်လိုက်မယ်”

“မလုပ်လိုက်နဲ့နော်ကိုဝင်း၊ ရှင်ဘယ်လိုဖြစ်နေတာလဲ”

ဦးဝင်းမောင်က လူနောက်၊ လူရွှတ်၊ လူပျော်ဖြစ်၏။ အလွန်သဘောကောင်းပါသည်။ သူများကိုလည်း ပြောင်နောက်သည်။ သူ့ကိုလည်း ကြိုက်သလောက်စ၊ ဖွေ ယူစိတ်ဆိုးတတ်သူမဟုတ်ပါ။

“စကားနောက်တရားပါနော်၊ သွားမပြောနဲ့”

“အောင်မယ် ... သူက စိုးရိမ်နေတယ်”

“စိုးရိမ်တာပေါ့”

“ဒီမှာ ... ခုချက်ချင်း မင်း လေသင်စုန်းဖြတ်ပြီးသေသွားရင်တောင် အဲဒီလောက်စိတ်ကောင်းမရှိတဲ့မိန်းမကို မယူဘူး၊ ဘာဖြစ်လို့လဲ သိလား”

“ကိုထွန်းကျော် မသေသေးလို့မလား”

“အေး”

အဲဒီလိုပျော်တတ်သော မိသားစုထဲမှာမို့ မြအဆင်းကလေး ပို၍ပျော်ရပါ၏။

သူများကို လေသင်စုန်းဖြတ်ပြီးသေရင် ... ဟု စနောက်ခဲ့သော ဦးဝင်းမောင်က မထင်မှတ်ပဲ လေဖြတ်သည်။ ကိုယ်တစ်ခြမ်း မလှုပ်နိုင်တော့။ စကားမပြီ။ သူ့ကို



ကြည့်ရှုပေးသော ဆရာဝန်က ရန်ကုန်သို့ဆင်း၍ ဦးနှောက်နှင့်အာရုံကြောဆေးရုံသို့ပြသရန် အကြံဉာဏ်ပေး၏။ ဒေါ်မြမြဖြူက ရန်ကုန်ရှိ သူ့အစ်ကိုတွေ မောင်တွေကို လာခေါ်ဖို့ မှာရသည်။ လူနာကြီးတစ်ဖက်နှင့် ခရီးသွားဖို့ဆိုတာ လွယ်တာမှမဟုတ်ပဲ။

“တစ်ခါတည်း လူကုန်လိုက်ခဲ့မှပေါ့၊ မိဖြူ ... နင်တို့လင်မယား ရန်ကုန်ဆင်းတော့ ဒီကလေးတွေ ဘယ်လိုလုပ်မှာလဲ”

“ဟုတ်တာပဲ၊ ကျောင်းက ခွင့်ရက်ရှည်ယူသွားရမှာပေါ့”

“ယူကြည့်လေ၊ အဆင်မသင့်ရင် ရန်ကုန်ကျောင်းမဲ ပြောင်းထားသင့် ထားရမယ်၊ ဟိုမှာ ဘယ်လောက်ကြာမယ် ဘယ်သူပြောနိုင်လဲ”

ဦးဝင်းမောင်၊ ဒေါ်မြမြဖြူနှင့် သားနှစ်ယောက်၊ သမီးတစ်ယောက်၊ သားမိသားဖငါးယောက်လုံးကို ဒေါ်မြမြဖြူ၏ ရန်ကုန်မှအစ်ကိုတွေ မောင်တွေက လာခေါ်ကြသည်။ ပစ္စည်းတွေ ဝိုင်းသယ်ပေးသည်။ ယာယီအားဖြင့် ပြင်ဦးလွင်အိမ်နှင့်ခြံကို သော့ခတ်၏။

“စိတ်ချသွားပါ ဖြူ၊ အိမ်နဲ့ခြံကို ယဉ် ကြည့်ထားပေးပါ့မယ်၊ တယ်လီဖုန်းလည်းရှိနေတာပဲ၊ ကိစ္စရှိရင် လှမ်းပြောမှာပေါ့၊ ကိုဝင်းမောင် နေကောင်းဖို့သာ ဂရုစိုက်ပါ၊ ဒီခြံနဲ့ဒီအိမ်ကိုတော့ စိတ်ချ”

ဒီလိုကျပြန်တော့ ယဉ်က အိမ်နီးနားချင်းကောင်း

www.burmeseclassic.com

www.burmeseclassic.com



ပီသနေပြန်၏။ နှင်းမှုင်ဖြူနှင့်မြအဆင်းတို့က ငိုကြသည်။ ဦးထွန်းကျော်လည်း စိတ်မကောင်းပါ။ တစ်အားလျော့၏။ အဲဒီထက်ပိုပြီး စိတ်မကောင်းဖြစ်ရတာက ရှမ်းပြည်နယ်က မြေတွေဆီသွားဖို့ကိစ္စ ပေါ်လာတာပဲဖြစ်သည်။

"စိတ်ချသွားပါ ကိုထွန်းရယ်၊ မြအဆင်း မျက်နှာတစ်ချက် မညိုစေရပါဘူး၊ ခေါင်းပေါ်ရွက်ထားမှ ကျေနပ်မယ်ဆိုရင်တောင် ကိုထွန်း ပြန်မလာမချင်း ယဉ် ရွက်ထားပါ့မယ်"

"စိတ်ချပါတယ် ယဉ်ရဲ့၊ ဒါပေမယ့် ... သမီးလေးက သူ့သူငယ်ချင်းပြောင်းသွားလို့ ကြေကွဲနေတုန်း ... အဖေကပါ ခရီးထွက်ပြန်တယ်ဆိုတော့ အရမ်းဝမ်းနည်းရှာလိမ့်မယ် ...

"သိပ်လည်းကြာမှာမှမဟုတ်တာ၊ ကြာလှ တစ်ပတ်ပေါ့၊ ကျောင်းကခွင့်တိုင်ပြီး ခေါ်သွားလိုက်မယ်"

"အော် ... ကိုထွန်း ... ကိုထွန်း၊ ယဉ့်ကို အထင်သေးလွန်းတယ်၊ သိပ်ရက်စက်တာပဲ"

ယဉ် မျက်ရည်ကျသည်။

ဦးထွန်းကျော်က ချော့မော့ပါသည်။ သို့ပေမယ့် မြအဆင်းကိုတော့ မထားခဲ့ပါ။ ခေါ်သွားသည်။ ကြာလှ ... တစ်ပတ်ဆိုပေမယ့် ... တကယ်တမ်းမှာ တစ်ပတ်မကကြာမှာဖြစ်၏။ ဦးထွန်းကျော်က အလုပ်ကိစ္စ ခရီးထွက်ရင်း ... ဒီတစ်ခေါက်မှာ ရန်ကုန်ထိဆင်းဖို့ စိတ်ကူးထားသည်။ ထွက်လက်စနှင့် မြစ်ဝကျွန်းပေါ်ရှိ မြအဆင်းမေမေရဲ့ ဆွေမျိုးသားချင်းတွေနှင့်လည်း သွားတွေ့မည်။ အဓိက,ကတော့ ...

ဦးထွန်းကျော်ပိုင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းတချို့ မြအဆင်းနာမည်နှင့်လွှဲမည်။ ရန်ကုန်ဘဏ်မှာ မြအဆင်းနာမည်နှင့် ငွေသားတချို့ အပ်နှံပေးခဲ့မည်။ ဦးဝင်းမောင် မျက်စိရှေ့မှာ ဖျိုးခနဲဖျတ်ခနဲဖြစ်သွားတာက ဦးထွန်းကျော်ကို တုန်လှုပ်စေခဲ့၏။ ဦးထွန်းကျော်သာ ဦးဝင်းမောင်လိုဖြစ်ခဲ့သော် ဘာမှစီမံလိုက်နိုင်မှာမဟုတ်ပါ။ စီစဉ်မည် ... စီစဉ်မည်နှင့် ... ခရီးဖင့် နှောင့်နှေးနေခဲ့၏။ ခုတော့ ... မစောင့်ချင်ပြီ။ ရန်ကုန်မှာ သမီးလေးနာမည်နှင့် တိုက်တစ်လုံးခြံတစ်ခြံလည်း ဝယ်ပေးခဲ့ဦးမည်။ ရန်ကုန်အိမ်ဈေး မြေဈေးက တရိပ်ရိပ်တက်တတ်သည်။ ခုနေ ဝယ်ပေးထားခြင်းဖြင့် သမီးလေးအတွက် လုပ်ငန်းတစ်ခု ထူထောင်ပေးထားသလို တိုးပွားနေမှာဖြစ်သည်။ သို့ပေမယ့် ... သမီးလေးက ငယ်လွန်းသေးသည်။

ထိုပိုင်ဆိုင်မှုများအားလုံးအတွက် အုပ်ထိန်းသူလိုအပ်ပါလိမ့်မည်။ အုပ်ထိန်းသူသည် မိမိကိုယ်တိုင်ရယ်၊ သမီးလေးမိခင်ဘက်မှ အနီးစပ်ဆုံး ယုံကြည်စိတ်ချရနိုင်သော ဘကြီး ဦးလေး ... စသည် တစ်ဦးဦးရယ်၊ ရှေ့နေရယ် ... သုံးဦးလောက်ဆို လုံလောက်မည်ထင်သည်။ ရန်ကုန်ရောက်မှ နာမည်အကြီးဆုံးရှေ့နေနှင့် တိုင်ပင်စီစဉ်ဆောင်ရွက်ရပါမည်။ ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ်ဘက်တစ်ဝိုက် လုပ်ဆဲလုပ်ငန်းတချို့ကတော့ မိမိနာမည်နှင့်ပဲရှိပစေ။ ကိုယ်ပိုင်လျှင် ယဉ်လည်း တစ်ဝက်ဆိုင်ပြီ။ ကိုယ့်လုပ်ရပ်ကို တရားသည်



www.burmeseclassic.com

www.burmeseclassic.com



ဟုမြင်၏။ ရင်ထဲကြည့်လင်ကာ ချမ်းမြေ့ခြင်းများဖြစ်ရပါလေ၏။

"နှင်းပွင့်တို့အိမ်လည်း သွားလည်မယ်နော်ဖေဖေ"

"ပို့မယ်၊ သမီးလေးကိုတောင် ဂါဝန်လှလှလေးတွေ ဝယ်ပေးရဦးမယ်၊ မုန့်မုန့်တွေလည်း အများကြီးဝယ်ကျွေးရဦးမယ်၊ ရုပ်ရှင်တွေလည်းပြမယ်၊ တိရစ္ဆာန်ရုံသွားမယ်"

"ဖေဖေ ... ရွှေတိဂုံဘုရားဖူးမယ်"

"အဲဒါက ရန်ကုန်ရောက်ရောက်ချင်း အရင်ဆုံးလုပ်ရမယ့်အလုပ်ပေါ့ သမီးရဲ့"

မီးဖိုချောင်အလုပ်သမားတွေက ရန်ကုန်ရောက်ရင် ရွှေတိဂုံဘုရားကြီးဖူးခဲ့ ... ဟုမှာလိုက်သည်။ သမီးလေးပျော်တာတွေ့တော့ ဦးထွန်းကျော်လည်းပျော်၏။ သမီးလေးကို ကားပေါ်တင်ပြီး ကိုယ်တိုင်မောင်းဆင်းခဲ့တာမို့ ကားပေါ်မှာ သားအဖနှစ်ယောက်တည်း။ စိတ်ထဲမှာ လွတ်လပ်ပေါ့ပါးနေသည်။ သွားလေသူ သမီးတို့အမေကိုလည်း သတိရသည်။ လူကြီးမိဘပေးစား၍ လက်ထပ်ခဲ့ရတာပေမယ့် ... သမီးလေးမေမေသည် ဦးထွန်းကျော်၏အချစ်ဦးဖြစ်ခဲ့ပါသည်။

"သား ... မေမေ သဘာတူတဲ့မိန်းကလေး"

ဓာတ်ပုံကိုတွေ့လိုက်ရရုံဖြင့် ရင်ထဲမှာ လှိုက်



ခုန်သွားရသည်။ နွဲ့တို့မြစ်ဝကျွန်းပေါ်မြို့ကလေးသို့ သားမီးသားဖသုံးယောက်သွားလည်တော့ မိတ်ဆွေအိမ်မှာ တည်းခို၏။ နွဲ့တို့မိဘတွေက ထမင်းဖိတ်ကျွေးသည့်နေ့ကျမှ နွဲ့တို့တွေ့ရသည်။ ရင်ထဲမှာ အချစ်ဖြစ်တွန်းလေသတည်း။

နွဲ့က လှသည်။ ယဉ်သည်။ ကျက်သရေရှိသည်။ နောင်အခါတွင် ထပ်မံတွေ့ရှိရသော နွဲ့၏အရည်အချင်းတွေက ဣန္ဒြေရှိခြင်း၊ ကိုယ်ကျင့်တရားစောင့်ထိန်းခြင်း၊ သဘောကောင်းခြင်း၊ ဖြူစင်ခြင်းတို့အပြင် အိမ်မှုကိစ္စကျွမ်းကျင်၍ အိမ်ထောင့်တာဝန် နိုင်နင်းခြင်းများတည်း။ ရွှေပစ်ချိုးဝတ်၊ လင့်တစ်မျက်နှာ တစ်ရွာထင်ပြီး အောက်ပြည်အောက်ရွာမှသည် ပင်လယ်ရေမျက်နှာပြင်ထက် ပေပေါင်းသုံးထောင်ကျော်မြင့်သောအရပ်သို့ လိုက်လာရှာသော ဇနီးအလိမ္မာလေးကို တို့ထွန်းကျော် ငုံထားမတတ်ချစ်ခဲ့သည်။

"ချစ်လွန်းလို့ နောက်အိမ်ထောင်မပြုတာပေါ့လေ"

နွဲ့က မနီးမဝေး အမြင့်တစ်နေရာနားမှာ လေထဲတွင်ရပ်တည်လျက် လာရောက်ရန်တွေ့နေသလို ခံစားရ၏။ နွဲ့ကိုချစ်ခြင်း မချစ်ခြင်းနှင့် နောက်အိမ်ထောင်ပြုခြင်းဟာ သိပ်မဆိုင်ဟုထင်သည်ဆိုလျှင် ယောကျ်ားမို့ ယောကျ်ားဆောင်ပြောသည်ဟု ကဲ့ရဲ့ခံရဦးမှာလား မပြောတတ်ပါ။

အိမ်ထောင်တစ်ခုအဖြစ် အသိုင်းအဝိုင်းနှင့်နေပြီးသည့်နောက် ... အဲသည်အိမ်ထောင်မရှိသည့်အခါတွင် နေရာရာသည် မပြည့်မစုံဖြစ်နေတတ်သည်။ မီးဖိုချောင်ကိစ္စအလို ပြသနာ၊ ဝတ်ရေးမှာပြသနာ၊ စားရေးမှာပြသနာ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးမှာပြည့်ဝသူနှင့် တိုင်ပင်ဖော်တိုင်ပင်ဖက်မရှိ၊ စကားပြောဖော်မရှိ။ တစ်ယောက်တည်း ဝေါင်းစင်းကာ သွေ့ခြောက်စွာ အထီးကျန်ခံစားရမှုကို ရင်မဆိုင်နိုင်ခဲ့ပါ။

ဝန်ခံရပါလျှင် … ယဉ်ကို ချွဲလောက်မချစ်ပါ။

နောက်အိမ်ထောင်ပြုတော့မည်ဟု ဆုံးဖြတ်ပြီးမှ သင့်တင့်လျောက်ပတ်သူကို ရှာဖွေကြည့်ရှုမှ ယဉ်ကိုမြင်မိသွားရခြင်းဖြစ်သည်။ ယဉ်ကိုတွေ့လို့ အချစ်ဖြစ်ထွန်းသွားရလို့ နောက်အိမ်ထောင်ပြုဖြစ်ရခြင်းမျိုးမဟုတ်ခဲ့ပါ။ ကြည့်ရှုရာတွင် ယဉ်သည် တော်တော်အဆင်ပြေသောအနေအထားမှာရှိသည်။ ယောကျ်ားတို့ထုံးစံ … ရုပ်ရည်ကစကြည့်ရလျှင် ကိုယ့်ထက်အသက်ငယ်သော ယဉ်သည် သားနှစ်ယောက်မိခင်မုဆိုးမဆိုပေမယ့် အလှအပများစွာ ကျန်ရှိနေသေးသည်။ မုဆိုးမမို့ အမျိုးကြီးထက်ပိုပြီး သည်းညည်းခံမှာဟုတွေး၏။ သားတွေပါလာလို့ သားချင်းသမီးချင်းစာမှာဟု တွေး၏။ အထူးသဖြင့် သားတွေဆိုတော့ … ကိုယ်က သမီးမို့ အပြိုင်မဖြစ်နိုင်၊ သမီး … သမီးချင်းဆို၊ ကြီးလာလျှင် သူပိုဝတ်ရသည်၊ သူပိုလှသည်၊ ငါပိုလှသည်ဆိုတာမျိုးကစလို့ အပြိုင်တွေဖြစ်မှာစိုးသည်။

ယဉ်သည် တော်ရုံတန်ရုံ လူလတ်တန်းစားသာဖြစ်၏။ ဆင်းရဲစုတ်ပြတ်နေသူမဟုတ်သလို … သူဌေးပဋေးမကြီးလည်းမဟုတ်၊ လူလတ်တန်းစားမို့ ကိုထွန်းကျော် ပိုသဘောကျသည်။ ပြီးတော့ … အနေအထိုင်ကျစ်လစ်၏။ မုဆိုးမဘဝမှာ ယဉ်နှင့်ပတ်သက်၍ သတင်းဆိုးမရှိ၊ ယဉ်



သည်လည်း ကံမကောင်းအကြောင်းမလှသောကြောင့် မုဆိုးမဖြစ်ရ၍ ဒုတိယအိမ်ထောင်ကို တိုက်ဆိုင်စွာပြုဖြစ်ခြင်း … ကိုယ်ကျင့်တရား ထိန်းသိမ်းသူပဲဖြစ်သည်။ ပြီးတော့ … စကားပြောလျှင် အေးဆေးသည်။ အသံကျယ်ကျယ်နှင့် အော်ဟစ်ပြောဆိုတတ်တာမျိုးမရှိ။ သမီးစာလေးအတွက် လိုအပ်နေသောတွက်လပ်၊ ဒုတိယမေမေနေရာ၊ မိမိအတွက်လိုအပ်နေသော အိမ်ရှင်မ၊ ဒုတိယအိမ်ထောင်နေရာမှာ ယဉ်သည် အသင့်လျော်ဆုံးဟု တွေးထင်ယုံမှတ်စွာ ထပ်မံရွေးခြင်းသာသည်။

"သမီးလေးကို ယဉ် ဒီလိုဆက်ဆံတယ်လို့ ပြန်ပြောတဲ့သူဟာ ကိုဝင်းမောင်နဲ့မြမြဖြူသာမဟုတ်ဘဲ တခြားလူဆိုရင် ကျွန်တော် မယုံဖို့များတယ်"

အဲသည်လိုတောင် ဖွင့်ပြောဖြစ်ခဲ့သေးသည်။ ပြီးတော့ အိပ်ရာထဲမှာ အိပ်မပျော်ပဲ ခွေခွေကလေးလှဲ၍ ငိုက်ဆာနေရှာသော သမီးကလေးကို ထမင်းတစ်ပိုင်းတည်းခေါ်မကျွေးသေးပဲ သူတို့သားအမိသုံးယောက်တည်း အရင်စားနှင့်ကြသည်ဆိုတာ မျက်မြင်မဟုတ်လျှင် မယုံမှာသေချာသည်။ ယဉ်ကို အများကြီးမြင့်၍ တွက်ခဲ့သည်။ ယုံခဲ့သည်။ တကယ်တမ်းမှာမူ … ယဉ်သည် မိမိထင်တာထက်ပို၍ နိမ့်ကျခဲ့လေသည်။ သို့ပေမယ့် ယဉ်သည် ကိုယ့်အတွက် ဇနီးဆိုးမဟုတ်ရှာ။ သမီးကလေးအတွက်တော့ မိထွေးဆိုးဖြစ်လေ၏။ ယဉ်လည်း ကုသိုလ်ကံအလျောက် ထိုက်သင့်သရွေ့ ခံစားပါစေ၊ သမီးကလေးအတွက်လည်း စိတ်ချရအောင် စီမံခြင်းသာ အလွန်သင့်တော်သောလုပ်ရပ်ဖြစ်သည်ဟု ကိုယ့်ကိုကိုယ် တော်

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီး ကျွန်ုပ်ဝီဇာဖြစ်တော့သည်။

"ရန်ကုန်ရောက်ရင် သမီးလေးမြအဆင်းက သူဌေးမကြီးဖြစ်တော့မှာ"

"ဘိုမရုပ်တွေအများကြီးဝယ်မယ် ဖေဖေ"

"ဝယ်"

"ကိတ်မုန့်တွေလည်းစားမယ်"

"စား"

"သမီးဖို့ စက်ဘီးတစ်စင်းဝယ်ပေးမလား ဖေဖေ"

"စက်ဘီးက ပြင်ဦးလွင်ပြန်ရောက်မှဝယ်ပါ သမီးရယ်၊ ရန်ကုန်ကနေသယ်သွားတော့ ရှုပ်တာပေါ့"

"ရန်ကုန်ရောက်ရင် သူဌေးမကြီးဖြစ်မယ်ဆို"

"ရန်ကုန်ရောက်ရင် သူဌေးမကြီးဖြစ်ပြီးရင် သမီးလေးက ပြင်ဦးလွင်ပြန်လည်း သူဌေးမကြီးပဲဆက်ဖြစ်နေမှာ"

"နှင်းပွင့်တို့အိမ် ဘယ်တော့ရောက်မလဲ ဖေဖေ"

"ရန်ကုန်ရောက်ပြီးမှ သွားလည်ရမှာ"

"နှင်းပွင့်က ရန်ကုန်မှာကျောင်းတက်နေပြီ၊ သမီးလည်း ရန်ကုန်မှာကျောင်းတက်ချင်လိုက်တာ"

ဦးထွန်းကျော် တွေခနဲစဉ်းစားသည်။

သမီးလေးကို ရန်ကုန်မှာ ဘော်ဒါထားရင်ကောင်းမလား။ ဒါဆို ... ယဉ့်လက်ကလည်း လွတ်မည်။ သို့ပေမယ့် သမီးလေးက ဘော်ဒါနေဖို့ ငယ်လွန်းသေးသည် ဟုထင်၏။ စိတ်မချ။ ဘော်ဒါဆိုတာ ကိုယ်ရောစိတ်ပါ ကိုယ့်



ဘာသာရပ်တည်ကြရတာ၊ သမီးလေးက တစ်သက်လုံးမှာ အဖေကိုဆိုးနွဲ့လာတော့ ကိုယ့်ဘာသာရပ်တည်နိုင်မှု အားနည်းသည်။ သမီးလေးအတွက်ဝယ်ပေးထားမည့် ခြံနှင့်တိုက်မှာ သမီးလေးကို နွဲ့ဘက်မှဆွေမျိုးနှင့်ထားလျှင်ကော။ ထိုဆွေမျိုးကိုလည်း ဘယ်လောက်ယုံကြည်စိတ်ချရပါမလဲ။

"နွဲ့ရေ ... ကိုယ့်မှာ ဒီသမီးလေးတစ်ယောက်ကို ထားစရာမရှိဖြစ်နေရတော့တာပဲ"

ရင်ထဲမှာ ကြိတ်ပြောဖြစ်လိုက်၏။ ယဉ့်ကို သံသယာစဉ်နှင့် ခင်မင်ပါသည်။ မေတ္တာရှိပါသည်။ သို့ပေမယ့် နွဲ့ကိုတော့ မမေ့နိုင်။ အသေစောပါဘိ နွဲ့ရေ။ နွဲ့သာမသေလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ နွဲ့သာရှိလျှင် ဘယ်လောက်ကောင်းလိုက်မလဲ။ ခုလို ရန်ကုန်ဆင်းသည့်ကားပေါ်မှာ ကိုယ်ကမောင်း၊ သမီးလေးနဲ့ သားပေါက်စက နောက်ခုံမှာ၊ နွဲ့က ကိုယ့်ဘေးမှာထိုင်၊ ကိုယ့်ကားထဲမှာ ပိုက်ဆံတွေလည်း အများကြီးပါလာတယ် နွဲ့ရဲ့။

နွဲ့နဲ့လပ်ထပ်စဉ်က ကိုယ့်မေမေ နွဲ့ကိုလက်ဖွဲ့ခဲ့တဲ့ နွဲ့ရဲ့ရတနာတွေလည်း ကိုယ်ယူလာခဲ့တယ်။ ဒါတွေ ယဉ့်ကို ကိုယ်မပေးပါဘူး။ သမီးလေးအတွက်ထားတယ်။ အခု ... ကိုယ်ယူလာတာ ရန်ကုန်မှာ ယုံကြည်အားကိုးရတဲ့ဘဏ်မှာ အပ်နှံထားခဲ့ဖို့ပဲ။ ကိုယ် တစ်ခုခုဆိုရင်တောင် သမီးလေး ခြေမဲ့လက်မဲ့မဖြစ်ရအောင် ကိုယ်စီစဉ်တာ။ နွဲ့ ကျေနပ်ရဲ့လားဟင်။ ကိုယ် နောက်အိမ်ထောင်ပြုပေမယ့် သမီးလေးရဲ့ရှေ့ရေးကို ခေါင်းထဲမှာ အမြဲထားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နွဲ့ကိုလည်း မေ့လို့မရပါဘူး၊ လွမ်းနေတုန်း၊ ချစ်နေတုန်းပါပဲနွဲ့ရယ်။ ငယ်ကမေါင်းတော့ အနှစ်တစ်သောင်းလည်း မမေ့နိုင်ပါဘူး။ ကိုယ် … နွဲ့ကို တမ်းတနေဆဲပါပဲ။

"ဖေဖေ ဘာတွေပြောနေတာလဲ၊ ထစ်ယောက်တည်း တိုးတိုး … အား … အမယ်လေး"

မမျှော်လင့်သောအကွေ့မှာ ရှမ်းပြည်နယ်ထွက် သီးနှံတင်ကုန်ကားကြီး ကွေ့ခနဲပေါ်လာသည်။ ကားကြီးက ဘာဖြစ်မှန်းမသိ၊ ဦးထွန်းကျော်တို့သားအဖ၏ကားလေးဆီသို့ တည့်တည့်ကြီးဝင်လာ၏။ တိုက်တော့မည်ဆိုတာ သိလိုက်သည်။ ဦးထွန်းကျော် … အံ့မခန်းသော အနှိုင်းမဲ့မေတ္တာ ဖခင်စိတ်ဖြင့် ကားကိုဆွဲကွေ့ချလိုက်၏။ သမီးလေးဘက်မှ လွတ်ပါစေ။

# ၆

အဖက်ဖက်က ဆုံးရှုံးပါလေသည်။

ပထမဆုံး ဆုံးရှုံးလိုက်ရတာက ဦးထွန်းကျော်တည်း။ ဦးထွန်းကျော်သည် ဖခင်မေတ္တာကို ပြည့်ဝစွာပြသွားခဲ့ကြောင်း၊ မျက်နှာချင်းဆိုင်မှ ဘရိတ်ပေါက်ပြီးဝင်တိုက်သော ကားကြီးထဲမှလူတွေက မျက်မြင်ဖြစ်၏။ မြအဆင်းသည် ဖခင်ဆုံးရှုံးသည်။ ကားထဲမှာပါလာခဲ့သော လက်ဝတ်ရတနာအချို့ အဝက်နှင့် ငွေသားအချို့အဝက် ဆုံးရှုံးသည်။ မယုဉ်မေက ခင်ပွန်းဆုံးရှုံးသည်။ သို့ပေမယ့် … ပိုင်ဆိုင်မှုအားလုံးက သူ့ဆီသို့ရောက်၏။ မြအဆင်းမှာ မြစ်ဝကျွန်းပေါ်ရှိ အနေဝေးကာ ဆွေပြတ်မျိုးပြတ်လိုဖြစ်နေရသော ဆွေမျိုးတွေဆီလည်း မရောက်၊ ရန်ကုန်လည်းမရောက်၊ ရွှေတိဂုံဘုရားကြီးလည်း မဖူးရ။

ပိုင်ဆိုင်မှုများ နာမည်ပြောင်းခွင့်မမိလိုက်။ ဘာ ရှေ့နေနှင့်မျှလည်း မတွေ့ရ၊ နှင်းပွင့်ဖြူတို့နှင့်တောင် တွေ့

www.burmeseclassic.com



ခွင့်မရောဲ မြင်ဦးလွင်သို့ပြန်ရောက်လာခဲ့သည်။ ဒုတိယမေမေ၏ အရိုင်အောက်သို့ ပြန်ရောက်သည်။ ထိုအခါတွင် မြအဆင်းမှာ အရာရာအားလုံး ဆုံးရှုံးရလေသတည်း။

မေမေ့ရှာပနံက အလွန်အမင်း ဝက်ဝက်ကွဲအောင် စည်ကားပါသည်။ ဦးဦး၏ကျန်းမာရေးအခြေအနေကြောင့်ဖြစ်မည်ထင်သည်၊ သူငယ်ချင်းနှင်းပွင့်ဖြူတို့မိသားစု နာရေးသို့ ရောက်မလာကြပါ။ မိတ်ဆွေတစ်ယောက်၏နာရေးအတွက် ရန်ကုန်မှသည် မြင်ဦးလွင်ထိလာကြဖို့ဆိုတာ သိပ်မလွယ်လှသောကိစ္စလည်းဖြစ်၏။ သတင်းစာထဲမှာပါသော ကြောင့် မြအဆင်းအမေဘက်မှဆွေမျိုးတွေ တွေ့ကောင်းတွေ့မည်။ မျက်စိရှန်းက တွေ့ချင်မှလည်းတွေ့မည်။ တစ်ဦးမျှ ရောက်မလာကြပါ။ မလာနိုင်ကြတာလည်းဖြစ်မည်။

မြအဆင်းသည် ဆွေပြတ်မျိုးပြတ် မိတ်ဆွေပြတ်ဖြစ်လေသတည်း။

မြအဆင်းက အလွန်စကားနည်းသွားလျက် လှုပ်တလှုပ်ကလေးဖြစ်သွားသည်။ မီးဖိုချောင်မှအလုပ်သမားတွေ ပုံစံပြောင်းသည်။ မြအဆင်းဘက်မှာ လူမကျန်။ ဒုတိယမေမေက ယခင်ကထက် များစွာပိုဆိုးသွားသည်။ ကိုကိုကြီးနှင့်ကိုကိုလေးက စ,သည့်နောက်သည့်အဆင့်မဟုတ်တော့။ အနိုင်ကျင့် ဗိုလ်ကျကာ နှိမ်စက်သည့်အဆင့်သို့ရောက်၏။ မြအဆင်းမှာ ပြေးစရာမြေမရှိ။ မေမေ့ဘက်မှ ဆွေမျိုးတွေကလည်း အလှမ်းဝေးလွန်းလို့ထင်သည်၊ တစ်ယောက်မျှရောက်မလာခဲ့ကြပါ။



မသထာရေစာစား၍ ပြုစုနိုင်စက်ခံဘဝမှာ တစ်နှစ်လောက်နေပြီးသည့်အခါတွင် မြအဆင်း ... ဆရာမကြီးထံရောက်ရလေ၏။ ဆရာမကြီး၏ကျောင်းသည် စင်စစ် ... မိဘမဲ့ဂေဟာတည်း။ သူဌေး လေးငါးဦးတို့၏ စုပေါင်းမ,တည်မှု၊ ငွေပဒေသာပင်မှရရှိသော အတိုးအညှန ်များ၊ ထပ်မံ သက်ခံရရှိသည့် လှူဒါန်းငွေများဖြင့် ရပ်တည်သော ဤမိဘမဲ့ဂေဟာသည် အထက်အညာဒေသမှာတည်ရှိပေမယ့် ပုံမိုးသူ လူကြီးများ၏ ,အစီအစဉ်ကောင်းမှုကြောင့် ခေတ်မီပါသည်။

"ကျွန်မက ပြောရရင် မိတွေးပါ၊ ကျွန်မမှာ ပထမ အိမ်ထောင်ကကျန်တဲ့ သားနှစ်ယောက်လည်းရှိသေးတော့ ကျွန်မ တာဝန်ယူဖို့အခက်အခဲရှိပါတယ်"

ဒုတိယမေမေက မြအဆင်းကိုရော သူ့ကိုယ်သူပါ အဝတ်အစားခပ်နွမ်းနွမ်းတွေဝတ်လျက် ဆရာမကြီးနှင့်လာတွေ့ခဲ့ခြင်းဖြစ်လေသည်။ မေမေနှာမည်က လူသိများသည်မို့ ဤကျောင်းမှာ မေမေ့ကို ကြားဖူးနေသည့်ဆရာမတစ်ဦးရှိနေသည်။

"ဦးထွန်းကျော်က အရမ်းချမ်းသာတာပဲ၊ သူ့မရှိတော့ ရုံနဲ့ ဒီလောက်ဖြစ်သွားဖို့မရှိဘူးထင်တယ်"

"သခါရသဘောတရားတွေပေါ့ ဆရာမရယ်၊ ရှမ်းပြည်နယ်ကခြံတွေက အကျိုးမဖြစ်ထွန်းလို့ တချို့ကခြံရောင်း၊ တချို့ကပေါင်ထားရတာတွေရှိပါတယ်၊ ဦးထွန်းကျော် ဒီလိုဖြစ်တယ်ဆိုတော့ ...

www.burmeseclassic.com

www.burmeseclassic.com



"လူယုံတော်ရှိုး ဘယ်ညှိတပန်းတွေက အပိုင်စီးနဲ့ … ဆင်ရောရှိတဲ့ကြွေးတွေသာ ဘဝမှာမြေပါမှာကြောက်လို့ ဆပ်လိုက်ရတယ်၊ ခြံတွေကဆုံးကုန်တာပါ ဆရာရေ …

"ပြီးတော့ … ဦးထွန်းကျော်က ဘာစိတ်ကူးတယ် မသိပါဘူး၊ ပိုက်ဆံတွေ လက်ဝတ်လက်စားတွေအကုန်ယူသွားတာ မြအဆင်းတောင်သိပါတယ်၊ ဒါတွေယူသွားတာ …

"လမ်းတစ်ဝက်တစ်ပျက်မှာ ဒီလိုဖြစ်တော့ ဘေးမှာ ဘယ်သူပါတာမှတ်လို့၊ ဒီကလေးက ဘာနားလည်မှာလဲ၊ ဘယ်မှာပြန်ရပါ့မလဲ ဆရာမရယ်၊ ဖြစ်ချိန်တန်တုန်းကဖြစ်ခဲ့ပါရဲ့ …

"ပျက်ချိန်လည်းတန်ရော … ဖြုတ် … ဖြုတ်ဆို ပျက်စီးကုန်လိုက်တာ အားလုံး လက်မဲ့နီးနီးပါ၊ ပြင်ဦးလွင်ကခြံလေးတစ်ခြံ၊ ကိုယ့်တိုက်လေးနဲ့ပေါ့နော်၊ နေလက်စနဲ့မို့ ကျန်မလားမှတ်ပါတယ် …

"ဆရာမရယ် … စီးပွားရေးသမားဆိုတာ ရစရာလည်းရှိ၊ ပေးစရာလည်းရှိ၊ ဘယ်မှာ ကြွေးမြီကင်းလို့လဲ၊ ဘာမှမမှာနိုင် မကြားနိုင်နဲ့ ဒီလိုဖြစ်တော့ … ပေးစရာရှိတဲ့သူတွေက ဘယ်သူမှလာမပေးတော့ဘူး …

"ရစရာရှိတဲ့သူတွေက စာရွက်စာတမ်းနဲ့ လာကြတာ၊ ကျွန်မက မဆပ်ပါဘူး မငြင်းရက်ဘူး၊ သူ့လက်ရေးနဲ့တိုက်လည်း မပျောက်ပျက်ချင်တော့ ရောင်းပေါင်



သဘောလုပ်ပြီး ကြွေးတွေဆပ်ရပါမယ် …

"ရွေးနိုင်ဖို့လမ်းလည်း မမြင်ပါဘူး၊ ဆုံးမှာပါပဲ၊ ကုသိုလ်ကံထလာလို့ ပြန်ရွေးနိုင်တဲ့အခါကျမှ မြအဆင်းနာမည်နဲ့လွှဲဖို့ သူ့ကိုပါ ဒီကျောင်းကလာထုတ်ပါ့မယ်၊

"ခုတော့ … သူ ကျွန်မနဲ့နေရင် ဒီကျောင်းမှာထက် ပိုပြီးဆင်းရဲတော့ပြတ်မှာမို့"

အပြောကဲ ကောင်းပါသည်။ အသံကလည်း ကောင်း၏။ တစ်ဖက်သား ယုံလောက်သည့်အမူအရာလည်းရှိသည်။ မယဉ်မေက မိထွေးမုန်း သေချာတော့ … မြအဆင်းဟာ မိဘမဲ့အစစ်ကြီးဖြစ်နေတာမို့ အဲသည် မိဘမဲ့ဂေဟာက လက်ခံထားလိုက်ပါသည်။ ဂေဟာတွင် မိန်းကလေးချည်း စုစုပေါင်း ငါးဆယ်ရှိသည်။ ဆရာမကြီးနှင့် ဆရာမသုံးယောက်၊ အလုပ်သမားအမျိုးသမီးကြီး နှစ်ယောက်မှ မိန်းသားချည်း ငါးဆယ့်ခြောက်ယောက်ဖြစ်၏။ အသက်အရွယ်အလိုက် ကိုယ်တတ်နိုင်သည့်အလုပ်မျိုး လုပ်ကြရသည်။

ထမင်းချက်နိုင်သည့်အရွယ်တွေက အများစာထမင်းချက်၊ အဝတ်ကိုတော့ ကိုယ့်ဘာသာလျှော်၊ သန့်ရှင်းရေးကို အလှည့်ကျနှင့်လုပ်ရသည်။ အိမ်သာလည်း ဆေးရသည်။ ကြမ်းလည်းတိုက်ရသည်။ ရေတွင်းမှရေငင်နိုင်သူက ငင်ပေးလျှင် ဆွဲနိုင်သလောက်ခွန်အားနှင့် အလှည့်ကျဆွဲရသည်။ ကျောင်းခြံမြေ တံမျက်လှည်းရသည်။ စိုက်ခင်းတွေမှာ ဟင်းသီးဟင်းရွက်ကလေးတွေ စိုက်ထားတာပြုစုရသည်။ ရေလောင်းရသည်။ ကျောင်းပိုင် မွေးမြူရေးခြံမှာ ကြက်တွေ ဝမ်းဘဲတွေ

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ကြွက်ခုံကောက်ရသည်။ ဝေယျာဝစ္စမှန်သမျှ အားလုံးဝိုင်းလုပ်ရသည်။

မ,တစ်ရာသမီးတွေမို့ လူအမျိုးမျိုး စိတ်အထွေထွေပါ။ စိတ်ကောင်းသူရှိသည်။ စိတ်ပုပ်သူရှိသည်။ အလုပ်ကြိုးစားသူရှိသည်။ ခိုကပ်သူရှိသည်။ ရန်လိုမောင်းမဲတတ်လျက် ဗိုလ်ကျအနိုင်ကျင့်သူရှိသည်။ လူတကာကို ကြောက်ရွံ့စွာ ငုံ့ချည်းနေတတ်သူရှိသည်။ သမီးငါးဆယ်ကို ဆရာမကြီးက အတန်းကျောင်းထားပေးသည်။ မြို့ပေါ်ရှိ အခြေခံပညာမူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများသို့ ဇေယျာမှကားဖြင့် ကားမောင်းပို့ပေးသည်။ ပြန်ကြိုသည်။ မုန့်ဖိုးမရ။ ထမင်းဗူးထည့်ခွင့်ရှိသည်။ ကျောင်းဝတ်စုံအဖြူနှင့်အစိမ်း သုံးစုံပေးသည်။ စာအုပ်တစ်အုပ်ကုန်လျှင် အကုန်တိုပြ၍ အသစ်တစ်အုပ်ထုတ်ရသည်။ ဘောပင်ခဲတံများလည်းတူတူ။ ကွန်ပါဗူးတွေကတော့ ပစ္စည်းမစုံတော့၍ ကျောင်းမှာပင် သူများဆီမှ ငှားသုံးရသည်။ အသက်အရွယ်အမျိုးမျိုးထဲမှာ ဆယ်တန်းကျောင်းသူထိရှိသလို၊ ခုမှ သူငယ်တန်းတောင်မတက်ရသေးသည့်အရွယ်တွေလည်း ပါသည်။

"ဆယ်တန်းထိ မိုဓိခွင့်ရှိတယ်။ ဆယ်တန်းထိ တာဝန်ယူစောင့်ရှောက်ပေးမယ်။ ဆယ်တန်းအောင်ရင် ဇေယျာကထွက်ရမယ်၊ ကိုယ့်အစကိုယ်ကျောင်းတော့ …

"ဆယ်တန်းကျရင်လည်း တစ်ကြိမ်ပဲ ကျခွင့်ရှိတယ်။ နှစ်ကြိမ်ဆက်ကျရင် ဇေယျာကထွက်၊ ကိုယ့်ခြေထောက်



ပေါ်ကိုယ်ရပ်၊ ညီအစ်မချင်းတွေ တည့်အောင်နေ၊ ပြဿနာတွေ သယ်သယ်မလာနဲ့၊ နှစ်ဖက်လုံးကိုရိုက်မယ် …

"လုပ်တဲ့သူရော ခံရတဲ့သူရော အရိုက်ခံရမယ်"

အရိုက်ခံရမည့်အထဲမှာ ခံရသည့်သူလည်းပါသည်ဆိုသောအချက်ကို အစက နားမလည်ခဲ့ပါ။ သွားတိုင်လည်း အရိုက်ခံရမှာပဲဆိုတော့ ကိုယ့်ပြဿနာ ကိုယ်ဖြေရှင်းလိုက်ကျင့်ရသွားသည်။ ပျော့စိစိ ထုံဖျင်းဖျင်းလုပ်နေလို့ကတော့မရ၊ ကိုယ့်ရှင်သန်မှုအတွက် ကိုယ့်အားကိုယ်ကိုးကြရသည်မို့ အရွယ်ကလေးနည်းနည်းရတာနှင့် သတ္တိပြည့်နေရတော့သည်။ အတန်းကျောင်းတွင် ဇေယျာမှကျောင်းသူများ အလွန်မျက်နှာငယ်သည်။ ကျောင်း၏ကိစ္စဝိစ္စ ငွေကြေးထည့်ဝင်ရန် တတ်နိုင်ကြသူများမဟုတ်၍ ဝေယျာဝစ္စတွေလုပ်ကြရသည်။ အတန်းထဲတွင် ဆေးဖော်ကြောဖက်, ပေါင်းသင်းလိုသော သူငယ်ချင်းမရှိ။

တခြားကျောင်းသူကျောင်းသားတွေနှင့် မတူခြားနားသလို တစ်ဆင့်နိမ့်အနေအထားသို့ အလိုလိုရောက်နေ၏။ အနိမ်ခံရပါများသောအခါ လူက မြွေပွေးနှင့်တူလာသည်။ ဤပုံစံနှင့် မြအဆင်း ဆယ်တန်းသို့ရောက်လာရပါသည်။ ခေါ်ယဉ်မေ၏ပါးစပ်ထဲမှ မရှိသောကြွေးတွေ မကြေဘူးထင်သည်။ မြအဆင်းကို လာမခေါ်ရုံမျှမက တစ်ခါတလေတောင် လာမကြည့်၊ ရောက်မလာ၊ လုံးဝ အဆက်အသွယ်ပြတ်သည်။ မြအဆင်းသည် တစ်ကောင်ကြွက်မှ တစ်ကောင်ကြွက်အစစ်၊

www.burmeseclassic.com

www.burmeseclassic.com



မိဘမရှိ၊ အိုးအုံးမရှိ၊ ဆွေမရှိမျိုးမရှိ၊ ဝါးလုံးခေါင်းထဲမှာ သနေတည်းခဲ့ရလို ဤကမ္ဘာတွင် မြအဆင်းသည် တစ်ယောက်တည်းဆိုမှ တကယ့်တစ်ယောက်တည်းဖြစ်တော့သည်။

"ရှင့်မျက်မှောင်ကုပ်ကြီး နည်းနည်းလျှော့လိုက်ရင် ရှင် ဒီထက်ဖိုလှလာလိမ့်မယ်"

ဆယ်တန်းလောက်ရောက်တော့ ပေါင်းတတ်သင်းတတ်လာပြီ။ ဂေဟာကျောင်းသူတွေထဲမှာ အသက်အကြီးဆုံးဖြစ်၍ နေတတ်ထိုင်တတ်လာပြီ။ ကိုယ်က ကြောက်ရသူတို့လို ဆရာမတွေလောက်မဲ့ရှိကာ ကိုယ့်ကိုကြောက်ကြမည့်သူတွေ များလာတော့ နည်းနည်းပါးပါး အနေချောင်ကာ သူငယ်ချင်းနှင့်ဘဝနှင့် ခင်တာမင်တာတွေဖြစ်လာ၏။ ဂေဟာမှာ ဆယ်တန်းကျောင်းသူဆိုလို့ သုံးယောက်ပဲကျန်တော့သည်မို့ ... သည်သုံးယောက်ထဲမှာ ရန်မဖြစ်တော့ဘဲ စည်းရုံးချစ်ခင်ကြတော့သည်။ သုံးယောက်တည်းမှာ နှစ်ယောက်က တစ်ခါကျပြီးသားတွေမို့ နောင်နှစ်ခါဆို ဂေဟာမှအောင်လည်းထွက်၊ ကျလည်းထွက်၊ မြအဆင်းတစ်ယောက်သာ စာမေးပွဲကျလျှင် တစ်နှစ်ဆက်နေခွင့်ရှိ၏။

"ကုပ်ထားရတာပေါ့ဟယ်၊ ကျုပ်က ဆွေမျိုးမရှိရုံတင်မကဘူး၊ အပေါင်းအသင်းလည်း လုံးဝမရှိတော့ ဂေဟာကသာထွက်ရရင် သောင်ပြင်လွတ်တဲ့ခွေးဖြစ်မှာပဲ၊ ဘာမှလည်းလုပ်မစားဖော်တာနဲ့ သူတောင်းစားဖြစ်မလားမသိပါဘူး"

"သန်းသန်းကိုတော့ သူ့ကျောင်းက အတန်းပိုင်ဆရာ

www.burmeseclassic.com



မက အလုပ်မရှိသေးခင် အိမ်လာနေပြီး ဝိုင်းလုပ်ဝိုင်းစားနေနိုင်တယ်တဲ့၊ အလုပ်ရှာတဲ့၊ သူ့အိမ်မှာနေတုန်း လခတော့မပေးနိုင်ဘူး၊ ထမင်းကျွေးမယ်၊ အိမ်အလုပ်တော့ဝိုင်းလုပ်တဲ့"

"အိမ်ဖော်တစ်ယောက် လခမပေးရပဲရမှာလေ"

ဂေဟာသို့ရောက်လာကြသူတိုင်းမှာ မရောက်လာမီက အဖိနှိပ်ခံ၊ နှိပ်စက်ခံ၊ ဒုက္ခတွင်းထဲမှရောက်လာကြသူတွေချည်းမို့ လူတွေကို အကောင်းမမြင်နိုင်သည့်စိတ်ဓာတ် အရင်းခံ၍ ပါလာခဲ့ပြီးဖြစ်လေ၏။

"ဟော့ ... ဆရာမကြီးက ပြောတယ်လေ၊ လူ့လောကထဲဝင်ပြီး လူတွေနဲ့ပေါင်းတော့မယ်ဆိုရင် လူတွေကို အကောင်းမြင်တတ်တဲ့အလေ့အကျင့် စလုပ်တော့တဲ့၊ အကောင်းမြင် ... အကောင်းမြင်"

"အေးပါ"

"ရှင်က ဂုဏ်ထူးနှစ်လုံးလောက်နဲ့အောင်မယ်လို့ တီချယ်ကပြောနေတာ"

မြအဆင်းက စာနည်းနည်းပါးပါးတော်သည့်အထဲမှာပါ၍ ကျောင်းမှာ ဆရာမတွေ၏ ချစ်ခင်ခြင်းကိုခံရသည်။

"အဲဒီဂုဏ်ထူးနှစ်လုံး ဘာလုပ်ရမှာလဲ၊ ဘယ်သူက ဆက်ထားပေးမှာမို့ ဘယ်တက္ကသိုလ်တက်ရမှာလဲ၊ ဂုဏ်ထူးအစား ဘဲဥတွေဆိုမှ ပြုတ်စားလို့ရဦးမယ်"

"ကျုပ်တို့ကတော့ ကျမှာ"

www.burmeseclassic.com



"သန်းသန်း ··· ရှင်က တကယ်ပဲ၊ ရှင့်တီချာအိမ်မှာ နေမှာလား"

"နေဖြစ်ဖို့များတယ်၊ ရှင်ရော"

အေးအေးကြည်က ပခုံးကိုတွန့်ပြသည်။

"ဈေးရောင်းမယ်"

"ဘာရောင်းမှာလဲ"

"မိတ္တီလာဈေးထဲကအထည်ဆိုင်က ထိုင်ရောင်းပေးရင် ထမင်းကျွေး တစ်လတစ်ထောင်ပေးမယ်တဲ့၊ ပိတ်စ ကိုက်ပိုတွေဘာတွေ ပေးမယ်တဲ့၊ ချုပ်ဝတ်တဲ့၊ အဆင် ပြေရင်ပြေသလို လခကို နောက်တော့ တဖြည်းဖြည်း တိုးပေးသွားမယ်တဲ့၊ ဘယ့်နှယ်လဲ ··· ကောင်းလား"

"ကောင်းသားပဲ၊ အေးအေးကြည် ··· ရှင့်အထည် ဆိုင်က ရှင်တစ်ယောက်တည်းလိုတာလား၊ ကျုပ်ပါ လုပ်ခွင့်ရရင် လုပ်ချင်တာပေါ့၊ တီချယ့်အိမ်မှာ လခမရ တဲ့အိမ်ဖော်နဲ့စာရင် ··· တီချယ့်အိမ်ဆိုတာကလည်း"

"တီချယ်က အိမ်ဖော်တွေဘာတွေ ငှားနိုင်တာမဟုတ် ဘူး၊ သူ့ဘာသာ ဝေယျာဝစ္စလုပ်တာ၊ ကျုပ် ··· သောင်ပြင်လွတ်တဲ့ခွေးဖြစ်နေရင် ခဏယာယီခိုခွင့်ပြု မှာ"

"ကျုပ် မေးကြည့်မယ်၊ နှစ်ယောက်တူတူနေရတော့ လည်း ပိုအားရှိတာပေါ့ဟယ်၊ ငါတို့မှာ ဆွေမရှိမျိုး မရှိ၊ ရွှံ့ထဲကနေ ဘွားခနဲလူဖြစ်လာတဲ့သူတွေ"

"ဝါးလုံးခေါင်းထဲမှာ သန္ဓေတည်တာမဟုတ်ဘူးလား"



"ဝါးလုံးက အဆင့်အတန်းမြင့်လို့ ရွှံ့နဲ့ပဲတန်ပါတယ်"

သူတို့သုံးယောက် မရိုမရွနှင့် မသက်မသာရယ် ဖြစ်ကြသည်။

"တို့ဂေဟာကို စာရေးဆရာတွေ လာလည်ရင် လုံး ချင်းဝတ္ထု ငါးဆယ်ရမှာပဲ၊ စာရေးဆရာအသစ်တစ် ယောက်ဟာ တစ်အုပ်မှမရေးရသေးဘဲနဲ့ တို့ဂေဟာ ကိုလာခဲ့ရင်တောင် ···

"အုပ်ငါးဆယ် ရွှေရတုထိ စာအုပ်တွေအတွက် ဇာတ် လမ်းငါးဆယ် အဆင်သင့်ရသွားနိုင်တယ်နော်၊ တို့ တွေဟာ တစ်ယောက်တစ်မျိုး ထူးခြားဇာတ်လမ်းတွေ နဲ့ချည်းပဲ"

"ထူးခြားဇာတ်လမ်းက မထူးခြားဘူးဖြစ်နေတယ်၊ အ မိက အခြေခံအကြောင်းရင်းက ကျွေးမွေးမယ့်သူမရှိ၊ ဘယ်သူမှ မသထာလို့ လာပို့ပြီး ရောက်ကြရတဲ့သူ တွေချည်းပဲ" ငါ့သဘောပါလို့

ဤစကားသည် အမှန်ဖြစ်ပေမယ့် ··· အမှန် စကားကို ဆိုမိစဉ်မှာ ရင်ထဲကတော့ နာကျင်ရသည်ပင်။ ကျောင်းနေခွင့်ရသည်မို့ ကျောင်းမှာ သူများတကာ ကျောင်း သူကျောင်းသားတွေကို တွေ့မြင်နေရသည်။ သူတို့တွေမှာ မိ နှင့်ဖနှင့်မို့ ကြည်ကြည်လင်လင် ပျော်ပျော်ရွှင်ရွှင်။ ဘယ် လောက်ပဲ ဆင်းရဲပါသည်ဆိုဆို ··· မိနှင့်ဖနှင့်ရှိနေခြင်းသည် ပြည့်စုံခြင်းတစ်မျိုးတည်း။ မိဘမရှိသောလူသားတစ်ဦး၏ဘဝ သည် ချို့င့်ခွက်ပေါက်ပက်ကျက် ဘယ်လိုမှ မပြည့်စုံနိုင်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်ရတော့သည်။

"အဖေ အမေရဲ့ချစ်ခြင်းကို ခံစားချင်လိုက်တာဟာယ်"

စကားလေးက ရိုးရိုးလေးပဲဖြစ်၏။ အဖွဲ့အနှံ့ပေါ။ သို့ပေမယ့် ... ရင်ထဲမှလာသည်။ စကားလုံးတွေနာကျင်နေရှာ၏။ သူငယ်ချင်းသုံးယောက်လုံး ခံစားနိုင်ကြသူများချည်းမို့ မျက်ရည်ကိုယ်စီဝဲရပါသည်။ ဤသူငယ်ချင်းသုံးယောက်သည် မကြာမီ စာမေးပွဲဖြေကြရတော့မည်။ တစ်ယောက်တစ်နေရာစီဆိုသလို ကွဲကွာကြရတော့မည်။ မြအဆင်းက စာမေးပွဲကျလျှင် တစ်နှစ်ဆက်နေခွင့်ရှိ၍ အောင်လျှင် အိမ်ယ်သွားရပါမလဲ။ လူတစ်ယောက်အဖို့ရာမှာ စားရေးခက်တာမှန်၏။ စာရေးထက် နေရေးက ပိုခက်ပါသေးသည်။ အထူးသဖြင့် ... မိန်းမသား။ မိန်းမသားမို့ တစ်ယောက်တည်းနေလို့လည်းမရ။ မသင့်တော်။ ငွေကြေးတတ်နိုင်လို့ ရန်ကုန်မြို့ကြီးသို့ပြောင်းပြီး ဘော်ဒါဆောင်တွေမှာနေနိုင်လျှင်တော့လည်း မိန်းမဖော်တွေနှင့်မို့ ဆင့်တော်၏။ နယ်မြို့ကလေးမှာတော့ မိန်းကလေးဘော်ဒါဆောင်မရှိ။ ထားလည်း ဘယ်သူ့ချလာနေမှာမဟုတ်။

"ကျုပ် စာမေးပွဲနောက်ဆုံးနေ့ကျ နောက်ဆုံးဘာသာကို ခြစ်ပစ်မှဖြစ်မယ်၊ ကျုပ်က မျက်နှာပုပ်တော့ ရှင့်တို့လို လူချစ်လူခင်မရှိဘူး၊ ခုနေ ... အထည်ဆိုင်လိုဟာမျိုး၊ အတန်းပိုင်ဆရာမလိုမျိုးတောင် ကျုပ်မှာ လက်ခံမယ့်သူမရှိဘူး"

မြအဆင်း အံကိုကြိတ်ပစ်လိုက်သည်။ ပေါက်



ခနဲကျလာသော မျက်ရည်ကို ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်သည်။

"ဟယ် ... နှမြောစရာကြီး၊ ရှင်က စာတော်တယ်၊ အောင်မှာ၊ မြန်မာစာဂုဏ်ထူး ရကိုရမှာတဲ့၊ နောက်တစ်လုံးလောက်တောင် ရနိုင်သေးတယ်တဲ့၊ ဆရာမတွေပြောတယ်"

"ဘာလုပ်ရမလဲ၊ ဂုဏ်ထူးနှစ်လုံးမိုက်ပြီး ဘယ်အောင်ပြင်မှာ ပြေးရမလဲ၊ ငါက လူမှမဟုတ်တော့ ခွေး ... ခွေး"

မြအဆင်း ... အီးခနဲ ငိုချလိုက်တော့သည်။

ကိုယ့်ဘဝနှင့်ပတ်သက်၍ ရင်ကွဲပက်လက်ရှိုက်ငင်ရသည်မို့ ဒီတစ်ကြိမ်တော့ ထိန်းမနေဘဲ ရင်ဖွင့်ဖြစ်တော့၏။ မြအဆင်း ကံဆိုးလှပါသည်။ ဖေဖေ့မျက်နှာကို မှတ်မိစွာမမြင်ယောင်တမ်းတာ၏။ ဖေဖေရှိစဉ်မှာ ဖေဖေက ဒုတိယမေမေနှင့်လက်ထပ်လိုက်တော့ မြအဆင်း ... လောကရဲ့ကို တစ်နှစ်လောက် ခံစားလိုက်ရပါသေးသည်။ ကျေးဇူးရှင် ဦးဦးနှင့်အန်တီတို့ကောင်းမှုကြောင့် မြအဆင်း မေမေ့မေတ္တာကို ပြန်ရခဲ့တာပါ။

အော် ... ကျေးဇူးရှင်တွေလည်း ဘာဖြစ်ကြပြီမသိ။ အဆက်အသွယ်ပြတ်၏။ ဦးဦး ကျန်းမာရေးကောင်းလို့ မြအဆင်းကို သတိတရနှင့် ပြင်ဦးလွင် ပြန်ရာလျှင်လည်း တွေ့နိုင်မှိမရှိတော့ပါ။ သူတို့တွေလည်း ပြန်ရာချင်မှ ရှာနိုင်မည်မဟုတ်ပေ။ ခုနေ ... တစ်နေ့ရာရာမှာတွေ့ကြလျှင်တောင် မြ

www.burmeseclassic.com

www.burmeseclassic.com



အဆင်းကတော့ မှတ်မိမည့်ထင်သည်။ ဆယ်နှစ်စာလောက် အိုစာသွားနိုင်သေမယ့် ဦးဦးတို့ အနဲတီဖြူတို့ကို မြအဆင်းက မှတ်မိမှာပါ။ ဦးဦးတို့ကတော့ မြအဆင်းကို မှတ်မိဖို့မလွယ် ပြီ။ ဦးဦးတို့မျက်စိထဲမှာ မြအဆင်းဟာ ဂါဝန်ကလေးနှင့်လေ။

မြအဆင်း၏မျက်ရည်က ကြည်ကြည်အေးနှင့် သန်းသန်းတို့ရင်သို့ အပူကူးစက်စေခဲ့ပါသည်။ သူတို့မှာက ကိုယ်နည်းကိုယ်ဟန်နှင့် မှီခိုနားနေစရာရှိနှင့်ပြီးသလိုဖြစ်နေ၏။ အဆင့်မပြေကာမှ နောင်ခါလာနောင်ခါရှင်း။ မြအဆင်း အဖြစ်က ကိုယ်တွေထက် ပိုဆိုး၏။

"ရုပ်ကလေးက လှချင်သား၊ ကုပ်ထားလိုက်တဲ့မျက်မှောင်၊ ပုပ်ထားလိုက်တဲ့မျက်နှာ၊ ဟေဟာကမို့လို့သာပဲ၊ သူ့ငွေအိမ်က မွေးစားသမီးလောက်ဆာဆို ငါတို့တွေ နေစရာတောင်ရှိမှာမဟုတ်ဘူး"

ကျောင်းမှာ မိန်းမချင်း အဲသည့်လိုအပြောခံရသည်။ မြအဆင်းကလည်း မြအဆင်း။ ဒီမျက်နှာထားက တစ်ပြားမှမလျှော့ချေ။ လျှော့လို့လည်းမဖြစ်။ မြအဆင်း ... ကိုယ့်ရုပ်ကိုယ် အသိဆုံး၊ သူတို့ပြောသလို "လှချင်သား" အဆင့်မျှမကတာ။ မိန်းမချင်းတောင် နောက်မှ မနာလိုကြာမှမနာလိုရော ... ရုတ်တရက်တော့ ငေးကြည့်လိုက်ရတာပင်။ ယောကျ်ားလေးဆို မြအဆင်းနောက်မှ တကောက်ကောက်။ ရှစ်တန်းလောက်ရောက်တဲ့အချိန်က ရလာသမျှသော ရည်းစားစာတွေကို ဖွင့်တောင်ဖတ်မကြည့်ဘဲ ဆုတ်,ဆုတ်ပစ်ရတာ နေ့ရှိသရွေ့မဟုတ်လား။



"ဗဟုသုတအလို့ငှာ ..."

သန်းသန်းက ရယ်စရာပြော၍ မဆုတ်ခဲ့ဖတ်ကြည့်ချင်စိတ်ရှိ၏။

"ကိုယ်မရဘူးတဲ့အရာမို့ပါဟာ၊ အကြောင်းအရာလေး သိချင်လို့"

"လုပ်မနေနဲ့၊ စိတ်ပျော့ကျသွားလို့ ဘာရွေယိုင်ဖြစ်ပြီး မြေကြီးပေါ်လဲကျသေဆုံးသွားလိမ့်မယ်၊ ကိုယ့်ဘာသာတောင် ဘယ်နှာခေါင်းပေါက်နဲ့အသက်ရှူရမှန်းမသိဖြစ်နေတာ၊ ဒါတွေချင်တော့ရင် ဒုက္ခလှလှကြီးတွေ့မယ်၊ ကျုပ်တို့ဘဝက စိတ်ကူးယဉ်နေခွင့်ရှိတာမဟုတ်ဘူး"

မြအဆင်း အဲသည်လိုပြော၍ ရလာသမျှသော ရည်းစားစာတွေကို တစ်စောင်မျှဖွင့်မဖတ်ခဲ့ပါ။ ဘယ်ယောကျ်ားလေးကိုမျှလည်း စေ့စေ့မကြည့်။ ယောကျ်ားလေးသူငယ်ချင်းရှိဘူးလားဟုမေးလျှင် ရှိပါသည်။ ကိုယ့်လို မိဘမဲ့မဟုတ်သော်မယ့် ခပ်ဆင်းဆင်းရဲရဲ၊ အရုပ်ဆိုးဆိုး၊ ကိုယ့်လိုပဲ ဘဝရုန်းကန်ရမှာမို့ ရည်းစားထားဖို့ အချိန်မပေးနိုင်သေးသော ယောကျ်ားလေးတွေနှင့် မြအဆင်း သူငယ်ချင်းတော်ပါသည်။ ပေါင်းပါသည်။ မိန်းမသားချင်းထဲမှာတော့ ပေါင်းစရာလူက သန်းသန်းနှင့်ကြည်ကြည်အေးမှလွဲ၍ မရှိ။

"မိန်းမကိုက ပေါင်းလိုက်ရင် ကောင်လေးတွေနဲ့ချည်းပဲ၊ ပြီးကျတော့ ... ရည်းစားစာရရင် ဆုတ်ပစ်တဲ့လေးဘာလေးနဲ့၊ ဆုတ်ပစ်တဲ့ရုပ်ကလား၊ ကောင်လေးတွေနဲ့ချည်းပေါင်းတာ"

www.burmeseclassic.com



နှုတ်ပြင် ဝေဖန်တာလောက်ကတော့ ခံရလွန်းလို့ မြအဆင်း အရေထူပါပြီ။

"တွေလား ... ကြားလည်း မကြားသလို၊ မထုံတက်ဆေးနဲ့ ဂေဟာကမို့ပဲ၊ တာဝတီ သာကများဆို ငါတို့ကို သတ်စေအမိန့် ပေးမလားမသိဘူး"

မိန်းမချင်းတောာ့ ပေါင်းလို့ကိုမဖြစ်တာပါ။ နည်းနည်းပါးပါးတတ်နိုင်သော ပိုက်ဆံရှိသောမိဘ၏ သမီးတွေက မြအဆင်းတို့သူငယ်ချင်းသုံးယောက်ကို တူတယ်တန်တယ် မထင်ကြချေ။

"တို့သုံးယောက်များ အနူတွေကျနေတာပဲ၊ သူတို့နဲ့ပေါင်းရင် အနူကူးမယ့်အတိုင်း"

သန်းသန်း အံကြိတ်ပြောတာ အမှန်စကားဖြစ်၏။ မိန်းမချင်းတွေက "ဂေဟာ" မှ မိန်းကလေးတွေကို အထင်သေးရှုံ့ချသည်။ ဆင်းဆင်းရဲရဲမိန်းကလေးတွေကျတော့လည်း မတတ်နိုင်တာချင်း၊ နွမ်းပါးတာချင်းတူသည်မို့ မာနမကြီးဖူးဘဲထား၊ မိန်းမသားဟူသည် ဘာကြောင့်မှန်းမသိ၊ အလှ ... အလှချင်း၊ ရုပ်ဆိုး ... ရုပ်ဆိုးချင်းတွေသာ ရွေးရှာတွဲမိကြသည်။ လူတကာ လှျမ်တစ်ပြက်တော့ ငေးလိုက်ရသေးတာပဲဖြစ်သည့် မြအဆင်းနှင့် တွဲဖို့ပေါင်းဖို့ဆိုတာ မိန်းမသားတိုင်းလိုလိုမှာ ဆန္ဒမရှိကြချေ။ စင်စစ် ... သန်းသန်းနှင့်ကြည်ကြည်အေးသည်ပင်လျှင် တစ်ဂေဟာတည်းမှမို့သာပဲ၊ သူတို့သာ အမြင်လှူဆိုလျှင် မြအဆင်းနှင့် ပေါင်းကြသင်းကြပါ့မလား။ အာမမခံနိုင်ပါ။



အဲသည်ခွေးနွေးပွဲ၏ နောက်ပိုင်းမှာ သန်းသန်းက မြအဆင်းကို သနားသောကြောင့် ဂေဟာဆရာမကြီးထံသို့ မြအဆင်း စာမေးပွဲအကျခံဖြေဆိုပြီး နောက်ထပ်တစ်နှစ်နေခွင့်ရအောင် ကြိုးစားမည့်အကြောင်း သတင်းပို့လေ၏။

"ဆရာမကြီးခေါ်တယ်ဆိုလို့ပါ"

မြအဆင်းက ဂေဟာဝတ်စုံကလေး ဝတ်ထား၏။ ဂေဟာမှာလည်း ယူနီဖောင်းရှိပါသည်။ ဂါဝန်ဝတ်လို့ရသည့်အရွယ်ဆိုလျှင်တောင် အပေါ်ပိုင်းက အဝါနောက်ရောင်နည်းနည်းကလေးပါသော အဖြူ(ကရင်မ်ကာလာ Cream Colour) နှင့် အောက်ပိုင်းမှ ရေညှိစိမ်း၊ တစ်ပိုင်းစီချုပ်ရသည်။ ထဘီအင်္ကျီဝတ်ရသည့်အရွယ်သို့ရောက်လျှင် အင်္ကျီကရင်မ်ကာလာ (မြန်မာအင်္ကျီလက်စကရင်စေ့) နှင့် ထဘီရေညှိစိမ်းပဲဖြစ်၏။ ဂေဟာဝတ်စုံ တစ်ယောက်ကိုသုံးစုံပေးသည်။

ကျောင်းတက်လျှင် ကျောင်းဝတ်စုံ (အင်္ကျီဖြူ လုံချည်စိမ်း) သုံးစုံပေးသည်။ ကျောင်းသို့ ဂေဟာဝတ်စုံနှင့် သွားလို့မရသလို၊ ဂေဟာမှာနေရင်း ကျောင်းဝတ်စုံဝတ်လို့မရပါ။ သုံးစုံနှင့်လုံလောက်အောင် ကိုယ့်ဘာသာ လျှော်ဖွပ်နေလှန်း၊ အလျှင်မီအောင်စီမံကြရပါသည်။

"မြအဆင်း စာလိုက်နိုင်ရဲ့လား"

"ဟုတ်ကဲ့ ... သင့်တင့်ရှိပါပဲ ဆရာမကြီး"

"ပထမအစမ်းပြီးလို့ ရတဲ့ရီပို့တ်ကတ် (ပညာရည်တိုးတက်မှုအစီရင်ခံစာ Report Card)ထဲမှာတော့ မြအဆင်း အမှတ်တွေကောင်းသားပဲ၊ အောင်နိုင်ခြေရှိတယ်။ အောင်

www.burmeseclassic.com

www.burmeseclassic.com



ရင် ဘာအရုပ်မယ်စိတ်ကူးလဲ"

"ကျွန်မမှာ ဘာစိတ်ကူးမှမရှိသေးပါဘူး"

"အပြင့်မှာနေဖို့ အဆက်အသွယ်လေးဘာလေးရော"

"မရှိပါဘူး ဆရာမကြီး"

"ဆရာမကြီးမှာ စိတ်ကူးတစ်ခုရှိတယ်၊ ငါတို့ဂေဟာမှာရှိတဲ့ သမီးတွေကို အတန်းကျောင်းပို့ပေးတဲ့အခါမှာ စာလိုက်နိုင်တဲ့သူလည်းရှိ၊ မလိုက်နိုင်တဲ့သူလည်းရှိ၊ များသောအားဖြင့်ကတော့ မလိုက်နိုင်ကြဘူး"

"ဟုတ်ကဲ့"

"မလိုက်နိုင်ဆို ... ဒီဂေဟာကို ရောက်လာကြတဲ့သမီးတွေဟာ မြအဆင်းလို မိဘမျိုးရိုးကဆင်းသက်ပြီး လူဖြစ်လာရတဲ့သူရှားတယ်၊ မြအဆင်းက ကံမကောင်းလို့သာ မိဘမဲ့ဖြစ်ရပြီး ပစ္စည်းတွေလည်းဆုံးရှုံးတုန်လို့ အားကိုးရာမဲ့ရတာ၊ တကယ်တမ်းဆို မျိုးရိုးကလည်းကောင်းတယ် ...

"ခုလို မဖြစ်ခင်အချိန်ထိက ကောင်းကောင်းမွန်မွန်ကြီးပြင်းခဲ့ရတယ်၊ မွေးလာကတည်းကကွယ် ... စားရသောက်ရတဲ့အာဟာရ၊ ဆက်ဆံရတဲ့လူကြီးတွေရဲ့ အသိဉာဏ်ပေါ်မူတည်ပြီး ဒီကလေး အရည်အသွေးမြင့်ရတာဆိုတော့ ...

"တို့ဂေဟာမှာ ဦးနှောက်အရည်အချင်းမြင့်တဲ့သူဆိုလို့ မြအဆင်းတစ်ယောက်လောက်ပဲ ပါတာ၊ များသောအားဖြင့်မှာ မျိုးရိုးစဉ်ဆက် ဆင်းရဲလွန်းလို့ မကျွေး



နိုင်မမွေးနိုင်တွေ မြအဆင်းလည်း သိတဲ့အတိုင်း၊ တချို့ကျတော့ ...

"လမ်းပေါ်ကကောက်လာပြီး အမြင်မတော်တဲ့သူကလာပို့လို့ လက်ခံထားရတာ၊ မွေးနေ့သက္ကရာဇ်တောင်အမှန်သိခွင့်မရတဲ့သူတွေ၊ ဒီလိုကလေးတွေဟာ ဦးနှောက်အရည်အသွေးမြင့်မားဖို့လည်း မလွယ်ဘူး"

မြအဆင်း မျက်လွှာလေးချ၍ နားထောင်နေပါသည်။ ဆရာမကြီးပြောသလို ဤဂေဟာမှာ ရှိသမျှတော်တော်များများသည် လေးတန်းလောက်နှင့် ကျောင်းဆက်ထားလို့မရတော့တာတွေ၊ ခုနစ်တန်း ရှစ်တန်းလောက်နှင့် ပညာရေးပြတ်တောက်သွားကြသူတွေဖြစ်၏။ တပိန်ပိန်တာလိန်လိန်နှင့် ဆယ်တန်းထိရောက်လာကြသော သန်းသန်းနှင့်ကြည်ကြည်အားပေးလျှင် ဒီဆယ်တန်းဆိုသော တောင်တန်းကြီးကိုကျော်ဖြတ်နိုင်ဖွယ်မမြင်ပါ။ စာဆက်သင်လို့မရဘဲ အသက်ကြီးလာကြသူတချို့ကို အသက်ဆယ့်ရှစ်နှစ်ထိ ကျောင်းထားလို့မရလည်း ဂေဟာမှာပဲ ဝေယျာဝစ္စလုပ်ခိုင်းပြီး ဂေဟာကတာဝန်ယူစောင့်ရှောက်ပါသည်။

ကျောင်းထားလို့မရဘဲ ကျောင်းပညာကလေးမတောက်တခေါက်တွေလည်း ဆယ့်ရှစ်နှစ်ပြည့်လျှင် ကိုယ့်လမ်းကိုယ်လျှောက်ပါပဲ။ များသောအားဖြင့်မှာ အိမ်တွင် ဝိုင်းလုပ်ဝိုင်းစား ကူဖော်လောင်ဖက်လိုသူတွေ၊ ဆိုင်ထွက်ခိုင်းချင်သူတွေ စသည်ဖြင့် မိန်းကလေးနှင့်သင့်တော်မည့်အလုပ်အကိုင်ပေးနိုင်သူများက မွဲခမပေးရဘဲ အလုပ်သမားရှာသလိုဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သည့် ဤဂေဟာသို့ မကြာခဏ လာရောက်ခေါ်ယူတတ်ကြပါသည်။ တချို့ ... ခပ်ငယ်ငယ် ဆယ်နှစ်သမီးလောက်နှင့်လည်း စာသင်လို့မရသောကြောင့် မွေးစားမည့်သူရှိလျှင် ပေးလိုက်တော်မျိုးရှိသည်။ ဒီလိုမှမလုပ်လျှင်လည်း ဂေဟာမဆန့်နိုင်တော့ချေ။ ရန်ပုံငွေလည်း လောက်ငမည်မဟုတ်ပါ။

"ဆရာမကြီးဆန္ဒက ဒီဂေဟာရဲ့ကျေးဇူးကို ခံစားပြီး ဆယ်တန်းကလေးလောက်တော့ အောင်,အောင်သွားကြစေချင်တာ၊ ခုတော့ ... နှစ်တန်းနဲ့ရပ်၊ လေးတန်းနဲ့ရပ်၊ အလွန်ဆုံးတက်လာမှ ခုနစ်တန်း ရှစ်တန်း ...

"ဒီတော့ ... ဒါတွေဟာ ဂေဟာကနေ အလုပ်သမားအဖြစ်ချည်းပဲ အပြင်လောကကိုရောက်ရောက်သွားကြတယ်၊ တို့ဂေဟာက ပွဲခမပေးရတဲ့ အလုပ်သမားခေါ်လို့ရတဲ့နေရာကြီးကိုဖြစ်လို့"

ဆရာမကြီးက မချိတရိပြုံးရှာ၏။ သူလည်း သူအုပ်ချုပ်သောဌာနမှ မိန်းကလေးများကို ထူးချွန်ဖြစ်ထွန်းစေချင်မည်ဖြစ်ပါသည်။ ခုတော့ ... တစ်ယောက်လာလည်း အိမ်ဖော်၊ နှစ်ယောက်လာလည်း ခိုင်းဖတ်တွေအဖြစ်နှင့်ချည်း လူ့လောကထဲ ထည့်ပေးနေရတော့ စိတ်ချမ်းသာရှာမည်မဟုတ်ပါ။

"ပညာတတ်ဖြစ်ထွန်းလာတဲ့သူ မရှိတော့၊ တို့ဂေဟာလည်း အရောင်မှိန်တယ်၊ တစ်ခါလာ အိမ်ဖော်၊ တစ်ခါလာ အလုပ်သမား၊ တစ်ခါလာ မွေးစားသမီး လက်ဆိုလက်တောင်း၊ ဆရာမကြီးက အုပ်ချုပ်ရေးအဖွဲ့ကို



တင်ပြတယ် ...

"ဆယ်တန်းအောင်လည်း တက္ကသိုလ်ဆက်ထားပေးဖို့ ဘာဖြစ်လို့လဲဆိုတော့ ဆယ်တန်းအောင်လာမယ့်မိန်းကလေးကရှားမှာ၊ တာဝန်ယူရလည်း တစ်ယောက်နှစ်ယောက်ထက် မပိုဘူး ...

"ခုကိုပဲကြည့် ... မြအဆင်းတို့သုံးယောက်ပြီးရင် ဆယ်တန်းရောက်လာမယ့်သူ ခုချိန်ထိတော့ တစ်ယောက်မှ မတွေ့သေးဘူး ...

"ဒါတောင် ... သန်းသန်းနဲ့ကြည်ကြည်အေးက အောင်ကြဖို့မလွယ်ဘူး၊ ဒီဂေဟာကနေ ဆယ်တန်းအောင်သွားတယ်ဆိုတာ ခုချိန်ထိ မြအဆင်းနဲ့မှ သုံးယောက်ပဲရှိမယ်၊ မြအဆင်းက အောင်မှာသေချာပါတယ်"

မြအဆင်း မျက်ဝန်းကလေးတွေ လက်ရှာ၏။

"တစ်ယောက် ခုဆို နိုင်ငံခြားရောက်နေပြီ၊ ဆန်ဖရန်စစ္စကိုဆိုတော့ အမေရိကားပေါ့၊ သူ့ကို သံရုံးမိသားစုက ကလေးထိန်းနဲ့ခေါ်သွားတာ၊ ဘယ်လောက်ကြိုးစားလဲဆိုရင် ...

"ဟိုမှာ ... ကလေးထိန်းရင်း အလကားမနေဘူး၊ တွေ့သမျှ အင်္ဂလိပ်စာ ကောက်ဖတ်တာပဲ၊ အစကတော့ ဘယ်နားလည်မလဲ၊ မသိရင်မေးတယ်၊ မေးရင်းနဲ့ဖတ်ရင်းနဲ့ နားလည်ရတော့တာပဲ ...

"အဲဒါ ... သံရုံးမိသားစုက မြန်မာပြည်ပြန်လာတာတောင် သူက ပြန်လိုက်မလာတော့ဘူး၊ ဟိုမှာ အ

www.burmeseclassic.com

www.burmeseclassic.com



"လုပ်တစ်ဖက်နဲ့ ကျောင်းတက်ကျန်ရစ်ခဲ့တယ်၊ အခုဆို ကျောင်းမတက်တော့ဘူး၊ အလုပ်လုပ်တယ်၊ ဝင်ငွေကောင်းတယ်၊ ဒီကျောင်းကို လေးငါးလတစ်ခါ ... ထောက်ပံ့ငွေပို့တယ်၊ ကျေးဇူးလည်းသိတတ်တယ်၊ ဆရာမကြီးတို့အနေနဲ့ မွေးရကျိုးနပ်တဲ့သမီးတစ်ယောက်ပေါ့"

အော် ... ကုသိုလ်ကောင်းလိုက်တာ၊ မြအဆင်းကိုများ အဲဒီလိုလာခေါ်လျှင် မြအဆင်းလည်း လိုက်သွားချင်ပါသည်။ မြအဆင်းဆိုလျှင်တော့ ပညာရှာမည်။ ဥစ္စာရှာမည်။ စာပိုင်တနိုင်ကလေး ပြည့်စုံခဲ့လျှင် မြန်မာပြည်သို့ ပြန်လာကာ ဤဂေဟာမှာပင် အုပ်ချုပ်သူဆရာမတစ်ယောက်အဖြစ် ပြန်ဝင်ချင်ပါသည်။ ကလေးတွေကို စာသင်ပေးချင်ပါသည်။ မြအဆင်းက ဂေဟာကျေးဇူးကို အဲသည်နည်းနှင့် ဆပ်ချင်၏။

"နောက်တစ်ယောက်ကတော့ ရန်ကုန်မှာ"

"ရှင်"

"သူကလည်း တစ်မျိုးကံကောင်းတယ်၊ အမှန်က ... တို့ဂေဟာမှာ ကျောင်းဆက်ထားလို့မရတော့တဲ့ မိန်းကလေးတွေရှိနေတယ်၊ တချို့ကျတော့ အသက်ကလည်းကြီးလာပြီ၊ ကျောင်းက တာဝန်မယူချင်တော့ဘူး၊ အဲဒါမျိုးတွေကို မွေးစားဖို့၊ တစ်ခုခုနိုင်းဖို့ပေါ့လေ ... လာခေါ်ရင်ရတယ်ဆိုတဲ့ သတင်းကြားလို့ ...

"ရန်ကုန်ကနေ လိုက်လာတာ၊ ဂေဟာကဆိုတော့ အိမ်ဖော်ပွဲစားတွေဆီကလူတွေထက် စည်းကမ်းကောင်းမှာပဲဆိုပြီး အလုပ်သမားအနေနဲ့ လာရှာတာပဲ၊ ဆရာမကြီးကလည်း ဒါကိုပဲ ...

"စိတ်မကောင်းကြီးစွာနဲ့ လက်ခံနေရတာ၊ တို့က ပြုစုပျိုးထောင်ပေးချင်တာ ကျောင်းဆရာမတွေ၊ ဆရာဝန်မတွေ၊ အင်ဂျင်နီယာမတွေ၊ စီးပွားရေးပညာရှင်တွေ၊ အဲဒါတွေဖြစ်စေချင်တာ ...

"ဒါပေမယ့် ... ရောက်လာကြကတည်းက ဗီဇသဘောညံ့ညံ့တွေချည်းဆိုတော့ တစ်ခါလာ အလုပ်သမား၊ တစ်ခါလာဈေးသည်၊ တစ်ခါလာအိမ်ဖော်နဲ့၊ တချို့ကျတော့လည်း ဆိုးတော့မဆိုးပါဘူး၊ ရောင်းရင်းဝယ်ရင်းနဲ့ ရောင်းတတ်ဝယ်တတ်ဖြစ်သွားတော့ ...

"ဒါဟာလည်း ပညာတစ်ရပ်ပါပဲ၊ တချို့ကျ မြို့တော်ပါလာတွေဝင်သွားတော့ အဲဒါတွေလည်း မျက်စိတတ်လာတော့ ပညာတစ်ရပ်ပါပဲ၊ အိမ်ဖော်အဖြစ်နဲ့ ထည့်ထည့်ပေးနေရတာကို ဆရာမကြီးက ဝမ်းလည်းနည်းတယ်၊ ခံလည်းမခံချင်ဘူး ...

"ဒါပေမိယ့် အသက်ကလည်းကြီးလာပြီ၊ မူလငွေပဒေသာပင်အလှူရှင် ချမှတ်ခဲ့တဲ့စည်းကမ်းနဲ့လည်း ငြိလာပြီ၊ ဆယ့်ရှစ်နှစ်ထိပဲ တာဝန်ယူမယ်ဆိုတာကိုး၊ ဂေဟာမှာလည်း ထားလို့မဖြစ်၊ ဘာမှလဲဖြစ်ထွန်းမလာတော့ အိမ်ဖော်နဲ့ထည့်လွှတ်ရတာကို စိတ်ကိုမကောင်းဘူး၊ ရန်ကုန်က အဲဒီသူဌေးတွေက လာတုန်းကတော့

www.burmeseclassic.com



အိမ်ဖော်လာရှာတာပဲ ...

"ဒီကျတော့ ဆယ်တန်းအောင်ထားတဲ့တစ်ယောက် ဘာလုပ်ရမှန်းမသိဖြစ်နေတာမြင်တော့ ... သူ့ပါ ရောခေါ်သွားတာ၊ နှစ်ယောက်ပေါ့၊ မြအဆင်း မရောက်ခင်က အဖြစ်အပျက်တွေဆိုတော့ မြအဆင်းမသိလိုက်တာနေမှာ ...

"ဟိုအိမ်ဖော်ကလည်း ဂေဟာထွက်ဆိုတော့ အကျင့်စာရိတ္တကောင်းတယ်၊ အဲဒီအိမ်မှာ ဆွေမျိုးသားချင်း အဒေါ်အစ်မလိုနေရာရောက်နေပြီ၊ လူရင်းဖြစ်လို့ သတင်းကြားရတာ ဝမ်းသာပါတယ်၊ ဆယ်တန်းအောင်တဲ့တစ်ယောက်ကိုတော့ ...

"အဲဒီအိမ်က တက္ကသိုလ်ထားပေးတာ၊ ဘွဲ့ရသွားပြီ၊ ကျောင်းဆရာမလုပ်နေတယ်၊ အဲဒီသူဌေးကတော်ရဲ့ မောင်နှစ်ဝမ်းကွဲနဲ့ အိမ်ထောင်ကျတယ်၊ သင့်သင့်တင့်တင့်နေနိုင်တယ်ပေါ့လေ ...

"သူကကျတော့ ဂေဟာကို ငွေတွေဘာတွေ သိပ်ပြန်မထောက်နိုင်ဘူး၊ ဂေဟာကနေ ဆယ်တန်းတွေဘာတွေအောင်လို့ ကိုယ့်တာသာအလုပ်တစ်ဖက် ကျောင်းတစ်ဖက် နေချင်သူတွေ ...

"သူ့အိမ်မှာလာနေပါ၊ ထမင်းနှစ်နပ်တော့ သူကျွေးပါမယ်တဲ့၊ သူတတ်နိုင်တဲ့ဘက်က ကူညီမှာလေ၊ ဆယ်တန်းမအောင်ဘဲ ဂေဟာကထွက်ရတဲ့သူတွေလည်း ရန်ကုန်ဆင်းပြီး အလုပ်ရှာရင် ...



"သူ့အိမ်မှာ ယာယီတည်းခိုခွင့်ပေးတယ်၊ ကျေးဇူးတင်ပါတယ်ပေါ့လေ၊ သူက အဲဒီလောက်ပြန်ကူညီတာလည်း မနည်းပါဘူး၊ အဲဒီနှစ်ယောက် ဆယ်တန်းအောင်ဖူးတာ၊ မြအဆင်း အောင်မှ သုံးယောက်ဖြစ်မှာ ...

"ဆရာမကြီးက အောင်စေချင်တယ်၊ အုပ်ချုပ်ရေးအဖွဲ့ကို အဝေးသင်တက်ခွင့်စရိတ်နဲ့ ဂေဟာမှာ ဆက်နေခွင့်ပြုမပြု ဆရာမကြီးခွင့်တောင်းထားတယ်၊ ခွင့်ပြုရင်တော့ အကောင်းဆုံးပေါ့ ...

"တကယ်လို့ ... မူလဥပဒေအတိုင်းပဲ ဆက်ခွင့်မပြုနိုင်ဘူးဆိုရင် မြအဆင်းကို ရန်ကုန်လွှတ်မယ်၊ တင်တင်မော် ... တဲ့၊ စောစောကပြောတဲ့ကျောင်းဆရာမ၊ အဲဒီမှာ ယာယီတည်းခိုပြီး ...

"အလုပ်ရှာ၊ အလုပ်ရရင် အဝေးသင်တက်၊ ဆရာမကြီးက အဲဒီလိုဖြစ်စေချင်တယ်၊ ရန်ကုန်မဆင်းခင်မှာ မြအဆင်းမှာ ပိုက်ဆံလေးဘာလေး နည်းနည်းပါးပါးရသွားအောင် ဒီဂေဟာမှာပဲ ကလေးတွေကို စာပြပေး ...

"ဂေဟာကျူရှင်ပေါ့၊ တခြားက ဆရာမ,မခေါ်တော့ဘဲ မြအဆင်းကိုခန့်မယ်၊ ဂေဟာက ကလေးတွေ ကျောင်းမှာ စာမလိုက်နိုင်တာများလို့၊ ဂေဟာမှာပဲ ကျူရှင်ပေးဖို့ ခွင့်တောင်းထားတာ ကျနေပြီ၊ ဂေဟာမှာဆက်နေဖို့အမိန့်မကျရင် ...

"ဂေဟာကျူရှင်ဆရာမ တစ်နှစ်လုပ်၊ ဂေဟာမှာ နေ

www.burmeseclassic.com

www.burmeseclassic.com



နှမ်းစေ့ချင်းဆုပ် မြအဆင်း လခရမယ်”

“ကျေးဇူးကြီးလှပါတယ် ဆရာမကြီးရယ်”

မြအဆင်းက ကြမ်းပြင်မှာ ကျုံ့ကျုံ့ကလေးထိုင်၍ ဦးသုံးကြိမ်ချလေ၏။

“အင်း … မြအဆင်းကို မိုက်ရိုင်းတယ် … မိုက်ရိုင်းတယ်ပြောကြတယ်၊ မြအဆင်း ဘယ်မှာမိုက်ရိုင်းလို့လဲ”

“ရှင် … ကျွန်မကို … ”

“အေး … ကျောင်းမှာ ရန်ဖြစ်တာများလို့ … စီခနဲဆို မြအဆင်းတဲ့၊ ဆရာမတွေက ခေါင်းမရှင်းလည်း ရှင်းပြပါရစေ … ဆိုတာကစပြီး ခံပက်တတ်လွန်းလို့ မြအဆင်း မိုက်ရိုင်းတယ်တဲ့”

“တကယ် ရှင်းပြတာပါ ဆရာမကြီးရယ်၊ ဂေဟာက ကျွန်မတို့သုံးယောက်ကို ကျန်တဲ့ကျောင်းသူတွေက အနုတွေလို ထိမှာတောင်ကြောက်နေကြတဲ့အချိုးနဲ့ ဆက်ဆံကြလို့ ရန်ပွဲများရတာပါ”

“ဆရာမကြီးကတော့ နားလည်ပါတယ်၊ မြအဆင်းက မမိုက်ရိုင်းပါဘူး၊ ရိုသေထိုက်သူကို ရိုသေရမည် … ဆိုတဲ့ မင်္ဂလာတရားနဲ့ပြည့်စုံတာ မျက်မြင်ဖြစ်သွားရပြီ၊ ဒီတော့ … စာမေးပွဲနီးနေတဲ့ နှစ်လ သုံးလလေးကို ကြိတ်မှိတ်ပြီး ကြိုးစားလိုက်စမ်းပါ …

“ဟုတ်လား၊ နောက်ပိုင်းတွေ အဆင်ပြေသွားအောင် ဆရာမကြီးကူညီမယ်”



“ကျေးဇူးတင်ပါတယ် ဆရာမကြီးရယ်၊ တကယ်ပါ၊ ကျွန်မ ကျေးဇူးမမေ့တတ်ပါဘူး၊ ကျွန်မရှေ့က ဆယ်တန်းအောင်သွားတဲ့အစ်မနှစ်ယောက်လိုပဲ ကျွန်မ ဂေဟာကိုပြန်ပြီး ကူညီနိုင်အောင်ကြိုးစားပါ့မယ်”

“ကောင်းတယ် … ကောင်းတယ်၊ ဂေဟာကိုပြန်ပြီး ကူညီနိုင်တာ မကူညီနိုင်တာ နောက်တစ်ဆင့်ပေါ့၊ ပထမအဆင့်ကတော့ … ကိုယ်ဟာ ဘယ်လိုနည်းနဲ့ ဒီအခြေအနေကိုရောက်လာသလဲ မြန်စဉ်းစား၊ သူတစ်ပါးအကူအညီနဲ့ လူဖြစ်လာရတာဆိုတာ မမေ့မလျော့စေနဲ့၊ ဒီတော့ …

“မျက်စိရှေ့မှာ အကူအညီတစ်ခုခုလိုအပ်နေတဲ့သူတိုင်းကို ကိုယ်တတ်နိုင်သလို ကူညီရမယ်၊ ဒါ … ဒီဂေဟာရဲ့ခံယူချက်ဖြစ်တယ်၊ ဒီဂေဟာရဲ့ဆောင်ပုဒ်ကဘာလဲ”

“အစဉ်အသင့် … ပါ”

“ဘာအတွက် အစဉ်အမြဲ အဆင်သင့်ဖြစ်နေရမှာလဲ”

“သူတစ်ပါးကို ကူညီဖို့ပါ”

“အေး … အဲဒါကို မမေ့မလျော့ နှလုံးသွင်းပြီး လူ့လောကထဲကို ဝင်သွားမယ်ဆိုရင် လူ့လောက အသိုင်းအဝိုင်းကြီးဟာလည်း ကိုယ့်ကို လက်ကမ်းပြီး ကြိုဆိုနေမှာပါပဲ …

“မြအဆင်းအတွက် ဆက်လျှောက်ရမယ့်လမ်းတွေ နှစ်ခုသုံးခုရှိတယ်၊ အားလုံးဟာ ဖြူးလို့ပဲ၊ တစ်ခုမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ချော်လို့ရတယ်၊ ဒီတော့ … မြအဆင်း တာဝန်က စာကြိုးစားဖို့ပဲ”

“ဟုတ်ကဲ့ပါ ဆရာမကြီး၊ ကျွန်မ ကြိုးစားပါ့မယ်”

“ကဲ … ကဲ … သွား၊ အချိန်တွေတောင် တော်တော်ပုပ်သွားပြီ၊ စာသွားကျက်ချေ၊ သူတစ်ပါးအနှိမ်ခံရလို့ ကိုယ့်အရပ် တစ်လက်မနိမ့်မသွားပါဘူး သမီးရယ်”

“သမီးရယ်” ဆိုသော ခေါ်သံလေးက မြအဆင်းရင်ထဲသို့ ခွန်အားပေါင်းများစွာကို သယ်ဆောင်လာခဲ့ပါသည်။ မြအဆင်း စာကြိုးစားပါသည်။ အင်္ဂလိပ်စာနှင့်မြန်မာစာ နှစ်မျိုးလုံးတော်သော မြအဆင်းက ဆယ်တန်းစာမေးပွဲမှာ အင်္ဂလိပ်စာရော၊ မြန်မာစာပါ ဂုဏ်ထူးထွက်လေ၏။ သင်္ချာက ခုနစ်ဆယ့်ခြောက်မှတ်ပဲရသည်မို့ ဂုဏ်ထူးနှင့်လွဲ၏။ အခြားဘာသာတွေကတော့ ခြောက်ဆယ်ပတ်ဝန်းကျင်မှာပဲရှိသည်။ မြအဆင်းသည် ဂေဟာမှနေ၍ ကျူရှင်မရှိ မရှိ၊ သင်ပေးမည့်သူမရှိ၊ ကျောင်းမှလွဲ၍ အိမ်မှာပြန်မေး မရဘဲ ဆယ်တန်းကို ဂုဏ်ထူးနှစ်လုံးနှင့်အောင်မြင်ခဲ့သူ ဖြစ်တော့သည်။

ကျူရှင်မရှိဘာမရှိမို့ ကျောင်းတစ်ခုတည်း အားကိုးဟုဆိုကာ … ဒီလိုကျတော့လည်း ကျောင်းက ဂုဏ် မဆုံးဖြစ်ရတော့သည်။ မြအဆင်းတို့က ကျောင်းဆုပေးပွဲ ချီးကျူး … ပြုခြင်းတွေဘာတွေတောင် ခံရလို့၊ ကျောင်းအုပ် ကြီးကိုယ်တိုင်က မိန့်ခွန်းထဲမှာထည့်ချီးကျူး၊ မြအဆင်း



လည်း ဆုယူရင်း ကိုယ်တွေ့ကြိုးစားပုံလေးတွေပြောပြရ၊ တော်တော်ကြီး လူရာဝင်သွားရတော့သည်။ သန်းသန်းနှင့်အေးအေးကြည်တို့ကတော့ မျှော်လင့်ထားသည့်အတိုင်း ကျသည်။

မြအဆင်း … ဂေဟာမှာ တစ်နှစ်တိတိ ကျူရှင်ဆရာမ ပြန်လုပ်သည်။ ရသည့်လခက မများလှပါ။ အတန်းပေါင်းစုံ ကလေးတွေကို လိုအပ်သလို တစ်ယောက်တစ်မျိုး အချိန်ပြည့်နီးပါး သင်ကြားပြသနေရပေမယ့် လခက ငါးရာပဲရသည်။ နေခွင့်စားခွင့်နှင့်ဆိုတော့ ငါးရာသည် နည်းလှသည်ဟုလည်းမဆိုသာနိုင်တော့ပါ။ တစ်နှစ်ပြည့်သည့်အခါမှာ ကျောင်းမှဆရာမကြီးနှင့် ဆရာမသုံးယောက်တို့ကို ကန်တော့၍ မြအဆင်း ရန်ကုန်သို့ဆင်းခဲ့သည်။ ဂေဟာ၏သမီးဟောင်း တင်တင်မော်ဆီသို့ပါ။ တင်တင်မော်က ဝမ်းသာအားရ ဆီးကြို၏။ ဂေဟာမှ သမီးတွေ သူ့ဆီများများလာလေ၊ သူက များများကူညီခွင့်ရလေမို့ ဝမ်းသာလှပါကြောင်း၊ စိတ်ကြိုက်အလုပ်ကိုရှာပါ၊ တွေ့မှဝင်ပါ။ ပြီးလျှင် အဆေးသင်တက်ပါ။ နေရေးနှင့်စားရေးကို သူ တာဝန်ယူကူညီပါရစေဟု အားတက်သရော ပြောရှာပါလေ၏။

မြအဆင်းဘဝမှာ ကျေးဇူးရှင်တစ်ယောက် တိုးပြန်တော့သတည်း။

www.burmeseclassic.com

# ၇

ရန်ကုန်ရောက်ကတည်းက စားသောက်ဆိုင်နာမည်တွေ တော်တော်များများကြားဖူးရပါသည်။ သူများတွေပြောကြသည်။ စာအုပ်၊ သတင်းစာ၊ မဂ္ဂဇင်းဂျာနယ်တွေထဲမှာ ကြော်ငြာဖတ်ရသည်။ တီဗီကြော်ငြာလည်းတွေ့သည်။ တင်တင်မော်အိမ်မှာ တီဗီခပ်သေးသေး ဆယ့်လေးလက်မလေးရှိနေလို့ ဘာပဲဖြစ်ဖြစ် အရုပ်သေးပေမယ့် ကြည့်တော့ကြည့်ရတာပဲဖြစ်သည်။ အဲသည်လို ကြားဖူးရသည့်အထဲမှာ ရှမ်းကန်လည်းပါ၏။ ကြားသာကြားဖူးရလျက် တစ်ခါမျှတော့ လာမစားဘူးပါ။ ရှမ်းကန်ကိုမျှမဟုတ်။ မည်သည့်စားသောက်ဆိုင်ကိုမျှ သွားရောက်မစားဘူးတာပါ။

မြအဆင်းတင်လားဆိုတော့ ... မဟုတ်[illegible] မြအဆင်းရဲ့ တည်းခိုအိမ်ပိုင်ရှင် "တင်တင်မော်" လည်း[illegible] မစားဘူးရှာပါပေ။ သူ့ခင်ပွန်းသည်သာ ကုမ္ပဏီတစ်ခုမှာ [illegible] လုပ်လုပ်သည်မို့ ထိုကုမ္ပဏီမှလုပ်သော အခမ်းအနားတွေမှာ



ရောနှောစားဖူးနေရတာဖြစ်၍ သူ (ကိုလွင်ဦး)ပြန်ပြောသမျှမှာ အကြားနှင့် သွားရည်ယိုနေခဲ့ကြရသည်သာ။ ခုမှပဲ ... ရောက်ဖူးရပါပြီ။ ရှမ်းကန်။

မြအဆင်းက အဝတ်အစားတွေအားလုံးပါလာခဲ့ပြီမို့ အိမ်ပြန်နေစရာမလိုပါ။ နေအုံ့မှိုင်းက ရုံးသို့ထွက်သွားသည်။ ဖွားမေကြီးက နှင်းခဲကိုခေါ်ထားသည်။ မြအဆင်းက ကိုယ့်ဘဝအကြောင်းကိုယ်တွေးပြီးတော့ အိပ်ရာထဲမှာ နားနားနေနေ ... နေ့။ ပြီးတော့ ရေမိုးချိုး။ ဘာကြောင့်မှန်းမသိ၊ မြအဆင်း ဒီနေ့ အလှမြင်ဖြစ်သည်။ ခါတိုင်းထုံးနေကျဆံပင်ကို အုပ်လုံးသိမ်းပြီး ခပ်မြင့်မြင့်တင်၊ ကြိုးတစ်ချောင်းနှင့်စီး၊ မှန်ကြိုးလိမ်ကြီးတစ်ချောင်းတည်းကျစ်ပြီး အမြဲမှာသားရေကွင်းနှင့် အနားသပ်သည့်ဖက်ရှင်က ဂေဟာမှာနေကတည်းက ကျောင်းသွားတိုင်း နေ့တိုင်းလုပ်သည့်ဖက်ရှင်ဖြစ်သည်။ နှစ်ပေါင်းများစွာကြာခဲ့ပြီ။ ဒါကြီးကို ဒီနေ့ကျမှ ကြည့်မရ။

ဆံပင်ကိုခွဲတော့ ဟိုတက်သည်ဘက် ယိုင်ရမည့်ဆံပင်တွေက ပိပိပြားပြား မယိုင်ပါ။ ခွဲကြောင်းမထင်။ [illegible]သက်လုံးက အုပ်လုံးသိမ်း နောက်လှန်ပုံစံမှာ အသားကျ[illegible]ခဲ့ရတော့ ... ဘေးခွဲခွဲရာတွင် ပြားကပ်မနေဘဲ မို့မို့ဖောင်း[illegible]င်းဖြစ်နေသည်။ ဒါကိုပဲ မြအဆင်းက ကြိုက်သွားရသည်။ [illegible]ကို အုပ်လုံးလည်းမသိမ်း၊ ဘေးခွဲလည်းမခွဲ၊ အုပ်[illegible]သိမ်းပုံစံ ခပ်လျော့လျော့နှင့် လက်ဝဲဘက် ဘေးသို့[illegible]လုံး[illegible]လိုက်သည်။ ဆံပင်တို့သည် ခွေပတ်လျက် ဖောင်းဖောင်းအိ

www.burmeseclassic.com



အိပ်ပုံစံ ဝင်သွားရတော့သည်။ လှမ်ဘီ။ ဆံပင်အားလုံး ကုတ်ပေါ်ရောက်တော့မှ ကျစ်ဆံမြီးကျစ်လိုက်သည်။ ရန်ကုန်ရောက်မှ ပထမဆုံးလည်းဖြစ်၊ တစ်ကြိမ်တည်းလည်းဖြစ်သော ဈေးဝယ်ထွက်စဉ်က မမတင်တင်မော် ထိုက်တွန်းလွန်းလို့ သေလုအောင်လည်း ကြိုက်မိလို့ မျက်စိမှိတ်ဝယ်လိုက်ဖြစ်သော မာဗယ်သားအပျော့ ဝမ်းဆက်ကလေးကို ထုတ်ဝတ်၏။

တကယ်တမ်းဆို မြအဆင်းမှာ အဝတ်အစားသိပ်မရှိပါ။ ဂေဟာမှာနေစဉ်က မြအဆင်းအပိုင်ရထားသော ကျောင်းစိမ်းသုံးစုံနှင့် ဂေဟာရေညှိစိမ်းသုံးစုံတို့ဟာ ဆယ်တန်းနှစ်မှာ အသစ်ထပ်မရတော့သည်မို့ တော်တော်ကြီး နွမ်းဖတ်စွာ ကြည့်လို့ကိုမကောင်းတော့သည်မို့ ဂေဟာမှာကျန်ရစ်သူများကိုပဲ ဝေခြမ်းပေးခဲ့သည်။ မိုးတွင်းမို့ သူတို့အဝတ်အစားတွေ မခြောက်လျှင် အလဲအလှယ်ရအောင်ဖြစ်၏။ ဂေဟာကျူရှင်ဆရာမအဖြစ် တစ်နှစ် တာဝန်ထမ်းဆောင်စဉ် ဝတ်ဖို့ဆိုပြီး အဲသည်နှစ်မှာ အသစ်ကျပ်ချွတ်နှစ်စုံရသည်။ မြအဆင်းက ထိုနှစ်စုံကို လုံးဝထုတ်မဝတ်ဘဲ ဆယ်တန်းတုန်းက အနွမ်းတွေပဲ ဝတ်ခဲ့၏။ ယခု ... ဂေဟာမှထွက်လာတော့ အနွမ်းတွေပေးခဲ့ပြီးသည့်နောက်မှာ ဂေဟာဝတ်စုံနှစ်စုံအသစ်ပါလာရာ ... အဲသည်နှစ်စုံကိုပဲ ဤအိမ်မှာ ယူနီဖောင်းလုပ်ပြီး ဝတ်နေခဲ့သည်။ ရန်ကုန်ရောက်တော့ ငွေငါးထောင်ကျော်ရှိသောရယ်၊ မြို့မှာဝယ်ဝတ်လာခဲ့သော အပြင်ဝတ်စုံလေးတစ်စုံကလေးပေါ်မှာ၊ ပြီးတော့ ဂေဟာယူနီဖောင်း အသစ်နှစ်စုံရယ်ပါပဲပါခဲ့တာ၊ ဒါလေးနှင့် တင်တင်မော့်အိမ်ပေါ်ရောက်



ခဲ့ရတာဖြစ်သည်။

"မြအဆင်းရယ် ... နာမည်လေးလှ လူလေးလှနဲ့၊ အဝတ်အစားက ဒါပဲလားဟယ်"

တင်တင်မော်က ရင်ဖိနေရှာ၏။ သူက ကျောင်းဆရာမမို့ ကျောင်းဝတ်စုံနှင့်ပဲ ပြီးနေရကာ ကလေးနှင့်ဘာနှင့်ဆိုတော့ အပြင်လည်း သိပ်မထွက်ဖြစ်သည့်တူရှာ သူ့မှာ အပြင်အဝတ်အစားတွေ ပိုပါသည်။ ဝတ်ပါဆိုပြီး သူ့ဝတ်စုံသုံးစုံကို ဇွတ်ကြီးထုတ်ပေးတာ၊ အကောင်းကြီးတွေမို့ မြအဆင်းက ကျေးဇူးတင် အားနာစွာ တစ်စုံပဲယူပါ၏။ တင်တင်မော်က ကြည့်မြင်တိုင်ညဈေးတန်းမှာ "ပေါ" သည့်ဟုဆိုတာ ဈေးလိုက်ပို့သည်။

"ဒီအပျော့သားတွေ နာမည်တွေက မျိုးစုံပါပဲ၊ အကောင်းဆုံးလို့သတ်မှတ်ထားတာကတော့ စိန်မိုက်တယ်တဲ့၊ နောက်ပြီး မာဗယ်တဲ့၊ ဂူချီဆိုလား ဝူချီဆိုလား အဲဒါလည်းရှိသေးတယ်၊ နာမည်တွေလည်းစုံ၊ အဆင်တွေကလည်း အရမ်းစုံတာပဲဟယ် ...

"ဒီခိုင်းအသစ်ကလည်း အမြဲထွက်နေတယ်၊ အစတစ်စဝယ်ပြီးရင် ချက်ချင်းချုပ်ပြီး ဝတ်နိုင်မှတဲ့၊ တစ်လလောက်ကြာမှထ,ချုပ်ရင်တောင် အဲဒီ ဒီခိုင်းက အောက်သွားပြီတဲ့၊ အဲဒါကြောင့်ပေါ ...

"ဒီခိုင်းအသစ်တွေ ... ဈေးကြီးတွေ၊ ဆိုင်ကြီးတွေရှုပ်မားကက်ကြီးတွေပေါ်ရောက်လာရင် ဈေးက တစ်ကိုက်ကို တစ်ထောင်၊ တစ်ထောင်ကျော်၊ အဲဒါတွေ

www.burmeseclassic.com



ပဲ ... ဒီဇိုင်းအသစ်ရောက်လို့ ...

"ဒီတစ်အောက်သွားလို့ ဈေးလေးတွေ၊ ဆိုင်လေးတွေ၊ မီနီမားကက်ကလေးတွေရောက်တော့ ငါးရာ ခြောက်ရာ၊ ခုနစ်ရာ၊ အဲဒီကမှတစ်ဆင့် ... တစ်ခါ နောက်ထပ်ဒီဇိုင်းအသစ်ရဲ့ အသစ်၊ အသစ်ဆုံးတွေထပ်ရောက်လာပြန်တော့ ...

"ဈေးလေးတွေ၊ ဆိုင်လေးတွေ၊ မီနီမားကက်ကလေးတွေက အဆင်တွေက လမ်းဘေးတဲထိုးရောင်းတဲ့ဆီ ရောက်လာရော၊ အဲဒီကျတော့ နှစ်ရာသုံးရာဖြစ်ရောပေါ့၊ လောကကြီးမှာ မတည်မြဲတတ်တဲ့သဘောကို ပြောပါတယ် ...

"သင်္ကြံရတွေပေါ့၊ တရားလည်းကျပါရဲ့၊ လွန်ခဲ့တဲ့ လေးငါးခြောက်လတုန်းက စူပါမားကက်ကြီးပေါ်မှာ တစ်ကိုက်ထောင့်နှစ်ရာလောက်နဲ့ ခပ်ထည်ထည်နေခဲ့တဲ့ပျော့စဟာ ရောင်းမကုန်ခဲ့ရင် ...

"နောက်ခြောက်လ ရှစ်လဆိုသလို ကြာလာတဲ့အခါ လမ်းဘေးက ဝါးဆိုင် တဲဆိုင်လေးပေါ်မှာ တစ်ကိုက် နှစ်ရာ့ခြောက်ဆယ်နဲ့ ဝယ်သူကို မျက်စပစ်ရတော့တာပဲ၊ ကိုယ်က ပေါ်ဦးပေါ်ဖျားဝတ်ရမှ ...

"နောက်ဆုံးပေါ်ဒီဇိုင်းကို ဝတ်ရမှဆိုတဲ့စိတ် မရှိရင်၊ လှရင်ပြီးတာပဲ၊ ကိုယ်ကြိုက်ရင်ပြီးတာပဲဆိုရင်တော့ ကြည့်မြင်တိုင်ညဈေးတန်းသွား၊ လမ်းဘေးဆိုင်တွေမှာ ဝယ်၊ ဒါတောင် တန်းပေါ်ချိတ်ထားတဲ့အဆင်တွေက



"လေးငါးခြောက်ရာဆိုသလိုမှာ နည်းနည်းအိုက်တင်ခံနေသေးတယ်၊ ပုံထားတဲ့အပုံထဲကသာရွေး၊ တစ်ကိုက်ကို နှစ်ရာ့ခြောက်ဆယ်၊ သူ့ထက်ညံ့တဲ့အသားက နည်းနည်းမာကျွတ်ကျွတ်နိုင်တယ်၊ သိပ်မပျော့မအိဘူး ...

"အဲဒါဆို နှစ်ရာတို့ တစ်ရာ့ရှစ်ဆယ်တို့နဲ့တောင် ရသေးတယ်"

မတင်တင်မော် လိုက်ပို့လို့ ကြည့်မြင်တိုင်ဈေးသို့ရောက်ရသည်။ သူပြောသလို အပုံထဲမှဖွခဲ့သည်။ တစ်ကိုက်ကို နှစ်ရာ့ခြောက်ဆယ်။ အဆင်က ပေါ်တာကြာပြီမို့ ဒီဈေးထိ ဆင်းနေတာပေမယ့် မြအဆင်းကတော့ အဲဒီအစလေးကို သိပ်ကြိုက်သည်။ ပျော့ပျော့အိအိ၊ ထူထူလေးလေးတလေးနှင့်မို့ အသားလေးက ချစ်ဖို့ကောင်း၏။ အဆင်ကလေးကလည်းလှသည်။ အောက်ခံအရောင်က နွားနို့စိမ်းလိုမြူဆွတ်သည်။ အဲသည်ပေါ်မှာမှ နှင်းဆီပွင့်သေးသေးလေးတွေ ခပ်ကျဲကျဲ။ နှင်းဆီပွင့်လေးတွေက ကျောက်စိမ်းရောင်တောက်တောက်မှာ ပန်းပေါ်အောင် ဒ ဝါနှင့်အနက်က ရှိတ် (Shade) လုပ်ပေးထားသေးတော့ နှင်းတွေပေါ် နှင်းဆီစိမ်းအဖူးလေးတွေ ပြန့်ကျဲထားသလားထင်ရအောင် ရက်ရက်စက်စက်လှပါသည်။

"အဆင်လေးကလှလိုက်တာ၊ ဒါပေမယ့် ... တော်ရုံလူဝတ်လို့မရဘူး၊ ဒါကြောင့် ဝယ်မဝတ်ရဲကြတာနဲ့ ကျန်နေတာဖြစ်မယ်၊ မြအဆင်းနဲ့တော့ လိုက်တယ်၊ အဆင်လေးက မြကို စွေနဲ့ကွပ်ထားသလားထင်ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဆံပင်ကလည်း နက်မှောင်နေရမယ်၊ ကိုယ်ခန္ဓာကြေ
ရှင်းနေရမယ်၊ အဲဒီလိုလူနဲ့မှလိုက်မှာ၊ အဲဒါ ··· မြ
အဆင်းပဲ"

"တော်ပါပြီ မမရယ်၊ ဈေးသည်က မမကို ကော်
ရှင်ပေးဖို့ကောင်းနေပါပြီ"

မြအဆင်း တကယ်ကြိုက်လို့ဝယ်ခဲ့သည်။ အ
ပေါ်ပိုင်းက ဝတ်နေကျဘလောက်စ်ပုံ ရိုးရိုးကလေးပဲဖြစ်၏။
အဲသည်ဝမ်းဆက် ကလေးကို မြအဆင်းထုတ်ဝတ်သည်။ အ
ထက်အညာမှာ ကြီးပြင်းခဲ့ရသူမို့ သနပ်ခါးတော့ အရ
ကြိုက်သည်။ ဒီနေ့တော့ မျက်နှာပေါ် ကျဲကျဲပါးပါးတင်ဖြ
သည်ဆိုရုံကလေးပဲလိမ်း၏။ ဂေဟာမှာနေတုန်းကတော့ ··
ကျောင်းပိတ်ရက်တွေဆို သနပ်ခါးကို ပါးပေါ်မှာ ပါးကွ
ဖြစ်အောင်လိမ်းခဲ့ဖူး၏။

"ဒီမျက်ခုံးကို နုတ်ပစ်ဖို့ နည်းနည်းကလေးမှစိတ်
ကူးနဲ့နော်"

တင်တင်မောင်က အနုစိတ် အနီးကပ်သင်
ဖြစ်၏။

"မနုတ်ပါဘူး မမရဲ့၊ ဘာလို့နုတ်ရမှာလဲ"

"အပြားနည်းနည်းကြီးချင်နေတယ်၊ ဒါပေမယ့် သိ
လှလို့ ဒီတိုင်းပဲထား"

ကြွားရာမရောက်ဘူးဆိုလျှင်တော့ ဝန်ခံချင်
တစ်ခုရှိ၏။ မြအဆင်းတို့က ကိုယ့်အလှကိုယ် ယုံကြည်ပြီးသ
ပါ ··· ဟူ၍။



အသေးစိတ်ပြင်ဆင်ပြီးသည့်အခါမှာ ကိုယ့်အ
တွက် ရထားသောအခန်းထဲမှာ မှန်ကလေးသေးနေတာကို
စိတ်ညစ်ရသည်။ ကိုယ်လုံးပေါ်မှန်ကြီးရှေ့မှာ လှည့်ပတ်ကြည့်
ချင်စိတ်တွေ ဖြစ်ထွန်း၏။ ကြောမော့ပြီး အိမ်မှထွက်လာ၊
ဦးနေအုံ့မှိုင်းရုံးခန်းသို့ လိုက်သွား၊ ဘတ်စ်ကားမစီးတတ်၍
တက္ကစီငှားစီးရတာ နှစ်ရာငါးဆယ်ပေးလိုက်ရလို့ နမြောလိုက်
တာ ငိုတောင်ငိုချင်သည်။ ဂေဟာမှာနေတုန်းက ကိုယ့်တစ်
လစာလုပ်အားခ၏ တစ်ဝက်တိတိဖြစ်၏။ ဆယ့်ငါးရက်စာ
လုပ်အားခဖြစ်နေသည်။ ဘယ်လောက်နမြောစရာကောင်းလဲ။
ဦးနေအုံ့မှိုင်းရဲ့ရုံးခန်းအပြင်မှာ ခဏစောင့်နေပြီးမှ အခန်းထဲ
ဝင်ခွင့်ရသည်။

အမလေး ··· သူ့ရုံးခန်းက ကောင်းလိုက်တာ။
ခင်းထားသည့်ကော်ဇောက ကောင်းလွန်းလို့ ဖိနပ်ချွတ်ရမလား
စဉ်းစားသေးသည်။ သူတို့ (ဦးနေအုံ့မှိုင်းနှင့် စက္ကူဌ်ရီ ဟု
ယူဆရသော အမျိုးသမီးတစ်ဦး)က ဖိနပ်တွေစီးထားကြသည်
မို့ မချွတ်တော့ပေမယ့် သူတို့ဖိနပ်တွေက အကောင်းစားတွေ
ဖြစ်ပြီး ကိုယ့်ဖိနပ်က အစုတ်မို့ ကော်ဇောကို ရင်ထဲမှအား
နာစွာ ကြိတ်၍တောင်းပန်လိုက်သည်။ ဆောရီး။ ဦးနေအုံ့
မှိုင်းက မျှာပျှာသလဲ ကြိုသည်။ သူ့အတွင်းရေးမှူးနှင့် မိတ်
ဆက်ပေးသည်။ သူ့အလုပ်ကလေးတွေကို ငါးမိနစ် ဆယ်မိ
နစ်ခန့် လက်စဖြတ်သည်။ ပြီးတော့ ··· လာ ··· သူ့ဆို
ဆိုကာ သူကဦးဆောင် ရှေ့မှထွက်လို့၊ မြအဆင်းက သူ့အ
တွင်းရေးမှူးမကို ပြုံးပြ၊ ကမန်းကတန်းနှုတ်ဆက်ကာ နောက်

www.burmeseclassic.com



မှ အပြေးလိုက်ရ၏။ သူ့အရပ်ရှည်ကြီးနှင့် ခြေလှမ်းကျဲသမှု နောက်လှကိုမောင်ပြီး လျှောက်ရကောင်းမှန်းလည်းမသိ။ မြအဆင်းတာ ပြေးလိုက်ရင်း ဝမ်းနည်းရသေး၏။

ကားတံခါး နောက်ခန်းတံခါးကို ယာဉ်မောင်းက ဖွင့်၍ကြိုနေတာ၊ ခုခေတ်မှာ သိပ်မတွေ့ရတော့ဘူးထင်သည်။ ဦးနေအုံမှိုင်းက ယာဉ်မောင်းကို ... မင်းနေခဲ့ ဟု ပြောလိုက်သံကြား၏။ ယာဉ်မောင်းကိုင်ထားသော တံခါးရွက်ကို ဦးနေအုံမှိုင်းက ကိုင်ကာ ကျန်လက်တစ်ဖက်က မြအဆင်းတက်ဖို့ညွှန်သည်။ တက် ... ဆိုသည့်အဓိပ္ပာယ်မို့ မြအဆင်းတက်ထိုင်လိုက်ရပေမယ့် ချော်ပဲလဲတော့မလိုလိုနှင့် အချိုးမကျဖြစ်ရသည်။ ဦးနေအုံမှိုင်းက ယာဉ်မောင်းနေရာဝင်ထိုင်၍ ကားကိုမောင်းထွက်ခဲ့သည်။ သူတို့သူဌေးကိုယ်တိုင် ဒရိုင်ဘာလုပ်၍ နောက်ခန်းမှာထိုင်စီးဖို့ ခေါ်သွားသော ... အဝတ်အစား အဆင်အပြင်နှင့် ဟန်ပန်မှုစ၍ သိပ်မဟုတ်လှသော အမျိုးသမီးကို ယာဉ်မောင်းက ထူးဆန်းအံ့သြစွာ ငေးကြည့်ကျန်ရစ်တော့သည်။

အဲသည်လိုနှင့် ရောက်ခဲ့ရပြီလေ။ ရှမ်းကန် ဟော်လ်ခန်းကြီးကိုဖြတ်၍ လက်ယာဘက်အခန်းသို့ဝင်၏။ မှန်တံခါးတွေမှတစ်ဆင့် ရွှေတိဂုံဘုရားကြီးကို ကြည်ညိုဖွယ်ဖူးတွေ့ရသည်မို့ မြအဆင်း လက်အုပ်ကလေးချီလိုက်မိပါသည်။



"ကဲ ... မှာ ... ဘာစားမလဲ"

"ရှင် ... ကျွန်မ ... မမှာတတ်ပါဘူး"

ပြောပြီး ဘေးနားမှာရပ်နေသော စားပွဲထိုးလေးကို မော့ကြည့်ကာ မြအဆင်း ရှက်သွေးဖြာရ၏။ မြအဆင်းဟာ ဘယ်လိုစိုင်မျိုးက ကော်လိုက်လို့ ဘယ်ချုပေါ်ရောက်နေတာလဲ။ အနိမ့်ဆုံးဆီသို့ ဝုန်းခနဲပစ်ချခြင်းခံရဖို့ ခပ်မြင့်မြင့်သို့ အရင်တင်လိုက်တာလား။ ဘာမှန်းမသိ။ ကိုယ့်အလုပ်ရှင်သူဌေးဟာ ကိုယ့်ကို ခုလို တယောင်တဆောင် ခေါ်ကျွေးနေစရာ အကြောင်းမှမရှိဘဲ။

"မြအဆင်း ဝက်သားစားလား"

"စားပါတယ်"

"ဘာမစားဘူးလဲ"

"အားလုံးစားပါတယ်"

နေအုံမှိုင်းက မီးနူးကတ်ကိုထောက်၍ ပါးစပ်မှလည်း နာမည်တပ်ပြော၍ မှာကြားနေတာ ဟင်းတွေလား၊ မုန့်တွေလား မြအဆင်း သိပ်သဘောမပေါက်ပါ။ စောစောက ဝက်သားစားလား အမေးခံရ၍ ဟင်းတွေဖြစ်ဖို့များသည်ဟုတွေးရင်း ဟင်းတွေများလိုက်တာ ... ဘယ်သူတွေလာဦးမလဲ တွေးကာ မြအဆင်း အမှားမှားအယွင်းယွင်းဖြစ်ရလျှင် ရှက်စရာကောင်းရမည့်အရေးကိုတွေးလျက် ကြိတ်ရှက်နေရှာတော့သည်။

"ထမင်းဖြူစားမှာမဟုတ်လား"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မြအဆင်းကြည့်ရတာ တောင့်တောင့်တင်းတင်းကြီး ဖြစ်နေတယ်၊ သက်သောင့်သက်သာနေပါ၊ စိတ်ကို လျှော့ထား၊ မြအဆင်းကို ဒီကိုခေါ်လာပြီးကျွေးတာကို က မြအဆင်းနဲ့ကျွန်တော်နဲ့ ကြားထဲမှာ …
"ခုလို တင်းတင်းမာမာကြီးတွေဖြစ်မနေစေချင်လို့ … ရင်းနှီးချင်လို့၊ ပြီးတော့ ဖွားမေကြီးအကြောင်းလည်း ပြောပြထားချင်လို့၊ အိမ်မှာကျတော့ နံရံတွေမှာတောင် နားရွက်ပေါက်နေသလားထင်ရတယ် …
"ဖွားမေမသိအောင် ဘာမှပြောလို့မရဘူး၊ အိမ်ကအ လုပ်သမားတွေအားလုံးကို သူပိုင်တယ် ကောင်းကောင်း အုပ်ချုပ်နိုင်တယ်"

စကားပြောရင်း ဟင်းတစ်ပွဲ စ,ရောက်သည်။ နောက်တစ်ပွဲရောက်သည်။ ဟင်းနှစ်ပွဲရောက်ပြီးမှ ထမင်း ရောက်၏။ အချိုရည်ပုလင်းတွေဖောက်ပြီး လာချပေးသည်။ ဟင်းတွေထပ်ရောက်လာပြန်၏။ စုစုပေါင်း ခြောက်မျိုး။ များ လိုက်တာ။ စားပွဲထိုးလေးကို လိုမှခေါ်မယ်ဟု သူ နှင်လွှတ် ပြန်၏။ မြအဆင်းရင်ထဲမှာ ဝုန်းဒိုင်းကျဲ၍ခုန်၏။ တစိမ်း ယောကျ်ားတစ်ယောက်နှင့် ခုလို တစ်ခန်းထဲမှာ နှစ်ယောက် တည်းနေဖူးတာ၊ ရင်းရင်းနှီးနှီး စကားပြောဖူးတာ၊ ဒါ ပထ မဆုံးအကြိမ်ဖြစ်သည်။ ဒီစားသောက်ဆိုင်မျိုး၊ ဒီလိုအခင်း ကျင်းနှင့်ဟင်းမျိုးတွေ စားဖူးရမှာလည်း ဒါ … ပထမဆုံး ဖြစ်သည်။ ဘာကြောင့်မှန်းမသိ တုန်လှုပ်ကာ ဝမ်းနည်းလာ ရ၏။ ဘာကိုစကိုင်ပြီး ဘာကစ,စားရမှန်းလည်းမသိ။ ရှာ



သွားမှာ အရှက်ကြီးရှက်ကာ ခေါင်းကြီးငုံ့လျက် ငုတ်တုတ် ကြီးသာထိုင်နေဖြစ်သည်။

ဘာကို ဒီလောက်ရှက်နေမှန်းမပြောတတ်။ ရှက် ရလွန်းသည်မို့ ရှက်နေမိခြင်းကိုပဲ ပြန်ရှက်ကာ … အရှက် တွေ သည်းချင်တိုင်းသည်းလျက် အသက်ရှူမှားသည်ထိ ရင် ခုန်သံမြန်လွန်းနေရတော့သည်။

သူကပဲ မြအဆင်းပန်းကန်ထဲသို့ ကောင်းနိုးရာ ရာလေးတွေ ထည့်ပေးသည်။ ဓွန်းခက်ရင်းကို သုတ်ပေးသည်။ သူကတော့ တူကိုကိုင်၏။ သူလုပ်ကိုင်ပေးနေတာကြီး ခံယူ ရမှာလည်း အားနာ၊ ကိုယ်ကကျတော့ လုပ်မပေးတတ်၊ မှား ယွင်းမှာစိုး၊ စိုးရိမ်ထိတ်လန့်ရှက်ရွံ့စွာ အနေခက်ရလွန်းသည် မို့ မြအဆင်း တကယ်ပဲငိုချင်လာမိတော့သည်။

"စားလေ မြအဆင်း၊ ဖြည်းဖြည်းစား"

"ကျွန်မ အရမ်းအားနာတာပဲ"

"ဘာကိုလဲ၊ စားရမှာကိုလား၊ ဘာအားနာစရာရှိလဲ၊ မြအဆင်း လခထုတ်တော့ ကျွန်တော့်ကိုပြန်ကျွေးလေ"

"ဟင် … နမြောစရာကြီး"

လွှတ်ခနဲ ထွက်သွားပြီးမှ ကိုယ့်နှုတ်ခမ်းကိုယ် လက်ကလေးနှင့်ပြန်ပိတ်လိုက်သည်။ နေအုံ့မှိုင်းကို အားတုံ့ အားနာကြီးကြည့်လျက် မျက်ဝန်းတွေက စို့ဝဲမျက်ရည်ကြေး လက်လက်ဖြာနေရတော့သည်။ နေအုံ့မှိုင်းက ရယ်၏။

"နမြောရင် မကျွေးနဲ့ပေါ့၊ ကျွန်တော်က မနမြောဘူး၊ အားမနာပါနဲ့ … စားပါ"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို ဟင်းတွေထည့်ပေးပြန်၏။

"ဟင်းများများစားပါ၊ ထမင်းလျှော့စားပါ"

"ဟင်းတွေများလိုက်တာ"

"မှာပြီးပြီ၊ ပိုက်ဆံပေးရတော့မှာ၊ ချန်ရစ်ခဲ့ရရင် နှမြောစရာကြီး၊ ကုန်အောင်စား"

"ဘယ်လိုလုပ်ကုန်မှာလဲ"

"မကုန်,ကုန်အောင် ဖြည်းဖြည်းစား၊ နှံ့သွင်းပေါ့၊ ဗိုက်ပြည့်လာရင် ထ,ခုန်ပေးလိုက်၊ ဘယ်သူမှမတွေ့ဘူး၊ ကလို့တောင်ရသေးတယ်"

"မကပါဘူး"

"ဗိုက်ချောင်သွားမှ ထပ်ဖြည့်၊ ကုန်အောင်တော့စားပါ၊ နှမြောလို့ ပိုက်ဆံပေးပြီးသား"

အဲဒီလိုပြောမှ မြအဆင်း စားတော့မှာဆိုတာ လူရည်လည်သော နေ့ဆုံမှိုင်းက သိလို့ကို အဲသည်လို တမင်ပြောပေးခြင်းဖြစ်သည်။ မြအဆင်းက စားရင်းစားရင်းမှ နည်းနည်းပါးပါး နေသာထိုင်သာရှိလာရသည်။ ဒါတောင် ရှက်သွေးကတော့ ဖြာဆဲမို့ မျက်နှာပြင်က မြအဆင်းမဟုတ်တော့ဘဲ ပတ္တမြားအဆင်းဖြစ်နေမှာ သေချာနေရတော့သည်။

"ဖွားမကြီးဟာ နှင်းခဲအမေရဲ့ အဒေါ်တစ်ဝမ်းကွဲ"

နေ့ဆုံမှိုင်းက ဖွားမကြီးအကြောင်းစပြောတော့ မြအဆင်း စိတ်ဝင်စားသွားကာ နည်းနည်းပို၍ နေသာထိုင်သာ ချောင်ချိရတော့သည်။

"နှင်းခဲအမေ အပျိုကတည်းက အဲဒီအဒေါ်တစ်ဝမ်းကွဲက အထိန်းတော်ကြီးလို ဘူတူနေခဲ့တာ၊ ချစ်လည်းချစ် အလိုလည်းလိုက်၊ မိဘကဆုံးမရင်တောင် သူက ကြားထဲတဝင်ပြီး ကာဆီးကာဆီးလုပ်တယ်တဲ့ ..."

"နှင်းခဲအမေမှာ အပြစ်ရှိတယ်ဆိုရင်၊ နှင်းခဲအမေက မိုက်မဲတယ်ဆိုရင် ... အဲဒါ ဘယ်သူ့ကြောင့်မှမဟုတ်ဘူး၊ ဖွားမကြီးကြောင့်၊ ဖွားမကြီး တရားခံပဲလို့တောင် မိဘတွေက ပြောယူရတယ်တဲ့"

"နာမည်က ဒေါ်ဖွားမေတဲ့လား"

နေ့ဆုံမှိုင်းက ရယ်၏။

"ဒေါ်သိန်းမေ ... ဖွားမေဆိုတာ နှင်းခဲကခေါ်တာ၊ နှင်းခဲခေါ်တဲ့အတိုင်းလိုက်ခေါ်ရင်း ဖွားမကြီးဖြစ်သွားတာ"

"အော်"

"နှင်းခဲအမေလက်ထက်ကတည်းက တုန်နေအောင်ချစ်ခဲ့တဲ့ ဖွားမကြီးဟာ နှင်းခဲကိုဆိုရင်လည်း ငုံထားမတတ်ပဲ၊ နှင်းခဲက ကြာတော့ ဆိုးဆိုးကဲကဲလေးဖြစ်လာတယ် ...

"ပြောစတား သိပ်နားမထောင်ချင်ဘူး၊ ကလေးက မိဘသန္ဓေကောင်းလွန်းလို့သာ၊ ဖွားမေဖျက်ဆီးအလိုလိုက်ပုံနဲ့ဆိုရင် ဒီ့ထက်ဆိုးသင့်သေးတယ်၊ ဒီတော့ ... နှင်းခဲနဲ့ပတ်သက်လာရင် ...

"မြအဆင်းက ကိုယ်လုပ်စရာရှိတာကို လုပ်ပါ၊ သင်ကြားပါ ဆုံးမပါ၊ ဖွားမကြီးက ကန့်လန့်ခင်တိုက်

www.burmeseclassic.com



မှာပဲ၊ ဒါပေမယ့် ··· နှင်းခဲနဲ့ပတ်သက်လို့ တာဝန်အရှိဆုံးသူဟာ ကျွန်တော်၊ ကျွန်တော့်ဩဇာက အဓိက လေ ···

"ဒီတော့ ··· ဖွားမေ ဘာပဲဝင်ပြောပြော၊ ဝင်လုပ်လုပ်၊ မြအဆင်းက ဖွားမေနဲ့ပြိုင်ပြီးတော့လည်း ရန်မဖြစ်ပါနဲ့၊ စိတ်ထဲမှာလည်း ဘယ်လိုမှမအောက်မေ့ပါနဲ့၊ ဥပမာ ··· ဒီနေ့မနက်လိုမျိုးပေါ့ ···

"ဖွားမေကို နားလည်ပြီး သည်းခံခွင့်လွှတ် လျစ်လျူရှုတဲ့နည်းကို သုံးပေးပါလို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်"

"အော်"

ဦးနေအုံးမှိုင်း ဒီစကားကိုပြောဖို့အတွက် သူက သုံ့ရှေးမို့ ဒီလောက်ပိုက်ဆံကုန်သည့် နေ့လယ်စာဖိုးသုံးပြီး ပြောတာပဲလေ၊ ကိုယ့်ကိုသထောလွန်းလို့ သူတည်ခင်းဧည့်ခံတာမှမဟုတ်ပဲ။ မြအဆင်း ပိုလို့ဝမ်းနည်းသွားရပြန်၏။

"ခုချိန်မှာ နှင်းခဲအမေကလည်း မရှိတော့ဘူးဆိုတော့ ဖွားမေကို တစ်ခုခုတင်းကြပ်မယ်ဆိုရင် စိတ်မကောင်းစရာတွေဖြစ်မှာစိုးတယ်၊ နှင်းခဲကလည်း သူ့အမေဘက်ကဆွေမျိုးဆိုလို့ ဖွားမေတစ်ယောက်ပဲကျန်တယ်"

"ကျန်တဲ့အမျိုးတွေရော"

"မရှိကြတော့ဘူး၊ တော်တော်များများက နိုင်ငံခြားရောက်ကုန်ပြီ၊ ကျန်တဲ့ တချို့တစ်ဝက်ကလည်း သွေးဝေးတာနဲ့၊ အနေဝေးတာနဲ့ဆိုတော့ ပြတ်သလောက်



ဖြစ်နေပြီ၊ ပြတ်ကုန်ပြီပဲဆိုပါတော့လေ၊ ဖွားမေတစ်ယောက်ပဲကျန်တော့ ကျွန်တော်က နှင်းခဲမျက်နှာကို ထောက်ထားပြီး ···

"ဖွားမေအပေါ်မှာ စည်းကမ်းသိပ်ကြပ်မပေးချင်တော့ဘူး၊ သူ ဘာပြောပြော၊ ဘာလုပ်လုပ် ··· လျစ်လျူရှုပြီး ကလေးအတွက် ကောင်းရာကောင်းကျိုးကို ကိုယ့်ဘာသာလုပ်တဲ့နည်းကိုသုံးတယ်၊ ဥပမာ ··· မြအဆင်းကို ဆရာမအဖြစ်ခန့်ချင်တာမျိုးပေါ့"

"ဖွားမေက ကျွန်မကိုမကြိုက်ဘူးလား"

"မြအဆင်းကိုမှမဟုတ်ဘူး၊ နှင်းခဲနားမှာ သူကလွဲလို့ ဘယ်သူပဲရှိရှိ မကြိုက်ဘူး၊ ကျွန်တော်ရှိတာတောင် မကြိုက်ဘူး၊ နှင်းခဲကို သူတစ်ယောက်တည်းချစ်ချင်တာ"

"အော် ··· ဒီလိုမျိုးဆိုတော့လည်း နားလည်ပေးရတော့မှာပေါ့"

"ကျေးဇူးပဲဗျာ၊ မြအဆင်းက သဘောပေါက်လွယ်တယ်၊ ကျွန်တော် ကျေးဇူးတင်ပါတယ်"

"မတင်ပါနဲ့၊ ဒါ ကျေးဇူးတင်စရာမှမဟုတ်တာ၊ ဆရာပြောသလို ကျွန်မက လက်ခံလိုက်နာရမှာပဲဟာ"

"ဘယ်သူ ··· "

"ဆရာလေ ··· ဆရာဟာ ကျွန်မရဲ့အလုပ်ရှင်လည်း ဖြစ်တယ်၊ ကျွန်မထက်လည်း အသက်ဆယ်နှစ်ကျော် ပိုကြီးမယ်ထင်ပါတယ်၊ အဲဒါ ··· ကျွန်မက မလေး

www.burmeseclassic.com



မစားနဲ့ ... ရှင် ... ဘာညာဆိုပြီး ပြောခဲ့တာ ... "ရိုင်းသွားပါတယ်၊ အဲဒါတွေ ကျွန်မ တောင်းပန်ပါ ပါယ်၊ ကျွန်မက ဆရာ့ကို လေးလေးစားစားဆက်ဆံ ရမှာပါ၊ ပြီးတော့ ... စောစောက ဆရာမောင်းတဲ့ ကားကို ကျွန်မက နောက်ခန်းကနေထိုင်စီးလာခဲ့ရတာ၊ "ဟို ... ဒရိုင်ဘာကတောင် အံ့သြငေးမောပြီး ကျန် ရစ်ပါတယ်၊ ကျွန်မ ဆရာ့ကိုအရမ်းအားနာတာပဲ၊ ရှေ့ မှာလည်း တူတူလာထိုင်ပြီးမစီးချင်ဘူး"

နေအုံ့မှိုင်း မျက်နှာကွက်ခနဲပျက်သည်။

"ဟို ... ဆရာနဲ့ တွဲမထိုင်ချင်လို့၊ ဆရာ့သိက္ခာကို စော်ကားချင်တာမျိုးလည်း မဟုတ်ပါဘူး၊ မထိုင်ရဲတာ ပါ ဆရာ၊ ကျွန်မတို့က အညာသူပါ၊ အညာဒေသမှာ မြန်မာ့ယဉ်ကျေးမှုက ပိုထွန်းကားမယ်ထင်ပါတယ် ... "ကိုယ့်ဆရာသမားဆို ရိုသေရပါတယ်၊ ကြမ်းတပြေး တည်းမနေရဲပါဘူး၊ တစ်ဆင့်နိမ့်ပုံစံနဲ့ နေရပါတယ်၊ ကျွန်မ ... ဆရာ့ကို မြင်မြင်ချင်း ကျွန်မတို့ထုံးစံ အတိုင်း တလေးတစားဆက်ဆံမလို့ပါ ...

"ကျွန်မက ဘယ့်လိုဆိုရင်ကောင်းတယ်လည်း မသိပါ ဘူး၊ ဖော်လံဖားရာရောက်မှာလည်း တွေးရှက်လို့ နည်း နည်းပါးပါးရိုင်းပျသွားတာတွေရှိရင် ခွင့်လွှတ်ပါ၊ ကျွန်မ က ရိုင်းကိုလည်းရိုင်းနေမှာပါ ...

"ကျွန်မ လူဖြစ်လာရတဲ့ပုံစံကလည်း သိပ်မယဉ်ကျေး တော့ ကျွန်မ နည်းနည်းပါးပါးရိုင်းနေရင်လည်း ဆရာ



က ခွင့်လွှတ်ပေးပါ၊ မင်းစကားပြောတာရိုင်းတယ်လို့ ဆရာပြောရင် ကျွန်မ ပြင်ပါ့မယ်"

ဘာကြောင့်မှန်းမသိ၊ မြအဆင်းက ဝါကျရှည် ကြီးတွေ အများကြီးပြောဖြစ်သွားရသည်။ ဒါတွေပြောဖို့ ရည်ရွယ်ရင်းထဲမပါ။ နှုတ်က တတွတ်တွတ်တော့ ထွက်သွား ခဲ့ပြီ။ ရင်ထဲမှာ ဘာတွေမှန်းမသိ နာကျင်လာကြပြန်၏။ ခပ်စောစောကတည်းက စို့ဝဲစို့ဝဲဖြစ်နေသည့်မျက်ရည်စတချို့ က စီးကျမလာပေမယ့် ... မျက်ဝန်းအိမ်ထဲမှာ များလှပြီမို့ မြအဆင်းက လက်ကိုင်ပဝါလေးနှင့် တို့သုတ်၏။ နေအုံ့မှိုင်း က ငေးကြည့်နေလိုက်သည်။ အရိုးခံ အဖြူထည်အရိုင်းကိုး တလေးပဲဟု မှတ်ချက်ချကာ နှစ်လိုစိတ်များဖွားဖြစ်ထွန်းရတော့ သည်။

"ကျွန်မက သတင်းစာတွေထဲမှာ အလိုရှိသည်တွေ စောင့်ဖတ်နေတာပါ၊ ဆရာတို့အိမ်က ကြော်ငြာတွေ့ တော့ အရမ်းဝမ်းသာသွားတာပဲ၊ လခလည်းရမယ်၊ နေစရိတ် စားစရိတ်ငြိမ်းဆိုတော့ ... ကျွန်မ မက်မော ပါတယ်ဆရာ ...

"ကျွန်မက ရန်ကုန်မှာ အသိအိမ်တည်းရတာပါ၊ ကျွန်မ ကမှ တာကာယ့်ကိုတစ်ကောင်ကြွက်၊ နှင်းခဲလေးကမှ ဖွားမေကြီးရှိသေးတယ်၊ နိုင်ငံခြားမှာရှိသေးတယ်၊ အဖေ ရင်းရှိနေသေးတယ်၊ ကျွန်မမှာက ဘာဆိုဘာမှမရှိ တာပါ ဆရာ၊ ကျွန်မတစ်ယောက်တည်း ...

"ဆရာ့အိမ်မှာ ကျွန်မအတွက် တော်တော်လေးအဆင်

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ကျွန်မ ··· ဒီအလုပ်ကမပြုတ်ချင်ဘူး ဆရာ"

"မပြုတ်ပါဘူး၊ ခင်ဗျားကို ဘယ်သူကမှမဖြုတ်ဘူး"

"ကျွန်မ ··· နှင်းခဲနဲ့ပတ်သက်ပြီးတော့လည်း တာဝန်ကျေချင်တယ်၊ ကြိုးစားချင်ပါတယ်၊ အဲဒီအခါကျရင် ဖွားမေကြီးနဲ့ ထိပ်တိုက်တိုးနိုင်ပါတယ်၊ အဲဒီအခါကျရင် ဆရာက ကျွန်မဘက်က ရပ်ပေးပါ၊ နားလည်ပေးပါဆိုတာလည်း ကြိုပြောထားချင်ပါတယ်"

ပြောပုံက အလိမ္မာမရှိ၊ စကားတန်ဆာမဆင်။ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းမို့ နေအုံမှိုင်း နားဝင်မချိုလှပေမယ့် သဘောကျပါသည်။

"စာသင်တယ်ဆိုတာ ချော့သင်လို့ကတော့ ဘယ်တော့မှမတတ်ပါဘူး၊ ဆုပေးဒဏ်ပေးစနစ်နဲ့သင်မှ ··· "

"မှန်တယ်၊ ဒါကို ကျွန်တော်လက်ခံတယ်"

"ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ဝမ်းလည်းသာပါတယ်၊ နှင်းခဲလေးကို ခြောက်လလောက်အတွင်းမှာ သူငယ်တန်းဖတ်စာကုန်အောင် ကျွန်မ သင်ပေးနိုင်ပါတယ်၊ နောင်နှစ်ခါ ကျောင်းကြီးတက်တော့ ···

"သူငယ်တန်းစာကို နှစ်ခေါက်လောက်ထိကြေပြီးသားနဲ့ သူ ··· အတန်းထဲကိုဝင်သွားနိုင်ရစေပါ့မယ်"

"ခင်ဗျား ဆယ်တန်းအောင်တုန်းက ဂုဏ်ထူးပါတယ်နော်"

"ဟုတ်ကဲ့ ··· အင်္ဂလိပ်စာနဲ့မြန်မာစာပါ"

"တော်တယ်၊ အဲဒီနှစ်ခု တွဲပြီးရဖို့က ခပ်ရှားရှားပဲ၊





ခင်ဗျား တက္ကသိုလ်ဆက်မတက်တာ ငွေရေးကြေးရေးကြောင့်လား"

"ဟုတ်ဘူး၊ ပညာသင်စရိတ်လည်း မတတ်နိုင်၊ ပြီးတော့ နေဖို့စားဖို့ပါ ခက်သွားလို့ပါ"

"နေဖို့ ··· စားဖို့ ··· ဟုတ်လား"

"ဟုတ်ကဲ့"

"ခင်ဗျားကို ဆယ်တန်းထိ ဘယ်သူကကျွေးလို့ ဘယ်မှာနေခဲ့တာလဲ"

မြအဆင်း မျက်ရည်ပေါက်ခနဲကျတော့သည်။ နေအုံမှိုင်း မေးခွန်းကို မဖြေနိုင်သေးဘဲ မျက်ရည်ကို အရင်သိမ်းရသည်။ နေအုံမှိုင်းက အားတုံ့အားနာဖြစ်ရသည်။ စပ်စုစွက်ဖက်လွန်းရာရောက်သွားပြီ။ ကိုယ်ရေးကိုယ်တာဆန်လွန်းသော မေးခွန်းကို အလုပ်နှင့်မပတ်သက်ပဲ မေးမိ၏။ "ဆောရီးဗျာ" ဟု အားနာစွာတောင်းပန်သည်။ မြအဆင်းက ခေါင်းခါ၏။ မတောင်းပန်ပါနှင့်၊ တောင်းပန်စရာမလိုပါဟု ပြောချင်၏။ သို့ပေမယ့် ··· ငိုချင်လွန်းအားကြီးစွာ အသံပျောက်နေသည်မို့ မပြောနိုင်သေးပါ။ အသံကို ကြိုးစား၍ စုဆောင်းဆွဲထုတ်နေရပါသေးသည်။

"ဂေဟာမှာနေပါတယ် ဆရာ၊ သူဌေးကြီးငါးဦးရဲ့ အတုမဲ့စေတနာနဲ့ မ,တည်ထူထောင်ပေးထားတဲ့ မိဘမဲ့အမျိုးသမီးဂေဟာကနေ ဆယ်တန်းအောင်ပါတယ်"

"မြအဆင်း ··· ကျွန်တော် ဘယ်သူ့အကြောင်းမှ စပ်စုတာ ဝါသနာမပါဘူးဗျာ၊ ကိုယ့်အလုပ်နဲ့ကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ရှုပ်လွန်းလို့ ဘယ်သူ့ကိုယ်ရေးကိုယ်တာမှလည်း စိတ်မဝင်စားဘူး၊ အချိန်လည်းမပေးနိုင်ဘူး၊ ဒါပေမယ့် ‥

"ဘာဖြစ်တာလဲမသိဘူး၊ ခင်ဗျားရဲ့ကိုယ်ရေးကိုယ်တာကို စိတ်ဝင်စားသွားတယ်၊ မိဘမဲ့အမျိုးသမီးဂေဟာဆိုတာကိုလည်း စိတ်ဝင်စားသွားတယ်၊ ခင်ဗျား ဝန်မလေးရင်ပြောပြနိုင်မလား၊ ခင်ဗျားအကြောင်း"

"ဝန်မလေးပါဘူး ဆရာ၊ ပြောနိုင်ပါတယ်"

"ဘယ်မှာရှိတာလဲ … အဲဒီဂေဟာ၊ ခင်ဗျားက အဲဒီဂေဟာကို ဘယ်လိုရောက်ခဲ့ရတာလဲ"

"မိဘမဲ့အမျိုးသမီးဂေဟာ … ဆိုတာ အညာကျေးလက်ရဲ့ မြို့ကလေးတစ်မြို့မှာပါ ဆရာ … "

တကယ်တမ်းကျတော့ …

ဖွားမေကြီးသည် ဤအိမ်တွင် နေအုံ့မှိုင်းမှလွဲလျက် အခြားလူတွေအားလုံးပေါ်မှာ ဩဇာညောင်းကြြား၊ နေအုံ့မှိုင်းအပေါ်မှာတော့ ဘယ်လိုမှ ညောင်းလို့မရနိုင်ပါ။ နေအုံ့မှိုင်းက လိုက်လျောကြည်ဖြူနေသမျှတွင် ဖွားမေကြီး အရေးပါအရာရောက်လျက် နေအုံ့မှိုင်းက စည်းကမ်းတစ်ခုကို တင်းကြပ်စွာချမှတ်လိုက်ပြီဆိုသည့်အခါမှာ ထိုစည်းကမ်းကို ဖွားမေကြီး မတွန်းလှန်နိုင်ပါ။ အလွန်ဆုံးမှ ကြိတ်ငိုရုံပါလေ။

"မနက်ခုနစ်နာရီခွဲမှာ နှင်းခဲကို အိပ်ရာနှိုးပြီး၊ မျက်နှာသစ်ပြီး၊ အဝတ်လဲပြီး၊ မနက်စာစားသောက်ပြီးသား အဖြစ်နဲ့ မြအဆင်းအခန်းကို ဖွားမေပို့ပါ …

"အဲဒီအချိန်ကစပြီး နှင်းခဲနဲ့ မြအဆင်းနဲ့ တစ်ပြိုင်တည်းနေမယ်၊ စာသင်ချင်သင်မယ်၊ စကားပြောချင်ပြောမယ်၊ သီချင်းဆိုချင်ဆို၊ ကချင်က၊ အဲဒါတွေလုပ်နေရင်ဂယ်ား

www.burmeseclassic.com



ဒါဟာ သင်ကြားရေးတစ်မျိုးပဲဖြစ်တယ် ...

"မြအဆင်း အခန်းထဲမှာပဲနေချင်နေမယ်၊ ခြံထဲဆင်းချင်ဆင်းမယ်၊ နေချင်တဲ့နေရာမှာ လုပ်ချင်ရာလုပ်နေပစေ၊ ဖွားမေ ဝင်လည်းမပါပါနဲ့၊ အနားလည်းမကပ်ပါနဲ့၊ ကိုယ်ယောင်တောင်မပြဘဲ ဆေးဝေးနေပါ၊ နေခင်းဆယ့်နှစ်နာရီမှာ ဖွားမေက နှင်းခဲကို မြအဆင်းဆီက သွားခေါ်ပါ ...

"ဒီကြားထဲမှာ ဖွားမေ ထမင်းကျွေး၊ ရေချိုး လုပ်ချင်လည်းလုပ်ပေးပါ၊ မလုပ်ပေးချင်လည်းရတယ်၊ နှစ်နာရီထိုးရင်တော့ နှင်းခဲကို မြအဆင်းဆီသွားပို့ပါ၊ ညထိ တူတူနေမယ်၊ အိပ်ကာနီးကျမှ ဖွားမေဆီလာပို့မယ်၊ အဲဒါ ... နှင်းခဲအတွက် ...

"လိုအပ်လို့ ကျွန်တော် တင်းကြပ်စွာချမှတ်တဲ့စည်းကမ်းပဲ၊ ဖွားမေ တိတိကျကျလိုက်နာပါ"

နေအုံ့မှိုင်းက ပြောလိုက်စဉ်မှာ ဖွားမေ မျက်နှာရှုံ့မဲ့ စုတ်ပြတ်ထွက်သွားရတော့သည်။ နေအုံ့မှိုင်း ရုံးကို ထွက်သွားတော့မှ ဖွားမေက ပြောပြောငိုသည်။

"တစ်သက်လုံး သူ့အမေဗိုက်ထဲကထွက်ကတည်းက ကျုပ်လက်ပေါ်ရောက်လာတဲ့ကလေးကို တစ်နေ့မှာ နှစ်နာရီပဲတွေ့ခွင့်ရှိမယ်တဲ့တော့၊ ကျုပ်နဲ့မထားချင်ရအောင် ကျုပ်က နူလို့လား၊ တီဘီလည်းမရှိဘူး၊ အေအိုင်ဒီအက်စ်လည်းမရှိဘူးတော့ ...

"နှင်းခဲကိုများ ရေချိုးချင်ချိုး၊ ထမင်းကျွေးချင်ကျွေး၊ လုပ်ပေးချင်ပေး၊ မလုပ်ပေးချင်လည်းရတယ်တဲ့၊ ကျုပ်တစ်သက်လုံး ဒါတွေလုပ်လာတာ၊ ခုမှ ... မလုပ်ပေးချင်နေ အပြောခံရတယ်တော့ ...

"ကျုပ်မြေး၊ ကျုပ်အသက်ဗူးလေးကို တစ်နေကုန်နေလို့မှ နှစ်နာရီပဲတွေ့ခွင့်ရှိတယ်တဲ့တော့၊ ရတနာရေ ... ရတနာရဲ့၊ ကျုပ်အဖြစ် ... ညည်းသမီးအဖြစ်ကို လာကြည့်လှည့်ပါအုံး၊ မြင်လှည့်ပါအုံးတော့"

ဖွားမေကြီးက အော်ငိုနေသည်။ နေအုံ့မှိုင်း မှာကြားသည့်အတိုင်း မြအဆင်းက လျစ်လျူရှုနေလိုက်၏။ နှင်းခဲက ပထမတော့ ငိုနေသောဖွားမေကြီးနား မြေးကပ်သေးသည်။

"သွား ... သွား ... မလာနဲ့၊ ကျုပ်ခေါ်စားတယ် ဖြစ်အုံးမယ်၊ တော်ကြာ ... ကျုပ်က ဒီအိမ်ပေါ်ကနေ ခေါင်းနဲ့ဆင်းနေရမယ်၊ စေတနာ မေတ္တာနဲ့ ပြုစုတဲ့သူနဲ့ လခစားပြီးပြုစုတဲ့သူနဲ့ တူနိုင်ပါ့မလားတော်"

ဖွားမေကြီးက ပြန်တွန်းလွှတ်သောကြောင့် နှင်းခဲကို မြအဆင်းက ဆီးမွေ့လိုက်သည်။ ခြံထဲသို့ခေါ်ခဲ့၏။ နှင်းခဲကို ဖတ်စာအုပ်ကိုင်၍ မသင်သေးပါ။ စကားလုံးတွေ သင်နှင့်နေသည်။

"ဆံပင်ကို ... "

"ဟဲယား (Hair)"

"ဟဲယားတော့ ... တယ်၊ ယားကို သိပ်အကြာကြီးမဆိုနဲ့၊ တိုတိုလေး ... ဟဲ ... သာသာလေးပဲ၊ ယား



www.burmeseclassic.com

www.burmeseclassic.com



ကို ဖါတယ်ဆိုရုံလေးဆို"

"ဟဲ ..."

"မျက်လုံး"

"အိုင်းစ် (Eyes)"

"နှာခေါင်း"

"နိုစ် (Nose)"

"ပါးစပ်"

"မောက်သ် (Mouth)"

တစ်လုံးချင်းတွေ အရင်သင်နှင့်၏။ နဖူးတို့၊ မျက်ခုံးမွေးတို့က နှစ်လုံးဆက်လိုမို့ ချန်ထားခဲ့သေးသည်။ မြအဆင်းက ဒန်းပေါ်မှာ နှင်းခဲနှင့်တူတူထိုင်၊ ခြေတစ်ဖက်ဖြင့် မြေကြီးကိုကန်လွှဲပြီး ဒန်းကို ဖြည်းဖြည်းလေးပဲ ခါယမ်းစေ၏။ လက်ထဲမှာ နေကြာစေ့ကို တစ်စေ့ချင်းခွာ၍ မြအဆင်း လက်ထဲထည့်ပေးရင်း မျက်နှာပေါ်ရှိပစ္စည်းတွေကို အင်္ဂလိပ်စကားနှင့် သင်နှင့်နေပါသည်။ ကလေးမှာ မုန့်လည်းစားရ၊ ဒန်းလည်းစီးရ၊ ခြံထဲမှာမို့ စာသင်ခံနေရလို့မှ အသင်ကြားခံနေရမှန်းမသိ၊ ဆော့ကစားနေရတာလိုလိုနှင့် ပျော်နေတော့သည်။

"ကြည့်ပါဦး ... စာသင်တာလား၊ ဒန်းစီးတာလား၊ ဒါမျိုးဆရာမ တစ်ခါမှမတွေ့ဘူးပေါင်၊ ကလေးကို ကျွေးတာကလည်း တစ်ခါကျွေး နေကြာစေ့တစ်စေ့တဲ့၊ ဗိုက်တွေတင်းကုန်ပါအုံးမယ်တော်၊ ကျွေးမနေပါနဲ့တော့"



မြအဆင်း ကြားလည်းဂရုမစိုက်၊ အိမ်မှအလုပ်သမားတွေကြားလည်း ဂရုမစိုက်ပုံစံဖြင့် ဖွားမေကြီး ပြောချင်ရာကို ခပ်ကျယ်ကျယ်ပဲပြောသည်။ အလုပ်သမားတွေအဖို့မှာတော့ ဖွားမေနှင့်မြအဆင်းကြားမှာ ရယ်စရာဖြစ်လျက်ကြိတ်ရယ်ကြရသည်။ ဖွားမေကိုကျတော့ သူတို့အပေါ် တိုက်ရိုက်သူအုပချုပ်သူမို့ အမာန်အမဲနှင့် အထိုးအခေါက်ကိုကြောက်ရသည်။ မြအဆင်းကိုကျတော့ ...

"နှင်းခဲ ဆရာမကို ... ငါ့ကိုဂရုစိုက်တာနဲ့ တန်းတူဂရုစိုက်ရမယ်၊ သူဟာ ဆရာမဖြစ်တယ်။ အလုပ်သမားမဟုတ်ဘူး၊ သူခိုင်းတာ အားလုံးလုပ်ပေး"

ဟု နေအုံ့မှိုင်းကိုယ်တိုင် အမိန့်ချထားသည်မို့ အရေးပေးရပြန်သည်။ ဘယ်သူ့စကားကိုမှ ဘယ်သူ့ကိုမျှ ပြန်မပြောရဲကြပါ။ ကြားညပ်မှာစိုးသည်။ ရယ်စရာဖြစ်လျှင်တော့ ခိုခနဲ ရယ်ဖြစ်လိုက်ကြတော့သည်။

နှင်းခဲလေး တုပ်ကွေးဖြစ်၍ဖျား၏။

ဖွားမေကြီးခမျာ စိတ်သာရှိလျက် လူက အသက်ကြီးပြီမို့ လက်တွေ့မှာ သိပ်မပါနိုင်ရှာတော့ချေ။ ကလေးက ကိုယ်ပူပြင်း၍ ရေခဲထုပ်တင်ပေးရတာမျိုး၊ ကလေးအိပ်နိုင်၍ လူးလိမ့်တိုင်း ငုတ်တုတ်ထိုင်ကြည့်နေရတာမျိုး သုံးရက်ဆက်တိုက်လောက်ဖြစ်ပြီးသည့်အခါမှာ ဖွားမေကြီး လဲ

www.burmeseclassic.com



တော့သည်။ ခြောက်နှစ်လက်ပန်းကျလျက် တစ်ကိုယ်လုံးကိုက်ခဲ ကာ ကိုယ်တိုင် အိပ်ရာထဲခွေလျက် ကိုယ့်ခန္ဓာကိုယ်မှ ကိုယ် စေခယ်ချင်တော့သည့်အဖြစ်သို့ ရောက်လေ၏။ ဤနည်းအား ဖြင့် နှင်းခဲက မြအဆင်းအခန်းထဲသို့ ရောက်သွားတော့သည်။

မြအဆင်းက မိခင်မဲ့ကလေးမို့ ပို၍ကိုယ်ချင်း စာသည်။ ကိုယ်တိုင်က မိခင်မဲ့ခဲ့သည်။ ကလေးငယ်တစ် ယောက်အတွက် မိခင်မဲ့ခြင်းနှင့် ဖခင်မဲ့ခြင်းဟာ ဘယ်လိုမှ မကောင်းပေမယ့် တစ်ယောက်ယောက် မဖြစ်မနေမဲ့ရမည်ဆို လျှင် (ကိုယ်က မိခင်မဲ့ခဲ့ဘူးသူမို့လားတော့မသိပါ) ဖခင်မဲ့ ခြင်းက နည်းနည်းပါးပါး သက်သာလေမလားဟု တွေးမိ သည်။ မိခင်မဲ့ခြင်းသည် ထိုကလေးအတွက် တစ်ဘဝလုံး ဆုံးရှုံးရခြင်းပဲဖြစ်တော့သည်ဟု ထင်၏။ ကိုယ့်ကိုကိုယ်ပဲ ပြန်ကြည့်ပါ။ ဖေဖေဆိုတာ လူချမ်းသာစာရင်းဝင်။ မြအဆင်း ဟာ ဒီလို ခြေမဲ့လက်မဲ့ဖြစ်ရမည့်အခြေအနေမှ မဟုတ်တာ။ မြအဆင်း လူလားကလေးမြောက်လာတော့ ဖေဖေ့ပစ္စည်း တွေဟာ ဒေါ်ယဉ်မေပြောသလို တကယ်ပဲ တစ်ပြားမကျန် ဆုံးရှုံးခဲ့ပါ့မလား ဟု တွေးမိပါသေးသည်။

ပြင်ဦးလွင်သို့ လူကြုံနှင့်စုံစမ်းကြည့်သည့်အခါ မှာ ... ဖေဖေရှိစဉ်က နေထိုင်ခဲ့သော ခြံနှင့်တိုက်ကို ဒေါ် ယဉ်မေက ရောင်းချသွားခဲ့ပြီ။ ဘယ်ပြောင်းသွားမှန်းလည်း ဘယ်သူမှမသိကြပါတဲ့။ ရှမ်းပြည်နယ်ဘက်မှ အသီးအနှံခြံများ ဆိုလျှင် ဘယ်နေရာရှိမှန်းတောင် မြအဆင်းမသိပါ။ အဲဒါ တွေလည်း ဒေါ်ယဉ်မေ ရောင်းလို့ကုန်ရောပေါ့ဟု သံယောဇဉ်



ကို တိခနဲဖြတ်ချပစ်လိုက်ရသည်။ ဝေဟာမှာ ဆရာမကြီးက အာသာရေးကိုင်းရှိုင်းသူမို့ သမီးတွေကို တရားဟောလေ့ရှိပါ သည်။ ဆရာမကြီးပြောသကဲ့သို့ ...

"ဖြစ်ချိန်တန်ဖြစ်၊ ပျက်ချိန်တန်ပျက်" ဆိုသော စကားက အလွန်မှန်ကန်ခဲ့ပါသည်။ မြအဆင်း တရားနှင့် သာ ဖြေရတော့သည်။ မဖြေလို့လည်းမရ။ ကိုယ် အားမျှမ တတ်နိုင်၊ စိတ်ရှေ့ရှုခြင်းသည်သာ ကိုယ့်အတွက် အဖြေဖြစ် ခဲ့ပါသည်။ နှင်းခဲကလေးကိုတွေ့ရတော့ အမိမဲ့ချင်း ကိုယ် ချင်းစာစိတ်နှင့် မေတ္တာထားခဲ့မိသည်။ ကလေးလေးက စိစ သနေ့ကောင်းရှာသည်။ ဖွားမေကြီးသာ မဖျက်ဆီးလျှင် လိမ္မာ မည့်ကလေးလေးဖြစ်၏။ နှင်းခဲကို မြအဆင်းချစ်ပါသည်။

နှင်းခဲအပေါ်မှာ မြအဆင်းက တော်တော်ကြီး အောင်မြင်ခဲ့ပါသည်။ နေထိုင်မကောင်းဖြစ်၍ မြအဆင်း ခေါ် သိပ်တာ ပြုစုခဲ့ရာမှ လက်သာလှသည်မို့ ... နှင်းခဲက ဖွား မေကြီးဆီ ပြန်မအိပ်တော့ပါ။

"ဖွားမေကြီးပုံတွေက ဒါတွေပဲ ထပ်ထပ်ပြောတယ်"

မြအဆင်းလို ပုံအသစ်တွေ ဖွားမေ မပြောတတ် ပါ။

"ကျုပ်က ရှိပြီးသားပုံတွေကိုပဲ ပြောတာ၊ မရှိတဲ့ပုံ ပြင်ကို ပါးစပ်ထဲထည့်ပြီး လီစယ်လံကြုပ် မပြော တတ်ဘူး"

ဖွားမေ ဘာပြောပြော မြအဆင်း ပြုံးနေလိုက် သည်။ မြအဆင်းက သည်းခံလေ ... ဖွားမေကြီးက ရှောင်

www.burmeseclassic.com



တက်မြောက်ပြောရဲလေနှင့် ကြာတော့ ··· ဖွားမေကြီးသည်သာ ချက်တောက်ချက်တောက်ဘဝမှ မှုံ့ပွည်အဆင့်သို့ရောက်ကာ မီးဖိုချောင်အလုပ်သမားတွေတောင် မြအဆင်းဘက်သို့ ယိုင်ကျလာ၏။ အဲသည်လိုဖြစ်လေ ဖွားမေကြီး၏အမုန်းတရားက မြအဆင်းပေါ်မှာ ပြင်းထန်လေဖြစ်တော့သည်။ မြအဆင်းနှင့် နှင်းခဲတို့၏ဆက်ဆံရေးက ပိုမိုကျစ်လျစ်သိပ်သည်းလာသလို ဦးနှောက်ထက်မြက်သော နှင်းခဲက ဝလုံး,စ,ရေးချိန်မှစ၍ သူ့ငယ်တန်းမြန်မာဖတ်စာ တစ်အုပ်လုံးကုန်အောင် ရေးတတ် ဖတ်တတ်ချိန်ထိ လေးလခွဲပဲကြာ၏။

မြအဆင်းက အင်္ဂလိပ်စာကို ပြိုင်တူမသင်ကြားပါ။ အခေါ်အဝေါ်ကလေးတွေပဲ သင်ထားသည်။ မြန်မာစာ သင်ပုန်းကြီးကုန်မှ ထိုသင်ပုန်းကြီးကိုပဲ ဒုတိယအခေါက် သက်တောင့်သက်သာ ပြန်လှန်သင်ကြားခြင်းလုပ်မှ အင်္ဂလိပ်စာကို စ,သင်သည်။ မြအဆင်း ဒီအိမ်မှာ အလုပ်ဝင်ခဲ့တာ ဒီနေ့ဆိုလျှင် ခြောက်လတင်းတင်းပြည့်ခဲ့ပါပြီ။ ဒီနေ့ ··· အိမ်မှာ အထူးစည်သည်နှစ်ယောက်ကို ညစာထမင်းကျွေးရမည်တဲ့။ ဖွားမေကြီးက တစ်အိမ်လုံးစရိတ်ကို ကိုင်သုံးရသူဖြစ်သည်။ စီစဉ်ရသူလည်းဖြစ်ပါသည်။

"မီတာဆောင်ရတယ်၊ ရေခွန်လားဘာလားကွယ်၊ အိမ်လာကောက်တဲ့ စည်ပင်သာယာခွန် ဆောင်ရတယ်၊ တယ်လီဖုန်းဖိုး ဆောင်ရတယ်၊ ဒရိုင်ဘာတွေ၊ မာလီတွေ၊ မီးဖိုချောင်ကအိမ်ဖော်တွေ လခပေးရတယ် ··· "ကိုအုံ့ကို တရုပ်ဖြေးမင်းလို ဟင်းခွက်သုံးရာပြည့်



အောင် ကျွေးရတယ်၊ နှင်းခဲလေးကို အာဟာရဖြစ်အောင်ကျွေးရတယ်၊ ကျုပ်ကိုင်ရတဲ့ပိုက်ဆံထဲက ထုတ်မရှင်းရတာဆိုလို့ ···

"မြအဆင်းလခပဲရှိတယ်၊ တစ်လတစ်လ မလောက်လို့ ထပ်မတောင်းချင်တိုင်း ··· ချွေတာ အိတ်စိုက်လုပ်နေရတာ၊ အထူးဧည့်သည်သားအမိနှစ်ယောက် ထမင်းကျွေးဦးမယ်ဆိုတော့ ဘာဟင်းတွေချက်ရမှန်းလည်း မသိ၊ ဒီလလည်း အိတ်စိုက်ဖြစ်ဦးမှာပဲ"

ဖွားမေကြီးက နေထိုင်မှုမှိုင်းကွယ်ရာမှာ ပူညံပူညံလုပ်၏။

"ဖွားမေက သူဌေးပဲ"

မြအဆင်းက ဖွားမေကို စိတ်ဆိုးဖို့ထက် သနားစိတ်ဝင်ကာ ခင်မင်လာသောကြောင့် တစ်ခါတစ်ရံမှာ စ,ချင်နောက်ချင်စိတ်ဖြစ်မိသည်။

"သူဌေးဆိုရင် ··· တူမယောက်ျားအိမ်မှာလာပြီး ကျွန်ခံမနေပါဘူးတော်"

"လတိုင်း အိတ်စိုက်သုံးနေရတယ်ဆိုတာ စိုက်စရာရှိလို့ပေါ့၊ ကျွန်မတို့လိုဆိုရင် စိုက်ချင်လို့တောင် စိုက်စရာမရှိဘူး၊ စိုက်ဖို့ရှိအောင် ဖွားမေက အရင်ကတည်းက ချမ်းသာခဲ့တာဖြစ်မှာပေါ့"

ဖွားမေကြီး အငိုက်မိသွားရသည်။ ဘယ်တုန်းက ချမ်းသာခဲ့သော ဖွားမေသည် နှင်းခဲအဘွားရှိစဉ်ကတည်း အစ်မအိမ်မှာ လာရောက်နေထိုင်ရသော ညီမဝမ်းကွဲဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ အဖိုးကြီးမှာ ဝိုင်းလုပ်ဝိုင်းစားနေဖြစ်ရင်း နှင်းခဲအမေကိုထိန်း၊ နှင်းခဲလေးထိ ဆက်ထိန်းနေရသည်ဟု ပြောခဲ့ဖူးပါသည်။

"မြအဆင်းနော် … ကျုပ်ကိုမရိုပါနဲ့"

ဖွားမေက နေအုံ့မှိုင်းကိုတောင် (နေအုံ့မှိုင်းက ခပ်တည်တည်ပြောလျှင်သာ နားခံစာတ်ပြီး၊ အမြဲလိုလိုက်) ဩဇာပေး၊ စီစဉ်၊ စောင့်ကြပ်ကြားကာ ပြောရဲဆိုရဲရှိသူဖြစ်ပါသည်။

"မရိုပါဘူး ဖွားမေရဲ့ ကျွန်မ ဆင်းရဲတာကိုပြောချင်တာပါ"

"ရှင့်ကိုလည်း မကျေနပ်ပါဘူး"

"ဟောတော့ … နေရင်းတိုင်ရင်း"

"ညနေလာမယ့်သားအမိကို သိလား"

"အထူးစည့်သည်ဆို"

"ဘယ်လောက်ထိ ထူးသလဲဆိုတာ သိချင်လို့မေးတာ"

"ဘယ်သိပါ့မလဲ ဖွားမေရဲ့၊ ဖွားမေသိမှာပေါ့"

"သိလို့ပြောမလို့၊ ကိုအုံ့ဘာသာ မုဆိုးဖိုလေး တစ်ကိုယ်ရေနေတာကို မကြည့်နိုင်တဲ့သူကလည်းရှိသေး ညနေလာမှာ နှစ်ယောက်လည်းမဟုတ်ဘူးတော့၊ သုံးယောက်၊ သားအမိက နှစ်ယောက်၊ အောင်သွယ်မိန်းမကတစ်ယောက်၊ သားအမိထဲက သမီးက အပျိုကြီး

"အသက်က သုံးဆယ့်သုံး၊ ကိုအုံ့နဲ့တူတူပဲ၊ တက္ကသိုလ်မှာ ကျူတာဆိုလား … ကထိကဆိုလား၊ အဲဒါနဲ့



စပ်ကြဟပ်ကြတာ၊ ကိုအုံ့ကလည်း ကြည့်မယ်၊ ဟိုကလည်း ကြည့်မယ်၊ နာမည်ကလည်း ခေါ်ရခက်လိုက်တာ …

"ဂျူနီဆိုလား … ဂျူဖြူဆိုလား၊ တက္ကသိုလ်မှာ အင်္ဂလိပ်စာသင်တဲ့ဆရာမဆိုလား"

"ဖွားမေရယ် ဂျူဖြူရယ်လို့မရှိပါဘူး"

"အဲဒါ … အဲဒါတော်၊ ကျုပ်တော့ ရှုတ်ညစ်တာပါပဲ၊ နှင်းခဲလေးကို မိထွေးမရစေချင်ပါဘူး"

"အော်"

ဒီနေရာမျိုးမှာ မြအဆင်းတို့ ညှဲ့ဖျင်းလိုက်ပုံကတည့်တည့်ပြောမှ ရိပ်မိရုံရှိတော့သည်။

"ဆရာက ခုမှ သုံးဆယ့်သုံးလား"

"ဟုတ်တယ်၊ ကိုအုံ့က နည်းနည်းရင့်တော့ သုံးဆယ့်ငါးခြောက်လောက် ထင်ရတယ်၊ ကျုပ်တော့ သဘောမတူပါဘူး၊ နောက်အိမ်ထောင် ပြုကိုပြုတော့မယ်ဆိုရင်လည်း ကိုယ့်အကြောင်းသိထဲက … ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်ဆိုသလို …

"နှင်းခဲနဲ့လည်းအဆင်ပြေနေတဲ့ မြအဆင်းနဲ့ဆိုမှ ဟုတ်သေး"

"ဟာ … ဖွားမေ"

မြအဆင်းက တကာယ်ပဲ ပတ္တမြားအဆင်းဖြစ်သွားရတော့သည်။ နားရွက်တွေထိပါ ရဲတက်လျက် မျက်နှာကြီးမှာ စပ်ဖျင်းဖျင်းထိ ဖြစ်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ကြိတ်သဘောတူနေတာ ကြာပါပြီတော်၊ ချင်ကလည်း ရိုးလွန်းတော့ မုဆိုးဖိုကိုယ်တော်ကြီးက ရှာနိမလျှော့ဘူးထင်ပါရဲ့"

"ဖွားမေ ... ဘာတွေလျှောက်ပြောနေတာလဲ"

မီးဖိုချောင်အုပ်စုက တခိခိရယ်ကြသည်။

"ဖြစ်စေချင်တာပြောတာ"

"မပြောပါနဲ့ ... မပြောပါနဲ့တော့၊ ရှက်လို့သေရချီရဲ့၊ ကျွန်မ ဒီအိမ်မှာ နေရေးထိုင်ရေးရော၊ အလုပ်အကိုင်ပါ အဆင်ပြေနေလို့ အလုပ်မပြုတ်ချင်ဘူး ဖွားမေရဲ့"

"ဘယ်သူကဖြုတ်မှာမို့လဲ၊ ခုဆို ... လခတောင်တိုးလိုက်ပြီမဟုတ်လား၊ ပြောမယ့်သာပြောတာပါ ... ကိုအုံ့က ဘာတွေ သိကွာဆယ်နေမှန်းမသိဘူး၊ မြအဆင်းကိုကြည့်လိုက်ပလားဆို ဒေးလို့၊ ကျုပ် မသိဘူးထင်နေတယ်"

"ဖွားမေ ... ရှိကြီးခိုးပါရဲ့၊ ဆက်ပြောနေရင် ကျွန်မ ဆရာနဲ့သွားတိုင်ရလိမ့်မယ်"

"သိပ်တိုင်ချင်နေတယ်ပေါ့၊ တိုင်လေ ... နားဖောက်ပြီးသားရတယ်၊ ဂျုံနီ ဂျုံဖြူတွေလက်ထဲ မပါရင်ပြီးရော"

"ဖွားမေ"

မြအဆင်း မျက်ရည်တွေစီးကျလာတော့သည်။

"ဟောတော့ရေ ... ဒါ ငိုစရာလား"



"ဖွားမေက အရမ်းစတော့ ဆရာမရှက်သွားပြီ"

မီးဖိုချောင်အုပ်စုက ဖွားမေကို အပြစ်တင်တော့ ဖွားမေက တဟာစ်ဟာစ်ရယ်လိုက်၏။

"ကျီစားသနိ့သွားလား ... ခွင့်လွှတ်ပါတော်၊ ကျုပ်က ချစ်လို့စတာ၊ တကယ်ချစ်လို့ပါ"

"ဒါမျိုးမစပါနဲ့ ဖွားမေရယ်"

မြအဆင်းက ဘာကိုမှန်းမသိ ဝမ်းနည်းပက်လက်လို ခံစားလိုက်ရသည်။ မျက်ရည်သုတ်၏။

ဖွားမေက ဆရာမကိုဖြင့် တစ်နေ့မှ အကောင်းမပြောဘူး၊ ဘယ်တုံးက ချစ်သွားရတာလဲ"

ထမင်းချက် မသိန်းက ရယ်ပြီးဝင်ပြောတော့ ဖွားမေက မသိန်းကို လှမ်းထုသည်။

"စကားမများနဲ့၊ မြန်မြန်ကျက်အောင်ချက်၊ ဟိုက စောစောလာမှာ"

မြအဆင်းက နှင်းခဲကိုခေါ်၍ အခန်းထဲသို့ဝင်ခဲ့သည်။ နှင်းခဲလေးကိုကြည့်၍ ငိုချင်လာပြန်၏။ မျက်ရည်ထပ်ကျသည်။

"တီချာ ဘာလို့ငိုတာလဲ"

"တီချာရဲ့ ဖေဖေ မေမေတို့က မရှိတော့ဘူး၊ သေသွားပြီ၊ သေတယ်ဆိုတာ နှင်းခဲသိတယ်မဟုတ်လား၊ ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး၊ တီချာ အရမ်းအောင့်မေ့တယ်၊ အရမ်းလွမ်းတဲ့အခါမှာ ငိုမိတယ်"

ဖေဖေ့ကို တကယ်ပဲ လွမ်းလာရသည်။ မြအ

www.burmeseclassic.com



ဆင်း နှစ်နှစ်သမီးက ကွယ်လွန်သွားရှာသောမေမေ့ကိုကျတော့ သိပ်တောင် မမှတ်မိချင်သလိုပါ။ ရေးတေးတေးပဲရှိ၏။ ဖေဖေနှင့် သားအဖနှစ်ယောက်တည်း နေခဲ့ရသော ဘဝလေးကို အောက်မေ့လှပါသည်။ နှင်းခဲလေးလည်း တူတူပေါ့၊ သူတို့သားအဖနှစ်ယောက်တည်း ပျော်ပျော်ရွှင်ရွှင်နေကြပါစေတော့လား။ နှင်းခဲလေးဘဝမှာ ဒုတိယအဒေါ်ယဉ်မဆိုတာ ပေါ်ပေါက်လာခဲ့လျှင် နှင်းခဲလေးဟာ ဒုတိယမြအဆင်းဘဝမျိုးနှင့် ကြုံရမှာ သနားသည်။ ပြီးတော့ … ဆရာ။ ဆရာ့ကိုလည်း ဒုတိယဦးထွန်းကျော် မဖြစ်စေချင်ပါ။ မြအဆင်းတို့သားအဖနှစ်ယောက်ဘဝလေးမှာ ဒေါ်ယဉ်မဆိုသော ဒုတိယမေမေ ဝင်ရောက်လာပြီးကတည်းက ကပြောင်းကပြန် ကမောက်ကမ ကျွမ်းထိုးမှောက်ခုံတွေဖြစ်ခဲ့ရသည်။ အသက်ဆုံးရှုံးရသည်။ စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးရသည်။ မြအဆင်း ဘဝပျက်ရသည်။

ဒါမျိုး … နှင်းခဲလေးကို မဖြစ်စေချင်ပါ။

ပြီးတော့ … ကြေကွဲဝမ်းနည်းခြင်း နောက်အသစ်တစ်ခုကလည်း ရင်ထဲသို့ တိုးခွဲဝင်ရောက်လာတာ ထူးဆန်းလှပါသည်။ နှင်းခဲလေးကို ကိုယ့်တပည့်မလေး၊ ကိုယ်ပုံသွင်းခံ ဖယောင်းရုပ်ကလေးဘဝမှ စွန့်လွှတ်ကာ … သူ့အတွက် ဒုတိယမေမေ့လက်ထဲသို့ ထည့်ပေးလိုက်ရမှာ နှမြောလွန်းစွာ မချိတင်ကဲခံစားရခြင်းပဲဖြစ်ပါ၏။ ခုမှပဲ ဖွားမေကြီးကို ကောင်းကောင်းကိုယ်ချင်းစာနိုင်လျက် ဝမ်းနည်းမက်လောက်ဖြစ်ရတော့သည်။ ပြီးတော့ … တစ်ဆက်တည်းမှာပင် ဆရာ့ကိုရော၊ တစိမ်းမိန်းမတစ်ယောက်လက်ထဲကို ထည့်



လိုက်ရတော့မှာလား။

ဆရာနှင့်တူတူ …

နှင်းခဲကိစ္စလေးတွေ တိုင်ပင်သည်။ ဆရာ့ကုမ္ပဏီမှာ ဆရာ ဘယ်သူ့မှဖွင့်ပြောလို့မဖြစ်သော စိတ်ညစ်စိတ်ရှုပ်စရာလေးတွေ ဆရာက ရင်ဖွင့်ချင်လျှင် မြအဆင်းက နားထောင်ပေးရသည်။

"ဘာမှလုပ်မပေးနိုင်မှန်းသိပေမယ့် နားထောင်ပေးဖော်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ" တဲ့။

နှုတ်လုံဖို့ဆိုတာတော့ ဆရာ အထွေးပိုက်ပင်နေရာပင်မလိုတော့ပါ။ မြအဆင်း သဘောပေါက်ပြီးဖြစ်၏။

"မြအဆင်းက မိုးထဲလေထဲမှာတောင် ကားအီးပေါက်နေတဲ့ယောကျ်ားတစ်ယောက်ကို ကူညီဖို့အဆင်သင့်ဖြစ်နေတဲ့မိန်းမသားမို့ တို့က ရင်းရင်းနှီးနှီးရင်ဖွင့်ရဲတာ" တဲ့။

သူ … အားတက်သရော တက်ကြွရွှင်လန်းသည့်အခါတွေမှာ မြအဆင်းနှင့်နှင်းခဲကို ကားနှင့်တင်ခေါ်သွားတာ သူကိုယ်တိုင်မောင်း၍ မုန့်တွေဘာတွေ အပြင်လိုက်ဝယ်ကျွေးတတ်သည်။ တစ်ခါတလေကျ အပြန်ခရီးမှာ …

"မြအဆင်း မောင်းစမ်းပါ၊ မိန်းကလေးတစ်ယောက်မောင်းတဲ့ကားကို ဘေးကနေ ထိုင်စီးကြည့်ချင်လို့"

ဆိုပြီး မြအဆင်းကိုမောင်းနိုင်းတတ်သည်။ မြအဆင်းမောင်းလို့မှ ဘယ်လောက်မှမကြာသေးခင်မှာပင် …

"ဟိုး … ဟိုး … တော်တော့၊ ကိုယ်တိုင်မောင်းရတာပဲကောင်းတယ်၊ ဘေးကထိုင်ပြီး ဟိုကားနဲ့ဝင်ကျူး

www.burmeseclassic.com



တော့မလိုလို၊ ဒီစာတ်တိုင်နဲ့ဝင်အောင်းတော့မလိုလို စိတ်

မောရတာ ပိုပင်ပန်းတယ် ...

"ခင်ဗျားလက်က အညာလက်ပဲ အညာသူရဲ၊ အညာ

ဂျိမ့် ပြန်မောင်း"

မှိုချိုးမျှစ်ချိုးလိုလိုနှင့် တရင်းတနှီးစတာမှန်း မြ

အဆင်းနားလည်ပါသည်။ နာအောင်ပြောပေမယ့် မနာတော့

ဘဲ ရယ်စရာဖြစ်သွားရသည်ထိ ရင်းနှီးမှုအတိုင်းအတာ

သူနှင့် မြအဆင်းတို့အကြားမှာ ဖြစ်ထွန်းခဲ့ပြီးပြီလေ။

နှင်းခဲကလည်း ...

"ဖေဖေ ... တီချာနဲ့ ကစားကွင်းသွားမယ်"

ဆိုတာမျိုး ခဏခဏ ပူဆာတတ်သေးသည်။ ဒါတွေကို ပြန်

တွေးကြည့်တော့ ... သူနှင့် ကိုယ်နှင့် နှင်းခဲနှင့်၊ သုံးယောက်

တစ်ကမ္ဘာဘဝလေးလိုဖြစ်ပြီး ဖွားမေကြီးကိုတောင် ဖယ်ထုတ်

ခွာချထားမိခဲ့ကြတာပါလားဟု ယူကျုံးမရဖြစ်ရတော့သည်။

သူ လက်ထပ်သွားပြီဆိုလျှင် ထိုရင်းနှီးမှု ပီတိကလေးများ

ပျောက်ဆုံးပါတော့မည်။

"နှင်းခဲ ... ဆာပြီလား"

"ဆာပြီ၊ တီချာငို့နေလို့စောင့်နေတာ"

"ဟုတ်ပါရဲ့ နှင်းခဲရယ်"

မြအဆင်းက မျက်ရည်သုတ်ကာ နှင်းခဲကို

၍ အခန်းပြင်ထွက်ခဲ့၏။ မြအဆင်း ဘယ်လိုပဲဖုံးဖိလာခဲ့

အငိုမျက်နှာကို ဖွားမေကြီး တန်းခနဲသိသည်။ ဒီလော

စကားကလေးသွင်းရုံနှင့် ဤမျှဝမ်းနည်းပက်လက်ဖြစ်သော



မိန်းကလေး၏ရင်ထဲသို့ ဖွားမေ ထွင်းဖောက်မြင်လိုက်ပါပြီ။

"ကျွန်မ ခေါင်းနည်းနည်းကိုက်လာလို့ နှင်းခဲကို ဖွား

မေပဲ ထမင်းကျွေးပေးပါတော့နော်"

ခါတိုင်း ... နှင်းခဲအတွက်ညစာကို မြအဆင်း

ကျွေးပါသည်။

"ထားခဲ့ ... ကျွေးမယ်၊ ရှင်ရော မစားသေးဘူးလား"

"အခန်းထဲမှာပဲ တစ်ခုခုဖျော်သောက်ပြီး ဆေးပါတစ်

ခါတည်းသောက်လိုက်တော့မယ်၊ အော် ... နှင်းခဲကို

ဂါဝန်လှလှလေး လဲပေးထားလိုက်ပါအုံးနော်၊ သူ့အဖေ

က ညီ့သည်တွေရှေ့ ခေါ်ပြချင်ပြအုံးမှာ"

"အေး ... အေး"

မြအဆင်း အခန်းထဲသို့ပြန်ဝင်သည်။ မြအဆင်း

အခန်းက ယခင်အခန်းပဲပေမယ့် ဟိုဘက်ခန်းနှင့်ပါပေါင်း၍

မှာ်ခန်းတွဲဖြစ်သွားရပါပြီ။ ဒီဘက်ခန်းမှာ မြအဆင်းနှင့်နှင်းခဲ

တို့အိပ်သော တစ်ယောက်အိပ်ခုတင်နှစ်လုံးကို အခန်းနံရံတစ်

ဖက်တစ်ချက်စီ ကပ်ချထားသည်။ မှန်တင်ခုံ (ခုတော့ ကိုယ်

လုံးပေါ်မှန်ကြီးနှင့်ဖြစ်နေပြီ) တစ်ခု၊ ဘီရိုနှစ်လုံးရှိသည်။

ဟိုဘက် တွဲလျက်ခန်းမှာတော့ ကွန်ပျူတာရှိသည်။ ရေခဲ

သေတ္တာခပ်သေးသေးတစ်ခုရှိသည်။ စာရေးစားပွဲနှင့်ကုလား

ထိုင်နှစ်လုံးရှိသည်။ ရိုးရိုးစားပွဲတစ်ခုမှာ အပူအအေး၊ အသင့်

သောက် ဖျော်သောက်စရာတွေမျိုးစုံ၊ ဘီစကစ်မုန့်သေတ္တာများ

နှင့်ဓာတ်ဗူး၊ ပန်းကန်ခွက်ယောက်အချို့ရှိသည်။ အခန်းနှစ်ခု

အလယ်မှာ အပေါက်ဖောက်၍ ဘာအကာအရံမှမရှိသော တိုး

www.burmeseclassic.com

www.burmeseclassic.com



လှိုဝေါက်ဖွင့်ထားပါသည်။

မြအဆင်း တစ်ခုခုစားမည်သောက်မည်ဆိုလျှင် ဟိုဘက်ခန်းသို့ကူး၍ ဖျော်ရမည်။ ဒီအိမ်ရောက်မှ စိတ်တိုင်းကျ ကိုယ့်ဘာသာဖျော်ပြီး သောက်ချင်ရာသောက်ခွင့်ရသည့် အထဲမှာ မြအဆင်း အမြဲလိုလိုသောက်တာက "မိုင်လို" ပါ။ မိုင်လိုရောင်ဖျော့ဖျော့လေးတွေက လနှင့်ချို၍ ရင်ထဲသို့စင်ခဲ့ကြိမ်ပေါင်းများပြီဆိုတော … ခိုင်မြဲစူးနစ်တွယ်တာပြီထင်ပါရဲ့။ မြအဆင်း … ဒီနေ့တော့ မိုင်လိုဖျော်သောက်ဖို့တောင် ဓန်လေးနေရသည်။ ဒိုင်ယာဇီပင်တစ်လုံးပဲသောက်ဖြစ်၏။ ဒီအိမ်မှာနေသည့်ခြောက်လအတွင်း … မိုးလင်းမှမိုးချုပ်ထိ ဂေဟာယူနီဖောင်းကိုပဲ နေ့စဉ်ဝတ်သည်။ ဆရာက နေ့လယ်စာခေါ်ကျွေးစဉ်တစ်ကြိမ်ပဲ အပြင်အကျႌဝတ်ခဲ့၏။ ယူနီဖောင်းဝတ်ခြင်းမှာ … ဒီအိမ်မှာ မြအဆင်း၏နေရာဟာ ဘာလဲဆိုတာ အစဉ်အမြဲ သတိရနေစေဖို့ (မြအဆင်းကိုယ်တိုင်ရော ဆရာပါ၊ ဖွားမေအပါအဝင် အိမ်သားအားလုံး)အတွက်ဖြစ်လေ၏။ အိပ်ရာဝင်လျှင်တော့ မြအဆင်းက ညအိပ်အကျႌရှည်ကြီးကို လဲလေ့ရှိသည်။

ချောင်ချိလွတ်လပ်သောကြောင့်ဖြစ်၏။ မြအဆင်း ဘာမျှမစားမသောက်တော့ဘဲ ညဝတ်အကျႌရှည်ကြီးကို လဲသည်။ ပြီးတော့ လျှောက်လွှာစာရွက်ပေါ်မှာ စာလုံးကြီးကြီးနှင့် စာတစ်ကြောင်းရေးကာ မှန်ပေါ်တွင် ဆယ်လိုတိတ်နှင့်ကပ်ထားလိုက်သည်။ နှင်းခဲကို တစ်ခုခုပြောဖို့ အဲသည်လို မှန်မှာစာတပ်ထားတာ လေ့ကျင့်ပြီးဖြစ်၏။ နှင်းခဲကလည်း



တစ်ခါတစ်ရံ ပြန်ကပ်ထားတတ်သည်။ နှင်းခဲက သူငယ်တန်းသင်ပုန်းကြီးကုန်ပြီမို့ … တော်ရုံစာကို ဖတ်တတ်နေပါပြီ။

မြအဆင်း အိပ်ပျော်ဖို့ကြိုးစားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ၉

ထမင်းစားပွဲမှာ အပြန်အလှန် အကဲမခတ်ချင် ယောင်ဆောင်လျက် အကဲခတ်ကြပါသည်။ ဂျူနီက စကား ပြောသွက်လက်သည်။ ချက်ချာသည်။ ထက်မြက်ပုံရသည်။ တက္ကသိုလ်ဆရာမအလုပ်ထက် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း မျိုးနှင့်တောင် ပို၍သင့်တော်ပါလိမ့်ဦးမည်။ အရည်အချင်းအနေ နှင့်က သာမန်မိန်းမသားတစ်ဦးမှာရှိသင့်သည်ထက်တောင် ပို လျှံနေပါသေးသည်ဟု အကဲခတ်ရပါသည်။ စိတ်နေသဘော ထားနှင့် ကိုယ်ကျင့်တရားကိုတော့ မပြောတတ်ပါ။ တစ်ခါ တွေ့တစ်ခါဆိုသလို အထင်မကြီးဘဲနေလို့မရသော မိန်းမအ မျိုးအစားထဲကမှန်း နေအံ့ ခန့်မှန်းလို့ရပါသည်။

ထုံဖျင်းဖျင်းမိန်းမမျိုးကို စိတ်မရှည်တတ်သော နေအံ့အဖို့ မကြိုက်မရှိစရာဖြစ်၏။ ရုပ်ရည်ရူပကာမှာလည်း ငေးကြည့်လို့ရအောင် အလှကြီးမဟုတ်ငြား အသားဖြူပြီဆို ကတည်းက ကြည့်လို့ကောင်းပါပြီ။ မျက်ခုံးပါးချင်ပါ၊ မျက်



လုံးမှေးချင်မှေး၊ ဒါတွေကို ပြုပြင်ယူလို့ရသည်။ နှာခေါင်းက လည်း မျက်နှာကြီးထဲ ချိုင့်ဝင်နေလောက်အောင် မပြားဘူး ဆိုလျှင် လုံလောက်ပြီ။ နှုတ်ခမ်းပုံစံကတော့ ဘာဖြစ်ဖြစ် ပြောစရာမလို။ ဟိုတုံးကမှ နှုတ်ခမ်းဝါးလေး ဘာလေးညာ လေး တင်စားကြသေးသည်။ ခုခေတ်မှာ နှုတ်ခမ်းစုထော်လန် တွေတောင် ခေတ်စားနေသေးတာမို့ ဘာပဲဖြစ်ဖြစ် . . . ဂျူနီ သည် အဲသည်လောက်ကြီးလည်း ရုပ်ဆိုးမနေပါ။ မျက်ခုံး မျက်လုံး၊ နှာတံ နှုတ်ခမ်းမှစ၍ ပြောပလောက်အောင် တစ်ခု မှုမလှသလို၊ ပြောပလောက်အောင် ရုပ်ဆိုးနေတာမျိုးလည်း မရှိ။

ရှက်ကြမ်းရေချိုရုပ်ရည်ကလေးတစ်ခုသည် အ သားဖြူပြီ၊ ခေတ်ပညာတတ်မို့ ခေတ်မီစွာပြုပြင်တတ်ပြီဆို ကတည်းက ချောမောလှပသည့်စာရင်းသို့ ဝင်ပါပြီ။ ဂျူနီရုပ် ရည်က အဲသည်လောက်အနေအထားမှာရှိ၏။ စီးပွားဥစ္စာကျ တော့ နေအံ့တို့လောက်မချမ်းသာတာတော့ မှန်၏။ သို့ပေ မယ့် ဆင်းဆင်းရဲရဲထဲကမဟုတ်ပြန်။ ညီကိုမောင်နှမတွေက ငါးယောက်တောင်မို့ များသည်ဟုဆိုနိုင်ငြား အားလုံး ပညာ တွေတတ်၊ အလုပ်အကိုင်ကိုယ်စီနှင့် ကိုယ့်အသာ ဟန်ပန် နေကြသူတွေချည်း။ ဘယ်တစ်ဦးတစ်ယောက်ကမျှ ထ,ဖောက် တာ ဝော်လေဂျပိုးဖြစ်မနေတာကလည်း စိတ်ကြိုက်တွေ့စရာ ဖြစ်နေ၏။

ခြုံငုံ၍ဆိုရသော် ဂျူနီသည် မဆိုးပါ။

ထမင်းစားပွဲက အရယ်အမောများဖြင့် ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



ပျော့ရှင့်မှာ ပြီးဆုံးသွားခဲ့သည်။ ဂျူနီသည် ရှက်ကိုးရှက်ကန်း နှင့် ရှောက်လွှာချနေတတ်သူမဟုတ်၊ ရဲရင့်ပွင့်လင်းတတ်သည့် အမျိုးအစား၊ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်နှင့် စိတ်ကြီး ဝင်တတ်သူအမျိုးအစားမို့ စကားဝိုင်းထဲမှာ မကောင်းတတ် သေး၍ ဦးဆောင်သည့်တိုင် ... ကျန်မနေရစ်ဘဲ ပါဝင်ဆင် နွှဲသူဖြစ်လေသည်။

"သမီးလေးရော ... သမီးလေးခေါ်ပါအုံး၊ မိတ်ဆက် ပေးပါအုံး ကိုအုံရဲ့"

ဂျူနီတို့သားအမိကို ခေါ်ဆောင်လာသော ကြား မိတ်ဆွေက သူ့လုပ်ဆောင်ချက် အောင်မြင်ခြင်းလမ်းစပေါ် သို့ရောက်ပြီဆိုတာ သိနှင့်စွာ၊ နောက်ဆုံးလက်ကျန် လှေခါး တစ်လေးအဖြစ် နှင်းခဲနှင့် ရင်းနှီးရေးကို ကြိုးစားပါလေ၏။

"ဟုတ်ပါရဲ့ ... သူ့ဆရာမနဲ့ စာများသင်နေသလား မသိဘူး"

"အော် ... အိမ်မှာကျူရှင်ပေါ့၊ တစ်ယောက်တည်း သင်တာလား"

"တစ်ယောက်တည်းပါ၊ ဒါပေမယ့် ... ဆရာမက အိမ်မှာပဲတူတူနေတာလေ၊ စာလည်းသင်၊ အလိမ္မာ လည်းသင်၊ နေတတ်ထိုင်တတ်ပုံ၊ စားသောက်ပုံ၊ စ ကားပြောပုံလှုပ်ရှားဟန်ကစလို့ပေါ့ ... အကုန်သင်ရ တော့ အိမ်မှာပဲနေလိုက်တော့တယ်"

"နာနီသဘောပေါ့လေ၊ ဟုတ်တာပေါ့ ... အမေရှိ တော့ လိုတာပေါ့၊ အမေရှိပြီဆိုရင် ဆရာမ,မလိုတော့



ပါဘူး"

ရှိုးရှိုးသားသားစကားလေးကိုပဲ ကြားမိတ်ဆွေ က ဝင်ပြောသည်။ ထို ရှိုးရှိုးသားသားစကားလေးက နေအုံ့ ရင်ထဲကျတော့ ဆူးချုံတွေများ ဝင်သွားသလားမသိ၊ စူးမျက် ကျင်ရှသွားသည်။ ဘာကိုမခံမရပ်နိုင်ဖြစ်သွားရတာပါလိမ့်။ ဤဝါကျတစ်ကြောင်းမှာ မကြိုက်စရာ ဘာပါလို့ပါလိမ့်ဆို တာ ကိုယ့်ကိုကိုယ်တောင် စဉ်းစားလို့မရပါ။

"ဖွားမေ ... သမီးကိုရှာပါအုံး"

ထမင်းမစားကြမီကတည်းက အနားမှာ ရစ်ဝဲ ရစ်ဝဲဖြစ်နေသော ဖွားမေကြီးကို နေအုံ့က ညှိုသည်နှာချင် တာလေးတစ်စား မိတ်ဆက်ပေးပါသည်။

"နှင်းခဲအမေရဲ့အခေါ်လေ၊ နှင်းခဲရဲ့အတွေးပေါ့၊ ဒီအိမ် မှာတော့ နှင်းခဲခေါ်သလို လိုက်ခေါ်ကြတာ၊ တစ်အိမ် သားလုံးကို ဖွားမေကြီးက စောင့်ရှောက်ကြည့်ရှုထိန်း သိမ်းနေတာပါပဲ"

ဖွားမေက သူ့ နေရာတရလေးဖြစ်သွား၍ ကျေ ချပ်စွာ ... ထမင်းစားဝိုင်းထဲ ဝင်စားဖို့ နေအုံ့က မခေါ်ပေ မယ့် ... စိတ်ပါလက်ပါ စားပွဲဝိုင်းထိုးရင်း စကားလည်း ဝင်ဝင်ပြောနေသည်။ ဂျူနီက ဖွားမေပါ တစ်ခါတည်းဝင်စား ဖို့ (အကင်းပါးစွာ) ခေါ်နေသေး၏။ ဖွားမေက ...

"နှင်းခဲကိုကျွေးရင်း စားပြီးသွားပြီ" ဆို၏။

"အော် ... ကျွန်တော်တို့ အိမ်ရှေ့ဧည့်ခန်းကြေင်းထိုင် ကြမယ်၊ အဲဒီမှာ သက်သောင့်သက်သာရှိတယ်၊ အချို

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကို အိမ်ရှေ့ပို့ဖို့ပဲစီစဉ်ပေးပါနော် ဖွားမေ"

"အေး ... အေး ... ကောင်းတယ်၊ ဟိုမှာထိုင်ရတာ သက်သာတယ်၊ လုပ်ပေးမယ်"

"နောက်ပြီး ... သမီးဆရာမပါခေါ်ခဲ့ပါအုံး၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့"

"အေး ... အေး"

ဂျူနီက မျက်ဝန်းကလေးတွေလက်နေ၏။ မုဆိုးဖိုသူဌေးအိမ်မှာ ညအိပ်ညနေ ဆရာမလာလုပ်ရတာ ... ရှေးမျက်စိဆိုလျှင်တော့ မသင့်တော်၊ ခေတ်မျက်စိမှာတော့ အသင့်မလျော်မရှိနိုင်တော့ပါ။ သို့သော်မယ့် ... ဆရာမဆိုသော အမျိုးသမီးကို တွေ့ဖူးမြင်ဖူး စကားပြောကြည့်ဖူးဖို့တော့လိုသည်ဟုတွက်၏။ ဂျူနီ၏ခံစားချက်မှာလည်း "နေအုံ့မှိုင်း" ဆိုသော သုံးဆယ်ကျော်ကာစ မုဆိုးဖိုကို မငြင်းပယ်လိုပြီလေ။

"ဟော ... လာ ... သမီးနှင်းခဲ၊ သမီးကို ဒက်ဒီက လူကြီးလူကောင်းလုပ်ပြီး ဧည့်သည်တွေနဲ့မိတ်ဆက်ပေးမလို့"

ဖွားမေက နှင်းခဲကိုခေါ်ထုတ်လာသည်။ နှင်းခဲကို နေအုံ့ဆီပို့၏။ ပြီးတော့ အချိုဝိုင်း လှပပီပြင်စေဖို့ သူ့မှာ ဆောင်ရွက်စရာတာဝန်တွေရှိနေသေးရာဆီသို့ ပြန်လှည့်လာခဲ့တော့သည်။

"သမီး ... ဒါက ဘွားဘွား ဒေါ်မြင့်မြင့်စန်း၊ သမီးမှတ်မိတယ်နော်၊ သမီးမွေးနေ့တုန်းက သိုးမွေးဘိုမရုပ်အကြီးကြီးပေးတာ"



"ဟုတ်ကဲ့ ... သမီးမှတ်မိပါတယ်၊ ဘွားဘွား နေကောင်းပါရဲ့လား"

"ဟောတော့ ... ကြည့်စမ်း၊ လိမ္မာလိုက်တဲ့သမီး"

ဒေါ်မြင့်မြင့်စန်းဆိုသော ကြားမိတ်ဆွေက ခုန်ထတော့မလောက်ပုံစံနှင့် ချီးကျူး၏။

"ဒါက ဘွားဘွား ဒေါ်မေမေလွင်တဲ့၊ သမီး မှတ်ထားရမယ်နော်"

"ဟုတ်ကဲ့ ... မှတ်ထားပါ့မယ်၊ ဘွားဘွားရော နေကောင်းပါရဲ့လား"

"အေး ... အေး ... ကောင်းပါတယ်ကွယ်၊ ကောင်းပါတယ်၊ သမီးလေးက ယဉ်ကျေးလိုက်တာ"

"သမီး ... ဒါက အန်တီဂျူနီ၊ သမီးမှတ်ထားရမယ်"

"မှတ်မိပါတယ် အန်တီ၊ အန်တီက အရမ်းလှတာပဲ"

"ဟော ... သမီးကတော့ တွေ့တွေ့ချင်းမြှောက်ပြီ၊ အန်တီက သမီးလေး သိပ်ချစ်စရာကောင်းတဲ့အကြောင်း ပြောမလို့စိတ်ကူးတုန်းရှိသေးတယ်၊ အန်တီရှုံးသွားပြီ၊ လာပါအုံး ... အန်တီ့ဆီကို"

နှင်းခဲက သွက်သွက်လေးသွားလိုက်သည်။

"သမီးလေးကလည်း အရမ်းလှတာပဲ၊ လိမ်လည်းလိမ်မာလိုက်တာ၊ စာတွေလည်းတော်တယ်ထင်တယ်၊ ဆရာမရှိတယ်ဆို"

"အေး ... ဟုတ်ပါရဲ့၊ သမီး ... မြခဆင်းရော မခေါ်ခဲ့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ညှော်သည်သုံးယောက်လုံး မျက်ဝန်းတွေလက်လှန်ရသည်။ "မြအဆင်း" ဆိုပဲ။ ဆရာမနာမည်က မိုးပေါ်ထိတက်ပျံနေပါသည်။

"တီချာ နေမကောင်းလို့အိပ်နေတယ်တဲ့"

ညှော်သည်သုံးယောက် မျက်နှာတွေကွက်ခနဲပျက်ကြသည်။ အရေးပေါ်ထ နေမကောင်းခြင်းပဲဖြစ်မည်ဟုတွေး၏။ ဖြုန်းစားဒိုင်းစားနေမကောင်းပြခြင်းသည် ယနေ့ရောက်လာသောညှော်သည်များကို ဆန့်ကျင်ပြခြင်းဟုမြင်၏။ "မြအဆင်း" ဆိုသောနာမည်နှင့် ဆရာမက ဆန့်ကျင်ပြနိုင်သည့် အခွင့်အရေးရှိသလား။

"ဟင် … နေမကောင်းဘူး ဟုတ်လား၊ ဒက်ဒီလည်း မသိပါလား … ဘာဖြစ်တာတဲ့လဲ"

"ခေါင်းကိုက်လို့တဲ့၊ ဆေးသောက်ပြီးအိပ်နေတယ်၊ မနှိုးပါနဲ့တဲ့"

"တဲ့ … ဆိုတော့ သမီးကို ဘယ်သူပြောတာလဲ"

"တီချာက အိပ်ပျော်နေပြီ ဒက်ဒီရဲ့၊ မှန်မှာစာရေးပြီးကပ်ထားတာကို သမီးဖတ်ခဲ့တာ"

"ဟုတ်လား"

နေအုံ့က နှင်းခဲကိုပြုံး၍ပြောလိုက်၏။

"သမီးက စာဖတ်တတ်နေပြီ၊ သူငယ်တန်းဖတ်စာကိုဖတ်သွားပြီ၊ သူ့ဆရာမက ဂျာနယ်တွေလည်းဖတ်ခိုင်းတော့ မသင်ရသေးတဲ့ "သရ"တွေလည်း သူ ပေါင်းပြီးဖတ်နိုင်တယ်"



"ဟုတ်လား … တော်လိုက်တာ၊ သူငယ်တန်းတောင်မတက်ရသေးဘူး၊ စာကတော့တတ်နေပြီ၊ မြန်မာစာပေါ့ဟုတ်လားသမီး၊ သမီးကို အန်တီက အင်္ဂလိပ်စာသင်ပေးမယ်လေ၊ သမီး သင်မလား"

"အင်္ဂလိပ်စာလည်း သမီးသင်နေရပြီ အန်တီ"

"သမီး တီချာပဲလား"

"ဟုတ်ကဲ့"

"မြန်မာစာဖတ်တတ်ပြီးမှ အင်္ဂလိပ်စာသင်မယ်ဆိုပြီး၊ အင်္ဂလိပ်စာကတော့ ခုမှစသင်ရတာပေါ့လေ၊ သူ့ဆရာမပဲသင်ပေးပါတယ်"

နေအုံ့က ဝင်ရှင်းပြသည်။

"အော် … ဆရာမက ပညာရေးတက္ကသိုလ်တွေဘာတွေက ဆင်းခဲ့တာလား"

"မဟုတ်ဘူး၊ ဘွဲ့မရသေးပါဘူး၊ ခုမှ ဆယ်တန်းအောင်ထားတာ၊ ဆယ်တန်းကို အင်္ဂလိပ်စာနဲ့မြန်မာစာ ဂုဏ်ထူးနှစ်ခုနဲ့အောင်တယ်"

"ဆယ်တန်းအောင်လောက်နဲ့တော့ သမီး ဆရာမလုပ်ဖို့ မရောင့်ရဲသင့်ဘူးထင်တယ်"

မတော်ရသေးသော ယောက္ခမလောင်းကြီးက မျက်မှောင်ခပ်ကုပ်ကုပ်နှင့် ဝင်ပြောသည်။ သူ တော်ချင်နေသော သမက်လောင်းသည် သမီးလေးရဲ့ဆရာမအပေါ်မှာ ပြောရုံဆိုရုံက ဖေဖေးမဖြစ်နေတာ လူကြီးမို့မြင်၏။ လေးလေးမမ ပြီးလျှင် ကြင်ကြင်နာနာ၊ ကြင်ကြင်နာနာပြီးလျှင် ယုယုယယ။

www.burmeseclassic.com



ပြီးလျှင် ချစ်ကြလေသတည်းနှင့် နိဂုံးချုပ်မသွားပါဘူးဟု မည်သူတာဝန်ယူ အာမခံနိုင်မည်နည်း။ လူကြီးသူမအနေနှင့် ဖွားမေကြီးရှိသော်လည်း တကယ်တမ်းမှာ ဤအိမ်၏အရှင်သခင်သည် နေအုံ့မှိုင်းသာဖြစ်ကြောင်း ဖွားမေကြီးက နေအုံ့မှိုင်းအပေါ်တွင် ဩဇာသက်ရောက်နိုင်မှာမဟုတ်ကြောင်း သိသာပါ၏။

"မူကြိုသဘောမို့ပါ အန်တီ"

"အစိုးရမူလတန်းကျောင်းတွေမှာတောင် နောက်ပိုင်းခန့်တဲ့ မူလတန်းပြဆရာမလေးတွေဟာ ဘွဲ့ရကြတယ်၊ တချို့ဆို မာစတာတောင်အောင်ပြီးသားတွေ၊ အထက်တန်းပြကို ပညာရေးတက္ကသိုလ်ကဆင်းမှ ခန့်တာဆိုပေမယ့် မူလတန်းလည်း ပေါ့ပေါ့တန်တန်မဟုတ်ဘူး ကိုအုံ့ရဲ့"

ဖွားမေကြီးက "ကိုအုံ့" ခေါ်သံကြားလိုက်သည်နှင့် ဒေါ်မေမေလွင်ကလည်း "ကိုအုံ့" ခေါ်လိုက်၏။

"ဆယ်တန်းအောင်ရုံနဲ့တော့ မလုံလောက်ဘူးထင်တာပဲ၊ ကိုအုံ့ စဉ်းစားပါဦး၊ ကလေးဆိုတာ အခြေခံကကောင်းခဲ့မှ နောက်ပိုင်းတွေမှာထူးချွန်သွားတာ၊ တော်ရုံဆရာမလောက်နဲ့အခြေခံခဲ့ရရင် အတန်းကြီးလာတဲ့အခါကျ အောက်ခြေမခိုင်မှာစိုးရတယ် ကိုအုံ့ရဲ့ …

"ဂျူနီလည်း မအားလှပေမယ့် အချိန်လုပ်ပေးရင်ရပါတယ်၊ အကူအညီလိုရင်ပြောပါ၊ အားနာရမယ့်လူတွေမှမဟုတ်တာ၊ အင်္ဂလိပ်စာကိုတော့ ဆယ်တန်းအောင်



နဲ့မဖြစ်ပါဘူး၊ ဂျူနီ … သမီးက နှင်းခဲလေးအတွက် ကူညီလိုက်လေ"

ဒေါ်မေမေလွင့်စကားတွေက စေးပိုင်၏။ ချည်ပြီးတုပ်ပြီးဖြစ်သည်။ နေအုံ့က မျက်နှာနည်းနည်းညိုသည်။ ဒါကို ဂျူနီ အကင်းပါးစွာရိပ်မိ၏။

"ဂျူနီက အားပါတယ်၊ ကူလည်းကူညီချင်ပါတယ်၊ ဒါပေမယ့် … စာသင်တယ်ဆိုတာ အာသာကိုရှင်ကျေနပ်မှကောင်းတာ မာမီရဲ့၊ နောက်ပြီး ကိုအုံ့က နှင်းခဲလေးကို နေ့ရောညပါ မပြတ်သင်နေစေချင်တာမျိုးလား မှမသိတာ …

"ခုတော့ ဂျူနီက အဲဒီလောက် ဘယ်အချိန်ပေးနိုင်ပါ့မလဲ၊ အခု ဆရာမ … စောစောက နာမည်ကြားလိုက်ပါတယ်၊ ဒေါ်မြအဆင်းဆိုလားပဲ၊ ကိုအုံ့က သူ့လိုပဲ ဂျူနီ့ကိုငှားလိုက်လေ …

"ဂျူနီ အခုရနေတဲ့လစာတော့ ပေးရမယ်၊ ဒီအိမ်မှာ ဆော်ဒါနေခွင့်ရရင်တော့ လခနည်းနည်းလျှော့ပေးမယ်"

ဂျူနီက ရယ်၍ပြောသည်။ ဒေါ်မြင့်မြင့်စန်းနှင့် ဒေါ်မေမေလွင်တို့က ရယ်ကြ၏။ နေအုံ့က ဘာကိုလိုက်ရယ်ရမှန်းမသိတဲ့ ကြောင်စီစီကျန်ရစ်၏။ နေအုံ့ မရယ်တာကို ကျန်သုံးယောက်က သတိထားမိစွာ မျက်စိမျက်နှာတွေပျက်ကြသည်။ မပျက်ချင်ယောင်တွေ ပြန်ဆောင်၏။ ဒေါ်မြင့်မြင့်စန်းက ကြားမိတ်ဆွေမို့ သူကပဲဦးဆောင်ကာ စကားတွေ အများကြီးပြောလျက် ပွဲထိန်းရပါတော့သည်။ နေအုံ့က စကား

www.burmeseclassic.com



သိသိသာသာနည်းသွားသည်။ ကိုယ့်ကိုကိုယ်လည်း ဘာဖြစ်မှန်းမသိပါ။ တကယ်ဆို ... ဒီည စကားဝိုင်းက ညည့်နက်စိုရှိသည်။ ဒေါ်မြင့်မြင့်စန်းက နေအုံ့ဆီမှအဖြေတစ်ခုခုကို အရရယူသွားဖို့ ဆန္ဒရှိစောသည်။ သို့ပေမယ့် ... အိမ်ရှင်ကိုယ်တိုင် စကားနည်းစပြုပြီဆိုတော့ ဧည့်သည်တွေက အလိုက်တသိထပြန်ကြရတော့သည်။

"တော်ပါသေးရဲ့ ... စောစောပြန်လို့"

နေအုံ့က နှင်းခဲလေးကို ပခုံးပေါ်ထမ်းလိုက်သည်။ အရင်ကဆိုလျှင် သမီးက နွဲ့ဆိုးနှင့်မူဆာသောကြောင့် ပခုံးပေါ်ထမ်းလျှောက်ရ၏။ အိပ်ပျော်မှ ဖွားမေကြီးနှင့်တူတူ အိပ်သောအိပ်ရာမှာ သွားချသိပ်ရသည်။ ခုတော့ ... မြအဆင်းက ပုံပြောသိပ်သောကြောင့် နေအုံ့ ထမ်းမလျှောက်ရတာကြာပြီ။ ဒီနေ့ ... မြအဆင်းက အိပ်နှင့်ပြီမို့ သမီးနွဲ့ဆိုးက အဖေကိုကပ်နေ၍ ပခုံးပေါ်ထမ်းလျှောက်ဖြစ်တော့သည်။

"ကိုအုံ့ ... မြမြစန်းကို တစ်ခုခုပြောလိုက်သေးလား"

"ဘာပြောရမှာလဲ ဖွားမေရဲ့၊ မပြောပါဘူး"

"အဲဒီ ဂျူနီက ကိုအုံ့ကို ရချင်တာမဟုတ်လား"

"ဖွားမေကလည်း တစ်ဖက်သားမိန်းကလေးကို အားနာစရာဖြစ်အောင်မပြောပါနဲ့၊ အချိန်တန်အရွယ်ရောက်တော့ ဒီလိုမဲစဉ်းစားကြတာပါ"

"ကိုအုံ့ကရောကရော"

"မဖြစ်နိုင်ဘူး"



"ဘာလို့လဲ"

ဖွားမေက မေးနေပြီ။ ဘာလို့လဲ ... တဲ့။ ဘာလို့မဖြစ်နိုင်တာပါလိမ့်။ ကိုယ့်ကိုကိုယ် ပြန်မေးရတော့သည်။

"ဖွားမေက သဘောတွေလို့လား"

"မတွေ့ပါဘူး၊ အချိုဝိုင်းပြင်ဆင်ရင်း နှားစွင့်နေတာ၊ အမေရော သမီးရော ခုတည်းက လွှမ်းမိုးချင်နေတာ၊ စီမံစွက်ဖက်ချင်နေတာ၊ ဒါအောင် ဘာမှမဟုတ်သေးဘူး၊ ဟုတ်များဟုတ်ရင် ကျုပ်တောင်ခြေပေါ်တက်မှာနိုင်တယ်"

"ဒါပေါ့ ... အဲဒါပဲပေါ့ ဖွားမေရဲ့"

"ကောင်းပါလေ့"

ဖွားမေခမျာ ဒီအိမ်မှာ တာဝန်ကြီးရှာပါသည်။ ကိုယ်တိုင် ဘာမျှဝင်မလုပ်ရပေမယ့် ... စီမံရတာတွေ များသည်။ ဧည့်သည်လာသည်ဆိုတော့ ပန်းကန်ခွက်ယောက်ကအစ အကောင်းတွေထုတ်သုံးထားတာ သေချာဆေးကြော၊ ရေသုတ်ပြီး ပြန်သိမ်းရမည်။ ဟင်းတွေမျိုးစုံချက်ထားတာ ဆိုင်တဲ့မလူတွေ စားသင့်တာစား၍ သိမ်းသင့်တာသိမ်းရဦးမည်။ ဖွားမေ မီးဖိုထဲသို့ရောက်သွားတော့သည်။

"ဖွားမေ"

နေအုံ့က မီးဖိုခန်းဝမှာ ရပ်လာ၏။

"သမီး အိပ်သွားပြီ၊ ဖွားမေ သွားချမလား"

"ဟာ ... မနိုင်ဘူး၊ ကိုအုံ့ပဲသွားသိပ်ပေးပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ... ဖွားမေလိုက်ခဲ့မှဖြစ်မှာပေါ့"

"အေး ... အေး"

မြအဆင်း အခန်းထဲသို့ရောက်၏။ မြအဆင်းက တကယ်ပဲအိပ်ပျော်နေသည်။ နံရံကို မျက်နှာမူထားတော့ ဝင်လာသူတို့က ကျောပေးအနေအထားကိုတွေ့ရသည်။ ကြိုးဆွဲရုပ်သေးရုပ်ကလေးတစ်ရုပ်ကို တုံးလုံးချထားသလို အိအိပုံပုံရှိလှ၏။ မြင်နေကျ ဂေဟာယူနီဖောင်းနှင့်မဟုတ်ပါ။ မြအဆင်းသည် အဖြူရောင်ကို တော်တော်ကြိုက်ပုံရသည်။ အဖြူပေါ်မှာ ပန်းပွင့်သေးသေးကျဲကျဲလေးများပါသော ညဝတ်စုံပျော့ပျော့လေးနှင့် တစောင်းလှဲ၍ အိပ်နေပုံက မကြည့်ဘဲလည်းမြင်၏။ နေအုံက နှင်းခဲကို သူ့ခုတင်ပေါ်ချသိပ်သည်။ ဖွားမေက မချမ်းပါဘဲ မြအဆင်းကို စောင်ဆွဲခြုံ၏။ နေအုံ အားနာသွားရတော့သည်။

"စောင်ပြန်ခွာထားခဲ့ပါ ဖွားမေ"

လှည့်မကြည့်ဘဲ ပြောခဲ့၏။

ထိုညက မိုးစင်စင်လင်းသွားသည်။ နေအုံ တစ်မှေးမျှမရ။ အတွေးတွေက ခေါင်းကိုမူကျစ်စေ၏။ ဘယ်ညာလူးလှိမ့်ရှုပ်း ပူထူလာသော ဒီဦးခေါင်းကြီးကို ရေထလောင်းရမလားတောင် စဉ်းစားဖြစ်သေးသည်။ တစ်ရေးမျှမအိပ်လိုက်ရပေမယ့် မျက်နှာသစ်ရ၏။ မနက်စာအတွက် ကော်ဖီဝိုင်းကိုရောက်တော့ ဂေဟာဝတ်စုံနှင့် မြအဆင်းက နှင်းခဲကိုကျွေးမွေးနေပြီ။

"နေကောင်းသွားပြီလား"



မေးသူက မှုန်အစ်အစ်ဖြစ်နေ၏။

"ဟုတ်ကဲ့ ... ခေါင်းကိုက်လို့ပါ"

မြအဆင်း ခေါင်းငုံ့၍ပြောသည်။

"ကျွန်တော်လည်း ခေါင်းတွေကိုက်နေတယ်"

"ရှင်"

မြအဆင်း ခေါင်းမော့လာ၏။ မှုန်အစ်အစ်နှင့် မျက်ယွင်းနေသော မျက်မှောင်ကုပ်ကုပ်ကိုကြည့်ဖြစ်၏။ ခေါင်းကိုက်တာလည်းကိုက်တာအပြင် တစ်ခုခုကို အလိုမကျဖြစ်နေပုံက ပို၍ထင်ရှားနေသလားဟုတွေးမိသည်။

"ခုထိ ... တစ်မှေးမှမအိပ်လိုက်ရဘူး"

"ရှင် ... ဆေးထသောက်ရောပေါ့"

"သမီး"

ကော်ဖီဝိုင်းမှာ ဖွားမေကြီးရှိမနေပါ။

"သမီးရယ်၊ မြအဆင်းရယ်၊ ဒက်ဒီရယ် သုံးယောက် တစ်သက်လုံးတူတူနေချင်တယ်၊ နေပါ ... လို့ မြအဆင်းကို သမီးကပြောပေးပါဦး"

"သမီးရယ်၊ ဒက်ဒီရယ်၊ တီချာရယ် သုံးယောက် .. တစ်သက်လုံး တူတူနေချင်တယ်၊ နေပါနော် တီချာ"

မြအဆင်း မျက်နှာရဲခနဲဖြစ်သွားရသည်။ ရင်ထဲမှာ ဒိုင်းခနဲပေါက်ကွဲသွားသည်။ သို့ပေမယ့် ... ဟန်ကိုပျက်ရှုံးမဟုတ်လား။ မြအဆင်းက မျက်တောင်နှစ်ချက်လောက်ခပ်၏။ နှုတ်ခမ်းကို လျှာနှင့်သပ်သည်။ လုပ်မိလုပ်ရာတွေလျှောက်လုပ်နေမိခြင်းပဲဖြစ်ပါလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ... ဆရာ့ဆီမှာတောင် ခွင့်တောင်းတော့မလို့ပါ၊ ကျွန်မ အဖေးသင်လျှောက်လွှာတင်ချင်လို့၊ စနေ တနင်္ဂနွေတွေ ဆရာက ကျောင်းသွားတက်ခွင့်ပြုမယ်ဆိုရင် ..."

"ဟုတ်သားပဲ၊ ဒီကိစ္စတောင် မမေးမိဘူး"

"ကျွန်မ ... ဆရာခွင့်ပြုရင် တက်ချင်ပါတယ်"

"ခွင့်ပြုတယ် ... ခွင့်ပြုတယ်၊ တက်ပေါ့၊ ဒါ ကိုယ့်တက်လမ်းပဲ"

"အဲဒါဆိုရင် ဆရာကလည်း ကျွန်မကို နှင်းခဲဆရာမအဖြစ် ဆက်ငှားဦးမယ်ဆိုရင် ကျွန်မ ဒီအိမ်မှာဆက်ရှိမနေရအကြောင်း မရှိပါဘူး"

နေအုံ့က ရှုံ့မဲ့လိုက်သည်။ လှည့်ထွက်ပုံက ညင်သာ၏။ ကိုယ်လုပ်ပုံကလည်း မဟုတ်သေး။ ရင်ထဲမှာ ပရမ်းပတာနှင့် ဆောက်တည်ရာမရဖြစ်ပုံက သုံးဆယ်ကျော် မုဆိုးဖိုနှင့်လည်းမတူ။

"ဖွားမေ"

"ဟော"

"နှင်းခဲကို ဆက်ကျွေးလိုက်စမ်းပါ၊ ဒီမှာ မြအဆင်းလာအုံး"

ချက်နှာထားက တင်းတင်းကြီးဖြစ်နေ၏။ လေသံကလည်း ထန်မာ၏။ ဖွားမေက မီးဖိုထဲမှထွက်လာသည်။ နေအုံ့က မြအဆင်းကို ဆွဲခေါ်မတတ်မို့ ... မြအဆင်း ကမန်းကတန်း ထရပ်လိုက်ရသည်။ နေအုံ့ ရှေ့မှာ ခြေလှမ်း



ကျဲကြီးနှင့်သွားသည်မို့ မြအဆင်းက ပြေးလုနီးပါးလိုက်ရသည်။ မြအဆင်း စောစောက ရှက်ရွံ့ဖွယ်အတွေးလေး ဆွက်ပြေးကာ နားမလည်နိုင်စွာ လိုက်ပါလာ၏။ စာဖတ်ခန်းထဲသို့ရောက်သည်။ ဒီအခန်းမှာ မြအဆင်းကို သူ ... လူတွေ့နှုတ်မေးလုပ်ပြီး အလုပ်ခန့်ခဲ့တာဖြစ်၏။ ထံခါးက ဖွင့်ထားပါသည်။

"မြအဆင်းကို ဒီအခန်းထဲမှာ အလုပ်ခန့်ခဲ့တာနော်"

"ဟုတ် ... ဟုတ်ကဲ့ပါ"

"အခု ... ဒီအခန်းထဲမှာပဲ အလုပ်ကရပ်စဲတယ်"

"ရှင်"

"မြအဆင်းကို နှင်းခဲရဲ့ဆရာမအလုပ်က ဖြုတ်လိုက်ပြီလို့ပြောတာ"

"ကျွန်မ ... ဘာလုပ်မိ ... "

"ဘာမှမလုပ်မိလို့၊ ခင်ဗျားဟာ ဘာမှမဖြစ်ဘဲ ကျွန်တော်တစ်ယောက်တည်းဖြစ်နေရတယ်၊ ခေါင်းတွေလည်း ကိုက်လှပြီ၊ မြအဆင်း ... မင်း နှင်းခဲဆရာမ မလုပ်ပါနဲ့တော့၊ နှင်းခဲရဲ့ ဒုတိယအမေနေရာမှာ ဝင်ပေးပါ၊ ဆရာမအလုပ်ကဖြုတ်တယ်၊ ဒုတိယအမေအဖြစ်ခန့်တယ် မြအဆင်းရဲ့၊ ကိုယ့်ကို လက်ထပ်ခွင့်ပေးပါ၊ ကိုယ် ... မင်းကိုချစ်လို့ တောင်းဆိုတယ်ဆိုတာ ယုံပေးပါ"

ယောင်တော့ ... ဟုသာ ညည်းချင်သွားသည်။ စာဖတ်ခန်းမှာ သူကတော့ အကျအနထိုင်လို့ မြအဆင်းက

www.burmeseclassic.com

www.burmeseclassic.com



မတ်တပ်ရပ်ခေါင်းငုံ့လို့။ ခုချိန်မှာ … မြအဆင်းကို သူ သည်းကြီးမည်းကြီး စိုက်ကြည့်နေတော့မှာပဲ၊ အကြည့်စူးကြီးနှင့် မြအဆင်းတစ်ကိုယ်လုံးကို လွှမ်းခြုံထားတော့မှာပဲဆိုသော အတွေးနှင့် မြအဆင်း ရှက်ရွံ့တုန်လှုပ်ရပါ၏။ ရင်ထဲမှာ ဖျတ်ခနဲ … ဖျတ်ခနဲ ဘာတွေ ထ,ထကခွဲမှန်းမသိ၊ မျက်နှာ ကြီးလည်းမှုထူကာ … မြအဆင်း မြေမျှုံခံလိုက်ချင်တော့ သည်။

"မင်းကိုချစ်နေတာကြာပြီ၊ ဒါပေမယ့် … ပြောလို့ မထွက်ဘူး၊ အသက်ချင်းကလည်း အရမ်းကွာတယ်၊ မင်း … အခု နှစ်ဆယ်လား"

"မင်း" ဆိုသော ပိုင်စိုးပိုင်နင်း အသုံးအနှုန်းကို ခွင့်ပြုချက်မယူဘဲ သုံးတော့၏။ မြအဆင်းက ခေါင်း ညိတ်လိုက်ပေမယ့် … စင်စစ် နှစ်ဆယ်မပြည့်သေးပါ။ ဆယ့် ကိုးကျော်ရုံကလေးရှိ၏။

"ကိုယ်က သုံးဆယ့်သုံး၊ ဆယ့်သုံးနှစ်ကွာတယ်၊ အကယ်ဆို … မောင်နှမအရွယ်တောင်မဟုတ်ဘူး၊ ဦးလေးအရွယ်လို့ပြောရင်ရတယ်၊ ပြီးတော့ … ကိုယ်က မှဆိုးဖို၊ ကိုယ့်ဘက်မှာ မိုင်းနပ်စ် (Minus အနုတ် လက္ခဏာ)တွေ သိပ်များနေတယ် …

"ကိုယ် မတရားအခွင့်အရေးယူရာရောက်မှာစိုးလို့ မျိုသိပ်ခဲ့တယ်၊ ဒါပေမယ့် ကိုယ် … မင်း မရှိလို့မဖြစ် တော့ဘူး၊ မင်းမပါရင် ကိုယ်တို့သားအဖနှစ်ယောက် တည်းဘဝဟာ မပြည့်စုံတော့ဘူး …



"ကိုယ်ဖွင့်ပြောပုံဟာ မြန်းစားဗျင်းဆားနဲ့ ကဗျာမဆန် ဘူး၊ မနုနွဲ့ဘူး၊ အဲဒီအတွက် စိတ်မဆိုးဘူးမဟုတ်လား၊ ကိုယ့်အနေနဲ့ မင်းကို ဘယ်နည်းသုံးပြီး ချစ်ခွင့်တောင်း ရမလဲ …

"ကိုယ့်နေရာက သိပ်ခက်ပါတယ်၊ ကိုယ် … မင်းကို ချစ်ခဲ့တာ … မင်းနဲ့ ကိုယ်နဲ့ … ပထမဆုံး ရှမ်း ကန်မှာ နေ့လယ်စာစားတဲ့နေ့ကတည်းကပဲ၊ မင်းမယုံ ဘူးဆိုရင် အဲဒီနေ့က မင်းဝတ်လာတဲ့အဝတ်အစားကို ကိုယ်ပြောပြမယ်"

နေ့အုံ့က အဲသည်နေ့က မြအဆင်းဟာ တကယ် ပဲ မြကျောက်တစ်တုံးကို ထုဆစ်ထားသည့် ယမင်းရုပ်ကလေး တဲ့သို့ ဖြစ်နေခဲ့တာကိုပြောပြသည်။

"မင်း နေတိုင်း … ဒီအကျီနဲ့ဒီလုံချည်ကို ယူနီဖောင်း လိုဝတ်နေလို့လည်း ဆရာမဆိုတဲ့အရှိန်နဲ့ ကိုယ့်မှာပို ပြီး အပြောခက်ခဲ့တယ်၊ ဆံပင်ကို မြင့်မြင့်စီးပြီး မုန့် ကြိုးလိမ်,လိမ်တတ်တဲ့ မင်းဟာ …

"အဲဒီနေ့က ကျစ်ဆံမြီးကျစ်ခဲ့တယ်၊ ညတုံးက … မင်းခေါင်းကိုက်လို့အိပ်နေတယ်လည်းဆိုရော … ကိုယ် ပါရောပြီး ခေါင်းကိုက်သွားတယ်၊ ဂျူနီနဲ့ ကိုယ့်ကို စမ်ပိုဟာပ်ဖို့စီစဉ်ကြမှန်း မင်း သိမှာပါ၊ ကိုယ် … ဂျူနီကို လက်မခံနိုင်ဘူး …

"အဲဒါ မင်းကြောင့်ပဲ၊ ကိုယ့်မှာ မင်းရှိနေတယ် ဂျူနီ အတွက် နေရာမရှိတော့ဘူး၊ ကိုယ့်စိတ်ရှိယ်လည်း

www.burmeseclassic.com



နိုင်ငိုင်နိုင်နိုင်သိသွားတယ်၊ ညတုံးကလေ … မင်းအိပ်ပျော်နေပုံလေး အရမ်းသနားဖို့ကောင်းတာပဲ …

"သနားတယ်ဆိုတာ မင်းက ကြိုက်ချင်မှကြိုက်မယ်၊ ဒါပေမယ့် … ချစ်မိပြီဆိုတဲ့အခါမှာ အလကားနေရင်းလည်း သနားနေတတ်တာပဲ၊ ကိုယ် … မင်းကို တကယ်ချစ်လို့ လက်ထပ်ခွင့်တောင်းတယ်ဆိုတာ နားလည်နိုင်ရင် …

"ကိုယ့်ကိုဖြေပါ၊ ကိုယ် မစောင့်နိုင်လို့ကွာ၊ ခုပဲဖြေပါ"

သူပြောချင်သည့်စကားပေါင်းများစွာကို ဆက်တိုက်ကြီး ပြောချလိုက်ပြီး။ နောက်ဆုံးဝါကျ၊ကျမှ သူ့အသံတွေ ပျော့ပျောင်းနူးညံ့တော့သည်။ နေအိပ် ထိုင်နေရာမှထ၊ လာ၏။ ခေါင်းငုံ့နေသော မြအဆင်းနားမှာ ရပ်လာသည်။

"ကိုယ့်ကိုလက်ခံတယ်မဟုတ်လားဟင်"

ငုံ့မေးသံက တိုးရှိုင်း၏။

"မြအဆင်း ကိုယ့်ကိုချစ်တယ်မှလား၊ နှင်းခဲလေးကိုလည်း သနားတယ်မှလား"

တကယ်တော့ … နှင်းခဲလေးကို ချစ်တာ။ နှင်းခဲလေးက လိမ္မာရေးခြားရှိပြီး သင်တိုင်းတတ်သည့် ထက်မြက်သူလေးမို့လည်း ပိုချစ်ရသေးသည်။ သူ့ကိုကျတော့ သနားတာ။ သူ့မှာ သနားစရာ ဘာမှမရှိပါဘဲ သနားနေခဲ့တာ။ သူကပြောတော့ … ချစ်မိပြီဆိုတဲ့အခါမှာ အလကားနေရင်းလည်း သနားနေတတ်တယ်ဆိုပဲ။ မြအဆင်းက ကျောင်းမှာ



ဆတည်းက စာတွေပေးကြ၊ စကားတွေလိုက်ပြောကြနှင့်၊ ချစ်တယ် အပြောခံရဖူးပေါင်းများလှပါပြီ။ သူ့လို ဝုန်းဒိုင်းကျဲပြီး ဒေါနှင့်မောနှင့်ပြောတာမျိုး မကြုံဘူးပေါင်။ သူ … နှင်းခဲအမေတုန်းကတော့ ဒီလို ဝုန်းဒိုင်းကျဲခဲ့မယ်မထင်ပါဘူး။ နူးညံ့ပျော့ပျောင်းမှာပါ။

မြအဆင်းကိုကျမှ သူ … ဘာဖြစ်လို့ ဒီမှာနှင့် ဖွင့်ပြောရတာလဲ။ ဘာကိုမစောင့်နိုင်ဖြစ်သွားရတာလဲ။ ဂျူနီရောက်လာမှ သူ့နှလုံးသားခံစားမှု သူသိကာ ဝုန်းဒိုင်းကြီး ပေါက်ကွဲသွားရတာဆိုရင်တော့ မြအဆင်းက ဂျူနီကို ကျေးဇူးတင်ရပါမည်။

ကွက်ခနဲမျက်နှာပျက်သူက မွားမေကြီး ဖြစ်လေ၏။

ခြေပုန်းဖုတ်ချက် … တော်လှချည့်။ ကျုပ်မှာဖြင့် မနေက မဂျူနီဆိုတဲ့မိန်းမကို ကြိတ်မုန်းနေရတာ၊ ဒီနေ့သူတို့က ရည်းစားဖြစ်သတဲ့။ ကိုနေအိမ့်မှိုင်းရေ … ရှင့်လိုရှုတ် မိန်းမပျိုတစ်ရာမှာ တိုးဆယ်က မငြင်းဘူးနော်၊ ငြင်းတဲ့တစ်ရာဟာလည်း သူတို့မှာ ရည်းစားရှိပြီးသားမို့ ငြင်းတာဖြစ်မယ်။ ရှင်က မှဆိုးဖိုဆိုပေမယ့် ရှင့်အသက်က နုသေးဆယ့်သုံး၊ သမီးလေးက ငါးနှစ်မပြည့်တပြည့်၊ ကာယသတ္တည်း။ ရှင့်စည်းစိမ်က တစ်သက်စားမကုန်

www.burmeseclassic.com



ဘယ်မိန်းမမိုက်က ငြင်းလိမ့်မလဲ။

အဲဒါ ရှင်က အချစ်စစ်ထင်မနေနဲ့၊ ဈေးတွက်ခေါ်တယ်။ မေသီးခေါက်တယ်လို့ခေါ်တယ်။ ကယ်လ်ကူလေတာ (Calculator ဂဏန်းပေါင်းစက်) နှိပ်တယ်လို့ခေါ်တယ်။ အဲ့ဒါနဲ့တွက်တွက် ရှင့်ကို ငြင်းပယ်စရာအကြောင်းမရှိဘူး။ ငါ့နယ် … ဖြစ်မယ့်ဖြစ်တော့ ယူနီဖောင်းနှစ်စုံနဲ့ အပြင်ဝတ်စုံသုံးစုံလောက်ပဲရှိတဲ့ "မယ်ကာဏ" ထက် နည်းနည်းပဲသာတဲ့မိန်းမနဲ့မှ ဖြစ်သတဲ့။ ဒီလိုမိန်းမမျိုးက သူတို့လိုဘပြည့်ရှင်သမီးလေးကို နှိပ်စက်တော့မယ်၊ ဒါကြောင့် … ရောက်ကတည်းက နှင်းခဲဆိုတဲ့အညှာကို စ,ကိုင်တာ။

ငါ့နယ် … မထင်မိဘူးနော်။

ဖွားမေကြီးက ငုတ်တုတ်ထိုင်၍မှိုင်၏။ မြအဆင်းက အနေခက်ကာ အခန်းအောင်းသည်။ နေ့အုံ့ကတော့ ရှည်းစားရလို့ အလုပ်မသွားဘူးဆိုလျှင် လူကြားမကောင်းသည့်မို့သာ သွားရသည်။ ကုမ္ပဏီရုံးခန်းသို့ ခန္ဓာကိုယ်ကြီးသာရောက်သွားပြီး နှလုံးသားရော ဦးနှောက်ပါ အိမ်မှာကျန်ခဲ့သည်မို့ ရုံးမှာအလုပ်မဖြစ်နိုင်အောင်ရှိတော့သည်။ နှင်းခဲလေးဒီနေ့ကျောင်းပိတ်လေ၏။

မြအဆင်းက စကားမပြန်ဘဲ စာဖတ်ခန်းထဲမှ ထွက်ပြေးခဲ့တာပေမယ့် … သူ့ဘာသာ ပြုံးပြုံးကြီးသဘောကျစွာထွက်လာသော နေ့အုံ့က နောက်ကျချန်ရစ်ကာ ဖွားမေကြီးထံမှာ ကြော်ငြာလိုက်ခြင်းဖြစ်တော့သည်။ ဒီအတွက် မြအဆင်းက သူ့ကို မျက်စောင်းအကြိမ်ကြိမ်ကြိတ်ထိုးရသည်။



ရှင်ထဲမှာ ပျော်နေပုံက ဒီတစ်သက်မှာ ဒါမျိုးတစ်ခါမှမပျော်ဘူးတာ သေချာ၏။ သူ့ကို မြအဆင်းချစ်ခဲ့တာ၊ ခုမှ,မှမဟုတ်တာလေ။ သူနှင့် ပထမဆုံးအကြိမ် ရှမ်းကန်မှာ နေလယ်စာစားကြခြင်ကတည်းကမို့ … သူ့ထက်တောင် စောပါလိမ့်ဦးမည်။

သူ့အသားရောင်နှင့်ဆင်တူသော "ဒိုင်လို" တစ်ခွက် ဖျော်သောက်မိလိုက်ချိန်မှစလို့ သူဟာ မြအဆင်းရင်ထဲမှာရောက်ရှိ တည်တံ့သွားတော့တာပါ။ မြအဆင်းက အရှက်သည်းကာ အခန်းအောင်းနေဆဲ … သူ အခန်းတံခါးဝသို့ရောက်လာသေးသည်။

"ကိုယ် ရုံးသွားတယ်၊ အမှန်က မသွားချင်ဘူး၊ ဒါပေမယ့် … ဒီနေ့ ရည်းစားရလို့ ရုံးမတက်ဘူးဆိုတာ ဖြစ်စရာမဟုတ်ဘူး မဟုတ်လား"

သူက အခန်းဝမှာရပ်၍ ခပ်ကျယ်ကျယ်ပြော၏။ မြအဆင်း ရှက်ရလွန်းလို့ အသားတွေတောင် တုန်၏။

"နေကောင်းသွားပြီ၊ ခေါင်းလည်းမကိုက်တော့ဘူး၊ နေ့လယ်စာ အိမ်ပြန်စားမယ်၊ ညနေဘက် ရုံးကိုပြန်မသွားတော့ဘူး၊ ညစာကျရင် သားမီသားဖသုံးယောက် အပြင်ထွက်စားမယ်၊ အိမ်ကစောထွက်ပြီး ဈေးဝယ်မယ် …

"ကိုယ်ပြန်လာရင် အဲဒီယူနီဖောင်းကြီးနဲ့ မမြင်ချင်ဘူးလဲထား၊ မြအဆင်းကို အဝတ်အစားတွေ အများကြီးဝယ်ပေးရဦးမယ်၊ တစ်ခါလာ ရှေ့ညီ၊ တစ်ခါလာ ရှေ့ညီနဲ့၊ လွင့်ပစ်လိုက်တော့ … ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



သူရှော့နေပုံကြီးနှင့် အော်ဟစ်ပြောကြားသွားခဲ့သည်။ မြအဆင်းမှာ နှင်းခဲလေးလည်း စာခေါ်မသင်နိုင်၊ တစ်ယောက်တည်း အရှက်မွှန် တုန်လှုပ်ကာ ဆောက်တည်ရာမရ ··· ဖြစ်၍ကျန်ရစ်ရတော့သည်။

နေအုံ ··· နေလယ် ထမင်းစားပြန်လာချိန်ထိ မြအဆင်း မလှုပ်မယှက်။ နှင်းခဲလေးလည်း ဘယ်ရောက်နေသည်မသိ၊ အခန်းပြင်သို့ထွက်၍ မရှာရဲ။ ရှက်ရလွန်းသည်မို့ ဒီမျက်နှာတစ်ခုကို လည်တိုင်မှဖြတ်ကာ ဘီရိုထဲထည့်သိမ်းလိုက်ချင်၏။ ကိုယ့်အခန်းထဲမှာကိုယ် မလှုပ်မယှက် ကျောက်ရုပ်ကြီးဖြစ်နေလိုက်တာ ဘယ်လောက်ကြာသွားသည်မသိ၊ သို့မဟုတ် ··· သူကပဲ စောစီးစွာပြန်လာလေသလားမသိ၊ မြအဆင်းမှာ ကိုယ်ပိုင်လက်ပတ်နာရီလေးကို သွားကြည့်လျှင်တော့ သိမည်။ နာရီသွားကြည့်ရင်း ကိုယ့်မျက်နှာ မှန်ထဲပေါ်မှာ တြိယ်နှရှက်လျက် မြအဆင်း နာရီတောင်သွားမကြည့်ရဲခဲ့ပါ။

"မြအဆင်းရေ"

သူ့အော်မေးသံကျယ်ကြီးက အခန်းထဲထိ ပျံ့လွင့်သည်။

"အခန်းထဲမှာပဲ၊ တစ်မနက်လုံးမထွက်ဘူး၊ နှင်းခဲလည်း ဒီနေ့ ကျောင်းပိတ်တယ်ထင်တယ်"

"ဟာ ··· မြအဆင်းက ဘာလုပ်နေတာလဲ"

နေအုံ အခန်းတံခါးဝမှာလာရပ်သည်။ သူ့အိမ် သူ့ယာဝမယ့် အလိုက်သိစွာ ဝင်မလာခဲ့ပါ။



"ဟော့ ··· ထွက်ခဲ့"

မြအဆင်းက ခေါင်းပိုင့်သွားသည်။

"ထွက်ခဲ့ဆို ··· ဘာတွေဖြစ်နေတာလဲကွ၊ ရှက်နေတာလား၊ ဘာလို့ရှက်ရမှာလဲ၊ လူတိုင်းရည်းစားထားတယ်"

"ဟာ ··· ဘာတွေလျှောက်ပြောနေတာလဲ"

ရှက်ရှက်နှင့် လှမ်းအော်တော့ နေအုံ ရယ်၏။ နေအုံ ဖြစ်နေပုံက တစ်ခါမျှရည်းစားမထားဘူးသေးသောလူမျိုးပေါက်ကလေး ရည်းစားရတာနှင့်တောင်တူ၏။

"ထွက်ခဲ့ ··· ထမင်းစားမယ်၊ လာခွူးကျွေး၊ နှင်းခဲရော စားပြီးပလား"

"ကျွေးပြီးပါပြီတော်၊ ဒီအချိန်ထိ မကျွေးဘဲထားရင်ကလေး အစာအိမ်ရောဂါဖြစ်ရောပေါ့"

ဖွားမေကြီး ဝင်ပြောတာလည်း ကြားရသည်။ ဖွားမေကြီးက လက်ခံနိုင်မှာမဟုတ်တာ သေချာ၏။ ဒီကိစ္စ ဖွားမေကြီးက ဖျက်ကိုဖျက်တော့မှာဟု ရင်ထဲမှာ ကြိုသိနေနှင့်တော့သည်။

"ထွက်မလာရင် လာဆွဲခေါ်ရမှာလား၊ ဒီမှာ ··· ရွှေနေနဲ့ခွေးချေးပြီးပြီ၊ မနက်ဖြန် လက်ထပ်မယ်၊ တိုင်ပင်ရအောင်ထွက်ခဲ့ဆိုကွာ"

"ခုတည်းက ဩစာမပြောင်းတော့ပါလားဟော့"

ဖွားမေကြီးက တစ်မှောင့်။ မြအဆင်း အခန်းပြင်သို့ရောက်သည်နှင့် နေအုံက မြအဆင်းလက်ကို ဆွဲ[illegible]

www.burmeseclassic.com



လှမ်းဆွဲသည်။ "လာ" ဟုဆိုကာ ထမင်းစားခန်းသို့ အပြေးတစ်ပိုင်းနီးပါးသွား၏။ နှင်းခဲလေးက ထမင်းစား,စားပွဲမှာထိုင်နေသည်။ မြအဆင်းက ရုက်သည့်နေရာတွင် နှင်းခဲလေးကိုတောင် မကြည့်ဝံ့ပါ။

"ထိုင် … ထိုင် … ဒီမှာ စာချုပ်အကြမ်းဖတ်ကြည့်ဦး၊ ဒါက အကြမ်းပဲ၊ မြအဆင်းဖတ်ပြီးမှ မှန်းလှမ်းဆက်ပြီး အချောရိုက်ခိုင်းရမယ်၊ အချောကျတော့ ငွေချည်တွေဘာတွေပါတဲ့ ကတ်ထူဖုံးနဲ့လုပ်မှာ၊ မြအဆင်းမိဘတွေနာမည်မသိလို့ မထည့်ခဲ့ရဘူး …

"မြအဆင်းရဲ့မှတ်ပုံတင်နံပါတ်တွေဘာတွေလဲ မသိတော့ မြအဆင်း အကြောင်းအရာမှာ ကွက်လပ်တွေများနေတယ်"

"မနက်ဖြန်ယူတော့မယ် … ဟုတ်လား"

ဖွားမေကြီးကဝင်မေးတော့ နေအုံ့ အပျော်လွှန်မျက်နှာကြီးနှင့် ခေါင်းညိတ်သည်။

"မြန်လှချီလား၊ စောစောလေးကမှ ရည်းစားဖြစ်တာဆို၊ မနေ့ကညထိ ဖွင့်တောင်မပြောရသေးဘူးမဟုတ်လား"

"ဟာ … ဖွားမေကလည်း ဘာတွေလျှောက်ပြောနေတာလဲ၊ မြန်တော့ကောင်းတာပေါ့"

သူကတော့ ရိုးရိုးသားသားပြောနေသည်။ ဖွားမေစကားက မြအဆင်းကို နှိပ်ကွပ်နေသည်ဆိုတာ အပျော်လွန်လူသားက မရိပ်မိရှာ။



"ကိုယ်ယူမယ့်မိန်းမကို ဘာမှလည်းမသိပါလား၊ မှတ်ပုံတင်တောင်မသိ၊ မိဘနာမည်မသိနဲ့ ကွက်လပ်ချည်းပဲဆို"

"ဘာသိစရာလိုလဲ ဖွားမေရဲ့၊ မိဘက ရှိမှမရှိတော့တာ၊ ရှင်းနေတဲ့ဟာ"

"ရှင်ထင်သလိုရှင်းနေရင်တော့ ကောင်းသားပေါ့"

"မြအဆင်း … ပြောလိုက်စမ်းပါ၊ ရှင်းပါတယ်လို့၊ ဖွားမေက လူကြီးဆိုတော့ ရစ်ရမှ၊ ဒီကွက်လပ်တွေမှာဖြည့်၊ ဘောလ်ပင်ရှိလား"

သူ့ဘာသာ ဟိုစမ်းဒီစမ်းစမ်းပေမယ့် ဘောလ်ပင်မတွေ့ပါ။

"သမီး … နှင်းခဲ၊ မြအဆင်းကို မာမီလို့ခေါ်လိုက်"

"ဟင့်အင်း"

"ဘာ … ဒက်ဒီက ခေါ်ဆိုခေါ်လေ"

"တီချာပဲခေါ်မယ်"

"မာမီ … ခေါ်ဆို"

"သမီးမာမီက သေသွားပြီတဲ့ … ဒေါ်ရတာနာ၊ သမီးမှာ မာမီတစ်ယောက်ပဲရှိတယ်၊ နောက်ထပ် မာမီအသစ်မလိုချင်ဘူး"

"ဖွားမေ … ကလေးကို ဘာတွေသင်ထားပြီလဲ"

နေအုံ့က မျက်မှောင်ကုပ်၍မေး၏။

"မသင်ရပေါင်တော်၊ သူ့ခံစားချက်နဲ့သူပါ၊ ခုခေတ်ကလေးတွေဆိုတာ သိကသိ၊ တတ်ကလတ်ပါဘီသနဲ့၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေခေတ်လို့မှမဟုတ်တာ"

မြအဆင်း ... မျက်ရည်ပေါက်ခနဲကျသည်။ ပြဿနာကတော့ စ,ပြီ။ မနေ့ကညတုံးကကျတော့ သူပဲ .. မြအဆင်းနှင့်သဘောတူသည် ပြောထားတာ၊ မေ့ပြီထင်ပါရဲ့။

"မနက်ကပဲ ... သမီးရယ်၊ ဒက်ဒီရယ်၊ မြအဆင်းရယ် သုံးယောက် ... တစ်သက်လုံးနေမယ်ဆို"

"မနေချင်တော့ဘူး ဒက်ဒီ၊ သမီး ... တီချာနဲ့လည်း စာမသင်ချင်တော့ဘူး"

"နှင်းခဲ ... ပါးစပ်ပိတ်"

နှင်းခဲက အီးခနဲအော်ငိုတော့သည်။

"တစ်မနက်လုံး အခန်းထဲကမှမထွက်တာ၊ ကလေးက လန့်သွားမှာပေါ့"

"ဖွားမေ ... အဲဒါမျိုးတွေလျှောက်လုပ်ဖို့ ဖွားမေမှာ အခွင့်အရေးမရှိဘူးနော်"

နေအုံ့က ဇုန်းခနဲထ,ရပ်လိုက်သည်။ နေအုံ့ အမူအရာကြောင့် နှင်းခဲက ပိုငိုတော့သည်။ မြအဆင်းက မျက်ရည်ကို ကမန်းကတန်းသုတ်လိုက်သည်။ ထိုင်နေရာမှထ,၍ နှင်းခဲဆီသို့သွား၏။

"တိတ် သမီး၊ တီချာချီမယ်"

"မချီနဲ့"

နှင်းခဲက မြအဆင်းလက်ကို မုတ်ချလိုက်၏။

"နှင်းခဲ ... မရိုင်းနဲ့နော်"

"အဲဒီလိုမပြောပါနဲ့ ဆရာ"



မြအဆင်းက နှင်းခဲနားသို့ တိုးကပ်လိုက်သည်။

"သမီး ... မငိုနဲ့နော်၊ ထမင်းစားပြီးရင် တီချာနဲ့ အရုပ်တွေကိုင်ပြီး အင်္ဂလိပ်လိုပြောမယ်နော်"

"တီချာနဲ့စာမသင်တော့ဘူး၊ ဒက်ဒီ နောက်ထပ်တီချာ တစ်ယောက်ခေါ်ပေးပါ"

"နှင်းခဲ ... ငါရိုက်မှာနော်"

"မလုပ်ပါနဲ့ ဆရာ"

နှင်းခဲက ပိုမိုကျယ်လောင်စွာငို၏။

"မာမီ့ကိုချစ်ပါတယ်လို့ ပြောလို့"

"မာမီမှမဟုတ်တာ"

"နှင်းခဲ"

"အား"

"အို ... ဘယ်လိုလုပ်လိုက်တာလဲ ကိုအုံ့"

နေအုံ့က နှင်းခဲတင်ပါးကို ဖြန်းခနဲရိုက်လိုက်၏။ နှင်းခဲက လန့်အော်၏။ ဖွားမေကြီးက ဆတ်ဆတ်ခါသွားသည်။

"မလုပ်ပါနဲ့လို့ပြောရက်နဲ့ ဆရာရယ်"

မြအဆင်းက နှင်းခဲကို လက်ကမ်း၍ချီ၏။ နှင်းခဲ လိုက်ဘဲ ရုန်းကန်တွန်းထိုးဆင်းကာ ဖွားမေဆီသို့ပြေး၏။ ဖွားမေက မနိုင့်တနိုင်နှင့်ကောက်ချီသည်။ တကယ်တမ်း ဖွားမေ မချီနိုင်ပါ။ ဖွားမေနှင့်နှင်းခဲတို့ လုံးထွေးကာ ကြမ်းပေါ် ထိုင်ချရသည်။

"ဖွားမေ ... တစ်မနက်တည်းနဲ့ ဒီလောက်ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



သင်လိုက်နိုင်တာ ချီးကျူးစရာပဲ"

မြအဆင်း ဒေါသထွက်လာသည်မို့ မျက်ရ
ကျတော့ပါ။ ဖွားမေနှင့် ရင်ဆိုင်လိုက်တော့သည်။

"ဒါတော့ ··· ရှင်က တစ်မနက်လုံး အခန်းအော
နေတာကိုး၊ ခါတိုင်းလို မနက်စာကျွေးသလား၊
သင်သလား"

"ဖွားမေ တော်တော့" ဟု အမိန့်ချဖို့ကျ
လူကြီးမို့ မသင့်လျော်ချေ။ "မြအဆင်း တော်တော့" ပြော
ကျတော့လည်း မတရားပြန်။

"ကျွန်မ ဝတ္တုရားပျက်ကွက်တယ်ဆိုရင်တောင်
လောက် လ,တွေများခဲ့ပြီ၊ တစ်နေ့မှခွင့်မယူခဲ့တဲ့အတ
ဒီနေ့ကို ခွင့်ထဲသတ်မှတ်လို့ရတယ်"

"ရှင်က ရှင်ဖြစ်စေချင်တဲ့ကိစ္စလည်း အကောင်အထ
ပေါ်ရော ··· ကလေးကို မျက်နှာလွှဲခဲ့ပစ်"

"ဖွားမေ ··· စကားကိုဆင်ခြင်ပြောပါ၊ ဖွားမေ
ဘာသာဖြစ်နေတဲ့ကိစ္စ၊ ကျွန်မက သဘောတူပြီ
ခေါင်းညိတ်ပြီလား၊ လက်ခံပြီလား ··· ဆိုတ
မေးကြည့်ဦး"

"ဟင် ··· အဲဒီလိုလား၊ မသိလို့ပါ မြအဆင်း
ဓော်ကားသလိုဖြစ်ရင် တောင်းပန်ပါတယ်၊ ဓော
ကပြောပါလား"

"သမီး ··· နှင်းခဲလေး၊ တီချာ့ကို တီချာလို့ပဲခေ
မာမီ ခေါ်စရာမလိုပါဘူး၊ မနက်တုံးက တီချာ



မကောင်းလို့ပါ၊ ညတုံးကလည်း နေမကောင်းဘူးလေ
သမီးရယ်၊ အခု ··· တီချာ နေကောင်းသွားပြီ၊ သမီး
နဲ့တီချာနဲ့ ခြံထဲဆင်းမယ်လေ"

နှင်းခဲက ဘာပြန်ပြောရမှန်းမသိ ဖြစ်နေ၏။

"နှင်းခဲ ··· တီချာက နေမကောင်းလို့တဲ့၊ ဖွားမေ
ပြောစကားနားထောင်၊ တီချာ့ဆီသွား၊ အော် ···
မသွားနဲ့ဦး၊ မြအဆင်း ··· ထမင်းမစားရသေးဘူးလေ၊
ဟဲ့ ··· နောက်ဖေးကကောင်မလေးတွေ ထမင်းထည့်
ပေးလေ၊ နှင်တို့ဦးလည်း စားမှာ"

မြအဆင်းက ခေါင်းခါလိုက်သည်။ သူနှင့် ထ
င်းတစ်ဝိုင်းတည်း မစားလိုပါပြီ။

"ကျွန်မ မစားတော့ဘူး"

"ရင်ခံတယ်ထင်တယ်၊ မိုင်လိုသောက်မလား"

ဖွားမေကြီးက ပျာပျာသလဲဖြစ်နေ၏။

"သံပုရာရည်ရရင် တော်ပါပြီ"

"ရမယ် ··· ရမယ်"

ဖွားမေက နှင်းခဲကို မြအဆင်းလက်ထဲထည့်
သည်။ သံပုရာရည်ကို သူကိုယ်တိုင်သွားဖျော်လာခဲ့သည်။
အဆင်းက ဖွားမေကို စိတ်မဆိုးပါ။ စိတ်မကောင်းပေမယ့်
ယ်ချင်းစာနိုင်ပါသည်။ သံပုရာရည်ကို မြန်မြန်မော့ပြီး နှင်း
လက်ကိုဆွဲ၍ ခြံထဲဆင်းလေ၏။

"ဖွားမေ"

"ဆင်"

www.burmeseclassic.com

www.burmeseclassic.com



ခေါ်သံကြောင့် ဖွားမေ လန့်ဖျပ်ထူးသည်။

"နှင်းခဲကို ရတနာ့သမီးအဖြစ်နဲ့ ဖွားမေက သိပ်

နေပေမယ့် ကျွန်တော်က ဒီနေ့ထိ လိုလေသေးမရှိ

ရုစောင့်ရှောက်ခဲ့တာဟာ ရတနာ့သမီးအဖြစ်နဲ့မဟုတ်

ဘူး"

"သိပါတယ် ကိုအုံ့ရယ်၊ ကိုယ့်သမီးကိုယ် ..."

"ဖွားမေ"

"ကိုအုံ့"

ဖွားမေ မျက်စိသူငယ်လေးနှင့်ဖြစ်နေ၏။

"ကိုကိုနေမင်းသာရဲ့တစ်မျက်နှာတည်းနဲ့ ဒီကလေး

မိဘရှိနေပေးဖို့အတွက် ကျွန်တော် မုဆိုးဖိုနာမည်

ပေးထားတဲ့ကျေးဇူးကိုသိတတ်ရင် ဖြစ်ကြောင်းကုန်

တွေ မြအဆင်းကို ဖွားမေကိုယ်တိုင်ပြောပြပါ၊ နှင်း

နဲ့သွေးကွဲအောင် ခြေမထိုးပါနဲ့၊ ဒီကိစ္စကို ခုချက်ချင်း

မဆောင်ရွက်ရင် ဖွားမေ ... ခုချက်ချင်း ကိုယ့်အ

တော့ဆိုပြန်ပါ"

"ကိုအုံ့ ...ပြောရက်လိုက်တာ"

"ဖွားမေ ဆုံးဖြတ်ပါ"

"ပြောပါမယ် ကိုအုံ့ရယ်၊ ပြောပါ့မယ်"

"အမှန်အတိုင်းလည်းဖြစ်ပါစေ၊ ပြီးရင် ... ကျွန်တော်

နဲ့မြအဆင်းကြားမှာလည်း သွေးမထိုးပါနဲ့၊ ကျွန်တော်

မြအဆင်းကို လက်ထပ်မယ်၊ ဖြစ်အောင်လက်ထ

မယ်၊ ဒီအတွက် ... ကြားထဲမှာ အတားအဆီး



ရှိနေရင် အားလုံးကို ရှင်းပစ်မယ့်ထဲမှာ ဖွားမေ ရှေ့ဆုံးကပါတယ်လို့ပြောရင် ကျွန်တော် ... ရက်စက်ရာ မကျဘူးလို့ ယိပ်ပြာသန်တယ်"

ဖွားမေ ငိုရှာပါလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

## ၁၈

မမေ အမြဲပြောလေ့ရှိပါသည်။

မိနစ်နှစ်ဆယ်ထဲခြားလျက်မွေးသော ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်က နေမင်းထိန်ထိန်ကျဲတုန်း မွေး၍ တစ်ယောက်က မိုးသားတိမ်တိုက်တွေရောက်လာပြီး နေမင်းကြီးအုံ့မှိုင်းသွားချိန်ကျမှမွေးသည်ဆိုသောအကြောင်း … အမြွှာညီအစ်ကိုဖြစ်ပါလျက် မျက်နှာချင်းက ရွှေးရလွယ်ကူလောက်အောင် တော်တော်ကြီးကို မဆင်သည့်အကြောင်း စိတ်နေသဘောထား၊ ဝါသနာအကျင့်စရိုက်မှစလို့ … တစ်ယောက်နှင့်တစ်ယောက် ဘာဆိုဘာမျှမတူသည့်အကြောင်း … အမြွှာညီအစ်ကိုဆိုတာ ကျမ်းတောင်ကျိန်ပြောရမလားမသိ … ဆိုသည့်အကြောင်းများ။

"ကိုကိုက ဒီလောက် မျက်နှာကြီးရင့်နေတာ၊ ညီထက် နှစ်နှစ် သုံးနှစ်တော့ ပိုကြီးမှာပါ၊ မေမေက ဘာရည်ရွယ်ချက်နဲ့ သက္ကရာဇ်ဖြီးချပြီး အမြွှာလုပ်လိုက်တယ်



မသိဘူး"

နေမင်းသာ၊ နေအုံ့မှိုင်းဆိုသောနာမည်တွေက ခေါ်ရခက်သည်မို့ ဖေဖေနှင့်မေမေက ကိုကို၊ ညီညီပဲခေါ်သည်။ ဆွေမျိုးတချို့လည်း ကိုကို ညီညီပဲ လိုက်ခေါ်၏။ သွေးနည်းနည်းဝေးသော ဆွေမျိုးတချို့၊ အသိမိတ်ဆွေများနှင့် အိမ်တအလုပ်သမားတွေသာ "ကိုနေမင်း" "ကိုအုံ့" ဟုခေါ်ကြသည်။

"ငါ့ကျတော့ နေမင်းခေါ်ရင် … သူ့လည်း နေအုံ့ခေါ်ကြလေဟာ"

နေမင်းက ငယ်ငယ်ကတည်းက ပူညံ့ရွာလောင်အသံကျယ်လျက် ပစိပစပ်များ၏။ နေအုံ့က အေးအေးငြိမ်သက်ကာ အသံသိပ်မထွက်၊ ဘာကိုမျှ ချေးမများတတ်သူဖြစ်သည်။ နေမင်းက စိတ်အပြောင်းအလဲ၊ အကြိုက်အပြောင်းအလဲတွေ မြန်ဆန်သည်။ နေအုံ့က အပြောင်းအလဲမရှိ၊ ငြိမ်တည်တံ့တတ်သူဖြစ်၏။ ငိုတတ်သည့်ကလေး နို့ဝသည်ဆိုသောစကားပုံအတိုင်း … မိဘများထံတွင် နေမင်း၏အခွင့်အရေးသာ၏။ နေအုံ့က အခွင့်အရေးကိုတောင်းဖို့ သတိမရ၊ ရသလောက်နှင့်တင်းတိမ်နေတတ်သည်။ အကြိုက်ချင်းမတူသောညီအစ်ကိုသည် အရွယ်ကလေးတွေကိုယ်စီရောက်လာကြချိန်မှာလည်း အကြိုက်ချင်းမတူကြပါ။ တက္ကသိုလ်တွင် နေမင်းက သိပ္ပံဘာသာ B.Sc. ဘီအက်စ်စီ(ဓာတု)ဘွဲ့ရသည်။ နေအုံ့က စီးပွားရေးပညာ (B.Econ)နှင့် ဘွဲ့ရသည်။

ဖေဖေ့ကုမ္ပဏီလုပ်ငန်းတွေ၊ အဲသည်ကုမ္ပဏီလုပ်ငန်းတွေ မပေါ်ပေါက်မီကတည်းက ရှိနှင့်သော ဖေဖေ့မိဘစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဆက် အမွှေးအနံ့စိ၊ ဆန်စက် ဆီစက်တွေ၊ ဗိုလ်ချုပ်ဈေးအထည်ဆိုင်တွေ၊ အလုပ်တွေက မှိုလိုပေါက်နေသည်မို့ … ညီအစ်ကိုနှစ်ယောက်မှာ တခြားအလုပ်ရှာစရာမလို၊ မိဘနှစ်ပါးက နားအေးပါးအေးနေလိုက်ချိန်မှာ သူတို့ညီအစ်ကိုဗျာများအောင် မနိုင်မနင်းတောင်လုပ်ကြရပါသေးသည်။

"အလုပ်ပိစိပေါက်စတွေသိမ်းပြီး တစ်ခုတည်း ကြီးကြီးလုပ်မယ်ဗျာ"

"မင်းကဘာလုပ်ချင်လို့လဲ"

"ရှုပ်ပါမားကက်ဖွင့်မယ်၊ ခြောက်ထပ် အပေါ်ဆုံးထပ်က စားသောက်ဆိုင်၊ အဲဒီအောက်မှာ ကလေးကစားကွင်း၊ ကျန်တဲ့လေးထပ်မှာ သုံးထပ်က ပစ္စည်းစုံရောင်းတဲ့ဆိုင်တွေ၊ အောက်ဆုံးထပ်က ဆေးခန်း၊ သမားတော်ကြီးတွေထိုင်မယ်၊ ဆေးလည်းရောင်းမယ်၊ ဘယ့်နှယ်လဲ"

"ရှုပ်ပွေနေတာပဲ၊ နိုင်ပါ့မလား"

"နိုင်ပါတယ်"

"ဘာတွေရောင်းမှာလဲ"

"ခုံဖိနပ်ကစပြီး စိန်အထိ၊ လူသုံးကုန်၊ စားသုံးကုန်၊ အထည်အလိပ်၊ အလှကုန်၊ ကိုကို တစ်ခုစဉ်းစားကြည့်လိုက်၊ အဲဒါ … ညီ့ဆိုင်မှာရှိစေရမယ် ပြောကြည့် … ပြောကြည့်"

"ဆေးပေါ့လိပ်"

"တုတ်ပါရဲ့ … အဲဒါ အတွေးထဲမပါဘူး၊ စပါယ်ရှယ်



ကွမ်းယာဆိုင်တစ်ဆိုင်သန့်သန့်၊ ခမ်းခမ်းနားနားဖွင့်မယ်၊ အဲဒီမှာ ဆေးပေါ့လိပ်တင်ရောင်းရမယ်"

"မင်းအဝတ်အထည်တွေ မီးပေါက်ကုန်မှာပေါ့၊ စပ်စတမ်မာ (Customer ဈေးဝယ်သူ)တွေက ဆေးပေါ့လိပ်မီးတဖွားဖွားနဲ့ …"

"ဆေးလိပ်မသောက်ရဘူးလေ ကိုကိုရာ၊ အဲယားကွန်း (Aircon လေအေးပေးစက်)ခန်းတွေမှာ ဆေးလိပ်သောက်လို့ဘယ်ရမှာလဲ"

"မင်းက ဆေးပေါ့လိပ်ရောင်းမယ်လို့ဆို"

"ရောင်းသာရောင်းမှာ၊ သောက်ခွင့်တော့မပြုနိုင်ဘူး"

"ကွမ်းယာကျတော့ စားခွင့်ပြုလား"

"ပြုတယ်၊ ကွမ်းတွေးထွေးဖို့ သံပုံးတွေထားပေးမယ်၊ ကွမ်းယာကို အထင်မသေးနဲ့နော်၊ လမ်းထောင့်မှာ သုံးပေပတ်လည်လောက်ရှိတဲ့ခုံကလေးပေါ်တင်ပြီး ကွမ်းယာရောင်းတဲ့သူက ကားတောင်စီးနိုင်သွားတယ်"

"ဖေဖေပြောဖူးတယ်၊ ဟိုတုန်းက မရမ်းပြားချဉ်ပေါင်၊ တစ်ထုပ်ငါးပြား၊ တစ်ကျပ်ဖိုးအထုပ်အစိတ်နဲ့ ရောင်းတဲ့သူက ဧလုံလေးနဲ့ကြို့ရင်းကနေ ဖင်ဒါမီယာ(သံလွင်လမ်း)ထဲမှာ မြေနေ့တိုက် ဝယ်နိုင်သွားတယ်တဲ့"

"ကိုကိုကရော ဘာလုပ်မလဲ"

"ငါလည်း ဖေဖေ့အလုပ် ပုစိပွစိတွေ ဝါသနာမပါဘူး၊ ငါက အိပ်စပို့တ်၊ အင်ပို့တ် (Export and Import သွင်းကုန်ပို့ကုန်)လုပ်မယ်၊ ကုမ္ပဏီပေါ့၊ ငါ … ပဲပို

www.burmeseclassic.com



မယ်၊ ကြက်သွန်ဖို့မယ်၊ ပုစွန်ပို့မယ်၊ ဂျယ်လီဖစ်ရှ် (Jelly Fish ရေရှ)ပို့မယ်၊ ပို့လို့ရတာအကုန်ပို့မယ် ...

"သွင်းလို့ရတာ အကုန်သွင်းမယ်၊ ငါသွင်းလာတဲ့ကုန်ပစ္စည်းတွေ မင်းဆိုင်မှာဈောင်ရောင်းပေါ့၊ မင်းဆိုင်က ခြောက်ထပ်တောင်ဆိုတော့ ဆောက်ရဦးမှာလား"

"ဆောက်ရဦးမှာပေါ့၊ မြေကွက်လည်း ဖော်ရဦးမယ်၊ ကျယ်မှဖြစ်မှာ၊ ကားပါကင် (Parking ကားရပ်နားရန်နေရာ) ကောင်းကောင်းနဲ့ ကျယ်ကျယ်လိုတယ်"

"ကားဝင်ကြေးကောက်ဦးမှာလား"

"ဈေးမှမဟုတ်တာ ကိုကိုကလဲ"

"သိဘူး ... မင်းက တစ်မူးတစ်မတ်ကအစ မက်တတ်လွန်းလို့"

"မက်တာမဟုတ်ပါဘူး၊ ချွေတာတာပါဆို"

"အဲပဲပြောပြော ... အမိက,တ ကပ်စေးနည်းတာပဲ မဟုတ်လား"

"ထားပါ ... ထားပါ"

ကျောင်းမှာ နေအုံ့ သဘောကျနေသော ကောင်မလေးတစ်ယောက်ရှိသည်။ နေအုံ့က ဘွဲ့မရသေးလို့ မပြောသေးဘဲထားသည်။ နေမင်းကတော့ ရည်းစားလေးငါးယောက်လောက်ဖြတ်ပြီးပြီ။

"မင်းကောင်မလေး ငါ့ကိုပြထားဦးနော်၊ တော်ကြာမင်းပစ္စည်းမှန်းမသိဘဲ သွားကြိုက်မိနေလို့ ညီအစ်ကိုချင်း ဖိုက်နေရဦးမယ်"



"ချမ်းသာပေးပါ"

"ပြိုင်ပိုးကြေးဆိုရင် မင်းက ရှုံပိုချော့လို့ စွံမယ်မထင်နဲ့၊ ငါက အသားမင်းလောက်မဖြူလို့ ရှုံမချော့ပေမယ့် အပြောကောင်းတယ်ကွ၊ မိန်းမတွေက အချစ်ကို ဦးနှောက်နဲ့စဉ်းစားတာတို့၊ နှလုံးသားနဲ့ခံစားတာတို့က နောက်မှကွ ...

"ပထမဆုံးတော့ နားရွက်နဲ့ခံစားလိုက်တာပဲ၊ နားဝင်ချိုရင်ကြိုက်တာပဲ၊ ရည်းစားဆိုတာ ... ချစ်နေအောင်ချွဲပြထားလိုက်ရင် နောက်ပိုင်းမှာ ထင်သလိုနေလို့လည်းရတယ် ...

"ပြိုင်ဖို့ ရည်းစားနှစ်ယောက်သွားဆိုရင်တောင် ပြဿနာမတက်အောင် ငါကရှင်းတတ်တယ်၊ ငါ့အဖို့တော့ အေးဆေးပဲ၊ အဲဒါ ... ကြည့်ရှောင်ရအောင် မင်းကောင်မလေး ငါ့ကိုပြထားကွ"

"ဟုတ်ပါရဲ့၊ ပြထားမှဖြစ်မယ်"

"မင်းက ခုမှလိုက်တုန်းလား"

"လိုက်တောင်မလိုက်ရသေးဘူး၊ ကျောင်းပြီးမှလိုက်မလို့"

"ဟ ... ဘာအတွက် နှောင့်နှေးနေတာလဲ"

"ရည်းစားတစ်ဖက် ကျောင်းတစ်ဖက်နဲ့ အာရုံမစုံချင်ဘူး ကိုကိုရ"

"အမယ်လေး ... ရှာမှရှားတဲ့ကောင်၊ စာကစာ ... ရည်းစားကရည်းစား၊ တစ်ကန့်စီထားပေါ့ကွ၊ ခု ...

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြီးပြီဆိုတော့ လိုက်တော့မယ်ပေါ့"

"ဟုတ်တာပေါ့"

"ဒီကြားထဲမှာ အယ်ကောင်မှ ဖြတ်သုတ်သွားခြင်းမခံ ရဘဲကောင်း"

"အဲဒီတော့လည်းကုသိုလ်ပေါ့"

"အဲဒီလောက် ပေါ့ပေါ့တန်တန်လား"

နေအုံ့က မဖြေဘဲ ပခုံးနှစ်ဖက်ကိုတွန့်ပြလိုက်သည်။ နေမင်းကရယ်၏။ ဒီကောင် ... အသည်းခိုက်အောင် မကြိုက်သေးလို့သာပဲ ... ဟုယူဆ၏။ စင်စစ် ... နေအုံ့၏အကျင့်စရိုက်က ဘာတစ်ခုကိုမျှ ပေါ့ပေါ့တန်တန်ထားသူ မဟုတ်ပါ။ သူ့မှာ အရာရာသည် အလေးအနက်ချည်းပါပဲ။

"ဒါ ... ကျွန်တော့်အမြွှာအစ်ကို နေမင်းသာတဲ့၊ ဒါက ညီသူငယ်ချင်း ရတနာစိုးချယ် ... တဲ့"

"အား ... လှလိုက်တဲ့နာမည်၊ လူနဲ့လည်းလိုက်လိုက်တာ"

"ဟင် ... အမြွှာအစ်ကို၊ တူလည်းမတူဘူး"

ဝါကျနှစ်ကြောင်းက ဖြိုင်တူထွက်၏။ သူစိမ်းဆန်သော ... တွေ့ရတာဝမ်းသာပါတယ် ... တွေဘာတွေ မပြောဖြစ်တော့တာကြောင့် မိနစ်ပိုင်းအတွင်းမှာ ရင်းနှီးသွားရတော့သည်။

"မင်းတို့နှစ်ယောက် ခုမှသူငယ်ချင်းအဆင့်လား"

နေမင်းသာတို့ကတော့ လုပ်ချဝစ်သည်။

"ဟာ ... ကိုကို"



"ဘာကိုကိုလဲ ... ဒီမှာ ရတနာ၊ ခင်ဗျားကို ဒီကောင် ကြိတ်ကြိုက်နေတာ သုံးနှစ်ရှိပြီ၊ ဒုတိယနှစ် တက်စကတည်းက သိလား၊ အဲဒါ ကျောင်းပြီးတဲ့ထိ မျိုသိပ်သတဲ့ဗျာ၊ နှောင့်နှေးစရာမဟုတ်တာ"

"ကိုနေမင်းသာကလည်း ဒီလိုမနှောက်ပါနဲ့၊ ခင်မင်ရင်းနှီးတဲ့သူချင်း တခြားစကားနဲ့နှောက်ပါ"

"နှောက်တာမဟုတ်ဘူး၊ သူ နှောင့်နှေးလွန်းတော စိတ်မရှည်လို့ ဝင်ဖွင့်ပစ်လိုက်တာ၊ ကျွန်တော်လစ်ပြီ ဆက်ရှင်းကြ"

နေအုံ့ခမျာ ရတနာ့ကို အားတုံ့အားနာ မျက်ကြီးပူ၍ ကျန်ရစ်ရပေမယ့် ... တစ်ထိုင်တည်းမှာတော့ ကြာဖြစ်သွားရလေ၏။

"ရတနာ ဖြည်းဖြည်းစဉ်းစားပါ၊ ကျွန်တော် မလောပါဘူး။ စိတ်ရှည်ရှည်စောင့်ပါမယ်၊ ရတနာစဉ်းစားနေတုန်းမှာတော့ သူငယ်ချင်းတွေအဖြစ် ဆက်လက်ရင်းနှီးခွင့်ထားပေးပါ"

"ရှင် တော်တော်ခွကျတဲ့လူပါလား၊ ကျွန်မက ဖြည်းဖြည်းမစဉ်းစားတော့ဘဲ ခုချက်ချင်းဖြေချင်နေတဲ့သူဆိုရင် ဘယ့်နှယ်လုပ်မလဲ"

"တစ်ထိုင်တည်း ဆုံးဖြတ်ချက်ဆိုရင် မခိုင်မြဲမှာစိုးလို့ပါ"

"ကျွန်မက ရှင့်သဘောကို သိမထားတော့ စဉ်းစားပြီးသားလည်းမရှိပါဘူး၊ ခုမှစပြီး စဉ်းစားရမှာပါ၊

www.burmeseclassic.com



ဒါပေမယ့် … မိန်းမသားတစ်ယောက်ကို ဖြည်းဖြည်းစဉ်းစားပါလို့ မပြောရဘူးရှင့်၊ လောပေးရတယ်၊ အချောင်းရတယ်၊ ဖြည်းဖြည်းစဉ်းစားပါရစေဆိုတာ မိန်းမသားဘက်က ပြောရမယ့်စကား …

"ဒါတော့ … ရှင်က မိန်းကလေးဘက်ကစကားကိုဝင်ပြောပေးတာ သဘာဝမကျဘူးရှင့်၊ တစ်ဖက်သားမိန်းကလေးကိုလည်း စော်ကားရာရောက်တယ်"

"ဆောရီးဗျာ၊ ကျွန်တော်က ဒါတွေမကျွမ်းကျင်ဘူး"

"ရှင့်အစ်ကိုနဲ့တော့ ကွာပုံရတယ်"

နေအုံ ရယ်နေလိုက်တော့သည်။

နေအုံနှင့်ရတနာတို့ ချစ်သူတွေသာဖြစ်သွားကြသည်။ တကယ်တမ်း ရင်းနှီးကြတာက နေမင်းသာနှင့်ရတနာဖြစ်၏။ သူတို့ချင်းက ပြောမနာဆိုမနာ။ နာအောင်ပြောသည်။ ရှုံ့ချသည်။ နှိပ်ကွပ်သည်။ ထိုစကားတွေသည် ဟာသတွေသာဖြစ်လျက် မည်သူကမျှစိတ်မဆိုးဘဲ ရယ်မောကြရသည်။ သုံးယောက်ဝိုင်းထဲမှာဆို နေအုံအသံက တိတ်နေ၏။ ဟိုနှစ်ယောက်၏ တသောသောရယ်မောသံတွေကြားထဲမှာ နေအုံအသံက တိုးတိမ်နေရတော့သည်။

"ညီရယ် … ညီနဲ့သာ ရည်းစားတော်ထားရတယ်၊ ရတနာက ပျော်တော့ ကိုကိုနဲ့ပဲပိုပျော်တယ်၊ ကိုကိုကိုမချစ်ဘဲ ညီကိုချစ်လို့သာ … "

ရတနာက ကိုကို … ညီညီပဲခေါ်၏။ အသက်တွေကလည်း တစ်နှစ်တည်းကျောင်းပြီးကြသူများမို့ မတိမ်း



မယိမ်းတွေပါ။

"လက်ရှိရည်းစားက အရမ်းပျင်းစရာကောင်းတယ်ကွာ၊ စကားကိုမပြောဘူး၊ ပါးစပ်ကိုပိတ်နေတာပဲ၊ ရယ်စရာပြောလို့မှ ရယ်ရကောင်းမှန်းမသိဘူး …

"သူ့ကိုပြောရတာ ဟာသတွေလည်းဆုံးပါရဲ့၊ ဟော့ကောင် … ညီ၊ ငါနဲ့တီးမတိုက်အား၊ ခင်ဗျားနဲ့ပဲကိုက်မယ်၊ လဲမလား … တစ်ယောက်ကြေး"

နေမင်းသာတို့က အဲဒီလိုလူမျိုးဖြစ်၏။

နေမင်းသာ စကားကလည်း သိပ်တော့မဆိုးလှပါ။ မှန်တာတွေရှိသည်။ မိန်းကလေးတွေဟာ နှလုံးသားတွေ၊ ဦးနှောက်တွေကို နောက်ဘက် တော်တော်ဝေးဝေးမှာထားခဲ့ပြီး လောလောဆယ် နားရွက်နှင့်ဆုံးဖြတ်ကြသည်ဆိုတာ …။

ရတနာက နေအုံနှင့်နေရတာ ပျင်းလှသည်၊ ရယ်လည်းမရယ်ရဘူးဟုဆိုကာ နေမင်းသာနှင့်ချည်း အတွဲများလာသည်။ ဟိုလိုက်ပို့ပါဦး၊ ဒီလိုက်ပို့ပါဦး၊ ဟိုမှာလိုက်ကျွေး၊ ဒီရုပ်ရှင်လိုက်ပြ … ပူဆာတာတွေများလာသည်။

"နေအုံ ခေါ်အုံး" ဟု နေမင်းသာကပြောလျှင် "သူပါတာနဲ့ မပါတာနဲ့ ဘာမှမထူးဘူး" ဟု ရတနာကပြန်ပြောလေ့ရှိသည်။ ဖုန်းဆက်လျှင်တောင် နေမင်းသာဆီသို့သာဆက်သည်။ နေမင်းသာနှင့် စကားတွေ နာရီဝက်တစ်နာရီကြာအောင်ပြော၊ ခိုးခိုးခစ်ခစ်ရယ်၊ ပြောလို့ရယ်လို့ဝပြီဆိုမှ

"ရတနာ့ရည်းစားကြီးကို နှုတ်ဆက်လိုက်တယ်လို့၊ နေကောင်းရဲ့လားလို့ … ရတနာ မေးတယ်လို့ ပြော

www.burmeseclassic.com



လိုက်ပါဦး ကိုကို၊ ဒါပဲနော်”

ဟုဆိုကာ ဖုန်းချသွားတော့သည်။ နေအုံ့က လည်း အလုပ်တွေများရှာ၏။ သူ့ကိစ္စက တန်ဖာပလာများ သည်။ မြေတွက်ဖော်ရတာကစလို့ အလုပ်ရှုပ်၏။ ဌာနဆိုင် ရာတွေသို့ မနားတမ်းသွားရသည်။ တရားဝင်အောင်လုပ်ရ သည်။ အထောက်အခံစဆောက်တော့လည်း နေအုံ့က နေ့တိုင်း သွားသည်။ မြန်မြန်ပြီးချင်သည်မို့ အလုပ်ကို တစ်နေ့မှာသုံး ဆိုင်းခွဲ၍ နှစ်ဆယ့်လေးနာရီအပြည့်လုပ်သည်။ သူ့အင်ဂျင်နီ ယာနှင့် သူ့စူပါဗိုက်ဇာ (Supervisor) နှင့်သူရှိပေမယ့် နေအုံ့ က အချိန်မရွေးသွားသွားကြည့်သည်။ ညသန်းခေါင်ကျော် ပေမယ့် အလုပ်မှတွင်ကျယ်ရဲ့လား သိလိုစိတ်ဖြင့် ကားမောင်း ကာ ထွက်ချင်ထွက်သွားတတ်သည်။

တစ်ခါတလေ စိတ်ပါလက်ပါ တစ်ညလုံးရှိနေ တတ်သည့်အခါ နောက်တစ်နေ့မနက်မိုးလင်းမှ ပြန်အိပ်ဖြစ် တာမျိုးလည်းရှိ၏။ ရတနာသွားချင်ရာများဆီသို့ လိုက်ပို့နိုင် ဖို့ မတိုက်ဆိုင်ဖြစ်နေတာတွေ များလာသောအခါမှာ ရတနာ က နေအုံ့ကို ပြောမနေတော့။ နေမင်းသာကိုပဲ အပူကပ်တော့ သည်။ ပြီးတော့ ... နေမင်းသာကုမ္ပဏီက အလုပ်စဖြစ်နေ ပြီမို့ နေမင်းသာမှာ ကိုယ်ပိုင်လုပ်ငန်းလည်း အကောင်အထည် ပေါ်ပြီ၊ ငွေစကြေးစလည်းရှင်ပြီ။ နေအုံ့က ခုမှ အစပျိုးတုန်း မို့ လုပ်ငန်းအကောင်အထည်မပေါ်သေးရုံမျှမက ... လက် ထဲရှိသမျှ လုပ်ငန်းထဲထည့်ဖို့သာမို့ ငွေစကြေးစမရှင်။

နေအုံ့ကိုယ်တိုင်က ကပ်စေးနည်းတာလည်းပါ





မည်ထင်သည်။ နေအုံ့က ပြောရတာလည်းခက်၏။ သုံးဖို့ လိုအပ်သည့်နေရာတွေမှာ စေးစေးကုပ်ကုပ်မရှိပါ။ သုံးစရာ မလိုဟုထင်သည့်နေရာတွေကျ မသုံးဘဲနေ၏။ အဝတ်အစား အသုံးအဆောင်ကစလို့ ညီအစ်ကိုနှစ်ယောက်လုံး ထင်သလို သုံးနိုင်သည့်အတိုင်းအတာမှာရှိပေမယ့် ညီက စည်းနှင့်ကမ်း နှင့်။ အစ်ကိုက ဗရမ်းဗတာ။ ပစ္စည်းတစ်ခုကို (ဥပမာ ... ယောကျ်ားသုံးပစ္စည်း၊ မုတ်ဆိတ်ရိတ်ဓားနှင့်ဂျူတ်) ညီအစ် ကိုနှစ်ယောက်လုံးကြိုက်၍ တစ်ယောက်တစ်စုံ ပြိုင်တူ၊ တစ် နေ့တည်း တစ်ချိန်တည်းဝယ်ဖြစ်ခဲ့သည်ရှိသော် ... ညီမှာက တော်တော်ကြာကြာထိ ထိုပစ္စည်းကိုတွေ့နေရသေးသည်။

ကိုကိုမှာကတော့ တစ်ပတ်ဆယ်ရက်ကြာလျှင် ထိုပစ္စည်းကို ရှာမတွေ့တော့ပါ။ တစ်ခါတစ်ရံမှာ စည်းမရှိ ကမ်းမရှိ ညီ့အခန်းထဲဝင်၍ ဆွဲလွဲသုံးစွဲပစ်လိုက်သည်။ အဝတ် အစားလည်းဒီတူ၊ ဖိနပ်ဆိုလည်း ထို့နည်းလည်းကောင်းမို့ စည်းကမ်းသမားက စိတ်ညစ်စိတ်ရှုပ်ရတော့သည်။

“အရာရာကို သော့ခတ်မထားရင် ကိုကိုဆွဲသုံးလို့ ပါ သွားတာချည်းပဲ မေမေ”

ညီက သူ့ပစ္စည်းတွေ သော့တခတ်ခတ်လုပ် တော့လည်း ကပ်စေးကပ်စေးရာရောက်၏။

“ကိုကို ... သော့ခတ်ပစ္စည်းကလွဲလို့ ဘာမှမခံနိုင် ဘူးနော်၊ ရတနာ့ကိုလည်း သော့ခတ်ရတော့မယ်ထင် တယ်”

ကိုကိုက ရယ်မောနေ၏။ ထူးဆန်းတာက ...

www.burmeseclassic.com

www.burmeseclassic.com



စိတ်ချင်းသဘောချင်း လုံးဝမတိုက်ဆိုင်သည့် ညီအစ်ကိုနှစ်ယောက်သည် တစ်ယောက်နှင့်တစ်ယောက် တုန်နေအောင်ချစ်ကြခြင်းပေတည်း။

"ခတ်သင့်တယ်ကွ၊ ငါပြောမယ်၊ တချို့ မင်းပစ္စည်းတွေသော ငါက ယူသုံးချင်လို့မဟုတ်ပါဘူး၊ မင်းက သော့ခတ်မထားရင် ငါ့မျက်စိရှေ့အောက် ရောက်တာပေါ့ကွာ၊ သူတို့က သူတို့ကိုသုံးစွဲစေချင်တဲ့ပုံကွ …

"အဲဒါကြောင့် မက်မောလှတယ်မဟုတ်ဘဲ ယူသုံးပစ်လိုက်တာနဲ့ မင်းဖိနပ်တွေ၊ မင်းနက်ကတိုင်တွေပါ ကုန်တာ၊ မင်းက ဝယ်ထားပြီး သုံးမှမသုံးတာ"

မေမေက မျက်စိမျက်နှာပျက်နေသည်။ နေအုံ့ကသိ၏။ ရတနာ့ကို နေအုံ့ ချစ်ပါသည်။ ရည်းစားဆိုလို့လည်း ဒီတစ်ယောက်တည်းထားဖူးသေးသည်။ သို့ပေမယ့် နေအုံ့မှာက ရည်းစားအရေးနှင့် တန်းတူအရေးကြီးသော … ရည်းစားထက်ပိုအရေးကြီးသော အလုပ်တာဝန်၊ ကိစ္စဝိစ္စတွေ ရှိနေသည်။ ရည်းစားထက်လျော့၍ အရေးကြီးသည့်ကိစ္စဟူ၍ မရှိသလောက်ပင်။ ရတနာ့ကို အချိန်ပေးနိုင်ချိန် အလွန်နည်းပါး၏။ အစကတော့ ရတနာက ပူညံပူညံ၊ နောက်ပိုင်းမှာ မပူညံတော့ပါ။ နေအုံ့အစား နေမင်းနှင့်ချည်းထွက်တော့သည်။

"ညီ … ညီအစ်ကိုချင်း ယောကျ်ားစကားပြောမယ်"

"ပြော … ကိုကို၊ မသကာ … ဒါးချင်းယှဉ်ခုတ်ရုံပဲ"



ကိုကိုက ရယ်၍ပြောသလို … ညီညီကလည်း ရယ်၍ပြောတာပါပဲ၊ ကြားထဲမှာ မျက်နှာပျက်လျက် ငိုတော့မလောက်ဖြစ်နေရသူက မေမေတည်း။

"ရတနာ့ကို နည်းနည်းမြန်ထိန်းချင်ထိန်း၊ စွန့်လွှတ်ချင်စွန့်လွှတ်၊ မစွန့်လွှတ်နိုင်ရင်ထိန်း၊ မထိန်းချင်ရင် စွန့်လွှတ်ကွ"

"ဘာဖြစ်လို့လဲ ကိုကို"

"မင်း ရတနာဟာ စိတ်မခိုင်ဘူး၊ မင်းကလည်း ရည်းစားကို အချိန်ပေးတာနည်းလွန်းတယ်၊ ငါကလည်း အချိန်ပိုတယ်ဆိုပြီး ရတနာနဲ့ သွားတဲ့လာတဲ့ကိစ္စတွေဟာ … မင်းကိုယ်စား ငါ့စိတ်ထဲမှာ ခယ်မတစ်ယောက် …

"ညီမတစ်ယောက်လိုပဲ သဘောထားပြီး ငါ့အတွက်လည်း ဝန်မလေးလို့ ကူညီနေတဲ့အစိတ်အပိုင်း၊ မင်း ယုံလား"

"ယုံပါတယ် ကိုကိုရ"

"ငါ့မှာလည်း ငါ့ဟာနဲ့ဟာ တစ်ချိန်မှာ သုံးလေးယောက်ဆိုသလို အလုပ်ရှုပ်တဲ့အထဲက မင်းကိုယ်စား မင်းတာဝန်ကို ဝင်ကြေပေးတာ အားနာပါးနာနဲ့ကွ"

မိခင်က ရင်ဖိနေပြီ။ ညီအစ်ကိုကတော့ ပြုံးပြုံးရွှင်ရွှင်ပါပဲ။ သို့ပေမယ့် … နေမင်းသာကသာ တကယ်ပြုံးရွှင်နိုင်တာဖြစ်၏။ နေအုံ့မှိုင်းကတော့ နာမည်နှင့်လိုက်ဖက်စွာ ရင်ထဲမှာ အုံ့မှိုင်းခဲ့ရပါပြီ။ နေအုံ့မှိုင်း၏သက်ကျင့်မှာ တည်

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သည်ဆိုရာတွင် ဟန်ဆောင်ကောင်းခြင်းကိုပါ ထည့်သွင်းရမည်ဖြစ်၏။ သူ့ဝါသနာကလည်းတစ်မျိုး။ သေလုအောင်ချစ်ပါလျက် သည်းသည်းလှုပ်ချစ်ပြရမှာ ရှက်သည်။ မချစ်၏သို့ ချစ်၏သို့။ ထိုင်ငိုချင်လောက်အောင် ကြေကွဲဝမ်းနည်းရပေမယ့် … မျက်နှာကိုမပျက်အောင် ထိန်းနိုင်ခြင်းသည်သာ ယောကျ်ားကောင်းတို့၏ ဓမ္မသတ္တိဟုမှတ်ယူကာ မချိတင်ကဲ အမူအရာကို လုံးဝမပေါ်အောင် ထိန်းသိမ်းထားသည်။

အလွန်မြတ်နိုး နှစ်သက်သဖြင့် သက်ရှိသက်မဲ့ ပစ္စည်းတွေကိုလည်း မရလျှင် [illegible] ကြိုက်ပြီး … ရင်ထဲအသည်းထဲမှာ စွဲခိုက်မှုနေ [illegible] … မရချင်သလိုလို ရချင်သလိုလို၊ ပိုင်ရလျှင်လည်း [illegible] သည်။ [illegible] ဆိုင်ရ လည်း အစားထိုးဖြေသာသည်ဆို [illegible] နေတတ် သည်။ နေအုံ၏ ထိုစိတ်ရင်းကို [illegible] ပေါ်ချင် တစ်ယောက်တည်းပဲရှိသည်။ ထိုသူက [illegible] တည်း။

[illegible] တော့ … ငါ့မှာ ရှေ့မတိုးသာ [illegible] က်မဆုတ်သာ နဲ့ အခက်တွေ့ပြီ

"ကိုကိုက ကြိုက်ရှိသော [illegible]

ညီ … ခပ်တည်တည်မေးသ [illegible]

"ကြိုက်တာတော့ မမေးနဲ့၊ ရှုပ [illegible] ဖြစ်သွား နေတဲ့မိန်းမမျိုးကလွဲရင် လှ [illegible] ဟန်ပန် မိန်းမတိုင်းကို ငါကြိုက်တယ်၊ [illegible] တော့ ဘယ်သူ့ မှမချစ်ဘူး၊ ငါ့ကိုယ်ငါပဲချစ်တယ် …

"ဒါပေမယ့် … မိန်းမတိုင်းကိုကြိုက်တဲ့ငါက မင်း



ကောင်မလေးကိုတော့ မကြိုက်ဘူး၊ အဲဒါကြောင့် ဒီကိစ္စမှာ ငါကြိုက်တာ မကြိုက်တာနဲ့မဆိုင်ဘူး၊ မင်းက အတည်ပေါက်သမားဆိုတော့ …

"မင်းကောင်မလေးစိတ်ဓာတ်က မရင့်ကျက်ဘူး၊ မတည်ငြိမ်ဘူး၊ အဲဒါ … မင်း မရရင်သေမယ်ဆိုရင် မင်းကောင်မလေးကို မင်း ပြုပြင်၊ မရလည်းဖြစ်တယ်ဆိုရင် စွန့်လွှတ်၊ မင်းနဲ့ပဲဆိုင်တဲ့ကဏ္ဍ"

ညီက မျက်နှာအေးဆေးတည်ငြိမ်နှင့် တုန်လှုပ်ပုံမရပြ။ ကိုကိုက ရယ်ကျဲကျဲနှင့် တသောသော၊ မိခင်ကြီးသာလျှင် မျက်လုံးမျက်ဆံပြူးလျက် ရင်ဖိနေရတော့သည်။

"မင်း [illegible] ညီ"

[illegible] ဘူး၊ တချို့ကိစ္စတွေမှာ အာမှမလုပ် [illegible] အလုပ်သင့်ဆုံးအလုပ်ပဲ၊ ကိုကို သိလား"

[illegible] ဘူး၊ ကြောင်အောင်တောင်နေ"

[illegible] သူ့သူ့လေးပြုံးနေလိုက်သ [illegible] ကိုယ်က သူတို့ချစ်ပါသည် [illegible] အမျှချစ်၏။ တစ်သက်လုံး တူဇူ [illegible] ကိုယ်ကြိုးစားနေသမျှတို့သည် သူ [illegible] … ဖြီးတော့ ပေါက်ဖွားလာဦးမည့် ကိုယ်တို့ [illegible] လေးတွေရှိယ် … ဒီမိသားစုအတွက်ပဲဖြစ်၏။ ဒီမိသားစု [illegible] ဝိုင်းကလေး ပြည့်စုံလျှပယ်ဖို့ဖြစ်၏။ ဒီလို ကြိုးစားနေရ [illegible] ကိုယ်ပျော်သည်။ ကျေနပ်သည်။ ပီတိဖြစ်သည်။ ချစ်သူတို့ အမြင့်ဆုံးမှာထားခွင့်ရအောင် ကြိုးစားနေခြင်းကို အချစ်၏သက်သေဟု မြင်၏။ တူနှစ်ကိုယ် …

www.burmeseclassic.com



စက္ကန့်နှင့်အမျှ မျက်နှာချင်းဆိုင်နေရမှ အချစ်လား။ အချစ်ဟူသည် ရင်ထဲမှာ ထာဝရစွဲမြဲတည်တံ့နေတတ်သောအရာ မဟုတ်အူးလား။

"ဟော့ကောင် ... ငါ ငြင်းနေရတယ်နော်၊ ဈေးဆိုလည်း မအားဘူး၊ ရုပ်ရှင်ဆိုလည်း ကြည့်ပြီးပြီ၊ မွေးနေ့ပွဲဆိုလည်း သွားစရာရှိလို့နဲ့၊ အဲဒါ ... ငါ့ကို ဘာဖြစ်နေတာလဲတဲ့၊ အရုပ်နဲ့တူတဲ့ညီတစ်ယောက်ရဲ့ အစ်ကိုဟာ ကိုယ့်ခယ်မလောင်းကို ဒီလောက်မှ အလိုမလိုက်ဘူးလားတဲ့ကွာ ... အံ့တာပဲ"

ညီရင်ထဲမှာ ပေါက်ကွဲနေ၏။ သို့ပေမယ့် ... မည်သူမျှမသိဟု သူထင်သည်။ သိသူတစ်ယောက်ရှိသည်။ ရတနာစိချယ်။

"ညီရေ ... ကိုကိုကို ညီ ဘာပြောထားလဲ၊ မသွားချင်မလာချင်ဘူးဖြစ်နေတယ်"

"မပြောပါဘူး၊ သူ့ဆုံးဖြတ်ချက်နဲ့သူ ဖြစ်ပါလိမ့်မယ်"

"အဲဒါ ... ညီက တလဲတာဝန်ယူဦးလေ"

ညီက ဟိုသွားဒီသွား ဝါသနာမပါ။ အချိန်ပိုလျှင် ကိုယ့်အခန်းတံခါး ကိုယ်ပိတ်၍ စာအုပ်ဖတ်ချင်သည်။ စာအုပ်ဖတ်နေချိန်မှာ ရတနာ့ကို ညီချစ်နေသည်ပဲဖြစ်၏။ လုပ်ငန်းခွင်ထဲရှိချိန်မှာလည်း ချစ်နေသည်။ တစ်ရေးနိုး ညကြီးသန်းခေါင် အလုပ်ကိုစိတ်မချ၍ထ,သွားလည်း ရတနာသည် အတွေးတစ်ခုအဖြစ် ညီ့ဆီးမှာကပ်ပါလာသည်ပဲဖြစ်၏။ ရတနာသည် ညီအိပ်ပျော်နေချိန်တွေမှာတောင် အိပ်မက်



ဘဝနှင့် ညီနားမှာ အမြဲရှိသူမို့ ... ညီ နိုးနေချိန်တွေမှာဆို မပြောနှင့်တော့။ သို့ပေမယ့် ... ညီသည် ရတနာ့ထံပါးမှာ ထာဝရခစားနေဖြစ်မှာတော့ မဟုတ်ချေ။

"ညီက မအားလို့ပါကွာ၊ ခုဆို ... ကုန်တိုက်ကြီးက ပြီးတော့မယ်၊ ပစ္စည်းဝယ်တင်ဖို့ဆိုတာ အမျိုးအမည်တွေများသလောက် တစ်ခုချင်းစီရဲ့စာရင်း၊ ငွေကြေးတန်ဖိုး၊ သူတို့တွေလှောင်ထားဖို့ဂိုဒေါင် ... "

"တော်ပါတော့ ... နားငြီးတယ်"

"ဒါတွေဟာ ... တစ်နေ့ ရတနာ စိတ်တိုင်းကျသုံးစွဲနေထိုင်နိုင်ဖို့ ညီ ကြိုးစားနေတာတွေ"

"မိန်းမဆိုတာ မိုက်မဲမျိုးပဲ ညီ၊ စည်းစိမ်ဘုံပေါ်မှာ တစ်ယောက်တည်းပျင်းနေရတာနဲ့စာရင် ဆင်းရဲတွင်းထဲမှာ နှစ်ယောက်သား ယက်ကန်ယက်ကန်နဲ့ သေလုမြောပါးဖြစ်နေရမှာကို ရွေးချင်တယ်"

"မိုက်မဲခြင်းလို့ သဘောပေါက်ရင် မရွေးနဲ့ပေါ့ ရတနာရယ်"

"ကဲပါ ... ခု ရတနာ ... သမ္မတကကား အရမ်းကြည့်ချင်နေတယ်၊ ပြမှာလား၊ အဖော်မရှိဘဲ ရုပ်ရှင်ကြည့်ရတာ အရမ်းပျင်းတယ်ကွာ၊ အများကြီးလည်း မလိုဘူး၊ ကောင်းတယ်နော် ... တို့၊ ဟာကွာ ... တို့ ..."

"နည်းနည်းပါးပါးအသံထွက်ချင်ရင်တောင် ... တစ်ယောက်တည်းဆိုတော့ အရူးဖြစ်တယ်၊ သုံးယောက်

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ပြဿနာတရှုပ်တယ်၊ ရတနာက ရုပ်ရှင်ပဲကြည့်ကြည့်၊ ဈေးပဲသွားသွား …

"နှစ်ယောက်တည်းပဲကြိုက်တယ်၊ ကျန်တဲ့တစ်ယောက်ဟာလည်း ရတနာ့ကို အလိုလိုက်ပြီး ရတနာဖြစ်စေချင်တာ လိုက်လုပ်ပေးတဲ့တစ်ယောက်ဖြစ်မယ်၊ ရတနာ့ကိုဆန့်ကျင်ပြီး ရတနာ့ကို တရားတွေဟောနေမယ့်သူမဖြစ်စေရဘူး …

"အဲဒီတစ်ယောက်ဟာ ရတနာသုံးသမျှ နောက်ကလိုက်ပြီး ငွေရှင်းပေးနေဦးမယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့၊ ဒီနေ့အစီအစဉ်က ရုပ်ရှင်ပြီးရင် ဗိုလ်ချုပ်ဈေးမွှေမယ်"

အဲသည်နေ့ကတော့ ညီ လိုက်သွားခဲ့ပါသည်။

ရုပ်ရှင်ရုံထဲမှာ ညီက ရုပ်ရှင်ကြည့်ပြီဆိုလျှင် ပါးစပ်ပိတ်၍ တိတ်ဆိတ်စွာခံစားချင်၏။ သားလူက စကားတွေလာပြောနေလျှင် အာရုံပျက်၏။ ရတနာက တတွတ်တွတ်ပြောသည်။ ညီက မကြားတစ်ချက်ကြားတစ်ချက် … နောက်ဆုံးမှာ နားပူနားညည်းတာကြီးအဖတ်တင်လျက် တစ်ခွန်းမှ မကြားတော့ချေ။ ညီ့ထံမှစကားပြန်မရ။ ရတနာက စိတ်တိုင်း ခွဲဆိတ်၏။ ညီ့လက်မောင်းတစ်ဖက်လုံး အပေါ်အပြဲတွေနှင့် အရေပြားတွေစုတ်ပြတ်၏။ တစ်ကိုယ်လုံး ချွေးမော့ကာသန့်ရှင်းနေမှကြိုက်သော ညီ့အတွက် … ရက်နှင့်ချီ၍ ကုသရမည့်အနာအဆာတွေ၊ အနာဖေးလန်ပြီး ဖြူဖွေးအမာရွတ်ကျန်ရစ်ခဲ့လျှင် အလွန်အသန့်အပြန့်ကြိုက်သောညီ



အဖို့ စိတ်ညစ်ညူးနောက်ကျို ရှုံရှာစိတ်ပျက်ဖွယ်တွေဖြစ်ရတော့မည်။

ပြီးတော့ … သူတစ်ဖက်သားကို နာအောင်ကျင်အောင်မလုပ်လိုသော ညီက ကိုယ့်အသားနာလျှင် ဒေါသထွက်၏။

ဗိုလ်ချုပ်ဈေးကိုမွှေတော့ ညီ တော်တော်စိတ်ဆင်းရဲနေပြီ။ တွေ့ကရာမြင်ကရာဝယ်ချင်သောစိတ်ဓာတ်ကို ဈေးတွေ့ဈေးကြိုက်၊ သေးတွေ့သေးကြိုက် … မှာ ညီက အောက်တန်းချ၍ ကဲ့ရဲ့ချင်၏။ ညီ့မှာဆို ပစ္စည်းပစ္စယအသုံးအဆောင် သိပ်များများစားစားမရှိပါ။ ရှိသလောက်မှာ အဖိုးတန်အကောင်းစားချည်း။ အသန့်အပြန့်ချည်း။ ညီသည် ပေါ်ပေါ်ပဲပဲရသောပစ္စည်းများကိုလည်း "အချောင်" ဟူ၍ မက်တတ်သူမဟုတ်၊ ရတနာကတော့ ငါးကျပ်တန်ခေါင်းစည်းကြိုးမှစ၍ တစ်ကိုက်သုံးထောင့်ငါးရာတန် ပိတ်ဖောက်စာထိဝယ်၏။ ဒါတွေကို ညီ အားလုံးလိုက်ပြီး ငွေရှင်းသည်။

တချို့ပစ္စည်းတွေသည် ဈေးကြီးပေမယ့် … သူ့ကိုသုံးစွဲလိုက်လျှင် လူက စပ်ဖြဖြပြူးပြဲပြဲနှင့် အောက်တန်းကျသွားတာမျိုးဖြစ်၏။ တချို့ပစ္စည်းတွေကျတော့ … သူ့ကိုသုံးစွဲလိုက်လို့ကို လူပါရောနှော အဆင့်အတန်းမြင့်သွားရတာမျိုးရှိသည်။ ညီ့မျက်စိက အယဉ်ကြိုက်သည်။ အနေးကြိုက်သည်။ ရှင်းသန့်တည်ငြိမ်၍ အဆင့်မြင့်မြင့်ကြိုက်သည်။ အရောင်ဆိုလျှင် အသွေးမှိုင်းမှိုင်း၊ အရောင်ဖျော့ဖျော့ကိုကြိုက်၏။ စပ်ကျားကြီးတွေမကြိုက်၊ ပြူးပြဲကြီးတွေမကြိုက်။ ဆန်း

www.burmeseclassic.com



ပြားတိုင်း လှမှာမဟုတ်ဟု ထင်၏။ ရတနာနှင့်က စိတ်ချင်း အားလုံးဆန့်ကျင်သည်။ ရတနာ ဝယ်ခြမ်းနေသမျှကို ရှုံ့မဲ့စိတ်ပျက်၍ ငွေချေနေရသည်။

ရင်ထဲမှာ တော်တော်ကြီးခံစားရပေမယ့်၊ သူ ရှုံ့မဲ့ပြီးငွေချေနေပေမယ့်၊ ရင်ထဲမှာသာ ပြင်းထန်ပေါက်ကွဲလုနီးပါး ခံစားရပေမယ့် … အပေါ်ယံမှာကတော့ အေးတိအေးစက်ပါပဲ။ ဒါကို ရတနာသိသည်။ ဆူပူလှုပ်ရှားယိမ်းထိုးနေရမှ ပျော်တတ်သော ရတနာက ချစ်သူကို ပုံသွင်းကြည့်တာဖြစ်၏။ ရတနာလည်း ညီကိုချစ်ပါသည်။ ဝါသနာအကျင့်စရိုက်ချင်းမတူသောချစ်သူကို ရတနာ မခွဲနိုင်မခွာရက် ချစ်၏။ သို့ပေမယ့် … ညီ့ပုံစံကိုမကြိုက်။ ရတနာ့သဘောက ညီ ချစ်လျှင် ပုံစံပြင်ခဲ့။

ရတနာ့မှာ အပေါင်းအသင်းကလည်း များပါပေ့။

သွားလေရာ အသိတွေ့၏။ ဈေးဝယ်ရသည်ပဲမရှိ၊ အသိနှုတ်ဆက်ရချိန်နှင့် စကားပြောရချိန်က ပိုများသည်။ ဒါတွေကို ဘယ်အတိုင်းအတာအထိ သည်းခံပေးနိုင်မလဲဟု ညီတွေး၏။ ဒီနေ့အဖို့ အလုပ်ပျက်ရခြင်းအတိုင်းအတာများပြီဟု တွေး၏။ အလုပ်အမိုးတွေ၊ ကျွတ်ကျွတ်အိတ်တွေများလွန်းလို့ တံတောင်ဆစ်နှင့်လည်းချိတ်၊ လက်ချောင်းတွေမှာလည်းချိတ်ပြီးသည့်အပြင်မှာ အထုပ်တန်းလန်းတွေနှင့် လက်မောင်းလက်ရုံးက ရင်ခွင်မှာပွေ့ထားသောအထုပ်ကို မြုတ်မကျဖို့ ပြန်ဖိရသေးသည်။ အဲဒီလောက် ပုံပျက်ပန်းပျက်ပုံစံ



ကြီးကို ညီ မကြိုက်။

"ကားပေါ်သွားထားဦးမယ်ကွာ … များလှပြီ"

"ညီကလည်း … ရတနာလည်း ဗိုင်းကိုင်မှာပေါ့ပေး"

ဆယ့်ငါးထုပ် အထုပ်နှစ်အထပ်ထဲမှ သေးသေးတစ်ထုပ်လောက် လှမ်းယူရုံနှင့် ညီမှာ အခြောင်ပြေသွားပါ။

"ရတနာ အဲဒီဆိုင်မှာနေခဲ့၊ ညီ သွားထားလိုက်ဦးမယ်"

ညီက ပြောပြောဆိုဆိုထွက်သွားသည်။ ရတနာ့ကို မစောင့်တော့။ ကားပေါ် အထုပ်တွေသွားတင်သည်။ လူမောစိတ်မောမို့ မုန့်တန်းသို့ဝင်၍ ရွှေရင်အေးတစ်ခွက်ဝင်သောက်သည်။ ပြီးတော့မှ … ကြေးမော့သပ်ရပ်စွာ ရတနာ့ဆီရောက်၏။

"ကြာလိုက်တာ ညီကလဲ"

ညီနှင့် ရတနာတို့က လွဲနေကြသေးသည်။ ရတနာက ကြာနေသော ညီ့ကို သည်းခံစိတ်ရှည်ပြီးစောင့်မနေပါ။ သူဝယ်ချင်တာတွေ လျှောက်ဝယ်ထားသည်။ သူ့ကို မတွေ့တွေ့အောင်ရှာဖို့က ညီ့တာဝန်ဟု ယူဆ၏။ ထားခဲ့သောဆိုင်မှာ မလှုပ်မယှက်စောင့်ဖို့က ရတနာ့တာဝန်ဟုညီက ယူဆ၏။ စောင့်ရမည့်သူက နေရာမှာမစောင့်၊ လာရှာမည့်သူက ရွှေရင်အေးတစ်ပန်းကန်ဝင်သောက်နေလိုက်သေးသည် ဆိုတော့ လူချင်းလွဲတာ မဆန်းပြားတော့ပါ။

"ကြာလည်း ဘာဖြစ်လဲ၊ တွေ့တာပဲမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်းလျှောက်သွားနေရတော့ ကြောင်တာပေါ့၊ ညီက ဘာဖြစ်လို့ကြာနေတာလဲ"

"ရှေ့ရှင်အေးဝင်သောက်နေလို့"

"ကြည့် … ရတနာ့တော့မခေါ်ဘူး၊ ရတနာလည်း သောက်ချင်မှာပေါ့၊ အစားတစ်လုတ်ကို ရည်းစားခေါ်ဖို့ သတိမရဘူးလား"

"အစားကောင်းအသောက်ကောင်းမှ မဟုတ်တာ၊ ကြုံသလိုဝင်သောက်လိုက်တာ"

"ဒါဖြင့် … အစားကောင်းအသောက်ကောင်းက ဘာလဲ"

"သိပ်တော့မသိဘူး၊ ဒံပေါက်တို့ဘာတို့ ဖြစ်မှာပေါ့"

"ရေခဲမုန့်လေးများ မပါဘူးလား"

"ပါနိုင်ပါတယ်"

"ကဲ"

ရတနာက ရွဲ့မေးလို့မှ ရွဲ့မှန်းမသိ၊ သူ့ကို လူလယ်ခေါင် ဆိတ်ချမတ်လိုက်တော့သည်။ အဲသည်နေ့က … နှစ်ယောက်လုံး မကျေနပ်ချက်များစွာဖြင့် အိမ်ပြန်ကြရသည်။ အပြန်ခရီးသည် တိတ်ဆိတ်နေ၏။ ခြောက်သွေ့နေ၏။ ရတနာက စိတ်ကောက်နေသည်။ နေအုံ့မှိုင်းက စိတ်ပျက်နေသည်။ ထိုနေ့သည် ချစ်သူနှစ်ဦး တိတ်ဆိတ်စွာလမ်းခွဲကြသောနေ့ဟုလည်း ပြောနိုင်၏။ ထိုနေ့၏နောက်ပိုင်းနေ့ရက်တွေမှာ ညီက ချစ်သူကိုလွမ်းပေမယ့် ကြောက်နေသည်။ ရတနာကတော့ စိတ်ကိုပျက်သွားတော့တာပါ။



"ကိုကိုရယ် … ညီလိုလူမျိုး လောကမှာရှိတယ်ဆိုတာ ကြားစကားဆိုရင် မယုံဘူး … အဟုတ်"

ညီ ဟန်ဆောင်နေမှန်း ရတနာသိသည်။ ရတနာ့ကို ညီ သိပ်ချစ်တာ ရတနာသိသည်။ သို့ပေမယ့် … ညီက တစ်ကိုယ်ကောင်းဆန်၏။ ရတနာ ဒီလိုပဲစွဲစွဲချင်သည်။ ညီသည် ဘယ်လောက်ချစ်ချစ်၊ သူ့စံသူ့မှု သူ့စည်းသူ့ဘောင်ထဲမှတော့ ထွက်လာမည့်သူမဟုတ်ချေ။ သူက အလွန်ချစ်၍ သူ့အချစ်ကိုလည်း ခံယူချင်သူသည် သူ့စည်းသူ့ဘောင်ထဲသို့သာ ဝင်လာပေတော့၊ သူကတော့ သူ့စံသူ့နှုန်းဖြင့်ပသို့ ထွက်လာမည့်သူမဟုတ်ချေ။ ဒါကို ရတနာ နသိသည်။

"သူ … ရတနာ့ကို မချစ်တာလည်းမဟုတ်ဘဲနဲ့ ကိုကိုရယ်"

"ချစ်တယ်၊ ဒီကောင့်မှာ ချစ်စရာဆိုလို့လည်း ရတနာ တစ်ယောက်တည်းရှိတာ"

"ဒါပေမယ့် သူက သိပ်ဟန်ဆောင်တာပဲ၊ ဘာပဲဖြစ်ဖြစ် မမှုပါဘူးဆိုတဲ့ပုံစံကနေ နည်းနည်းလေးမှမလျှော့ဘူး"

"ဒါပေမယ့် … ရင်ထဲမှာကျတော့ ပေါက်ကွဲနေမှာ"

"ကိုကို သိလား … ဟုတ်လား၊ ရတနာက ကိုကိုတောင် သူ့အကြောင်းကို သိနိုင်မယ်မထင်ဘူးထင်ထားတာ"

"အမြွာညီအစ်ကိုလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲနော်၊ ကိုကိုတို့အမြွာဆိုတာ ရတနာက မွေးနေတယ်၊ အထက်အောက်လို့ပဲထင်တယ်"

ကိုကိုက သက်ပြင်းမောကိုချ၏။ အမြွာညီအစ်ကိုသည် စိတ်ချင်းသဘောချင်း ဝါသနာချင်း၊ အကျင့်စရိုက်ချင်း ဖြောင့်ဖြောင့်ကြီးဆန့်ကျင်ကြသည်ဆိုတာ အပေါ်ယံကြောနှင့် အများအမြင်သာဖြစ်သည်။ တကယ်လည်း ဆန့်ကျင်ကြပါသည်။ သို့ပေမယ့် ရင်ထဲ၊ ဟိုး ··· အနက်ရှိုင်းဆုံးတစ်နေရာမှာတော့ ထပ်တူညီနေသည်။ ဒါကို ညီသိမည်မထင်ပါ။ ကိုကိုကတော့ သိနေသည်။ သိဆို ··· ညီ့ရင်ထဲမှနှလုံးသည်းပွတ်သည် ကိုကို့နှလုံးသည်းပွတ်ဖြစ်နေခဲ့သည်လေ။

✽

# ၁၁

ကိုကိုသည် ပျော်တတ်၏။ ရည်စားများ၏။ ဖြစ်လွယ်ပျက်လွယ်၏။ သို့ပေမယ့် ··· အချစ်စစ်အချစ်မှန်တော့ သူ့မှာရှိခဲ့သည်။ သူသည် အချစ်စစ်ကို နောက်ကျပြီးမှတွေ့ခဲ့သည်။ တွေ့ချိန်မှာ ··· ကိုယ် မကြုံစဘူး မွှေးရှူးစွာ ခွဲလမ်းသွားရသောသူက ညီ့ချစ်သူဖြစ်နေသတဲ့။ ညီကသာ သုံးနှစ်သုံးမိုး တစ်ဖက်သတ်စွဲလမ်းရပေမယ့် ··· ခုချိန်ထိ ဖွင့်ဟလို့တောင် ခွင့်မတောင်းသေးဘူးဆိုတော့ ကိုကို့မှာလည်း ကြိုးစားခွင့် တန်းတူရှိနေသကဲ့သို့ဖြစ်၏။ သို့ပေမယ့် ကိုကို ဘာန်ဆောင်ခဲ့ပါသည်။ ကိုကို မကြိုးစားခဲ့ပါ။ ညီ့အတွက်တောင် ဝင်၍လမ်းဖွင့်ပေးခဲ့ပါသည်။

ညီတို့ချစ်သူနှစ်ဦး အဆင်ပြေလျှင် ကိုကိုရင်နာနာ ပျော်ရွှင်ရပါသည်။ သူတို့ချစ်သူနှစ်ဦးက စရိုက်ကွဲလို့ အဆင်မပြေတိုင်း ··· ကိုကို မချိတင်ကဲ နာကျင်ရပါသည်။ သူတို့မှာ ပွဲလန့်လျှင် ဖျာဝင်ခင်းမည်ဆိုသော စိတ်မျိုး မရှိပါ။

www.burmeseclassic.com



နောက်တချစ်ကြုံတွေ့ခွင့်ရခဲ့သည့် ကိုယ့်အဖြစ်ကိုပဲ ကိုယ့်ဘာသာ ကြိတ်မှိတ်ခံစားပါသည်။ ကိုကိုလိုလူမျိုး ကြိတ်မှိတ်ခံစားနေရပါသည်ဟုပြောလျှင်လည်း ကြားရသူတွေက ရယ်မောပါလိမ့်မည်။ ယုံ့ကြည်ကြမှာမဟုတ်ပါ။ ရတနာသွားလေရာနောက် တကောက်ကောက်လိုက်ခဲ့ရခြင်းမှာ အကြောင်းအမျိုးမျိုးရှိသည်။ ရတနာကခေါ်လို့၊ ညီက တာဝန်မကျေလို့၊ ကိုယ့်ပုံစံကလည်း ဒီလိုပုံစံမျိုးထဲဝင်နေလို့ ... စသည်၊ စသည်များ။

ကိုယ့်မှာ နေမြင့်လေ အရှုံးရင့်လေ ဖြစ်ခဲ့ရ၏။

အဲဒါကြောင့် ညီ့ကိုသတိပေးသည်။ အပြစ်တွေကို ရတနာ့အပေါ်ပုံလျက် ... ထိန်းတော့ဟု ညီ့မခံချင်စိတ်ကို နှိုးဆွခဲ့သည်။ ညီဆိုသောညီ၊ ရှာမှရှားညီက သူ့ဘာသာလိမ့်ပိမ့်နာကျင်တော့မည်၊ ကိုယ့်စည်းကိုယ့်ဘောင် ကိုယ့်ဇုံစံခွက်ကလေးကိုတော့ အပွန်းအပဲ့မခံတော့ဆိုသည့် ဆုံးဖြတ်ချက်နှင့် မနာကျင်ချင်ယောင်ဆောင်သည်။ ညီ ဘယ်လောက်ကြေကွဲနေရမည်ဆိုတာ ကိုယ်သာလျှင်အသိဆုံးဖြစ်၏။ ဘာဖြစ်လို့လဲဆိုတော့ ... အဲသည်ကြေကွဲမှုကို ကိုယ်က အတွေ့အကြုံ နောက်တချလေခြင်းဖြစ်ရပ်နှင့် ခံစားခဲ့ပြီးမို့ဖြစ်ပါ၏။ ကိုကိုက မဖြစ်သင့်သောမှားယွင်းမှုမျိုးအဖြစ် "ရတနာစီချယ်" ဆိုသောမိန်းတလေးကို ကြိုးစားပမ်းစားရှောင်သည်။ ရှောင်ရင်းတ တွယ်ငြိ၏။ ရတနာသည် ညီ့ဆန္ဒအစစ်အမှန် အရင်း



အမြစ်တို့ကိုတူးဆွရန် ကိုကိုတို့ ခုတုံးလုပ်မှန်း ကိုကိုသိသလို ညီလည်းသိမှာပင်။ ညီ့ထံမှ အရင်းအမြစ်တို့ ထင်ရှားပေါ်လွင်မလာခဲ့သလောက် ... ကိုကို့မှာတော့ မရှန်းသာမလွန့်သာဖြစ်ရတော့သည်။

"ညီ ... မင်းတို့ကိစ္စ အဖုက်အမျှတ်နဲ့ နှာခေါင်းသွေးထွက်တော့မယ်"

"သွေးတွေက ချောင်းလိုစီးသွားခဲ့ပြီ ကိုကို"

"ဘာ"

"ရတနာကစပြီး ပြတ်စကားကိုပြောတယ်"

"ပြောမှာပေါ့၊ မင်းပုံစံက မထုံတက်သေး၊ မလှုပ်တလှုပ်နဲ့၊ မချစ်သလို ချစ်သလိုနဲ့၊ ဗျာကယ်တင်ရေးကြ မချစ်တာလည်းမဟုတ်ဘူး၊ ဘယ်မိန်းကလေးက စိတ်ရှည်မလဲ၊ မိန်းမသားကို စော်ကားရာလည်းရောက်တယ်"

ကိုကိုက ဆိုင်လား မဆိုင်လားမသေချာသော အချက်အလက်များဖြင့် ညီကိုကိုင်ပေါက်သည်။ ညီက သက်သောင့်သက်သာရယ်၏။

ညီက ဘဲဥဆို ... အကာပဲကြိုက်သည်ဆိုသော အခါ ကိုကိုက ... ငါတော့ အနှစ်မှအနှစ်ဟု ပြော၏။ မိဘတွေက အမြွှာညီအစ်ကို ဆန္ဒချင်းကွဲလွဲလှချည်ဟု ရယ်မောသည်။ ညီအကာကြိုက်သမားဖြစ်သွားခဲ့တာ ညီမသိဘဲ

www.burmeseclassic.com

www.burmeseclassic.com



နေပါ့မလားး။ အမြွာညီအစ်ကိုလေ။ အပေါ်ယံကြောတွေမှာ ကွဲလွဲတာမှန်ပါသည်။ သွားလာနေထိုင်၊ ပြောဆိုလှုပ်ရှား၊ အဝတ်အစား၊ အသုံးအဆောင်၊ တေးသီချင်းမှစလို့ ဖီလာဆန့်ကျင်ကြတာမှန်ပါသည်။ တစ်ယောက်ငြိမ်ပြီး တစ်ယောက်က လှုပ်တာမှန်ပါသည်။ ဒီလိုကွဲလွဲတာကိုက တစ်ယောက်က "ဒါ"မို့ နောက်တစ်ယောက်က "ဟိုဟာ" ဖြစ်သွားရတာမျိုး ချည်းပါ။ စင်စစ် ··· အနက်ရှိုင်းဆုံးသောတစ်နေရာမှာ ခံစားမှုခြင်း ထပ်တူညီနေပါသည်။ ဒါကို ညီသိပါသည်။

"သူနဲ့ ညီနဲ့ ဘယ်လိုမှမဖြစ်နိုင်တော့တာ သူသိပြီတဲ့။ သူသိသလို ညီလည်းသိနေပြီပဲ၊ မဖြစ်နိုင်တဲ့ကိစ္စကို ဘာဖြစ်လို့ရှေ့ဆက်မလဲ"

"မင်းတို့ဟာ မဟုတ်သေးပါဘူး"

"အချစ်ဆိုတာ သိပ်ထူးဆန်းတယ် ကိုကို၊ ချစ်တယ် ချစ်တယ်ဆိုတုန်းက အတုမရှိချစ်လိုက်ရတာ၊ မချစ်တော့ဘူးလို့ စိတ်လည်းပျက်ပစ်လိုက်ရော ··· နည်းနည်းလေးမှ မချစ်တော့ဘူး ကိုကို"

"မဟုတ်သေးပါဘူး"

"ဟုတ်တယ်၊ ကျွန်တော့်ကိုကျွန်တော်ချစ်ဖို့ ချန်ထားရသေးတယ်၊ တစ်ဖက်သားတစ်ယောက်အပေါ် ချစ်တဲ့စိတ်ကြောင့် ကိုယ့်ဘဝနစ်မွန်းခံရရင် ကိုယ့်ကိုကိုယ်ချစ်ရာဘယ်ရောက်တော့မလဲ၊ ဒါကို ··· တစ်ကိုယ်



ကောင်းဆန်တယ်၊ ဆဲလ်ဖစ်ရှစ် (Selfish)ဖြစ်တယ်ပြောရင်လည်း ခံရုံပဲ"

ညီ ဒီလောက်ပြောပြီးဆိုလျှင် ···

သူ့ရင်ထဲမှာ ဘယ်လောက်ပဲပေါက်ကွဲပါစေ၊ ရှေ့မဆက်တော့မှာ သေချာသည်။ ညီက တကယ်လည်း Selfish ဖြစ်ပါသည်။ ကိုယ့်ကိုကိုယ်ချစ်ဖို့ ဦးစားပေးတတ်သူဖြစ်၏။ ဒါကြောင့် ··· သူနှင့်ပတ်သက်သမျှ သူ့ကိုယ်ရည်ကိုယ်သွေး အချက်အလက်တွေအားလုံးကို "အကောင်းချည်း" စုဝေးနေစေတာဖြစ်၏။ ညီနှင့်ရတနာတို့ တကယ်ပဲပြတ်တောက်သွားခဲ့ကြလေ၏။

"ညီနဲ့ပြတ်လို့ ကိုကိုကပါရောပြီး လေစိမ်းတိုက်တာ တရားသလား"

ရတနာကလည်း ညီ့ကိုစိတ်ပျက်ပါသည်။ သို့ပေမယ့် မခံချိမခံသာဖြစ်၏။ ရတနာ့စိတ်ဓာတ်က မဖြစ်နိုင်ကြတော့ဘူးထင်လို့ နှစ်ဦးသဘောတူလမ်းခွဲရာတွင် ကိုယ့်ဘက်ကသာ ပြတ်တောင်းလျက် သူ့ဘက်မှာ တနုံ့နုံ့ခံစားစွဲလမ်းဆဲ ··· ဆိုသည့်အခြေအနေမျိုး ဖြစ်စေချင်သည်။ ညီက ဒီလိုမဟုတ် (ဟုတ်ချင်တော့ဟုတ်မည်၊ သို့ပေမယ့် ··· မြင်သာအောင်မပြ)တော့ ရတနာ အသည်းယားး၏။ မခံချင်စိတ်ဖြစ်ထွန်း၏။ ညီ့ကို တစ်ကိုယ်ကောင်းဆန်လှသည်ဟု စွပ်စွဲသော ရတနာကိုယ်တိုင် အလွန်တစ်ကိုယ်ကောင်းဆန်

www.burmeseclassic.com

www.burmeseclassic.com



နေတာ ကိုယ့်ကိုကိုယ် နားမလည်ခဲ့ပါချေ။

"ညီ ... ရတနာ ခုတလော ငါ့ကိုအရမ်းလာပေါင်းနေတယ်"

ကိုကို့ခမျာ မသက်မသာဖြစ်ရှာ၏။ ရတနာက စိတ်လိုလက်ရလာပေါင်းလေလေ ရင်ထဲမှာ ကြည်နူးပီတိနှင့် ပျော်ရလေလေပေမယ့် ... ပျော်ရသည့်အတွက်ကိုပဲ မျက်နှာပူစိတ်ဆင်းရဲရတော့သည်။

"ကိုကိုနဲ့ သူနဲ့က ဒီဇိုင်းတူတယ်၊ ကောင်းပါတယ်"

"ငါ့အဖို့ အနေရခက်တယ်ကွ"

"မခက်ပါနဲ့၊ ညီနဲ့က သူငယ်ချင်းတွေပြန်ဖြစ်သွားပြီ၊ လမ်းတွေ့ရင် နှုတ်ဆက်မယ်၊ သာရေးနာရေးရှိရင်ဖိတ်မယ်"

"မင်းပြောပုံကလဲ"

"ခေတ်မီတာလေ၊ ရည်းစားအဖြစ်ကပြတ်ရုံနဲ့ ရန်သူကြီးတွေဖြစ်ရရောလား၊ မခေါ်နိုင်မပြောနိုင်တဲ့ခေတ် ကုန်ပြီ၊ ခုခေတ်က ရည်းစားမပြတ်ရင် သူငယ်ချင်း၊ သူငယ်ချင်းကပြတ်ရင်တောင် ...

"သာမန်မိတ်ဆွေလုပ်လို့ရသေးတယ်၊ သာမန်မိတ်ဆွေ သဘောတောင် မထားနိုင်လောက်အောင် မုန်းတီးမှ ရန်သူ"

"အော် ... အော် ... မှတ်ထားရဦးမယ်"



"ကိုကို့ရည်းစားတွေနဲ့ ကိုကိုနဲ့ ... သူငယ်ချင်းတွေ မဟုတ်ဘူးလား"

"မဟုတ်ဘူးကွာ၊ စကားမပြောကြတော့ဘူး"

"ကိုကိုကမှ ခေတ်မမီဘဲ"

"သူတို့ကမပြောတာ၊ ငါက ပြောမယ်ဆိုရင်ပြောနိုင်တယ်"

"ညီနဲ့ ရတနာနဲ့က သူငယ်ချင်း၊ ကိုကိုနဲ့ ရတနာတို့ တစ်ခုခုကိုဆုံးဖြတ်ဖို့လိုအပ်ရင် ညီနဲ့ ဘာမှမဆိုင်ဘူးဆိုတာ မမေ့မလျော့သတိပြု"

"အောင်မယ် ... မင်းက ဒီလိုပြောရလား"

ကိုကိုက ရက်ကိုးရက်ကန်းကြီး ရယ်နေသည်။ ညီက သက်သောင့်သက်သာရယ်၏။ ညီ့ရင်ထဲမှာ ဝေဒနာ လက်ကျန်ရှိနေပါသေးသည်။ သို့ပေမယ့် ညီက လူမသိအောင် ဖုံးနိုင်သည်။ ဖုံးဖိခြင်းအရာတွင် မကျွမ်းကျင်သော ကိုကို့ ခံစားချက်ကြီးကသာ တစ်နေ့တခြား လူသိနတ်ကြားဖြစ်လာ ခဲ့ရတော့သည်။

❀

ညီနှင့်ရတနာတို့ ချစ်သူအဖြစ်မှ ရပ်ဆိုင်းပြီး ရှစ်လအကြာတွင် ကိုကိုနှင့်ရတနာတို့ လက်ထပ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ညီက ခံစားမှု "ဗလာ" တဲ့။ အပြောနှင့်အလုပ် ညီအောင်နေ၏။ ယုံကြည်ဖွယ်ရှိ၏။ ကိုကိုက သူ့ "ဗလာ" ကို အတုလား အစစ်လား ခွဲခြားမနေတော့ပါ။ "ဗလာ" ဆိုတာကိုယုံလိုက်သည်။ ကိုကိုနှင့်ရတနာတို့က အတွဲညီ၏။ ဝါသနာနှင့် နေတတ်ပုံချင်းတူသည်။ လှပ်ရှားယိမ်းထိုးသည်။ ဆူညံအသံထွက်သည်။ ဇနီးမောင်နှံနှစ်ယောက်သား … သွားလိုက်သည့်လမ်း၊ ထွက်လိုက်ရတဲ့ခရီး၊ သုံးလိုက်ကြသည့်မိုက်ဆံ၊ ပျော်လိုက်ကြသည့်ပွဲ။

"ငါးရှဥ့်လင်မယားလေ၊ ဖမ်းလို့ကိုမမိဘူး"

မေမေက မျက်စိနောက်၏။ သွေးတိုးရော ဆီးချိုပါရှိသော မေမေကဆို မျက်နှာကိုလွှဲနေရသည်။

"ဒီလင်မယားကလည်း ကြည့်ရင်မူးတယ်၊ အသံကြားရင် နားငြီးတယ်" တဲ့။

ကိုကိုနှင့်ရတနာတို့မှာတော့ ပျော်တာပြုံးပြုံး။ ပျော်လို့ဝမှ … ကိုကိုက ညီ့ကိုအားနာဖို့ သတိရသည်။ ကိုယ်ကသေလုအောင်ပျော်နေချိန်မှာ ညီ ဘယ်လိုရှိရှာမလဲ။ ကိုကို အိမ်ပြောင်းသည်။ အိမ်ခွဲဆင်းသွားခြင်းက ကိုကိုနှင့်ရတနာတို့၏ကံကြမ္မာကို ပြောင်းလဲစေခဲ့ပါသည်။ ကိုကို့စီးပွားရေး တစ်ဟုန်ထိုးဖြစ်ထွန်း၏။ မိဘအိမ်မှာ၊ ယောက္ခမအိမ်မှာမျိုး အထိန်းအတွပ်မရှိတော့ … ကိုကိုက "လွတ်" သည်။ ရတနာကလည်း လွတ်သည်။ အပျော်အပါးဝါသနာပါသော ကိုကို့မှာ ပျော်နည်းပေါင်းတွေ စုံလာ၏။ အပေါင်းအသင်း၊ အစားအသောက်၊ လောင်းကစား၊ ဆေးဝါး။



ရတနာက … အစပိုင်းမှာ ကိုကို့ကိုပြန်ထိန်းပါသေးသည်။

"ညီ … ကိုကိုက စွယ်စုံဖြစ်နေပြီ၊ ဘာတစ်ခုမှ ရစရာမရှိတော့ဘူး၊ ပြောအုံး"

ညီ့ဆီ ဖုန်းဆက်တိုင်သည်။ မေမေ့ဆီ ဖုန်းဆက်တိုင်သည်။ မေမေက ကိုကို့အတွက် ဘာတစ်ခုမျှ အရေးယူဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါ။ မေမေ့ကျန်းမာရေးက အလွန်ဆိုးဝါးနေသည်။ ဆေးရုံ ရက်ရှည်တက်လိုက်၊ အိမ်မှာ ခဏပြန်နားလိုက်၊ ဆေးရုံပြန်တက်လိုက်နှင့် … မေမေ့မှာ လူရောစိတ်ပါ ချုံးချုံးကျနေ၏။ ကိုကို့အကြောင်းကို ခေါင်းထဲမထည့်နိုင်ခဲ့ပါ။

"ကိုကို … သတင်းတွေဆိုးတယ်၊ ဘာရိုက်အုပ်အုံး"

ညီက တား၏။

"ဟာ … ကြားစကားတွေ မယုံနဲ့၊ ရတနာ ပြောတာမှလား၊ ဒို့မိန်းမလည်း ငါမနိုင်တော့ဘူးကွာ၊ ဘာရိုက်အုပ်ဖို့လိုနေတာ ငါမဟုတ်ဘူး … သူ"

"ကိုကို ပျော်ပျော်နေတတ်တာကို ဘာမှမပြောချင်ဘူး၊ လောင်းကစားနဲ့ဆေးတော့ မလုပ်ပါနဲ့ ကိုကိုရာ"

"ဟာ … မလုပ်ဘူး၊ အဲဒါကြောင့် အဲဒီမိန်းမကို သတ်ချင်တာ၊ ငါ့နာမည်ကို သူပဲလျှောက်ဖျက်နေတာ၊ ဘယ်တလာ ဆေးကိုင်ရမှာလဲ၊ မလုပ်ဘူး၊ လုံး … စိတ်ချ"

ကိုကို ဒီလောက်ပြောတော့ ညီက ယုံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



စင်စစ် ... ဆေးသမားတစ်ဦး၏စကားမှာ မှားသောတည်း။ လိမ်လည်လှည့်ဖြားပြောဆိုဖို့ နည်းနည်းကလေးမျှ ဝန်မလေးတတ်သော သူတို့ဝသီကို ညီက လိုက်မမီခဲ့ပါ။

"ကလေးလေးမွေးထားတာ သမီးလေးဗျာ၊ အမေက ပြန်မကြည့်၊ အဖေက ပြန်မကြည့်နဲ့ ... ကလေး ဘယ်လောက်သနားစရာကောင်းလဲ"

"ညီကလည်းကွာ ... ဒီလောက်မဆိုးသေးပါဘူး၊ ဒါပေမယ့် ... ညီပြောစကား နားထောင်ပါ့မယ်"

တစ်ခါမှာတော့ ... ညီနှင့်ရတနာတို့ ထိပ်တိုက်တွေ့သည်။

မေမေ နေမကောင်းရက်မို့ ကိုကိုက အိမ်မှာလာပြန်နေ၏။ မေမေသည် သားကြီးနေမင်းသာ၏မျက်နှာကို မြင်နေရလျှင် ရောဂါတစ်ဝက်သက်သာသူဖြစ်သည်။ သို့ပေမယ့် ... လင်မယားနှစ်ယောက်၏ ရန်ပွဲတချိန်းချိန်းကိုတွေ့ရသောအခါမှာ ရောဂါတစ်ဝက် မသက်သာနိုင်တော့ပါ။ ကိုကိုတို့ဇနီးမောင်နှံက မေမေ့ရှေ့မှာလည်းမရှောင်၊ ရန်ပွဲကြီးက လူသိနတ်ကြား။ ဖြစ်ရသည့်အကြောင်းရင်းကိုတော့ မသိရ၊ ဖြစ်ရင်းဖြစ်ရင်း တစ်ယောက်နှင့်တစ်ယောက် နာအောင်ပြောတာတွေကိုကျတော့ ကြားနေရသည်။

"ကိုကို ... တော်ဗျာ၊ မေမေ နေမကောင်းဖြစ်နေတာ သိရဲ့သားနဲ့"

"ငါကတော်တယ်၊ မတော်တာက မင်းဟာမ"

"ဟာ ... ကိုကို ဘယ်လိုပြောလိုက်တာလဲဗျာ"



"ဆေးသမားစကားလေ၊ ဆေးသမား ဘိန်းစားဆိုတော့ ဦးနှောက်က ဘိန်းဦးနှောက်၊ ပြောသင့်သလား မပြောသင့်ဘူးလား တွေးမှမတွေးနိုင်တာ၊ ဘိန်းစားဟာ ဘိန်းစကားပဲပြောမှာပေါ့"

"ဘိန်းစားတာ ငါ့ပိုက်ဆံနဲ့ငါစားတာ၊ နင့်လို ကိုယ်ကျင့်တရားပျက်တဲ့မိန်းမ မဟုတ်ဘူး၊ ဖောက်ပြန်တဲ့ မိန်းမ မဟုတ်ဘူး၊ ငါက လျှပ်ပေါ်လော်လီတဲ့ကောင် မဟုတ်ဘူး"

"အေး ... ဟုတ်တယ်၊ လျှပ်ပေါ်လော်လီတော့ ဘာဖြစ်လဲ၊ နင်အရှက်မရှိလို့ သမီးလေးနှင်းခဲကို နှမ်းနှမ်းနေတာ၊ အဲဒါ နင့်သမီးမဟုတ်ဘူး"

"ခင်ဗျားတို့ တော်ကြဆိုတာ ပြောလို့မရဘူးလား"

ရန်ဖြစ်ပြီဆိုတော့ ... တစ်ဖက်သား ဆတ်ဆတ်ခါမည့်စကားလုံးတွေချည်း ရွေးပြောတော့သည်။ မေမေ ကြားသွားပြီး ချုံးပွဲချငို၏။ ပြီးတော့ အိပ်ရာထဲမှာ ခွေသည်။ ညီက ကိုကို့ကိုရော ... ရတနာ့ကိုပါ အိမ်ပေါ်မှ တွန်းထိုးမောင်းချတော့ ... တစ်ယောက်တစ်လမ်း ဆင်းသွားကြသည်။ နှင်းခဲက အိမ်ပေါ်မှာ သောင်တင်ကျန်ရစ်၏။ မေမေက နှင်းခဲကို သူ့နှင့်ခေါ်သိပ်သည်။

"နိုင်ရပြီးရောဆိုပြီး ပြောသွားတာနေမှာပါ၊ နှင်းခဲဟာ မေမေ့မြေးပဲဖြစ်မှာပါ"

အစကတည်းက နို့ဗူးသောက်ကလေး၊ ပြီးတော့ ... လသမီးအရွယ်လေးမို့ ... အမေမရှိတာနှင့်ရှိတာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖို့မထူးခြားဘူးဖြစ်နေသည်။ နှင်းခဲနှင့်အတူ ကျန်ရစ်သူ နောက်တစ်ယောက်ရှိသေးသည်။ သူက မသိန်းမေ။ အစက တည်းက နှင်းခဲကိုထိန်းရင်း နှင်းခဲတို့အိမ်မှာနေသော … ရထားနာ့အဒေါ်ဝမ်းကွဲ။ လင်တစ်လမ်း မယားတစ်လမ်းဆင်း သွားချိန်မှာ နှင်းခဲနှင့်အတူ မသိန်းမေက ယောင်တောင်ပေါင် တောင်နှင့်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ မေမေရယ်၊ နှင်းခဲရယ်၊ မသိန်းမေရယ် အတူရှိနေခြင်းက မေမေ့လစ်ဟာနေသောရင် ကို ပြည့်စေ၏။

ခင်ပွန်းသည်ဆုံးရှုံးထားရသော ပရိဒေဝကို နှင်းခဲဝေယျာဝစ္စတွေဖြင့် ဖြေဖျောက်ရသည်။

ရတနာကတော့ … အဲသည်နေ့ကစလို့ အိမ်မပြန်တော့ချေ။ သူ့မိဘအိမ်လည်းမပြန်၊ ကိုကိုနှင့် တူတူနေသောအိမ်လည်းမပြန်၊ ရတနာ ဘယ်ရောက်သွားမှန်းမသိပါ။ ကိုကိုစွပ်စွဲသလို တကယ်ပဲ ဖောက်ပြန်သူမို့ … သူ့ဖောက်ပြန်ရေးသမားနောက်ပဲ လိုက်သွားသလားမသိတော့ချေ။

"သူ့အကြောင်းကို သူ့အိမ်ကအသိဆုံးနေမှာပေါ့၊ ဒါကြောင့် ငိုက်မရှာတာနေမှာ၊ သူ့မိဘကတောင်မရှာရင် ငါက ဘာလို့ရှာရမှာလဲ"

နောက်တော့ … ကိုကိုကပြောပြသည်။ ကိုကို့စကားက ကိုယ့်အပြစ်ကိုယ် ဖုံးကွယ်ချင်သောကြောင့် တစ်ဖက်သားအပြစ်တင်စကားလည်း ဖြစ်နိုင်ပါသည်။

"ငါ … ဆေးစွဲတာသူ့ကြောင့်" တဲ့လေ။

"သူက ပြောလို့မှမရတာ၊ ထိန်းလို့ကိုမရဘူးကွာ၊



နောက်တော့ ငါရိပ်မိလာတယ်၊ ငါနဲ့လက်ထပ်တာ ငါ့ကိုချစ်လို့မှမဟုတ်တာ၊ မင်းတို့ရွဲ့တာ၊ သူချစ်တာ မင်း၊ အရွဲ့လွန်ပြီး …

"မချစ်တဲ့သူနဲ့လက်ထပ်ပြီတော့ သူလည်း ထင်သလို နေတာပေါ့၊ ငါ့မြွေစကား နားမထောင်၊ ငါလည်း ထင်သလိုနေ၊ အရက်ကစသောက်တာပေါ့ကွာ၊ အရက် ကတော့ အစကတည်းက သောက်တာမှလား …

"သူနဲ့ပတ်သက်ပြီး စိတ်ညစ်တော့ မိုးမလင်းအောင် သောက်၊ ငါလည်း အိမ်မကပ်ယာမကပ်နဲ့၊ နောက် တော့ … ငါ စီးကရက်ဗူးချင်း အလဲခံရတာ၊ ငါနဲ့ လိုင်းတူ၊ ငါ့လိုပဲ အိပ်က်စ်ပို့တ် အင်ပို့တ်သမား …

"အဲဒီကောင် … သူနဲ့လည်း မရှင်းမရှင်း၊ ငါ့ကိုလိုက် ခုတ်ချနေတဲ့ကောင်ကွာ၊ အဲဒီကောင်က ငါသောက် မယ့်စီးကရက်ဗူးကို ဗူးချင်းလာလဲထားတာ၊ ငါက မသိဘဲ ယူသောက်လိုက်မိရာက …

"ငါမကောင်းတာလည်းပါပါတယ်၊ ငါစွဲသွားတယ်ကွာ ညီရာ၊ ငါမိုက်ပါတယ်၊ ဒါပေမယ့် … နှင်းခဲလေးကို တော့ ဂရုစိုက်ပါ၊ သူက ဒီလိုပဲ … ငါ့ဆတ်ဆတ်ခါ မယ့်စကားဆို ပြောတတ်တယ် …

"တမင်ပြောသွားတာပါ၊ နှင်းခဲက ငါ့သမီးပါ၊ ငါ ယုံပါတယ်၊ မင်းလည်းယုံပါ၊ ငါ့ကိုယ်စားဂရုစိုက်ပါ" တဲ့။

ကိုကို့ကုမ္ပဏီက ပျက်သွားသည်။ ညီက ရစ

www.burmeseclassic.com



ရာရှိတာတွေ လိုက်သိမ်း၊ ပေးစရာရှိတာတွေ လိုက်လျော်။ ကိုတို့ အိမ်ပေါ်ပြန်တက်လာသည်။ ရတနာက တစ်ခါတော့ ဖုန်းဆက်ပါသည်။

"ညီမှာ တာဝန်ကြီးနေရင် နှင်းခဲကိုပြန်ပေးပါ" တဲ့။

ပြောပုံကိုက အမေမဟုတ်သည့်အတိုင်း။ သူက ဗိုက်ကြီးနှင့်လွယ်ပြီး မွေးခဲ့ရသူဖြစ်ပါလျက် သူ့မှာတာဝန်မရှိသလို၊ သံယောဇဉ်မရှိသလို။ အဲသည်ဝါကျတစ်ကြောင်းကို ကြားလိုက်ရပြီးချိန်မှစ၍ ညီ့ရင်ထဲ အနက်ရှိုင်းဆုံးနေရာတွင် ခိုင်မြဲရှုနစ်ဆဲဖြစ်သော ဆူးတစ်ချောင်း ပြုတ်ထွက်သွားတော့သည်။ ရတနာဒေဝီချယ်ဆိုသော မိန်းမသည် ညီ့ချစ်သူဖြစ်မှုးသည်။ နောက်တော့ ... သူငယ်ချင်း၊ ပြီးတော့ ... သာမန်မိတ်ဆွေ၊ ခုတော့ ... အမုန်းဆုံး၊ အရွံဆုံး၊ အစက်ဆုပ်ဆုံးမိန်းမသား၊ ရန်သူစစ်စစ်ကြီး ဖြစ်သွားခဲ့ရပါချေပြီ။ ဒီလိုမိန်းမ၏အရိပ်မှာ ညီ့ကျမလေး မကြီးပြင်းစေရပါ။

"မင်းလည်း အိမ်ထောင်ကျနေပြီမဟုတ်လား၊ နောက်ပိုင်းကိစ္စတွေအားလုံး ပြည်ဖုံးကားချပြီဆိုရင် ... နှင်းခဲနဲ့လည်း ပတ်သက်စရာမလိုဘူး၊ ဒီအိမ်ကိုလည်း ဖုန်းဆက်စရာမလိုဘူး"

ညီ ... သူ့ကို အထင်သေးရှုံ့ရှာခဲ့ပါပြီ။



မေမေ ကွယ်လွန်တာက ကံကုန်နေရှုပဲထားပါတော့။ ဖေဖေမရှိတော့သည့်နောက်ပိုင်းမှာ ဘဝကြီးတစ်ခြမ်းပဲ့ကျသွားရသလို ခံစားရနေရှာသော မေမေ၊ သက်ဆိုးမရှည်ရခြင်းတွင် ကိုကို့အတွက် စိတ်ဆင်းရဲရခြင်းလည်း မပါဘဲမနေပါ။ သို့ပေမယ့် ရောဂါပိုင်းရောက်ပြီမို့ ... သက်တမ်းစေ့ဟု ပြောနိုင်ပေမယ့် ... ကိုကိုကွယ်လွန်တာကတော့ စောလွန်းပါသည်။ ကိုကိုသည် လူ့လောကကြီးမှာ သက်တမ်းစေ့အောင် နေမသွားရရှာပါ။ သူ့မိုက်ပြစ်နှင့်သူ၊ စောစောစက်သိမ်းသည်ဟုဆိုနိုင်ပေမယ့် ... ကိုကို့မိုက်မဲခြင်းများအားလုံး ရတနာ့ထံမှာ မြစ်ဖျားခံသည်ဟု ညီက စွပ်စွဲပါသည်။ ဒါကို ရတနာက သိသည်။

ညီ ...

လောကမှာ အသွင်မတူ၊ စရိုက်မညီ လူသားနှစ်ယောက် အချစ်ထူးကြတယ်တဲ့။ မာနကိုယ်စီနဲ့ လမ်းခွဲချိန်မှာ တစ်ယောက်သောလူသားက ကိုယ်ကောင်းကျင့်နိုင်သူမို့ သူ့ဘဝသူ အတိမ်းစောင်းမခံခဲ့ဘူး။ တစ်ယောက်သောလူသားကတော့ အားနွဲ့မျိုးမို့ စိတ်မခိုင်စွာဘဲ ... စိတ်ရှေ့ကပြေးတဲ့နောက်မှာ ကိုယ်ပါခဲ့တယ်။

စိတ်နောက်ကိုယ်ပါ ... တဲ့။

တစ်ဖက်သားအပေါ် မကျေနပ်စိတ်နဲ့ အလဲထိုက်ခြင်းရဲ့ရလဒ်ဟာ အိမ်ထောင်ရေးအဆင်မပြေခြင်းပဲ။ မိမိ မချစ်မနှစ်သက်သောသူဟာ ကိုယ်နဲ့ ဘယ်လိုပဲအသွင်တူစေတော့ ရေရှည်အရင်းမခံတဲ့အခါမှာ၊ နက်ရှိုင်းရာအရပ်မှာ အချစ်အုတ်

www.burmeseclassic.com

www.burmeseclassic.com



မြစ်မချခဲ့တဲ့အခါမှာ …။ ညီရေ … အချစ်မပါတဲ့အိမ်ထောင်ရေးဟာ ဆောင်းတွင်းမှာတိုက်တဲ့ လေရူးလို ဦးတည်ရာမဲ့သလောက် အဓိပ္ပာယ်မရှိဖြစ်တတ်ပါတယ်။

ဒါဟာ လျှောက်လဲချက် အစီရင်ခံစာမဟုတ်သော ရင်ဖွင့်အိတ်ဖွင့်၊ နှလုံးသားရဲ့ ပွင့်အံပေါက်ကွဲခြင်းတစ်စတုံးလို့မှတ်ယူပါ။

မည်သူမပြု မိမိမှုဆိုတဲ့စကားကို လက်ခံပါတယ်။ ကိုယ်ပျက်စီးခြင်းဟာ ကိုယ့်ကိုကိုယ် ဖျက်ဆီးတာပါ။ မည်သူဖျက်လို့မှ မပျက်နိုင်ပါဘူး၊ ကိုယ့်ကိုကိုယ်ပဲဖျက်ဆီးနိုင်ပါတယ်၊ သူတစ်ပါးဖျက်လို့ပျက်ရတယ်ဆိုတာမျိုးက အားမတန်လို့မာန်လျှော့ရရင်တော့ တစ်မျိုးပေါ့။ ကိုယ့်စိတ်နဲ့ကိုယ့်ကို … ထင်တိုင်းကျဲ စိတ်မခိုင်တဲ့ အားနွဲ့မျိုးတစ်ယောက်ရဲ့ကျရှုံးခန်းမှာ နာမည်တစ်ခု အဖတ်ဆည်လို့မရခဲ့ပါဘူးဆိုရင် … ဆင့်ခြေအလျှောက်ကောင်းလေခြင်းလို့မယူဆပါနဲ့။

ဘဝဆက်တိုင်းဆေးကြပါပြီ … ညီ။

ရတနာစီချယ်

သူ့ဘဝမှာတော့ သူ့ဆင်ခြေနှင့်သူရှိနေခဲ့သည်သာ။ လူဆိုးဓားမြ၊ လူ့အသက်ပေါင်းများစွာကို သတ်ဖြတ်ခဲ့သူပင်ဖြစ်လင့်ကစား … ကိုယ့်ကိုကိုယ်တော့ မေတ္တာကြီးသူအဖြစ် ထင်မှတ်တတ်ကြမြဲမဟုတ်လား။ သေနတ်နှစ်လက်



ကိုင်ပြီး လူသားပေါင်းများစွာကိုသတ်ခဲ့တဲ့လူဆိုးကြီး "ကရောင်လီ"က နွမ်းနယ်နေတဲ့သူ့ရဲ့အကျီအောက်မှာ ကြင်နာတတ်တဲ့နှလုံးသားတစ်ခုရှိလေရဲ့ … လို့ ပြောခဲ့ဖူးသည်ပဲ။ ညီကရတနာ့စာကို လျစ်လျူရှုခဲ့သည်။ သက်ဆိုးမရှည်ရှာသူ ကိုကိုရှာပနသို့ "ရတနာ မလာပါနဲ့" ဟု အကြောင်းကြားခဲ့သည်။

ကိုယ့်ကုန်တိုက်ကြီးသာမက ကိုတို့ကုမ္ပဏီကိုပါ ပြန်လည်ထူထောင်လုပ်ကိုင်ရသည်။ ခုမှမြင်တွေ့သိမြင်ကျွမ်းဝင်သူတွေက နှင်းခဲကိုတွေ့လျှင် …

"သူလေးက ဘယ်သူလေးလဲ" ဟု မေးတိုင်း …

"ကျွန်တော့်သမီးလေးပါ၊ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော တွယ်တာရာလူသားလေးပါ၊ ကျွန်တော့်မိသားစုက သက်တမ်းစေ့မနေကြရတော့ ကျွန်တော်နဲ့ဒီသမီးလေး နှစ်ယောက်ပဲ လူ့လောကမှာကျန်ပါတယ်ဗျာ"

ဟု ပြောခဲ့သည်။ နှစ်နှင့်ချီ၍ကြာခဲ့တော့လည်းရှေးတုန်းကဖြစ်ရပ်တွေကို လူတွေမေ့ကြ၏။

နှင်းခဲလေးကိုတော့ ညီ … တုန်နေအောင်ချစ်ရပါသည်။ ညီ့ဘဝမှာ မိဘမရှိ၊ အမြွာအစ်ကိုမရှိ၊ တစ်ယောက်တည်းမှ တကယ့်ကိုအထီးကျန်၊ တစ်ချိန်ကရှိခဲ့ဖူးသော ချစ်သူကိုလည်း မေ့လျော့ပြီ။ ဥပေက္ခာစိတ်ထားဖြင့် မေ့လို့ထားလိုက်နိုင်ခဲ့ပါပြီ။ ညီ့အတွေးမှာ နှင်းခဲအမေကို မျှောက်ထားသည်။ နှင်းခဲသည် ကိုကို့သမီးဆိုတာတော့ ညီယုံ၏ ယုံသို့လည်း ကိုယ့်ကိုကိုယ် မှုဆိုးဖိုအမည်ခံလျက် ဒီသမီးလေးအတွက် ဖခင်နေရာမှာလည်း နေပေးခဲ့သည်။ မိခင်နေရာမှာ

www.burmeseclassic.com

www.burmeseclassic.com



လည်း နေပေးခဲ့သည်။

ဖွားမေကြီးက နှင်းခဲကို သံယောဇဉ်ကြီးစွာ အွေမွေးမတော်စပ်သည့်အိမ်မှာ နေနေရသည်မို့ မျက်နှာမငယ်အောင် နေရာပေးခဲ့ခြင်းအပေါ်မှာ အခွင့်ကောင်းယူ စွက်ဖက်လာလျှင်တော့ ညီက သူ့အခွင့်အရေးများကို ပြန်လည်သိမ်းငင်ရမည်ဖြစ်တော့၏။

## ၁၂

“ဒီအကြောင်းတွေပြောပြရမယ်လို့ ဖွားမေကို ကိုယ်ပြောခဲ့တယ်၊ ပြောလား”

“ပြောပါတယ် ဆရာ၊ ဒါပေမယ့် …”

“မြအဆင်း … ကိုယ့်ကိုဘယ်လိုခေါ်လိုက်တာလဲ”

“ဆရာဟာ ခုချိန်ထိ ကျွန်မရဲ့အလုပ်ရှင်ပါပဲ။ ဖွားမေက ဆရာ့အကြောင်းတွေ ကျွန်မကိုပြောပြပါတယ်၊ ဒါပေမယ့် … ပြောပြခြင်း မပြောပြခြင်းဟာ ကျွန်မအတွက် ဘာမှထူးခြားခြင်းမရှိတော့ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ … ကျွန်မ အလုပ်ထွက်ရတော့မှာမို့ပါ”

“ဘာ … မြအဆင်း ဘာပြောတယ်”

“ဆရာ့ကို ကျွန်မအကြောင်း ပြောပြဖူးပါတယ်၊ ကျွန်မက ဒီအိမ်မှာ ညအိပ်ညနေ … နေရမယ်ဆိုတော့ တစိမ်းတစ်ယောက်အနေနဲ့ ဆရာက နေခွင့်ပေးရမှာ စိတ်ဖြောင့်အောင် …

www.burmeseclassic.com



"ကျွန်မ ... မိဘမဲ့ဂေဟာကိုရောက်ခဲ့ရတဲ့အကြောင်း တွေ ပြောခဲ့ဖူးပါတယ်"

"ပြောဖူးတယ်လေ ... သိသားပဲ"

"အဲဒီတုန်းက ပြောဖူးတဲ့ ကျွန်မရဲ့ဒုတိယမေမေဆိုတဲ့ မိထွေး ဒေါ်ယဉ်မေက ကျွန်မဆီ ဆက်သွယ်လာလို့ပါ"

"လုံးဝအဆက်အသွယ်ပြတ်နေပြီဆို"

"ဟုတ်ကဲ့ ... ခုတော့ ... ကျွန်မကိုတွေ့ချင်လို့ ကျွန်မတို့ဂေဟာကို သွားရှာပါတယ်၊ အဲဒီကမှတစ်ဆင့် ကျွန်မရဲ့ ရန်ကုန်တည်းခိုအိမ် မမတင်တင်မော်အိမ်၊ အဲဒီကမှ ကျွန်မဆီကို ဖုန်းဆက်အကြောင်းကြားတာပါ"

"ဘယ်တုံးကလဲ"

"မနေ့ကညနေဘက်မှာပါ"

"ဒေါ်ယဉ်မေကိုယ်တိုင်လား"

"ဒေါ်ယဉ်မေက တော်တော်နေမကောင်းဖြစ်နေလို့ အိပ်ရာထဲမှာ မထနိုင်တော့ပါဘူး၊ သူ့ရဲ့အကျိုးဆောင်ရှေ့နေက လိုက်ရှာတာပါ"

"သူ့သားတွေရော"

"ကျွန်မ မမေးမိလိုက်ပါဘူး"

"သူက ဘာအတွက်တွေ့ချင်ရတာတဲ့လဲ"

"တွေ့ချင်တာဟာ တွေ့ချင်တဲ့အတွက်ပဲဖြစ်ပါလိမ့်မယ်"

"ရှင်းသွားတာပဲ"



နေအုံ့က မျက်မှောင်ကုပ်၍ မျက်နှာတင်းနေ၏။

"အခု ... ခင်ဗျားကဘာလုပ်ချင်တာလဲ၊ အလုပ်ထွက်တာလား"

"ကျွန်မ ဒီလောက်မစွန့်စားရဲပါဘူး၊ ဒီအိမ်လိပ်စာနဲ့ အဝေးသင်တက်ဖို့ လျှောက်လွှာတည်းတင်ပြီးပြီဆိုတော့ ကျွန်မကို ဆရာက အလုပ်မထုတ်သေးရင်"

"ခင်ဗျားကို ဘယ်သူကထုတ်နေလို့လဲ"

"ကျွန်မ ခွင့်ပဲယူချင်တာပါ"

"ဘယ်နှစ်ရက်လဲ"

"ကျွန်မ ... အခြေအနေအရ ဖုန်းလှမ်းဆက်ပါ့မယ်"

"ဘယ်ထိသွားရမှာလဲ"

"ဒီရန်ကုန်မြို့တင်ပါပဲ၊ ကျွန်မရဲ့ ဒုတိယမေမေက ပြင်ဦးလွင်ကနေ ခြေရာဖျောက်ပြီး လူဦးရေသိပ်သည်းထူထပ်တဲ့ရန်ကုန်မှာ လာပြီးခြေရာဖျောက်၊ မျက်ခြေပြတ်ထားတာဖြစ်ပါလိမ့်မယ်"

"လိပ်စာပြောနိုင်မလား"

"ဗဟန်း ... ရွှေတောင်ကြားထဲမှာပါ"

မြအဆင်းက လိပ်စာအတိအကျပြောပြလိုက်သည်။ စကားကောင်းမပြောနိုင်ဘဲ ဘုဆတ်ဆတ်ဖြစ်နေသော နေအုံ့၏သဘောကို ရိပ်စားမိ၏။

"ကျုပ် လိုက်ပို့ခွင့်ရှိလား"

"ကျေးဇူးတင်ပါတယ်"

ယာဉ်မောင်းကိုတောင်ခေါ်မနေတော့ပါ။ နေအုံ့

www.burmeseclassic.com

www.burmeseclassic.com



က စကားကို ကိုယ်တိုင်မောင်းပို့ဖို့စောင့်၏။ မြအဆင်းက အင်္ကျီ ရှိနှစ်ရောင်ဖျော့ဖျော့၊ ရေညှိစိမ်းထဘီလေးနှင့်ပဲ ထွက်လာ၏။

"ခင်ဗျားမှာလည်း ဒီဝတ်စုံကလွဲလို့ မရှိတော့ဘူးလား"

မြအဆင်းက ယဲ့ယဲ့ပြုံး၏။

"ဘဝမမေ့ချင်လို့ပါ"

အားပေါ်မှာ နှစ်ယောက်လုံး စကားမပြောဖြစ်ကြပေ။ မြအဆင်းက မှန်ကုဝ်တင်းမာနေသော နေအုံ့ကို ကြောက်နေ၏။ သူစိတ်တိုင်းမဖျူဖြစ်နေပုံရသည်။ တော်ကြာ ရွှေတောင်ကြားသို့မပို့ဘဲ သူမောင်းချင်ရာမောင်းချသွားလျှင် ဒုက္ခ ··· ဟုတွေးလန့်နေ၏။ နေအုံ့ရင်ထဲကျတော့ ဗလောင်ဆူနေသည်။ ဖွားမေကြီးကိုလည်း တော်တော်ဒေါသဖြစ်သည်။ သို့ပေမယ့် ··· ဖွားမေကြီးနေရာမှာ မိမိဆိုလျှင်လည်း နှင်းခဲအတွက် ဒုတိယမေမေဆိုတာမျိုး ရှိမလာစေချင်မှာပဲဟု ကိုယ်ချင်းစာနိုင်သည်။ ဖွားမေကြီးကသာ သူ့မြေး ကိုယ့်တူမကို ကိုယ်က မုဆိုးဖိုအမည်ခံပြီး စောင့်ရှောက်ပေးသောကျေးဇူးကို မထောက်မထားရှိတော့သည်။

"မြအဆင်း ··· ကိုယ်နဲ့ရတနာနဲ့ကိစ္စ အမြင်ရှင်းရဲ့လား"

"ဘာကိုလဲ"

"ကိုယ်က နှင်းခဲလေးရဲ့အဖေနေရာမှာ နေပေးနေတဲ့အတွက်"

"ရှင်းပါတယ်"



"ရှင်းပါတယ်လို့ ပြောပုံကိုက ရှုပ်နေသေးတဲ့လေသံ ပေါက်နေတယ်၊ နှင်းခဲရဲ့ဘဝမှာ ရတနာလိုမိခင်မျိုး ရှိခဲ့ဖူးတယ်ဆိုတာ မဖြစ်စေချင်လို့ပဲ ရတနာနဲ့ လုံးဝဖြတ်တောက်ပစ်လိုက်တာ၊ ကိုယ့်သမီးဆိုတော့ ရတနာနဲ့ ဘာမှမဆိုင်တော့ဘူး ···"

"ဒါဟာ ··· နှင်းခဲကိုချစ်လို့လည်းတစ်ကြောင်း၊ မေမေနဲ့ကိုကိုတို့ ရောက်လေရာဘဝကနေသာ ပြန်မြင်တွေ့နိုင်မယ်ဆိုရင် သူတို့စိတ်ချမ်းသာပြီး ကျေနပ်ကြည်နူးနိုင်ဖို့ကတစ်ကြောင်း ···"

"ကိုယ် ငှဲကွက်တဲ့ထဲမှာ ရတနာ လုံးဝမပါဘူး၊ အဲဒါ ကိုယ့်လား"

"ယုံပါတယ်"

"ဂျူနီကိုလည်း ကိုယ် လုံးဝစိတ်မဝင်စားတော့ဘူး၊ ယုံလား"

လုံးဝစိတ်မဝင်စားတော့ဘူး ··· ဆိုတော့ အစတုန်းကတော့ စိတ်ဝင်စားတယ်ပေါ့ ··· ဟု မေးလိုစိတ်နှင့် သန်းတိုချင်၏။ သို့ပေမယ့် မမေးတော့ပါ။

"ယုံလားလို့မေးနေတယ်"

"ယုံပါတယ်"

"မြအဆင်းကိုချစ်တယ်ဆိုတာရော ယုံလား"

မြအဆင်း ရင်ထဲမှာအရမ်းကိုယုံကြည်မိပေမယ့် ပြောချင်စိတ်မရှိပါ။

"ကိုယ်မေးနေတယ်လေ မြအဆင်း"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမေးခွန်း ဖြေစရာမလိုပါဘူး၊ ဆရာနဲ့ ကျွန်မက အလုပ်ရှင်နဲ့ ကျူရှင်ဆရာမပဲ"

"မြအဆင်း ... ကိုယ်ဖွင့်ပြောတဲ့မနက်တုန်းက မင်းရဲ့အမူအရာတွေ ညင်သာခဲ့ပါသေးတယ်၊ ဒါကိုမငြင်းပါနဲ့"

"မိန်းမသားတွေဟာ အရှက်သည်းတဲ့အခါမှာ အမူအရာက နွဲ့နွဲ့နှောင်းနှောင်းဖြစ်တတ်ပါတယ်၊ ဆရာ ... အမိပ္ပာယ်ကောက်မလွဲပါနဲ့"

"ဖွားမေကြီးမြှောက်ပေးလို့ နှင်းခဲက တွေ့ကရာတွေပြောတာနဲ့ စိတ်ပြောင်းသွားတာပါကွာ၊ မသိရင်ခက်မယ်"

"ကိုယ့်ကိုကိုယ် အထင်မကြီးပါနဲ့ ဆရာ"

"ဩ ... ကျုပ်က မင်းလက်ခံနိုင်လောက်တဲ့အဆင့်ကို မမီဘူးပေါ့"

"ကျွန်မက မမီတာပါ"

"စိတ်လျှော့ပေးစမ်းပါ မြအဆင်းရယ်၊ ကိုယ် တောင်းပန်ပါတယ်၊ မြအဆင်း တစ်သက်လုံး ... တစ်ဘဝလုံး လူချမ်းသာ စိတ်ချမ်းသာနဲ့ နေသွားနိုင်အောင် ကိုယ်ထားပါမယ် ..."

"မြအဆင်းဖြစ်ချင်တာတွေ အကုန်ဖြစ်ရမယ်၊ မြအဆင်းဘက်က တစ်ခုပဲလိုက်လျောပေးပါ၊ နှင်းခဲကို ကိုယ်ဆက်မွေးချင်တယ်၊ အဲဒါကလွဲရင် ကျန်တာအားလုံး မြအဆင်းသဘော"

နေအုံ့ လေသံနည်းနည်းလျော့ကျသည်။



အဲသည် နှင်းခဲကြောင့်ပဲ မြအဆင်းက ငြင်းချင်ရတာဖြစ်ပါသည်။ မြအဆင်း ... မိုက်မဲစွာလက်ခံလိုက်ဖို့အဆင်သင့်တောင် ဖြစ်ခဲ့ရပါပြီ။

"တီချာနဲ့ စာမသင်ချင်တော့ဘူး" တဲ့။

ဒုတိယမေမေအဖြစ် လက်ခံဖို့ဆေးလို့ ... စာတောင်မသင်ချင်တော့သည့် နှင်းခဲလေး၏ခံစားချက်ကို ကိုယ်ချင်းစာနိုင်ခဲ့ပါသည်။ မြအဆင်းသည် ချမ်းသာကြွယ်ဝသောမိဘမျိုးရိုးမှ ဆင်းသက်ခဲ့သည်။ မြအဆင်းအခြေအနေကဒီလိုဖြစ်ဖို့မရှိ၊ သို့ပေမယ့် ... ဖြစ်ခဲ့၏။ လေလွင့်ခဲ့၏။ ဒါဟာ ... ဖေဖေ နောက်အိမ်ထောင်ပြုလိုက်ခြင်းမှ ဖြစ်ပျားခဲ့သည်။ ဒုတိယမေမေ ... ဆိုတာ၏ မီးစနက်ကို မြအဆင်း လိုမ့်နေအောင်၊ လွင့်နေအောင် ခံစားခဲ့ရပြီးမှ ကိုယ်တိုင် ဒုတိယမေမေဖြစ်ဖို့ ... မတွေးဝံ့ပါပြီလေ။

"ဖြေခဲ့စမ်းပါ မြအဆင်းရယ်၊ ကိုယ် နေလို့မဖြောင့်လွန်းလို့"

"ဘာကိုဖြေခဲ့ရမှာလဲ ဆရာ"

"မြအဆင်း ကိုယ့်ကိုချစ်တယ်မဟုတ်လားဟင်"

"လူကောင်းလူတော်တစ်ယောက်ကို လေးစားကြည်ညိုခြင်းဟာ အချစ်နဲ့တခြားစီပါဆရာ"

"တောက်"

နေအုံ့ ဒေါသတွေဝုန်းခနဲကြွရပြန်၏။ နေအုံ့ သိပ်သိပါ၏။ ဒီကောင်မလေး မျက်စိမှိတ်ပြီး ညာနေတာ။

"ဒေါသဖြစ်ဖြစ်နဲ့ကွာ ... ခုနေ ဘာအားလာလာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းချင်းဆိုင်ပေးလိုက်ချင်တယ်"

"နှင်းခဲလေး ဖခင်မဲ့သွားမှာပေါ့ ဆရာ"

နေအုံ့ အံကြိတ်၏။

"ရှေ့ရွှေ့ထင်ပါတယ် ဆရာ၊ ဟုတ်ပါတယ် ... ခြံနံပါတ်က အဲဒါပါပဲ"

"မင်း ... မတင်တင်မော်ကို အဖော်ခေါ်ခဲ့ဖို့ကောင်းတယ်"

"သူ့မှာလည်း အလုပ်တစ်ဖက် ကလေးတစ်ဖက်နဲ့ အခါခပ်သိမ်းမအားပါဘူး"

"ကိုယ်စောင့်နေပေးမယ်လေ"

"ထားခဲ့ပါဆရာ"

"နေချင်တယ်"

"ထားခဲ့ပါ"

"စိတ်မချဘူး"

"ထားခဲ့ပါဆရာ"

"တောက် ... ဒီတစ်ခွန်းကလွဲပြီး မပြောတတ်တော့ဘူး"

ကားကို ခြံထဲသို့မောင်းဝင်ခဲ့သည်။ ခြံက ဟင်းလင်းပွင့်နေသည်။ ခြံစောင့်တွေဘာတွေရှိပုံမရ။ ဧည့်ခန်းသို့ဝင်တော့ မိန်းကလေးတစ်ယောက်က တံခါးဖွင့်ပေးသည်။

"ကျွန်မကို စိတ်ချပြီးထားခဲ့ပါတော့"

သူ့ကို မြန်စေချင်လှပါပြီ။ သူ့ခံစားချက်ကိုသိ၏။ မြအဆင်းရင်ထဲမှာကျတော့ရော ...။ ကိုယ့်ခံစားချက်



ကို ကိုယ်ပို၍သိသေးသည်။ သူ မြန်မြန်မပြန်လျှင် မြအဆင်းမှာ ငြင်းဆန်နိုင်ခြင်းခွန်အား ပျောက်ဆုံးတော့မည်။

"ဘယ်တော့လာခေါ်ရမလဲ"

"ကျွန်မ ဖုန်းဆက်ပါ့မယ်"

"မနက်ဖြန်မနက် လာခဲ့မယ်"

"ကျွန်မကို တည်တံ့တဲ့မိန်းမသိက္ခာ မြဲစေချင်ရင် ဆရာ မလာခဲ့ပါနဲ့"

"ပြီးရော"

နေအုံ့က ကားကိုမောင်းထွက်ခဲ့တော့သည်။

မြင်ကွင်းက မသက်သာလှပါ။

ဒေါ်ယဉ်မေသည် ဒီလောက်နှစ်တွေအတွင်းမှာ မတန်တဆ ကျဆင်းအိုမင်းသွားခဲ့သည်။ အိပ်ရာပေါ်မှာ ပက်လက်ကလေး။ ခုတင်ဘေးမှာ တိုင်ထောင်လျက် ပိုက်တွေ၊ ပုလင်းဖောက်ထိုးတွေနှင့်မို့ လူနာ၏အခြေအနေကို အကဲခတ်နိုင်တော့သည်။ မြအဆင်းက အခန်းကိုစေ့ကြည့်၏။ ထေဘီမြတ် သူနာပြုဆရာမရှိနေသည်။ တော်ပါသေးရဲ့ ... အဲ့ တွေးမိ၏။ သူမသည် ကိုယ့်အပေါ် ဘာတွေအယ်လိုလုပ်ခဲ့ပါစေ ... ခုလိုပုံနှင့်တွေ့ရတော့ သနားဖွယ်ဖြစ်နေရပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



"မြအဆင်းလား"

"ဟုတ်ပါတယ်"

"အဖေနဲ့တူလိုက်တာ"

မြအဆင်း၏ရုပ်ရည်က ဆယ်နှစ်အတွင်းမှာ ဖေဖေနှင့် တော်တော်တူလာတာကို မြအဆင်းလည်း သတိထားမိပါသည်။

"အန်တီယဉ် သက်သာလား"

အန်တီယဉ် ... ဟု ဘယ်တုံးကမျှမခေါ်ခဲ့ဖူးဘူး ထင်သည်။ ဖေဖေကတော့ "ယဉ်" ဟု ခေါ်ဖူးတာမှတ်မိ၏။ သို့သော်မယ့် ... နှုတ်က လွတ်ခနဲထွက်သွားသည်။

"ကျွန်မတို့သားအမိ ခဏစကားပြောပါရစေ"

"ရတယ်လေ"

ဆရာမက အခန်းပြင်သို့ထွက်ရာတွင် တံခါးကိုပါ ပိတ်ပေးသွားခဲ့လေသည်။

"မြအဆင်း"

"ရှင်"

"ခွင့်လွှတ်ပါ"

"ဟုတ်ကဲ့"

မြအဆင်း မျက်ရည်ကျရှာပါပြီ။ ဖေဖေ့ကို သတိရ၏။ မျက်စိရှေ့မှာ အိမ်မင်းနာကျင်နေရှာသော အမျိုးသမီးကြီးသည် တစ်ချိန်က ဖေဖေ့ဇနီးဖြစ်ခဲ့ဖူးသည်လေ။

"အဝတ်ဘီရိုအောက်ဆုံးထပ်အံဆွဲလေ၊ ဆွဲထုတ်လိုက်ရင် ဘေးမှာအံဝှက်ကလေးရှိတယ်၊ ဆွဲခါ၊ သော့ရှိ



တယ်၊ နှစ်ချောင်းတည်း"

"အန်တီယဉ် ဘာတွေပြောနေတာလဲ၊ ဖြည်းဖြည်းပြောလေ"

မြအဆင်းက ဒေါ်ယဉ်မြနားသို့ တိုးကပ်လိုက်ရသည်။ ဒေါ်ယဉ်မြက စကားကို ကျယ်ကျယ်ပြောရလျှင် မောရှာ၏။ မျက်ရည်များစီးကျလာသည်မို့ မြအဆင်းက သုတ်ပေးရသည်။

"ဟိုဘီရိုအဟောင်းကြီး၊ အဝတ်ဘီရိုလိုမျိုးကို တစ်ချောင်းဖွင့်၊ အထဲမှာ ဘီရိုသေးသေးတစ်လုံးရှိသေးတယ်၊ နှစ်ထပ်၊ အထဲကဘီရိုကို တစ်ချောင်းဖွင့် ...

"အထဲမှာ ... မြအဆင်းဖေဖေ ရှာဖွေချန်ရစ်ခဲ့တဲ့ ပစ္စည်းတွေ၊ လက်ဝတ်လက်စားတွေနဲ့ ငွေတွေပဲ၊ မြေတွေတိုက်တွေအားလုံး ရောင်းခဲ့ပြီ၊ ဒီမြေတစ်ခြပဲကျန်တယ် ...

"အဲဒါတွေရောင်းရတဲ့ ပိုက်ဆံတွေ၊ ရွှေတုံးလေးတွေ တချို့ဝယ်ထားတယ်၊ အဲဒီထဲမှာရှိတယ်၊ မြအဆင်းယူပါ"

"အို ... နေ ... နေပါစေ"

"အန် ... အန်တီက နေရတော့မှာမဟုတ်ဘူး"

"ကျွန်မ ... ကျွန်မရောက်လာပြီပဲ၊ ကျွန်မပြုစုပါမယ်၊ ဘာမှမဖြစ်နိုင်ပါဘူး"

မြအဆင်း၏ခွင့်လွှတ်နိုင်မှုအပေါ် ကြည်နူးရှာသည်ထင်ပါရဲ့၊ ဒေါ်ယဉ်မြက ပြုံးသည်။ သို့သော်မယ့် ...

www.burmeseclassic.com



အပြုံးက လှုပ်မလာနိုင်တော့ချေ။ မြအဆင်း ... ယူကြုံးမရ ဖြစ်သလိုလို ... သတိသံဝေဂတရားရမိတော့သည်။ ဒေါ်ယဉ် မေသည် မေမေ့ပစ္စည်းတွေကို သူ ဓာတ်တော်မက်မောခဲ့သည်။ အမေယ်ဆို ... မေမေမရှိသည့်အခါမှာလည်း သူနှင့်မြအဆင်း တို့ ခွဲဝေယူကြလျှင်တောင် တစ်ဝက်ဆိုသောအတိုင်းအတာက နည်းမည်မဟုတ်ပါ။ သို့ပေမယ့် ... သူ့ခွဲဝေပေးရန် တွန့် တိုခဲ့သည်။ လောဘကြီးခဲ့ရှာသည်။

ဆယ်နှစ်ဆိုသော ကာလအတောအတွင်းမှာ ... ဘယ်လောက်များ သူမြိုးခြံအငတ်စံပြီး ဒါတွေကျွန်အောင်လုပ် ခဲ့ပါလိမ့်။ စည်းစိမ်ဥစ္စာဟူသည် စံစားထိုက်မှစံစားရသည်။ မြအဆင်းဆိုလျှင် ချမ်းသာကြွယ်ဝသောမိဘ၏ တစ်ဦးတည်း သောသမီးဖြစ်ရပါလျက် မခံစားထိုက်သည်မို့ ဆယ်နှစ်ဆယ် မိုးလုံးလုံးမှာ ဆင်းရဲဒုက္ခရောက်ခဲ့ရလေ၏။ တစ်နည်းအား ဖြင့်တွေးရသော် ... ဒေါ်ယဉ်မေကို ကြီးဖန်ကျေးဇူးတင်ရပါ ဦးမည်။ မြအဆင်းကို ဂေဟာလိုနေရာမျိုးကိုမှီခဲ့၍ ဒီလောက် အခြေအနေအဆင့်အတန်းကလေးမှာရှိရသည်။ နိုင်းဖို့ဓေဖို့ တစ်အိမ်အိမ်မှာများ အပြီးအပိုင်ပေးပစ်ခဲ့သော် မြအဆင်းဘဝ က တွေးခုံစရာမရှိပြီ။

"မြအဆင်း အားလုံးယူလိုက်တော့"

"အန်တီယဉ် ... ကိုကြီးတို့ ကိုလေးတို့ရော ... ဘယ်မှာလဲ"

ဒေါ်ယဉ်မေ ခေါင်းခါသည်။

သဘောလိုက်ချင်သည်ဟု အမေကို ပူဆာကြ



သည်မို့ အမေက မဖြစ်ဖြစ်အောင်လုပ်ပေးလိုက်ရသည်။ ကိုယ့် တိုင်းပြည်မှထွက်ခွာသွားသည့်နေ့မှစ၍ အမေ့ဆီ တစ်ယောက် ကမျှ စာမရေး၊ ဖုန်းမဆက်၊ အဆက်အသွယ်လုံးဝမရှိ၊ သေလေသလား ရှင်လေသလားမသိ၊ ဒေါ်ယဉ်မေ မနေနိုင် လွန်း၍ သူတို့သဘောကုမ္ပဏီသို့ တတ်သမျှ မှတ်သမျှနှင့် ဆက်သွယ်စုံစမ်း၏။

"ခြောက်လနှင့် ကမ်းပေါ်တက်သွားပါသည်" တဲ့။

ဘယ်ကမ်းပေါ်တက်သွားလေသလဲ။ အမိမြေ ကမ်းပေါ်သို့တော့ မဟုတ်နိုင်၊ ကိုယ့်တိုင်းပြည်ပြန်လာလျှင် အမေ့ကိုလွမ်းလွန်းလို့မဟုတ်သည့်တိုင် ပိုက်ဆံတောင်းဖို့တော့ ရောက်လာလိမ့်ဦးမည်။ နောက်တစ်ယောက်ကျတော့လည်း ထူ ထူ။ သူ့ကမှ တစ်နှစ်ပြည့်အောင်လုပ်သွားသေးသတဲ့။ သူတို့ အမေ့ကိုလည်းမလွမ်း၊ အမိမြေကိုလည်းမလွမ်း၊ စိမ်းကား ပြတ်တောက်နိုင်လွန်းတာလား၊ သက်ရှိထင်ရှားမှရှိသေးရဲ့လား။

ဒါတွေကို ဒေါ်ယဉ်မေ ပြောမပြနိုင်တော့ပါ။ ခွန်အားမရှိသလို၊ မခံစားနိုင်တာကလည်းပို၏။ အကျိုးတော် ဆောင်ရှေ့နေကြီးက ပြောပြပါလိမ့်မည်။ ဒေါ်ယဉ်မေ ရှောင် တကြီးဖွာရသည်။ သူများသားအဖ သေကွဲကွဲရှိမြင်သည် သူ့ဘာသာ ကားမှောက်သည်ဆိုပေမယ့် ... ကိုယ်ရောက် ကင်းခဲ့ပါ။ အသက်ရှင်စဉ်ကလည်း စိတ်ဝမ်းကွဲအောင်လုပ် ခဲ့ဖူးသည်။ ဤငရဲကို သံသရာမဆိုင်းဘဲ ခုဘဝမှာပင် ခံစား ရပါပြီ။ သားတွေဘယ်ရောက်နေကြပြီလဲ။

ကိုထွန်း စည်းစိမ်တွေကျတော့ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်တွန်းသမီးလေးကို စွန့်ပစ်ခဲ့သည့်ငရဲအတွက် ယခု ပြန်လည်ပေးဆပ်ခြင်းဖြင့် နောင်ဘဝ မပါပါစေနဲ့တော့။

"ရှေ့နေဦးကျော်ခေါင် ··· သူ့ကို ပိုက်ဆံနည်းနည်းပေးထားတယ်၊ သူပဲ ဆရာမခေါ် ··· ဆေးကုလုပ်ပေးနေတယ်၊ သူ့ကို အကျိုးဆောင်ခပေးရတယ်၊ တော်ပါတယ်၊ စိတ်ကောင်းတယ်"

ကိုယ့်တုန်းက မတော်ခဲ့ပါ။ စိတ်ကောင်းလည်းမရှိခဲ့ပါ။ ခုလို မီးစာကုန်ဆီခန်းချိန်မှာ စိတ်ကောင်းသည့်လူတော်နှင့် လာတွေ့ရခြင်းမှာ ဒီဘဝကုသိုလ်ကံကြောင့်တော့မဟုတ်နိုင်ချေ။ ဟိုးရှေးရှေး အရင့်အရင်ဘဝတွေတုန်းက ဘယ်ဘဝတစ်ခုခုမှာ ကိုယ် စိတ်ကောင်းထားခဲ့ဖူးသလဲမသိ၊ အဲသည်ကုသိုလ်လေး ပြန်ခံစားရတာဖြစ်နိုင်ပါသည်။ ဒါတွေကို မြအဆင်းထံမှာ တစိမ့်စိမ့် ဖွဲ့နွဲ့လို့ပြောပြချင်လှပါ၏။ မပြောနိုင်တော့ပြီ။ မြအဆင်းတစ်ယောက် ပစ်စလက်ခတ်ဖြစ်မသွားဘဲ ဆယ်တန်းကလေးအောင်ရှာတာကို ဖြေသာရပါသေးသည်။

ဒေါ်ယဉ်မေက မြအဆင်းကို ဖြစ်ကြောင်းရယ် မှကုန်စင်တွေကို စီကာပတ်ကုံး ပြောမပြနိုင်ပါ။ ပြောနိုင်သလောက် မြစ်တောင်းလေးပေါ်မှာ မြအဆင်း ခြိုင့်သဘောပေါက်ရသည်။ ခုတော့လည်း ··· ဒေါ်ယဉ်မေက ရှိပစ္စည်းကို မြအဆင်းအားလွှဲပြီလေ။

"ကျွန်မ ··· အန်တီယဉ်ကို ပြုစုပါ့မယ်၊ အားမငယ်ပါနဲ့"



ဒေါ်ယဉ်မေ မျက်ရည်ကျပြန်၏။ ဤကလေးမသည် သူ ရစရာရှိတာတွေယူပြီး မြန်မြန်ထွက်သွားလည်းရပါလျက် ပြုစုဦးမည်ဟုဆိုနေသေးသည်။ သူတော်ကောင်းမလေးပေပဲ၊ ကျန်းမာပါစေ၊ ချမ်းသာပါစေ။

ဦးကျော်ခေါင်နှင့်တွေ့သည်။

အကျိုးအကြောင်း နည်းနည်းပါးပါးထပ်သိရသည်။ ဦးကျော်ခေါင်က သူ့ကိုင်တွယ်သုံးစွဲနေရသော ငွေကြေးများ၊ အကျိုးဆောင်ခနှင့် ကုန်ကျပြီးစရိတ်စကများနုတ်၍ စာရင်းနှင့်တကွ မြအဆင်းကိုအပ်သည်။ မြအဆင်းက မယူဘဲ လက်ကျန်ငွေများ ··· ဦးကျော်ခေါင်ထံ ပြန်ကန်တော့၏။

"ကျွန်မမှာရှိပါတယ်၊ အန်တီယဉ်ကိုပြုစုစောင့်ရှောက်ပေးတဲ့အတွက် ကျွန်မ ကန်တော့ပါတယ်"

မြအဆင်းရောက်လာပြီး နောက်ထပ်ရက်ပေါင်းနှစ်ဆယ်မှာ ဒေါ်ယဉ်မေ ဆုံးပါသည်။

မြအဆင်းကို ခြေရာဖျောက်လိုစိတ်နှင့် တစ်ဦးတည်း အပေါင်းအသင်းမရှိ တိတ်ဆိတ်စွာနေခဲ့သူမို့ ဒေါ်ယဉ်မေ၏ရှာပနက ခြောက်သွေ့လှသည်။ မြအဆင်းက သူတင်းစာမှာ နာရေးကြော်ငြာထည့်သည်။ ဒေါ်ယဉ်မေ၏ဆွေမျိုးသားချင်တွေကျန်သေးလျှင်လည်းသိစေ၊ ရန်ကုန်သို့ရောက်နေသော၊

www.burmeseclassic.com

www.burmeseclassic.com



ယခုတိုင် မကြုံဆုံရသေးသော သူငယ်ချင်းနှင်းပွင့်ဖြူ၊ အန်တီဖြူနှင့် ဦးဦးတို့တွေ့လျှင်လည်း မြအဆင်း ဒီမှာရောက်နေပြီဆိုတာသိစေ။ နာရေးကြော်ငြာ၏အောက်မှာ ကျန်ရစ်သူမိသားစုအစား "မြအဆင်း"ဟုပဲ ထည့်ခဲ့ပါသည်။ မြအဆင်း၏အတွေးတွေက မှန်ကန်ခဲ့သည်။ ဒေါ်ယဉ်မေ၏နာရေးမှာ အသိမိတ်ဆွေထဲမှ ပို့သူဆိုလို့ အန်တီဒေါ်မြမြဖြူနှင့် သူငယ်ချင်းနှင်းပွင့်ဖြူတို့သားအမိပဲရှိပါသည်။

"ဖေဖေကဆုံးသွားပြီ၊ ကိုကိုက အိမ်ထောင်ကျတယ်၊ သမီးလေးတစ်ယောက်နဲ့"

ခုတော့ ··· မြအဆင်းမှာ အရာရာပြည့်စုံခဲ့ပါပြီ။ သူငယ်ချင်းနှင်းပွင့်ဖြူကို သူ စာသင်ခဲ့ရသောနှင်းခဲလေးအကြောင်း ပြောပြသည်။ နှင်းပွင့်နှင့် နာမည်ချင်းမတိမ်းမယိမ်းမို့ ··· နှင်းခဲလေးကိုတွေ့သည့်နေ့မှစ၍ နှင်းပွင့်ကို လွမ်းဆွတ်သတိရလှကြောင်းများ နှင်းပွင့်က ရန်ကုန်တစ်မြို့တည်းနေကြပါလျက် မြအဆင်းနှင့်မတွေ့ရတာကတော့ ထားပါတော့၊ မြအဆင်း ရန်ကုန်ရောက်တာ မကြာသေးလို့ ··· ဒေါ်ယဉ်မေနှင့်မတွေ့ဖြစ်တာကို အံ့သြကြောင်း၊ ပြောစရာစကားတွေက မကုန်နိုင်အောင် များပြားလှသည့်အထဲမှာ ··· "ဆရာ"အကြောင်းကိုတော့ မြအဆင်းက ချန်လှပ်ခဲ့ပါသည်။

ပြည်ဖုံးကားချခဲ့ပြီလေ။

"ဆရာ" ကလည်း စိတ်ဆိုးသွားပုံရပါသည်။ တကယ်ဆို ဒေါ်ယဉ်မေ၏နာရေးသတင်းကိုတွေ့လျှင် သူလိုက်လာဖို့ကောင်း၏။ မလာပုံထောက်တော့ သူ့ဘက်ကလည်း



မြအဆင်းကို ပြတ်တောက်ပြီထင်၏။

"ငါ ··· အိတ်ကလေးလွယ်ပြီးဆင်းလာခဲ့တာ၊ ဘာမှတောင်မပါဘူး၊ အန်တီယဉ့်ဆီမှာနေရလိမ့်မယ်လည်း ထင်မထားတော့ အဝတ်အစားတောင် အပိုတစ်စုံ လိုရမယ်ရပါတာ၊ ဒီကျမှ ဆရာမကို ရယ်ဒီမိတ်တွေမှာဝတ်ရတာယ်၊ မှတ်ပုံတင်တွေဘာတွေ အကုန်ကျန်ခဲ့တယ်၊ သွားယူရဦးမယ်"

နှင်းပွင့်ဖြူက ဒုတိယနှစ် ထက္ကသိုလ်ကျောင်းသူဖြစ်နေပြီ။ မြအဆင်းက ခုမှစလို့ အဝေးသင်တက်ရမှာမို့ သူငယ်ချင်းနှစ်ယောက် ဟိုတုန်းကလို ကျောင်းတူတူမတက်နိုင်တော့ပါပြီ။

"ဒီအိမ်ကို ငှားချင်ငှားလိုက်ပေါ့၊ ငါတို့အိမ်မှာလိုက်နေ"

"စဉ်းစားနေတယ်"

"ဘာကိုစဉ်းစားရမှာလဲ၊ မနေဘူးပြောရင် ကိုက်ဆွဲလိုက်မယ်"

"နေဖြစ်တဲ့အကြောင်း စဉ်းစားနေတာပါဟယ်"

သူငယ်ချင်းနှစ်ယောက်က ကလေးပြန်ဖြစ်ကာ မြအဆင်းဘဝလေးလည်း စိုပြည်လန်းဆန်းရတော့သည်။ ဒေါ်ယဉ်မေ၏ရက်ပနရက်အတွင်းမှာ နှင်းပွင့်ဖြူတို့ ဒီအိမ်မှာ ညအိပ်ပေးကြသည်။ ရက်လည်သည့်နေ့မှာ မြအဆင်းက အိမ်ကို သော့ခတ်သည်။ နှင်းပွင့်ဖြူတို့အိမ်သို့ လိုက်ရပါသည်။

www.burmeseclassic.com



ယူဦးမယ်"

"ဒါဖြင့် ကားယူသွား၊ ငါ့ကို ကျောင်းမှာဝင်ချခဲ့၊ နင် ကားယူပြီး အဲဒီအိမ်ကိုသွား၊ ညနေကျမှ လာကြိုတော့"

"အေး"

နင်းပွင့်တာ ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်နေသူဖြစ်၏။ မြအဆင်းက ကားမောင်းတတ်သည်ဆို၍ မြအဆင်းအတွက် ကားတစ်စင်းဝယ်ဖို့ ဒေါ်မြမြဖြူက ကြည့်ပေးမည်ဆို၏။ ဒေါ်ယဉ်မေက တစ်ယောက်တည်းနေရသူမို့ ကားမထားခဲ့ပါ။ သူ့ခမျာ စည်းစိမ်ရွှေငွေတွေပိုက်ပြီး ထိုက်သင့်သလောက်မခံစားခဲ့ရကြောင်းကို နင်းပွင့်နှင့်ပြောဖြစ်ရသေး၏။ နင်းပွင့်ကို ကျောင်းမှာချခဲ့သည်။ ပြန်ရောက်လာရပါပြီ ဤအိမ်ကြီးဆီသို့။ ဤအိမ်မှထွက်ခွာသွားခဲ့တာ သုံးပတ်ကျော်ရှိပြီ။ သုံးပတ်အတွင်း မြအဆင်းက တစ်ခါမျှဖုန်းမဆက်ခဲ့ပါ။ ယနေ့လည်း လာခေါ်ပါဆိုတာမျိုး ဖုန်းဆက်မနေတော့။ နင်းပွင့်ကားကိုယူ၍ ကိုယ့်ဘာသာမောင်းဝင်ခဲ့သည်။ ခြံဝသို့ ဝင်သည်နှင့် ရင်ထဲမှ တဒိုင်းဒိုင်းစခုန်၏။

ခြံထဲမှာ ကားနှစ်စီးရှိနေသည်။ ဆရာ့ကားတွေမဟုတ်သည်မို့ ဧည့်သည်ကားတွေဖြစ်နိုင်၏။ နှစ်စီးတောင်ဘာဖြစ်လို့ပါလိမ့်။ သေချာကြည့်တော့ ... တစ်စီးက ဂျူနီ ဟိုတစ်ခါလာစဉ်က စီးလာခဲ့သောကား၊ နောက်တစ်စီးကတော့ မသိပါ။ မြအဆင်းက ကားကို ဟိုကားများနှင့်ခပ်လှမ်းလှမ်းမှာပဲရပ်လိုက်၏။ ကားပေါ်မှဆင်းကာ အိမ်ထဲသို့အဝင် ဧည့်



တစ်လှမ်းတိုင်းမှာ သွေးတစ်ချက်ဆောင့်တိုးလျက် ခေါင်းထဲမှ ကိုက်စပြုချင်သည်။ ဧည့်ခန်းထဲမှာ အမျိုးသမီးနှစ်ယောက်ထိုင်နေသည်။ တစ်ယောက်ကို မည်သူမှန်းမသိ၊ တစ်ယောက်က ဂျူနီ။

ဂျူနီ ဟိုတစ်ခေါက်လာစဉ်က မြအဆင်းကသာ လူကိုရောကားကိုပါ ဆေးသောက်ပြီး မအိပ်မီ ... ခေါင်းကိုက်ကိုက်နှင့်ပဲ ချောင်းကြည့်ထားမိလို့ သိရတာပေမယ့် ... ဂျူနီက မြအဆင်းကို ယနေ့ထက်တိုင် မတွေ့ဘူးသေးပါ။ တစ်ယောက်နှင့်တစ်ယောက် သိကျွမ်းပတ်သက်မှုမရှိသော အမျိုးသမီးနှစ်ဦးက ဧည့်ခန်းကျယ်ကြီးထဲမှာ ခပ်လှမ်းလှမ်းတွေ ငုတ်တုတ်ထိုင်နေကြသည်။ ဝင်လာသည့်မြအဆင်းကို နှစ်ယောက်လုံးက မော့ကြည့်၏။ စုံစမ်းစပ်စုမျက်နှာများ လက်ဖြာကြသည်။ မြအဆင်းက တစ်ယောက်ကိုမသိ၊ ဂျူနီကိုသိပေမယ့် ကိုယ်ကသာသိရတာဖြစ်ပြီး သူက မသိသည်မို့ ... နှုတ်မဆက်တော့ဘဲ အိမ်ထဲသို့ဝင်ခဲ့၏။ အိမ်ထဲသို့ထိတိုင် ဝင်သွားသော မြအဆင်းကို ဧည့်ခန်းမှအမျိုးသမီးနှစ်ယောက်က အံ့သြစွာ ငေးမော၍ကျန်ရစ်သည်။

မြအဆင်းက သူ့မသွားမီ ... နင်းခဲနှင့်တူတူနေခဲ့သောအခန်းထဲသို့ဝင်၏။ ပစ္စည်းပစ္စယ နည်းနည်းပါးပါး၊ အဝတ်အိတ်နှင့်မှတ်ပုံတင်လေးကို ယူရပါမည်။ ယူပြီးချင်တော့ ဖွားမေကြီးကို အိတ်ဖွင့်ပြဖို့မမေ့ရန် ကိုယ့်ဘာသာသတိထားလိုက်၏။

"ဟင် ... ဖွားမေ"

www.burmeseclassic.com



အခန်းထဲမှာ ဖွားမေက နှင်းခဲကိုဖက်ထားလျက် ရှက်စိရှက်နှာပျက်နေသည်။

"တွေ့ခဲ့လား"

"မဂျူနီလား ··· တွေ့ခဲ့ပါတယ်၊ ကျွန်မ အလုပ်က အပြီးထွက်တော့မယ် ဖွားမေ၊ ပစ္စည်းလာပြန်ယူတာလို့ ပြောဖို့တောင်ရှက်စရာကောင်းပါတယ်၊ ပစ္စည်းက ဘာမှမှ ··· မရှိတာ၊ အဓိကက ··· မှတ်ပုံတင်ပါ"

"ဟိုတစ်ယောက်ရော တွေ့ခဲ့လား"

ဖွားမေက မြအဆင်းစကားကို ဂရုမစိုက်ဘဲ သူပြောချင်ရာပြောသည်။

"အဲဒါဘယ်သူလဲ"

ဖွားမေက ··· ရတနာ ··· ဟု သိသာအောင် နှုတ်ခမ်းကိုလှုပ်ရှားလျက် အသံမထွက်ဘဲပြောသည်။

"ကိုအုံ့က သူစဉ်းစားနေတုန်း အခန်းထဲကမထွက်ရဘူးဆိုလို့"

"ဘာကိုစဉ်းစားတာလဲ"

မေးပြီးမှ နောင်တရသွားရသည်။ မေးစရာလိုသေးလား၊ မရိုးနှင့်မတ် တော်ခဲ့မူးပေမယ့် ··· ချစ်သူဟောင်းတွေ။ နှင်းခဲလေးမျက်နှာကလည်းရှိသေးဆိုတော့ သူတို့၏ ရှေ့ဆက်ရမည့်ခရီးလမ်းက နှစ်ခုမရှိပါ။ တစ်ခုတည်းရှိသည့် ခါကို သူက စဉ်းစားနေတာမှလွဲ၍ ဘာဖြစ်နိုင်ဦးမည်နည်း ဘာမဆို ··· စဉ်းစားပြီးမှ တည်ငြိမ်စွာဆောင်ရွက်လေ့ရှိတာ သူ့အကျင့်မို့ သူ စဉ်းစားနေတာပဲပေါ့။



"ဟိုက ··· "

နှင်းခဲကို မသိမသာ မေးငေါ့ပြသည်။

"ပြန်လာတောင်းတာ"

"ရှင်"

"သူမှားခဲ့ပြီးပြီတဲ့၊ အမှားတစ်ခုကို မိုက်မဲစွာကျူးလွန်ခဲ့မူးပြီတဲ့၊ မှားမှန်းသိလို့ ··· အဲဒီအချိန်ကစပြီး ပြန်ပြုပြင်နေထိုင်ခဲ့တာ တစ်နှစ်ပြည့်သွားတဲ့အချိန်မှာ ရသင့်ပြီထင်လို့ လာပြန်တောင်းတာတဲ့ ···

"အဲဒီတစ်နှစ်လုံး သူ့အမေရဲ့အရိပ်မှာ မမှားမယွင်းနေနေခဲ့ပါတယ်တဲ့၊ အမှားပြင်ပြီးတဲ့သူတော ပြင်ဆင်မှုအကျိုးကို ခံစားပါရစေတဲ့၊ အဲဒါ ··· ဒီကလည်း မပေးနိုင်ဘူးဖြစ်နေတယ် ···

"မပေးနိုင်တာထက် ··· ပေးသင့်မပေးသင့်ကလည်း ရှိသေးတယ်တဲ့၊ ဖွားမေကတော့ ပြောလိုက်တယ်၊ လောကမှာ ··· ဦးလေးသားချင်းကောင်းတယ်ဆိုတာ ··· သူ့အမေနဲ့သူ့သမီးတော့ မမီနိုင်ဘူးလို့"

အော် ··· အစတုန်းကတော့ အဲဒီဖွားမေကြီးပဲ နှင်းခဲလေးအကြောင်း ပြောလိုက်ပလားဆို ··· ဦးနေအုံ့ မှိုင်းရင်မှုဖြစ်သော သမီးရင်းစစ်စစ်ကြီးလို၊ ခုတော့လည်း သူပဲ ဦးလေးသားချင်းပြန်ဖြစ်ရပြန်၏။

"သားသမီးဆိုတာ အမေလိုအပ်တယ်၊ အမေရှိပါလျက် အတူမနေရဘူးဆိုရင် ဘယ်တရားမလဲ၊ သူ့အမေ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့၊ မှားခဲ့မှားခဲ့ ··· မှားမှန်းသိလို့ပြင်ပြီး၊

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းသော အကိုးကျိုးမှုကိုတော့ ခံစားပါစေပေါ့၊ ကို အကြည့်ရဆော မယုံသေးဘူးထင်တယ်"

မြအဆင်းက စိတ်ညစ်ညူးနောက်ကျိုစွာ ... ပခုံးလေးများ ကောက်သိမ်းသည်။

"ဟိုတစ်ယောက် အရင်ရောက်သလေ၊ ကိုအုန်းက ထိုင်စည့်ခံစကားပြောနေရတာပေါ့၊ အဲဒီတုန်းမှာ နောက်တစ်ယောက်က ရောက်လာတာ ...

"အဲဒီတစ်ယောက်ကလည်း ဟိုတုံးကစိတ်လို ယောယောဒိုင်းဒိုင်းပဲ၊ ရောက်တာနဲ့တန်းပြောတာ၊ ဧည့်သည်ရှိလားဘာလားမရှောင်ဘူး၊ အကြောင်းရင်းကိုမသိပေမယ့် မိသားစုပြဿနာဆိုတာလောက်တော့ သိတာပေါ့ ...

"အဲဒါ ... မဆိုင်တဲ့သူက ထ,ပြန်ပါလား၊ မပြန်ဘဲ ထိုင်စပ်စုနေလိုက်တာ ခုထိ၊ သနားတာက ဒီမှာပါ"

နှင်းခဲ မမြင်အောင် နှင်းခဲကို မေးငေါ့ပြပြန်၏။

"သူ့အမေနဲ့သူ့သမီး မတွေ့ကြရသေးဘူး၊ ဟိုက ရောက်ရောက်ချင်း ကျုပ်ကို အမိန့်နဲ့ဝင်နေခိုင်းတာ၊ အဲဒါက အဲဒါကိုမမှတ်မိရှာဘူး၊ သနားပါတယ်၊ အမေဖြစ်သူကတော့ မှတ်မိတာပေါ့ ...

"မျက်ရည်နဲ့မျက်ခွက်ပဲ"

နှင်းခဲက မလဲမစဲတာစ်တုံးကလေးများဖြင့် အိမ်

ဆောက်တမ်းကစားနေသည်။ မြအဆင်းဝင်လာတော့ မြအဆင်းက ပြုံးပြလိုက်ပေမယ့် ... နှင်းခဲက တစ်ဖက်သို့လှည့်သွားခဲ့သည်။ မြအဆင်းမရှိတုန်း ဖွားမေကြီး ဘယ်လိုသိမ်းသွင်းထားသည်မသိပါ။

"နှင်းခဲ ... တီချာကိုသတိရလား"

မြအဆင်းက နှင်းခဲ့အမှတ်သွားထိုင်လိုက်သည်။ နှင်းခဲက မော့ကြည့်သည်။

"တီချာနဲ့စာမသင်ချင်ဘူး"

မြအဆင်းက ဖွားမေကြီးကိုကြည့်လိုက်၏။ ဖွားမေကြီးက ခေါင်းငုံ့သွားသည်။

"မြအဆင်း ခွင့်လွှတ်နိုင်မယ်ထင်ပါတယ်၊ ဒီနေ့ ဒီကိုလာမယ်ဆိုတာ ကျုပ်က တစ်ပတ်လောက်ကြိုသိထားတော့ ...

"သူက ဖုန်းဆက်ထားတာ၊ အဲဒါ ... မြအဆင်းနဲ့စာမသင်တော့ဘူးဆိုတာ ပြောထားတယ်၊ သူတို့ချင်း အဆင်ပြေသွားရင် ..."

သူက နှင်းခဲလေးမျက်နှာထောက်ပြီး ဖွားမေကြီးဆန္ဒရှိသလို ဖြစ်သွားနိုင်ပါသည်။ မြအဆင်းရင်ထဲမှာ နာနာကျင်ကျင်ကလေး ခံစားရလေ၏။

"ဖွားမေ ... ဒီမှာကြည့်ပါအုံး၊ ကျွန်မပစ္စည်းတွေပါပဲ၊ ကျွန်မက အပြီးထွက်မှာ"

"ဟုတ်လား"

လွှင့်စနဲ့ချော်သွားသောကို မရုံးမိနိုင်အောင် ဖွား



www.burmeseclassic.com

www.burmeseclassic.com



— မြဲကျန်သွားရှာသည်။

"ကြည့်ပါအုံး"

"ဘာကိုကြည့်ရမှာလဲ မြအဆင်းရယ်"

ခုနေမှာ ... ဆယ်ပိုသာမြကျောက်ကြီးတစ်တုံး ဒီအိမ်မှာရှိလို့ မြအဆင်းက ခိုးယူဖုက်ကွဲသွားရင်တောင် ဖွားမေ လိုက်လံစစ်ဆေးဖို့ ဆန္ဒမရှိပြီဖြစ်၏။ ဖွားမေက မြအဆင်းကိုကြည့်နေသည်။ ပြန်မှာဖြင့် ... အလုပ်ထွက်မှာဖြင့် ... ထွက်တော့ပြန်တော့ဖို့ သင့်ပြီ၊ ဘာကိုအချိန်ဆွဲနေရတာလဲဟု တွေး၏။ ကိုအုံ့နှင့်တွေ့ဦးမှာထင်ပါရဲ့။ မတွေ့ဘဲပြန်သွားမည်မထင်။ အလုပ်ရှင်ကိုနှုတ်မဆက်ဘဲသွားရအောင် ရိုင်းပြစ်ထားတာလည်းမဟုတ်၊ သို့သော်ငြားလည်း ... ကိုအုံ့က မြအဆင်းကိုတွေ့လျှင် စိတ်အပြောင်းအလဲများစွာ ဖြစ်ထွန်းနိုင်သည်။ ဒါတောင် ဖွားမေကသာ ဖြစ်စေချင်နေတာ၊ ရတနာကကျတော့ ...

"ရတနာ အမှားတွေလုပ်ခဲ့ပြီးပြီ၊ အမှားကို မှားမှန်းသိလို့ ပြင်ပြီးမှ နောက်ထပ်အမှားတစ်ခုကို ထပ်မလုပ်တော့ဘူး"

ဟု ဖုန်းဆက်စဉ်က ယတိပြတ်ပြောထားသည်။ ဖွားမေကတော့ ကိုအုံ့ကို ရတနာနှင့်လက်ထပ်ပြီး သမီးကလေးပါ ဥမကွဲသိုက်မပျက်ဖြစ်စေချင်လှပါ၏။

"ဟိုမိန်းမကလည်း ပြန်တာမဟုတ်ဘူး၊ သူမို့ မရှက်ဘဲ ဆက်ထိုင်နေတယ်၊ နေ့တိုင်းနေ့တိုင်းလည်း သတင်းမေးအကြောင်းပြပြီး လာလိုက်ရတာချောင်းပေါက် ...



"ဒီကျောက်ပတ်တီး မြန်မြန်ခွာရမှာပါပဲ"

"ရှင် ... ဘယ်သူ့ဘာဖြစ်လို့ ကျောက်ပတ်တီးစီးထားရတာလဲ"

"ကိုအုံ့လေ ... မြအဆင်းကိုလိုက်ပို့ပြီး အပြန်မှာပေါ့၊ ဒီလမ်းထဲရောက်မှ ဟိုဘက်က ကားကိုမောင်းလာတဲ့ သူက မူးနေတယ်တဲ့၊ အဲဒါ ရှောင်လိုက်တာ ... လမ်းဘေးက တစ်ဖက်လောက်ရှိတဲ့ ကုက္ကိုပင်ကြီးကို ဝင်ဆောင့်လိုက်ပါရောလား၊ အမလေး ... မသေကောင်းမပျောက်ကောင်း"

"ရှင် ... ခု ... ခု၊ သူဘယ်မှာလဲဟင်"

"စာဖတ်ခန်းထဲမှာ"

မြအဆင်း လက်ထဲမှအိတ်ကလေးကို ဘုတ်ခနဲ ပစ်ချခဲ့လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com




"ဆရာ"

ဖျတ်ခနဲမော့လာသည့်မျက်နှာက ဝင်းခနဲကြည်စင်သွားရတော့သည်။

"မြအဆင်း"

မြအဆင်း ပြေးသွားလိုက်သည်။

"ဘယ်လိုဖြစ်ရတာလဲ ဆရာရယ်"

ဘယ်ဘက်လက်မှာလည်း ပတ်တီးနှင့်၊ ဘယ်ဘက်ခြေထောက်မှာလည်း ပတ်တီးနှင့်၊ ခြေဖျားထိစီးထားရတာ• ခြေချောင်းလေးတွေပေါ်ရုံပဲရှိသည်။ ဝှီးလ်ချဲ (Wheel Chair ဘီးတပ်ကုလားထိုင်)ပေါ်မှာ ထိုင်နေ၏။

"မြအဆင်းပြန်လာတယ်နော်"

ခေါင်းညိတ်ပြလိုက်သည်။ စောစောက နောက်ကျိရှုပ်ထွေးနေတာတွေ ပျောက်ကုန်၏။ သူ့ကို ဒီလိုပုံစံကြီးထဲမှာ မြအဆင်း ပစ်မထားနိုင်ခဲ့ပြီလေ။



"မြအဆင်း"

သူက ထပ်ခေါ်၏။ မြအဆင်းက ပြုံးပြလိုက်သည်။

"ညှော်ခန်းကိုမထွက်သေးဘူးလား၊ ဆုံးဖြတ်ချက်မကျသေးဘူးလား"

မြအဆင်းက မေးလိုက်၏။

"မြအဆင်း ... သူ့အမေနဲ့သူ့သမီး အကောင်းဆုံးမဟုတ်လား"

"ဒါပေါ့ ဆရာရယ်၊ ဦးလေးတောင်းထယ်ဆိုတာ အမေရင်းကို မမီနိုင်ပါဘူး၊ အမေဆိုတာဟာလည်း ဘယ်လောက်ပဲမှားခဲ့ယွင်းခဲ့ ... သားသမီးအပေါ်မှာတော့ အမေဟာ အမေပါပဲ ...

"ဒီသားသမီးအတွက်ပဲ အမှားကိုမြင်ခဲ့တာမဟုတ်လား ဆရာ၊ ပြီးတော့ ... အမှားတစ်ခုကို မှားမှန်းသိလို့ သိတဲ့နေ့ကစပြီး မြင်ဆင်လိုက်တဲ့သတ္တိကိုလည်း ချီးမြှင့်ထိုက်ပါတယ် ဆရာ"

"ကိုယ် ... ပြန်ပေးလိုက်တော့မယ်"

မြအဆင်းက ဝှီးလ်ချဲနားသို့ ကပ်သွားလိုက်သည်။ စ,တွန်း၏။

"နေအုံး"

"ရှင်"

"ကိုယ့်ကိုအဖြေပေးပါအုံး မြအဆင်းရယ် ဒီခြေကျိုးကြီးကို ကားပေါ်မှတင်ခိုင်းပြီး အဲဒီမြို့ရှာ နေတိုင်း

www.burmeseclassic.com

www.burmeseclassic.com



လာရှော်ခဲ့ရတဲ့ဗွီလေးကိုလည်း ချိုးမြှင့်ပါဦး"

နေအုံက မော့ကြည့်ပြုံးနှင့်ပြောလိုက်သည်။

"ဒေါ်ယဉ်မေ ဆုံးဆုံးချင်း ပြန်မလာတော့ စိတ်အရမ်းဆိုးတာပဲ"

"အိမ်ထဲဝင်လာပြီးခေါ်လိုက်ပါလား ဆရာရဲ့၊ အဲဒီလို ကျတော့လည်း သိက္ခာကျမခံနိုင်ဘူးမဟုတ်လား"

"မြအဆင်းလိုက်မယ်မှန်းသာသိရင် သိက္ခာမကလို့ ဘာကျကျ ... မတွေ့ဘူးလား ကိုယ့်ကို"

မြအဆင်းက ခေါင်းခါပြလိုက်သည်။ မတွေ့ပါဘူး။ မတွေ့ဆို ... ထွက်လို့မှလည်းမကြည့်ခဲ့တာ။ ဒါကို ပြောပြလိုက်လျှင် သူစိတ်ဆိုးဦးမည်။

"မြအဆင်း ကိုယ့်ကိုခေါင်းညိတ်ပြီလား"

မြအဆင်းက မဖြေဘဲနေလိုက်သည်။

"မညိတ်ရင် ကိုယ့်ဘဝထဲမှာ ဘာမှမကျန်တော့မှာစိုးလို့ နှင်းခဲကိုပြန်ထည့်မပေးဘဲထားလိုက်မှာ၊ မြအဆင်းရှိမှ နှင်းခဲကိုပြန်ပေးနိုင်မယ်၊ ဒီတော့ ... ကုသိုလ်ရအောင် မြအဆင်းက ခေါင်းညိတ်"

မြအဆင်းက ပြုံးစေ့စေ့လေးလုပ်နေလိုက်သည်။ သူ ... နှင်းခဲကိုပြန်ပေးရေးနှင့် မပေးရေးသာ စဉ်းစားလျက် နှင်းခဲအမေနှင့်ဆုံဆည်းရေးကိုတော့ လုံးဝမစဉ်းစားခဲ့တာ ထင်ရှားရပါပြီ။

"ကိုယ့်ခြေထောက်က ... ပြန်ကောင်းချင်မှကောင်းမှာ၊ ခေါင်းမညိတ်ခင် အရင်းစဉ်းစားအုံး"



မြအဆင်းက ရယ်လိုက်သည်။

"ပြန်မကောင်းရင် ကောင်းတာပေါ့၊ အိမ်မလယ်တတ်တဲ့ယောကျ်ားဆိုတာ ရှာမှရှား၊ မိန်းမတွေဟာ ... ယောကျ်ားတွေအိမ်လည်ရင် သိပ်မုန်းတာ"

"ခုတော့ ... သိပ်ချစ်လား"

"မမေးပါနဲ့ဆို၊ တွန်းမယ်နော် ... အိမ်ရှေ့ထွက်မယ်"

"ဟော့ ... ကိုယ့်ကိုဘယ်လိုခေါ်မှာလဲ"

"မသိသေးဘူး၊ စဉ်းစားရဦးမယ်"

နေအုံက သဘောကျစွာရယ်၏။ မြအဆင်းက ဝှီးလ်ချဲကိုတွန်း၍ ထွက်ခဲ့သည်။ ဒီအိမ်ကိုပြန်လာစဉ်က တစ်သက်လုံးနေလိုက်ဖို့ စိတ်ကူးမရှိခဲ့ပါ။ ရင်ထဲ အနာရှိနေဆဲ နေရာမှာတော့ ရှိချင်ရှိနေမည်ပေမယ့် ... ဆုံးဖြတ်ချက်က ဆန့်ကျင်ဘက်သာဖြစ်ခဲ့၏။ ကိုယ့်မစ္စည်းလေးတွေ ကောက်သိမ်းနေစဉ်မှာလည်း မူလအတွေးက မပြောင်းမလဲရှိခဲ့ပါ။ သူ့ ထိခိုက်ဒဏ်ရာရသည်လည်းဆိုရော ... မြအဆင်းနှလုံးသားမှာ ဟန်ဆောင်သိုဝှက်ဖုံးဖိထားရသမျှတွေ ပေါက်ကွဲသွားရတော့သည်။ သူ့ကိုပြုစုခွင့်မရဘဲ မြအဆင်း ရှင်သန်မနေလိုပြီလေ။

မပြောဘဲချန်ခဲ့သော သူ့အကြောင်းတွေ နှင်းပွင့်ကိုပြောပြရပါဦးမည်။ နှင်းပွင့် အခုထိ ချစ်သူမတွေ့သေးဘဲ မြအဆင်းက အရင်တွေ့သွားသည်ဆိုလျှင် နှင်းပွင့် အံ့သြသွားနိုင် ရှာပါလိမ့်ဦးမည်။ တကယ်တော့ ... မြအဆင်းအဖြစ်ကလည်း အံ့သြလောက်ဖွယ် ထူးဆန်းခဲ့ရပါသည်။ မေကြွယ်လွန်၍

www.burmeseclassic.com

www.burmeseclassic.com



ဖေဖေနှင့်တူတူနေခဲ့ရစဉ် ... ဒုတိယမေမေရရှိစဉ် ... နှင်းပွင့်တို့ မြအဆင်းဘဝထဲမှ ယာယီပျောက်သွားရပုံများ၊ ဖေဖေကွယ်လွန်ပုံ၊ ဘေဘာမှာဆင်းရဲကျပ်တည်းစွာ ကြီးပြင်းခဲ့ရခြင်း၊ ကျောင်းမှာ မျက်နှာငယ်လိုက်သည့်ဖြစ်ခြင်း၊ ကျော်ထောက်နောက်ခံဟူ၍ လုံးဝမရှိ၊ ဤကမ္ဘာတွင် တစ်ယောက်တည်းဘဝ၊ တစ်မိမ်းယောကျ်ားတစ်ယောက်ကို အသက်နှင့်ထပ်တူချစ်သွားမိရခြင်းအကြောင်းများ။

နှီးတစ်ဝက်အိမ်မက်နှင့်လည်းတူ၏။ ပုံပြင်လည်းဆန်၏။ နှင်းပွင့်ကိုပြန်ပြောပြချိန်မှာ ဟိုးရှေးရှေးတုန်းကဆိုပြီး ... ပုံပြောသလိုပြောပြဖို့ စိတ်ကူးလိုက်ပါသည်။ အိမ်ရှေ့ခန်းသို့ရောက်၏။ မျက်နှာပြုံးပြုံးနှင့် ဘဝကိုကျေနပ်နေကြသည့်ပုံကို ဖုံးဖိမရ ပေါ်လွင်နေသော မြအဆင်းနှင့် နေအုံ့မှိုင်းကို ဧည့်ခန်းမှ အမျိုးသမီးနှစ်ဦးက လှမ်းကြည့်သည်။ နေအုံ့မှိုင်းက မကျိုးဘဲ အကောင်းကျန်သော ညာဘက်လက်နှင့် မြအဆင်း၏လှည်းတွန်းလက်ကလေးကို ဖိကိုင်လိုက်ပါသည်။

"မိတ်ဆက်ပေးရအုံးမယ် ... မြအဆင်းတဲ့၊ ကိုယ့်အမျိုးသမီး"

ပိုင်နိုင်သောဝါကျတစ်ကြောင်းက ချိုလွင်စွာ ရှွင်ပျံ့သွားတော့၏။

တချစ်သူတိုင်းကိုချစ်တဲ့
နေနွယ်ဇင်မြင့်